
www.burmeseclassic.com

# မုညခင်

## ဇာတ်လမ်းဟောင်းတွေရှိခဲ့ရင်



BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

(ထ)

✦ ✦ ✦

"မေ့ … သမီး လှလား"

"အင်ဟင် … "

ကွန်ပျူတာရှေ့မှာ ထိုင်၍ အင်တာနက်ထဲက ဘာ ညာတွေ ဖွင့်ကြည့်နေမိသော ဦးခေတ်ဆန်းမှာ သမီးဖြစ်သူရဲ့အသံ ကြောင့် လန့်ဖျပ်သွားရလျက် ကွန်ပျူတာကို အမြန်ပိတ်ပြီး ဆံလည်ကုလားထိုင်ကို ဝှစ်ခနဲလှည့်ကာ နောက်သို့ လှည့်ကြည့် လိုက်ရပါသည်။

ချစ်လှစွာသော သမီးကလေးကလည်း ခန္ဓာကိုယ် လေးကို တစ်ပတ်လှည့်ပြလိုက်ရင်း …

"မေ့ … သမီး လှလားလို့ … "

"အင်း … "

ဦးခေတ်ဆန်းသည် စက်စက်ယိုအောင် လှနေသော သမီးကလေး ရွှေရတုခင်ကို ကြည့်၍ သံရှည်ဆွဲကာ အင်းလိုက်ရင်း ဘယ်လိုဖြေရင်ကောင်းမလဲဟု စဉ်းစားတွန့်ဆုတ်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သမီးလေးဟာ ပြောစရာမလိုအောင် လှပြီးသားပင်။ ဒီအပေကိုယ်တိုင်ကလည်း ခန့်ချောချောတဲ့အပြင် မရှိ ရှာတော့ပြီဖြစ်တဲ့ အမေကလည်း သူမတူအောင် လှပချော မွေ့လွန်းသူမို့ သမီးလေးဟာ မိဘနှစ်ပါးရဲ့ အလှအမွေကို ရရှိထားပြီးသား။

ဦးခေတ်ဆန်းရဲ့ မျက်စိထဲမှာတော့ သနပ်ခါးရေကျဲလေး လိမ်း၊ ဆံပင်တိုလေး နှစ်ဖက်ခွဲစည်းကာ အဖြူအစိမ်းဝတ်စုံလေး ဝတ်ထားသည့် ဆယ်တန်းကျောင်းသူလေး 'ရွှေရတုခင်' သည်သာ အလှဆုံး။

အခု ... ကိုယ့်ရှေ့ရောက်နေသည့် ရွှေရတုခင်က တွေ့နေကျပုံစံမျိုးမဟုတ်ဘဲ လုံးဝ အသွင်ပြောင်းနေပါသည်။

ဆံပင်တွေကိုလည်း ဘယ်တုန်းက သွားကောက်ထားသည်မသိ။ ပခုံးနားတစ်ဝိုက်မှာ ကောက်ကာလိန် တွန့်ဝဲနေသည်။ ဆိုးထားတဲ့ နှုတ်ခမ်းနီက လိမ္မော်ရောင်တောက်တောက်။ မျက်ခွံတွေပေါ်မှာ ဆေးပြာရောင်လဲ့လဲ့ ပြေးနေသည်။ သဘာဝ အတိုင်း မဲနက်ထူထဲနေခဲ့သော မျက်ခုံးမွေးတစ်စုံကလည်း သေးသွယ်ကော့ပျံနေသည်။

ဝတ်ထားသည့် အင်္ကျီက ပခုံးနား၊ လက်ဖျား၊ ခါးဖျားမှာ၊ အထပ်ထပ် တွန့်တက်ထွင်ထားသော ဖက်ရှင်ကျကျ အင်္ကျီမျိုး၊ ကျောင်းသွားရမှာမို့လို့သာ လုံချည်ဝတ်ထားပေမယ့် ထိုလုံချည်ရဲ့ ကိုယ်တိကျပ်သပ်ချပ်ရပ်နေပုံမှာ စကာဒ်နဲ့ နင်လား





ငါလား။ ဖိနပ်က မြင့်လွန်းတာမို့ ရပ်နေပုံက ခြေဖျားမြင့်မြင့် ထောက်ထားရသလိုပုံမျိုးမို့ မြင်ရတွေ့ရ မသက်မသာ ရှိလှပါသည်။

ဪ ... သမီးကလေးတောင် အပျိုကြီးဖားဖား ဖြစ်ပါပေါ့လား။ အထက်တန်းကျောင်းအထိတော့ သမီးဟာ ကိုယ့်မျက်စိထဲမှာ ပီဘိကလေးလေးပင်။ ဒီနေ့လို တက္ကသိုလ် စ,တက်ရမည့်နေ့ကျမှ သမီးရဲ့ ပြောင်းလဲလာသော အသွင်ကို ဖြုန်းခနဲ မြင်တွေ့အံ့အားသင့်နေမိသည်။

BURMESE CLASSIC .com

"ဖေ ... သမီးမေးတာ ဖြေဦးလေ"

"အင်း ... လှတော့လှပါတယ်၊ ဒါပေမယ့် မျက်စိစပ်တယ်ငါ့သမီးရဲ့"

"ဟင် ... ဘာလဲ ဖေ ... မျက်စိစပ်တယ်ဆိုတာ ..."

"ဖေ့မျက်စိထဲမှာ ကြည့်မကောင်းဘူးလို့ ပြောချင်တာပါ"

"လှတော့လှတယ်ဆို ဖေရဲ့၊ လှရင် ကြည့်ကောင်းပြီးသားပေါ့"

"လှတာနဲ့ ကြည့်ကောင်းတာနဲ့ မတူဘူး မိတုလေးရဲ့"

"ရှင်းပါဦး ဖေဖေကြီးရဲ့"

"တချို့ လှတယ်ဆိုတာ ပြေပြေပြစ်ပြစ်လေးလှတာ၊ ဟချို့က ပြူးတူးပြဲတဲ လှတာ၊ ဖေကြီးက သမီးကို ပြေပြေပြစ်ပြစ်လေးပဲ လှစေချင်တာ၊ ပြူးတူးပြဲတဲ လှတာမျိုးကို ဖေကြီး ကြည့်မရဘူး၊ ဖေ့မျက်စိထဲမှာ သမီးက ကာလာတွေ များနေတယ်၊ အဲ့ဒီ နှုတ်ခမ်းနီ အရောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



တောက်ကြီးကို သွားဖျက်ပစ်လိုက်၊ မျက်ခွံပေါ်က ကာလာတွေကို သုတ်ပစ်လိုက်၊ မျက်ခုံးမွေးကို အဲဒီလောက် ထူထူထင်ထင် မဆွဲနဲ့၊ နောက်ဆို အဲဒီလောက် သေးအောင်လည်း မရိတ်နဲ့၊ ဆံပင်တွေကို ရှင်းရှင်းလင်းလင်းဖြစ်အောင် နောက်မှာ စုစည်းလိုက်၊ ဖိနပ် မထူမပါးလေး ပြောင်းစီးလိုက်၊ လုံချည်ကို ဒီလောက်ကြပ်အောင် မဝတ်နဲ့၊ အင်္ကျီကလည်း အတွန့်တွေ များလွန်းတယ်၊ လဲဝတ်လိုက်”

“မေကြီးကလည်း သမီးက အထက်တန်းကျောင်းသူလေးမှ မဟုတ်တော့တာ၊ တက္ကသိုလ်ကျောင်းသူဆိုတာ ဒီလောက်တော့ အလှပြင်ချင်တာပေါ့၊ ဒါတောင် သမီး အများကြီး လျှော့ထားတာ ...”

“ဒါပေမယ့် သမီး လျှော့ထားတာက ဖေဖေ့ မျက်စိထဲမှာ ခရော့စ်ဖြစ်နေတယ်လေ၊ သွားပါ ငါ့သမီးရယ် လိမ္မာပါတယ်၊ သမီး နှုတ်ခမ်းနီ လုံးဝမဆိုးဘဲမနေနိုင်ရင် ပန်းရောင်ဖျော့ဖျော့လေး ဆိုးလာခဲ့၊ ဒီနေ့ ဖေ့သမီး ပထမဆုံး တက္ကသိုလ်တက်ရမယ့်နေ့ဆိုတော့ ဖေ ကိုယ်တိုင် လိုက်ပို့ရမှာပေါ့၊ ညနေကျရင်လည်း ဖေ လာကြိုမယ်၊ သမီးကို စားချင်တဲ့ဆိုင်မှာ ဒင်နာလည်း လိုက်ကျွေးမယ်၊ လိုချင်တာလည်း ဝယ်ပေးမယ် အိုကေနော်”

“ဟွန့် ... မအိုကေပါဘူး”

သမီးက ခြေလေးတစ်ချက်ဆောင့်ပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။





“အင်း ... သမီးကို ကျောင်းပို့ရမှာ ဆိုတော့ ကိုယ်လည်း လှနေမှဖြစ်မှာပေါ့”

သမီး ထွက်သွားတော့မှ ဦးခေတ်ဆန်းရဲ့ အာရုံထဲကို အလင်းဘာန်းကလေးတစ်ခု ဝင်လာပါသည်။ ကာတွန်းတွေထဲမှာ ဆိုရင်တော့ မျက်လုံးကို အပေါ်လှန်ကြည့်နေတဲ့ ကာတွန်းပုံလေး ဘေးမှာ မီးလုံးလေးတစ်လုံး လင်းနေတဲ့ပုံမျိုး ဆွဲထားမှာပေါ့။

ဦးခေတ်ဆန်းက ကိုယ့်အကြံနှင့်ကိုယ် ပြုံးလိုက်ပြီး လက်ဖျောက်တစ်ချက် တီးလိုက်ပါသည်။ ထို့နောက် ကိုယ့်အခန်းထဲက ကြီးမားသည့် အဝတ်ဗီရိုကြီးကို ချာခနဲ လှည့်ကြည့်လိုက်ပြီး ထိုအဝတ်ဗီရိုဆီ အသာဖွဖွလေး လျှောက်သွားကာ ဗီရိုတံခါးကို ဆွဲဖွင့်လိုက်ပါသည်။

ဗီရိုအပေါ်ကန့်ရဲ့ တစ်ဖက်မှာတော့ အင်္ကျီချိတ်များဖြင့် ချိတ်ထားသော လေးငါး ခြောက်သောင်းတန် နာမည်ကြီးတံဆိပ် ရှပ်အင်္ကျီလက်ရှည် ရောင်စုံများ၊ အပွင့်အခက်လေးတွေနှင့် အရောင်တောက်တောက်တွေ ရောယှက်ဒီဇိုင်းဆင်ထားသော ကိုယ်အတိအကျပ် ခါးတိုတို ရှပ်အင်္ကျီလေးများ၊ ရောင်စုံအစင်းကွက်များပါသည့် စပို့ရှပ်များ၊ ရင်ဘတ်နဲ့ ကျောကုန်းမှာ စာလုံးကြီးများ၊ မျက်လုံးကြီးများ၊ အရိုးခေါင်းကြီးများ အပါအဝင် အရုပ်တကာ့ပေါင်းစုံ ပါဝင်သည့် တီရှပ် အကျပ်၊ အပွများ။ ပြီးတော့ ... သားရေဂျာကင်၊ ဂျင်းဂျာကင် စသဖြင့် ဂျာကင်ဒီဇိုင်းဆန်းများ၊ ကုတ်အင်္ကျီ အတိုအရှည် ဒီဇိုင်းစုံ အရောင်စုံများ ...။ နက်ခ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အကြီးအသေး ရောင်စုံများ ...။ ဆောင်းတွင်းဘက် ခရီးသွားသည့် အခါ ဒီဇိုင်းတစ်မျိုးနဲ့ ကဲပို့ ခေါင်းစွပ်နှင့် မာဖလာများ၊ နွေရာသီမှာ ကမ်းခြေသွားပြီး ရှိုးထုတ်ဖို့ လျှာထိုးဦးထုပ်များ။

အောက်အကန့်မှာ ခေါက်ထပ်ထားရသည့် စတိုင်လ်ဘောင်းဘီ၊ ဂျင်းဘောင်းဘီ၊ ပြောက်ကျားဘောင်းဘီ အတိုအရှည်များ၊ ရောင်စုံအောက်ခံ ဘောင်းဘီလေးများ။ ဘေးအကန့်လေးမှာ ချိတ်ဆွဲထားတဲ့ ခါးပတ်ခေါင်း ဒီဇိုင်းစုံနဲ့ သားရေခါးပတ်၊ မြွေရေခါးပတ် စသဖြင့် စုံလင်လှစွာသော ခါးပတ်များ၊ အမလေးဗျာ ရေတွက်ပြရတောင်တာတောင် မောပါရဲ့၊ ကိုယ့်မှာရှိတာတွေ ရေတွက်ပြရရင် ဝတ္ထုတစ်အုပ်စာလောက်တောင် ရှိမလားမသိပါ။

ဒါတွေဟာ ကိုယ့်ဝါသနာတွေပါပဲ။ ကိုယ်က ဖက်ရှင်ကို နှစ်သက်သည်။ အဝတ်အစား မက်သည်။ လူပျိုဘဝကတည်းက စပြီး ခေတ်အလိုက် ပေါ်သမျှကို မက်မက်စက်စက် ဝယ်ယူစုဆောင်းခဲ့တာ ခုချိန်ထိပင်။ ဟိုတုန်းကတော့ ခုချိန်လောက်ဝတ်စရာ မပေါ။ ဒီဇိုင်းလည်း မစုံ။ ခုတော့ နိုင်ငံပေါင်းစုံက တင်သွင်းလာတဲ့ အဝတ်အစားတွေဟာ မဝတ်ချင်မှအဆုံးမို့ ဦးခေတ်ဆန်းအတွက်တော့ အားရကျေနပ်စရာ ဖြစ်ရသည်။

သမီးရဲ့ အမေနှင့် လက်ထပ်ပြီး ကိုယ့်အခန်းထဲကို သမီးအမေ စရောက်တဲ့နေ့က သူ့ရဲ့ ဗီရိုကြီးငယ်တွေထဲက အဝတ်အစား အသုံးအဆောင်မျိုးစုံ၊ ဖိနပ်မျိုးစုံကို တအံ့တသြငေးမောကြည့်ရင်း သုံးမိနှစ်လောက် ရင်သပ်ရှုမော ငြိမ်သက်သွားခဲ့ဖူးပါသည်။





ခုတော့ သူ့မှာ ရှိတာတွေဟာ အဲဒီတုန်းကထက်တောင် စုံသေးရဲ့၊ စုံဆို သူဖွင့်ထားတာက ယောကျ်ားလေးအဝတ်အစား အသုံးအဆောင်မှန်သမျှ မရမရှိစေဟု နာမည်ကျော်ကြားသော G & G ဟု အတိုကောက်ခေါ်တွင်သော Guy & Gentleman ဖက်ရှင်ဆိုင်ကြီးပင်။ shopping Mall သုံးခုမှာ သူ့ဆိုင်ခွဲတွေရှိသည်။ ဆိုင်မှာ တင်ဖို့ ပစ္စည်းတွေကို သူကိုယ်တိုင် ထွက်ဝယ်သည်။ ကိုယ်တိုင်က အလှအပကိုနှစ်သက်ပြီး ဖက်ရှင်အမြင်လည်းရှိသူမို့ သူ့ဆိုင်မှာ တင်သမျှ ပစ္စည်းတို့ဟာ လူကြိုက်များသော ပစ္စည်းတွေ ဖြစ်လာပါသည်။ သူများဆိုင်မှာ မရှိသည့် ရှားရှားပါးပါး ပစ္စည်းတွေကိုလည်း ရှာဖွေ ဝယ်ယူလာနိုင်သူ ဖြစ်၍ သူ့ဆိုင်ဟာ ယောကျ်ားတို့လောကမှာ နာမည်ကြီးလှပါသည်။

ခုဆို ဦးခေတ်ဆန်းရဲ့ အသက်ဟာ ၄၀ ပျော့ပျော့။ သမီးတို့အမေနဲ့ အိမ်ထောင်ကျတုန်းက သူ့အသက်ဟာ ၂၃။ လက်ထပ်ပြီးတာနှင့် သမီးတို့အမေက ကိုယ်ဝန် တန်းရှိလေရာ သမီး မွေးလာချိန်မှာ သူ့အသက်ဟာ ၂၄။ ခု သမီးအသက်က ၁၆ နှစ်၊ ကိုယ်က ၄၀။

၄၀ ဆိုတာ ယောကျ်ားတစ်ယောက်အတွက်တော့ ငယ်ရွယ်တုန်းဟု သူက ယူဆပါသည်။ ဇရာဆိုတာ သူနဲ့ ခပ်ဝေးဝေးမှာ ရှိနေပါသေးသည်။

ပြီးတော့ သူက ပစ်စလက်ခတ် နေတတ်သူမဟုတ်၊ လူပျိုပေါက် ဘဝကတည်းက ကိုယ့်ကိုယ်ကို တသသနဲ့ အားကစားကိုလည်း လိုက်စားခဲ့သူ။ ဘော်ဒီလှအောင် ကစားခဲ့သူ ...။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိလည်း ဟိုတယ်ရဲ့ Health club မှာ တစ်ပတ် လေးရက် မှန်မှန် ကစားနေဆဲမို့ သူ့ခန္ဓာကိုယ်မှာ အဆီပိုရယ်လို့မရှိဘဲ ဖိုက်သားချပ်ရပ် ကြွက်သားထွက်ကာ အရပ်လည်းမြင့်သူမို့ အလွန် ကြည့်ကောင်း၍ ကျန်းမာရေးနှင့် ပြည့်စုံသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပါသည်။ အသားပျော့ဖတ် အဆီထွက်နေတဲ့ ကျန်းမာရေး လိုက်စားရကောင်းမှန်း မသိဘဲ အားရင် အဆီတွေနစ်အောင် ကြော်ထားတဲ့ အာလူးကြော်တွေ တကျွတ်ကျွတ်ဝါးပြီး ဂိမ်းပဲ ထိုင်ဆော့နေတဲ့ ခုခေတ် ချာတိတ်ကလေးတွေလောက်ကိုတော့ သူက သနားပါသေးသည်။

ဦးခေတ်ဆန်းက ချိပ်နှင့် ချိတ်ထားသည့် အင်္ကျီပခုံးစွန်းလေးတွေကို လက်ညှိုးနှင့် ပွတ်ဆွဲကြည့်လိုက်ပါသည်။ ဘာဝတ်ရရင် ကောင်းမလဲ ...။

ဒီလိုနေ့မျိုးမှာ ကိုယ်က ဆင်ဖြူတော်မှိုပြီး ကြဲစုတ်။ အဲ ... သမီးကိုမှိုပြီး စတိုင်လ်ထုတ်ရမှာမို့ပင်။

သမီး တက်ရမယ့် ကျောင်းက တက္ကသိုလ်ရိပ်သာလမ်းက နိုင်ငံခြားဘာသာ တက္ကသိုလ်မှာပင် ...။ ဆိုတော့ကာ လှပနုပျိုတဲ့ ကျောင်းသူကလေးများ၊ ကျောင်းလိုက်ပို့တဲ့ အမေများ၊ အစ်မများ၊ အဒေါ်အပျိုကြီးများကို တွေ့ရပေလိမ့်မည်။

သမီးအရွယ်တွေကိုတော့ ထားပါတော့ ... ကိုယ့်မှာလည်း သမီးနဲ့မို့ မပစ်မှားချင်။ ယောကျ်ားရှိတဲ့ အမေများကိုလည်း ဂရုမစိုက်။ သို့သော် အပျိုအရွယ် အစ်မများ၊ အဒေါ်အပျိုကြီးများရှေ့မှာတော့ သူက စတိုင်လ်ကျကျ လှပနေချင်သည်။ အခွင့်သာမယ်ဆိုရင် သမီးအလစ်မှာ ညကလီးယားလေးတော့ လုပ်ကြည့်ချင်သေးသည်။ ကိုယ့်အသက်ကလည်း ကြီးလှသေးတာမှ မဟုတ်ဘဲ။ ...။ ဒီအရွယ် ဒီလောက်တော့ ရှိမည်ပေါ့။





ဦးခေတ်ဆန်းသည် ခုခေတ် ရုပ်ရှင်မင်းသားတွေရဲ့ အဝတ်ဗီရိုထက်တောင် ကြီးမားသော ဗီရိုကြီးထဲက များပြားလှစွာသော အဝတ်အစား အသုံးအဆောင်တွေကို ဖွေဝဲကြည့်ရင်း အကောင်းဆုံး အဝတ်တစ်စုံကို ရွေးထုတ်လိုက်ပါသည်။

ဒီရုပ်အင်္ကျီလေးဟာ မကြာသေးခင်ကမှ ကိုယ့်ဆိုင်မှာ တင်လိုက်သည့် ဒီဇိုင်းသစ်ထဲက တစ်ထည်ကို ယူထားလိုက်တာမို့ သူများတွေ ဝယ်မဝတ်ရခင်မှာ ကိုယ်ကအရင် နမူနာဝတ်ပြထားခဲ့သေးသည်။ ဆိုင်ကို လာသည့် ဝယ်သူတွေဟာ သူဝတ်ထားသည့် အင်္ကျီလေးတွေကို မြင်တွေ့သဘောကျပြီးမှ မေးမြန်းဝယ်ယူတတ်ကြတာမို့ သူဝတ်သမျှဟာ အရောင်းသွက်စာရင်းထဲကို ပါနေကျ။ အဲ့ဒီတော့ ဒီအင်္ကျီဟာ သူနဲ့ ဘယ်လောက်တောင် ကြည့်ကောင်းမယ်ဆိုတာ စဉ်းစားသာကြည့်ကြပါတော့။

အသားပါးပါးပေါ်မှ အပွင့်ခက်လေးတွေ ကျဲကျဲပါသည့် ငှက်ပျောညွန့်ရောင် ဖျော့ဖျော့ ရုပ်လက်ရှည် ခါးတိုတိုဖစ်တင်ကျ ရုပ်အင်္ကျီလေးဟာ အဆီမရှိတဲ့ ဦးခေတ်ဆန်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ ချပ်ရပ်ရပ်နှင့် ကြည့်ကောင်းနေသည်။ အနက်ရောင် စတိုင်လ်ဘောင်းဘီနှင့် တွဲဝတ်လိုက်ရုံနှင့် သူ့ပုံစံက ပြောစရာမလိုတော့အောင် အဆင်ပြေကြည့်ကောင်းသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဗီရိုအလယ်နားလောက်က အံဆွဲတစ်ကန့်ကို ဆွဲထုတ်လိုက်တော့ အစီအရီရှိနေသော ရေမွှေးပုလင်းတွေ ပေါ်လာပါသည်။ အဲ့ဒီထဲက သူ့အကြိုက်ဆုံး ရေမွှေးပုလင်းကို ယူဆွတ်ပြီး အံဆွဲကို ပြန်တွန်းထည့်လိုက်သည်။

မှန်တင်ခုံရှေ့မှာ သူသွားရပ်ကြည့်သည်။ ဘာမှ အပြစ်ပြောစရာမရှိသော ကိုယ့်ပုံရိပ်ကို အင်မတန် သဘောကျစွာ ပြုံးမိသည်။ မှန်တင်ခုံပေါ်က ခေါင်းလိမ်း ဂျဲလ်ဘူးကို လှမ်းယူ၊ လက်ဖဝါးနှစ်ဖက်ထဲ ထည့်ပွတ်ပြီး ဆံပင်တွေရဲ့ ဟိုဘက် ဒီဘက်မှ ထောင်ဖိပွတ်လိုက်တော့ သူ့ဆံပင်တိုတိုတွေက ခပ်ရှုပ်ရှုပ်လေး ထောင်သွားသည်။ ပို၍ နက်မှောင်လက်စိုလာသည်။

"ဒေါက် ... ဒေါက်"

"ဖေကြီးရေ ... သမီး ပြီးပြီလေ၊ သွားတော့မယ်လေ"

"အေး ... အေး ... ခဏလေး သမီး၊ ခဏလေး"

ဦးခေတ်ဆန်းက သမီးဖြစ်သူကို လှမ်းအော်ပြောလိုက်ပြီး ဖိနပ်တွေထည့်ထားသည့် အလူမီနီယံ စင်ကလေးဆီ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ ဖိနပ်ရွေးရဦးမည်လေ။ ကွင်းစွပ်၊ ကြိုးသိုင်း၊ ညှပ်ဖိနပ်၊ ကန်းထရီးရှူး အတို အရှည်၊ ဒေါက်တာမာတင်၊ စကော၊ မိချောင်းသရေကို ကိုယ့်ဘာသာ ဒီဇိုင်းထွင်ပြီး အပ်ထားတဲ့ ဖိနပ် စသဖြင့် ဖိနပ်ပေါင်းများစွာထဲက နီညိုရောင် ဒေါက်တာမာတင် ဖိနပ်တစ်ရန်ကို အမြန်ရွေးထုတ်လိုက်ရသည်။

"ဒုန်း ... ဒုန်း"





"ဖေ့ ... မပြီးသေးဘူးလား၊ သမီး ကျောင်းနောက်ကျတော့မှာနော်"

"အေး ... အေး ... လာပါပြီ သမီးရယ်၊ ပြီးပါပြီ"

ဦးခေတ်ဆန်းက ဖိနပ်ကို ကိုင်ကာ အခန်းတံခါးကို ဆွဲဖွင့်လိုက်ရာ ...

"ဟင် ... ဖေကြီး"

"ဟင် ... သမီး ..."

သားအဖနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း အံ့အားသင့်နေပါသည်။

ရွှေရတုခင်က ရင်ဖုံးအင်္ကျီလေးနှင့်၊ ဆံပင်တွေကို အပြောင်သိမ်းကာ ခပ်ရှင်းရှင်း စည်းထားသည်။ မျက်နှာပေါ်မှာလည်း ဘာကာလာမှ မရှိတော့။ ဦးခေတ်ဆန်းမှာသာ တောက်တောက်ပပ ဝုံ့ဝုံ့ကြွားကြွားကြီးဖြစ်လျက် သမီးဖြစ်သူက ခပ်ငုပ်ငုပ်လေး ဖြစ်နေရလို့ပင်။

"အမလေး ... ဘယ်လိုဖြစ်ရတာလဲ ဖေကြီးရယ်၊ ရုပ်ရှင်သွားရိုက်မှာကျနေတာပဲ၊ ကျော့မော့မွှေးကြိုင်နေတာပဲ၊ သမီးကို လိုက်ပို့မှာ ဒီလောက် လှစရာလိုလို့လား"

ဦးခေတ်ဆန်းမှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသော်လည်း ...

"ဒီနေ့မှ ထူးတာမဟုတ်ပါဘူး၊ ဒီလိုပဲ အမြဲဝတ်နေကျပါ၊ ဒီအင်္ကျီက အသစ်ရောက်တဲ့ ဒီဇိုင်းမို့လို့ ဆိုင်ကိုလာတဲ့ သူတွေ မျက်စိကျအောင် နမူနာဝတ်ပြထားရတာ၊ ပြည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပို့ပြီးရင် ဖေဖေ့ဆိုင်ကို ဆက်သွားရမှာ၊ ဒါနဲ့ ညည်းက ဖေဖေ့ကို ငေါ့နေတာလား သမီး"

"ဟင် ... ဘာငေါ့လို့လဲ ဖေရဲ့"

"သမီးရဲ့ အပြင်အဆင်ကို ပြင်ခိုင်းပေမယ့် ဒီလို ပုံတုံးကြီး ဝတ်လာရမယ်လို့ မဆိုလိုဘူးလေ၊ ညည်းဝတ်ထားတာ သမီး အမေရဲ့ အင်္ကျီမဟုတ်လား"

"ဒါက ဒီလိုပါ ဖေကြီးရဲ့၊ သမီး ကျောင်းတက်ရင် ဝတ်ဖို့ ချုပ်ပြီး ဝယ်ထားမိတဲ့ အင်္ကျီတွေအကုန်လုံးက ဖေကြီး မျက်စိနောက်တဲ့ အတွန့်အဖတ်တွေနဲ့ ဟော့ရှော့အင်္ကျီတွေပဲ ဆိုတော့ သမီးမှာ ဒါတွေမှ မဝတ်ရင် ဝတ်စရာမရှိတော့တာနဲ့ လောလောဆယ် မေမေ ကျန်ခဲ့တဲ့ အင်္ကျီလေးနဲ့ လုံချည်လေးပဲ ဝတ်လာရတာပေါ့၊ နောက်နေ့ကျမှ ဖေကြီး မျက်စိသိပ်မနောက်မယ့် ဒီလောက်လည်း ပုံမတုံးမယ့် အဝတ်အစားတွေ သွားထပ်ဝယ်လိုက်မှာပေါ့၊ ဖေကြီး ပိုက်ဆံပေးမယ် မဟုတ်လား"

"အင်းလေ ... စဉ်းစားသေးတာပေါ့၊ ကဲ ... လာ သွားကြမယ်"

ဦးခေတ်ဆန်းက ရှေ့မှ ဦးဆောင်ကာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

သားအဖနှစ်ယောက် ဧည့်ခန်းထဲက ဖြတ်လျှောက်လာတော့ အဖေဖြစ်သူက ရှေ့က ကျော့ကျော့မော့မော့၊ သမီးဖြစ်သူက နောက်မှ ကုပ်ချောင်းချောင်းလေး ...။





"ဟဲ့ ... ဟဲ့ ... မွှေးလိုက်တာ၊ ညည်းတို့ သားအဖ လျှောက်လာတာ တစ်မိုင်ပတ်လည်လောက်က အနံ့ရနေတယ် တုတုရဲ့၊ ကေန္တ ဒါ တုတုဆီကတော့ မဖြစ်နိုင်ဘူး၊ ကိုကို့ဆီကပဲ ဖြစ်မယ်"

ဧည့်ခန်းမှာ ထိုင်နေသော ဖေဖေ့ ညီမ တီတီက နှုတ်ခွန်းဆက်သလိုက်တော့ တုတုက နှာခေါင်းလေးရှုံ့ပြလိုက်ရင်း တီတီ့နားကပ်၍ တီးတိုးပြောလိုက်သည်။

"သေချာတာပေါ့ တီတီရဲ့၊ တွေ့တယ်မဟုတ်လား၊ ဖေကြီးက ကျောင်းသား၊ သမီးက ကျောင်းလိုက်ပို့ရတဲ့ အဒေါ်ကြီး ကျနေတာပဲ"

"ညည်းအဖေ အလှကြိုက်ချက်ကတော့ ကမ်းကိုကုန်ရောပဲ"

"အဲ့လိုပဲ ... အဲ့လိုပဲ"

ကြုံတုန်းလေးမှာ တုတုတို့ တူဝရီးက ဖေဖေ့အတင်းကို ပြောဖြစ်အောင် ပြောလိုက်ရသေးသည်။ ဒီလို အမြဲအတင်းပြောနေကျမို့ပင်။

ဦးခေတ်ဆန်းကတော့ ခပ်မော့မော့ကျော့ကျော့လေးပဲ ကားပေါ်သို့ လှမ်းတက်လိုက်သည်။

တုတုလည်း တီတီ့ကို လှည့်ကြည့်ကာ နှာခေါင်းလေး တစ်ချက် ရှုံ့ပြရင်း ကားပေါ်တက်ထိုင်လိုက်ရပါသည်။ ကားထဲမှာတော့ ဖေကြီးဆီက မွှေးရနံ့တွေ မွှန်ထူထနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၁။ (၈)

✦ ✦ ✦

ဦးခေတ်ဆန်းသည် မီးပွိုင့်မိနေသော ကားတန်းရှည်ကြီးရဲ့ နောက်ဆုံးကျကျတွင် ကားကို ရပ်တန့်ထားရရင်း အတိတ်ဆီက အရိပ်တွေကို ပြန်ပြောင်းသတိရလျက် ရှိပါသည်။

သမီးလေးလိုပဲ ကိုယ်လည်း တက္ကသိုလ် စတက်တဲ့နေ့က ပျော်ရွှင်တက်ကြွနေခဲ့တာပဲ ...။

အဲဒီတုန်းက 'ခေတ်ဆန်း' ဆိုတဲ့ နာမည်တုံးတုံးနဲ့ ကိုယ်ဟာ တောသား ...။ ရွှေဘိုသား။ မြန်မာဆန်သော မြန်မာစစ်စစ်။ ရွှေဘိုဆိုတာ မြို့ဆိုပေမယ့် ရန်ကုန်ကလူတွေကတော့ သူတို့ ရန်ကုန်ကလွဲရင် 'တော' ဟု သတ်မှတ်ကြသလားမသိ။ သူတို့က ကိုယ့်ကို 'တောသား' ဟုသာ သတ်မှတ်ထားကြပါသည်။

အဲဒီလို တောသားဆိုပေမယ့် သူ့ရုပ်ရည်ကတော့ ခေလှသူမဟုတ်ပါ။ ငယ်ငယ်လေးကတည်းက ခါးတောင်းကို မြှောင်နေအောင် ကျိုက်ကာ ခြင်းခတ်၊ ဘောလုံးကန် ... စသဖြင့် အားကစားလိုက်စားလာသူမို့ ခန္ဓာကိုယ်အချိုးအစားကလည်း လှလှ





ပပင်။ ခလောက်တော့ သိပ်မပြေပြစ်သေး။ နည်းနည်းတော့ ပိန်သည်ပေါ့။

သူ့မိဘများကလည်း လယ်တွေအများကြီး ပိုင်သည့် သူဌေးတွေပင်။ သို့သော် ပိုက်ဆံ ဘယ်လောက်ရှိရှိ တောသား ဖြစ်ရသမို့ ဝတ်တတ် စားတတ် မရှိ၊ ပုံကတော့ ရိုးရိုးတုံးတုံးပင်။

ဦးခေတ်ဆန်းသည် ကိုယ့် တက္ကသိုလ် အဦးအစ ကာလလေးကို ပြန်ပြောင်းစဉ်းစားရင်း မျက်နှာသုံးခုက ဒုန်းဒုန်း ဆို ကိုယ့်ရှေ့မှာ ပေါ်လာပါသည်။

*စတယ်လာ ...*

*ဝင်နီ ...*

*ဂျက်စီကာ ...*

မိန်းမလည်း သုံးယောက် ...။

"ကျို ... ကျို ..."

သူ ... အံနှစ်ချက်ဆင့်၍ ကျိတ်လိုက်မိသည်။

စတယ်လာ ဆိုတာက နုနုခင် ...

ဝင်နီ ဆိုတာက ပပတင် ...

ဂျက်စီကာ ဆိုတာက လှလှယဉ် ...

အဲဒီ 'နု' 'ပ' 'လှ' ဆိုတဲ့ မိန်းမသုံးယောက်အလယ်မှာ သူက ဖားလည်းဖြစ်ခဲ့သည်။ ဘောလုံးလည်း ဖြစ်ခဲ့သည်။

ခြေထောက်နှစ်ချောင်း ဆွဲဖွဲ့ခံထားရတဲ့ ဖားကလေးလို ထိုသုံးယောက်ရဲ့ ခြေရင်းမှာ ကားခနဲကျကာ ပြားပြားဝပ် ကျခံခဲ့ရသည့်အပြင် ဘောလုံးကလေးလို နကပဆီ ကန်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ပက လှဆီ ပုတ်ထုတ်လိုက်ဖြင့် သုံးယောက်ကြားမှာ ချာချာလည်ကာ အရူးတစ်ပိုင်း ဖြစ်ခဲ့ရဖူးသည်။

သူတို့ကတော့ ကိုယ့်ကို ကောင်းကောင်းကြီး အသုံးချပြီး သကာလ တခြားတစ်ပါးသော ယောက်ျားများနှင့် အသီးသီး လက်ထပ်သွားခဲ့ကြပါသည်။ သူလည်း ခုခေတ်အခေါ် ဟတ်ကောကြီး ဖြစ်ကျန်ခဲ့ရတာပင်။

အဲ့ဒီနောက်တော့ သူလည်း မခံချင်စိတ်ဖြင့် ကိုယ့်ကိုယ်ကို ဒီဇိုင်းတွေ ပြောင်းရင်း ပြောင်းရင်း အဝတ်အစားတွေကို မက်မောနှစ်သက်လာခဲ့ရတာပင် ...။

သမီးရဲ့ မေမေနဲ့ တွေ့တဲ့အချိန်မှာတော့ သူ့ ဒီဇိုင်းက လုံးဝ လန်းနေခဲ့ပြီ ...။ သမီး မေမေကတော့ ရိုးရိုးယဉ်ယဉ်လေးပင်။ ရိုးသားယဉ်ကျေးတဲ့ သမီး မေမေနဲ့ လက်ထပ်ပြီး နောက်ပိုင်း သူ့ဘဝက ပျော်ရွှင်စရာအတိ ပြီးခဲ့ပါသည်။ သည်းခံတတ်သော မိန်းမက သူ့ကို ကလေးတစ်ယောက်လို အလိုလိုက်သည်။ ခပ်ကဲကဲ လူငယ်ဆန်ဆန်နေတတ်သော သူ့ကို မငြိုငြင်။ မိန်းမရဲ့ အဒေါ်တွေက စင်ကာပူ၊ ကိုရီးယား၊ ထိုင်း နိုင်ငံတွေမှာ ရောက်နေကြတာမို့ အမျိုးတွေရှိရာ နိုင်ငံခြားကို လိုက်လည်ရင်း သူ့ရဲ့ဖက်ရှင်အမြင်တွေ ပွင့်လင်းလာကာ G & G ဆိုင်ကို ဖွင့်ဖြစ်ခဲ့တာပင်။

ဆိုင်က အလွန်အောင်မြင်ခဲ့တာမို့ နောက်ထပ် ဆိုင်ခွဲတစ်ခု ဖွင့်ဖို့ စီစဉ်နေဆဲမှာ သမီး မေ့မေက ကားအက်ဆီးဒင့် ဖြစ်ကာ ရုတ်တရက် ကွယ်လွန်သွားခဲ့ရသည်။ သူ တွယ်ရာမဲ့





ခံစားချက်ကြီးဖြင့် အရူးမီးဝိုင်း ဖြစ်ခဲ့ရသည်။ နောက်အိမ်ထောင်ပြုဖို့ လုံးဝ မစဉ်းစားဘဲ သမီးလေးကို ပြုစုပျိုးထောင်လာခဲ့သည်။ သမီးလေးကလည်း လိမ်လိမ်မာမာ ကြီးပြင်းလာခဲ့သည်။

အမေ့သွေး ပါလို့ထင်ပါရဲ့၊ သမီးလေးက ရိုးသားသည်။ အဖေ့သွေးကလည်း ရိုးခဲ့တာပါပဲ။ ခုမှသာ သိပ်မရိုးတော့တာလေ။

သမီးရဲ့ လှချင်စိတ်ကလေးကတော့ အဖေတူတာ ဖြစ်လိမ့်မည်။ သမီးမိန်းကလေးမို့ အမြင်မတော်တာ မဝတ်ရအောင်တော့ ဦးခေတ်ဆန်းက ထိန်းကွပ်ပေးရမှာပင်။ သမီးရဲ့ အန်တီ (ကိုယ့်ညီမ) ကတော့ မထိန်းကွပ်တဲ့အပြင် မြှောက်တောင်ပေးသေးတာ။

ဦးခေတ်ဆန်းဟာ အရွယ်ကောင်းပုထုဇဉ်ယောက်ျားသားမို့ မိန်းမတွေကို စိတ်ဝင်တစား ဘာညာ အီစီကလီလောက်တော့ သဘာဝအတိုင်း ရှိပါသည်။ မိန်းမတွေ စိတ်ဝင်စားတာကိုလည်း ခံယူချင်ပါသည်။ သို့သော် နောက်အိမ်ထောင်ပြုဖို့တော့ လုံးဝ မစဉ်းစားခဲ့ပါ။ ဒီသမီးလေး အပေါ်မှာသာ သူ့မေတ္တာတွေ ပုံထားမှာပင် ...။

သြော် ... သမီးလေး၊ အပြောကျယ်တဲ့ တက္ကသိုလ်နယ်မှာ လူလည်တွေနဲ့ မတွေ့ပါစေနဲ့ ...။

ဖေဖေ့လို ကံမဆိုးပါစေနဲ့ ...၊ လှည့်စား မခံရပါစေနဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဖေ့ ... ဖေ့ ... မီးစိမ်းနေပြီလေ ဖေကြီးရဲ့၊ ဘာတွေ ဒီလောက်တွေးနေတာလဲ"

"ဩော် ... အဟင်း ... ဒီလိုပါပဲ သမီးရယ်"

သမီးက သတိပေးတော့မှ သူ ကားကို မောင်းထွက်လာခဲ့ရပါသည်။



"ဖေ့ ... တာ့တာ၊ သမီး သွားတော့မယ်"

"နေဦး သမီး ... ဖေဖေလည်း လိုက်ခဲ့မယ်"

သမီးကလည်း ကားပေါ်က အဆင်း၊ ဦးခေတ်ဆန်းလည်း ကားပေါ်မှ ကပျာကသီ လိုက်ဆင်းလာရင်း ပတ်ဝန်းကျင်တစ်ချက်ဝေ့ကြည့်ကာ မသိမသာလေး ခါးမတ်၊ ရင်ကော့လိုက်ပါသည်။

ကျောင်းရှေ့ တက္ကသိုလ်ရိပ်သာလမ်းရဲ့ ဝဲယာဘက်မှာ ကားတွေအများကြီး ရပ်ထားပြီး ကားပေါ်မှာ၊ ကားဘေးမှာ လူတွေအများကြီး ရှိနေလို့ပင် ... ။ အဲဒီလူတွေ (အထူးသဖြင့် သမီးတွေ) ရှေ့မှာ ရှိုးထုတ်ချင်တာလည်း တစ်ကြောင်း၊ သမီးကို စိတ်မချသဖြင့် ကျောင်းဝင်ဝနားအထိ လိုက်ပို့ပေးချင်တာလည်း တစ်ကြောင်းပင်။

ဦးခေတ်ဆန်းတို့ ကားရပ်ထားတဲ့နေရာက ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်နှာချင်းဆိုင်ဘက်ခြမ်း ခပ်ဝေးဝေးမှာမို့ ကျောင်းဝင်ဝကို ရောက်ဖို့ဆို လမ်းဖြတ်ကူးပြီး တော်တော်လျှောက်သွားရဦးမှာပင်။

"ဖေ ဘာလို့လိုက်မှာလဲ၊ သမီး ကလေးမဟုတ်တော့ဘူး လေ၊ ကိုယ့်ဘာသာ သွားမှာပေါ့၊ ဒီအရွယ်ကြီးကို ကျောင်း ပေါက်ဝနားထိ လိုက်ပို့တော့ ရှက်စရာကြီးပေါ့"

"အင်း ... ဒါဖြင့် ခဏနေဦး၊ ကျောင်းချိန်က လိုသေးတယ်၊ ပြီးမှသွား၊ ဖေ မှာစရာရှိတာ မှာရဦးမယ်"

ဦးခေတ်ဆန်းသည် သမီးကို မှာချင်တာလည်း တစ်ကြောင်း၊ ကားနားမှာ လူမြင်သူမြင် ကြာကြာရပ်နေချင်တာလည်း တစ်ကြောင်းမို့ သမီးကို တားလိုက်ရပါသည်။

"ဒီမှာ သမီး ... ဖေဖေပြောတာ သေချာနားထောင်၊ တက္ကသိုလ်ဆိုတာ လူပေါင်းစုံ စရိုက်ပေါင်းစုံရဲ့ သားသမီးတွေ စုဝေးနေတဲ့ နေရာ၊ ရိုးတဲ့သူလည်း ပါမယ်၊ လည်တဲ့လူလည်း ပါမယ်၊ အထူးသဖြင့် ယောကျ်ားလေးတွေကို သမီး သတိထားပေါင်းရမယ်၊ သမီးက မိန်းကလေးကျောင်းက အောင်လာတာဆိုတော့ ယောကျ်ားလေးတွေနဲ့ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံဖူးမှာ မဟုတ်ဘူး၊ ယောကျ်ားလေးတွေဆိုတာ ဖေဖေအပါအဝင် ဘယ်သူမှ မကောင်းဘူး သမီးရဲ့"

"ဟင် ... ဖေဖေက မကောင်းဘူးလား"

"နည်းနည်းပါ သမီးရယ်၊ ဖေကတော့ ဒီလောက် လေးပဲ မကောင်းတာပါ"





ဖေက လက်ညှိုးတစ်ဆစ်စာလေးကို လက်မနှင့် လိုက်တာမို့ တုတုက ပြုံးစိစိလေး ဖြစ်သွားကာ ...

"ဖေ့ရဲ့ မကောင်းတဲ့ လက်တစ်ဆစ်စာလောက်လေးက ဘာများလဲ"

"ဒါကတော့ သားအဖချင်း မပြောအပ်တဲ့ လျှို့ဝှက်ချက်ပေါ့ သမီးရယ်၊ ထားလိုက်ပါတော့ ...၊ သမီးကို ဖေ အထူးမှာချင်တာကတော့ သူများကိုလည်း သွားမကစားနဲ့၊ ကိုယ့်ကိုလည်း ကစားမခံရစေနဲ့ ..."

"ဘယ်လို ကစားတာလဲ ဖေ"

"ဩော် ... ဖေ့သမီးကလည်း ဒုန်းဝေးလိုက်တာ၊ ကစားတယ်ဆိုတာ ယောကျ်ားလေးတွေ ကိုယ့်ကို ကြွေအောင် မူရာမာယာများပြီးမှ ထားခဲ့တာမျိုး၊ ကစားခံရတယ်ဆိုတာ ယောကျ်ားလေးက ကိုယ့်ကို လှည့်စားဖျားယောင်းပြီး ထားသွားလို့ ကိုယ့်မှာ အသည်းကွဲကျန်ခဲ့ရတာမျိုး၊ သိပြီလား"

"ဟုတ်၊ သိပြီ ဖေဖေ ..."

"ဟယ် ... ခေတ်ဆန်း ..."

"ဟင် ..."

ရုတ်တရက် ပြူငတူထွက်ပေါ်လာသော မိန်းမသံများ င့် ဦးခေတ်ဆန်း လန့်သွားကာ နောက်သို့ ချာခနဲလှည့်ကြည့် မိရာ ...

မြတ်စွာဘုရား ... ဟိုလူလည်းမ သုံးယောက်ပါလား။ ဦးခေတ်ဆန်းမှာ ရင်တွေ တထိန်းထိန်း တုန်လာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အင်မတန်ဆိုးတဲ့ ကံကြောင့်သာ ဒီသုံးယောက်လုံးနဲ့ တစ်ပြိုင်တည်း တွေ့လိုက်ရတာလေ။ အစွယ်ပြူးပြူးနဲ့ ဘီလူးမတွေ ...။

"ယူ ... ယူ ... ခေတ်ဆန်း မဟုတ်လားဟင်၊ ဟယ် ... ပြောင်းလဲသွားလိုက်တာဟယ်၊ ကျောင်းတုန်းကနဲ့ တခြားစီပါလား"

"အသက်ကြီးမှ ပိုလှလာတာ ဘာမျိုးဆိုလား"

"ဟိတ် ... ယူ တို့ကို မမှတ်မိဘူးလား၊ တို့က စတယ်လာ၊ သူက ဝင်နီ၊ သူက ဂျက်စမင်လေ ...၊ ခုတော့ ဘိုနာမည်တွေ သိပ်မသုံးဖြစ်တော့ပါဘူးဟယ်၊ လူကြီးတွေလည်း ဖြစ်ကုန်ပြီဆိုတော့ ... ဒေါ်နုနုခင်၊ ဒေါ်ပပတင်၊ ဒေါ်လှလှယဉ်ပေါ့၊ ဟင်း ... ဟင်း ... ဟင်း"

သူတို့က တဟင်းဟင်း ရယ်လိုက်ကြသော်လည်း သူကတော့ ကျားကိုးစီးစားမကုန်သည့် ဆင်ခန္ဓာ ဝက်ကိုယ်လုံး သုံးယောက်ကို မမှတ်မိသလို ကြောင်တောင်တောင် ပြန်ကြည့်ပေးလိုက်ပါသည်။

"ဟိတ် ... ယူ တို့ကို မမှတ်မိဘူးလား"

လက်သွက်သွက် စတယ်လာက သူ့ပခုံးကို လှမ်းရိုက်ပြီး မေးတော့မှ သူက တရေးရေး မှတ်မိလာပုံမျိုးနှင့် သုံးယောက်လုံးရဲ့ မျက်နှာကို လက်ညှိုးတစ်လှည့်စီထိုးရင်း ...

"ဪ ... အေး ... မှတ်မိပြီ ... မှတ်မိပြီ၊ မနည်းကို ကြည့်ယူလိုက်ရတယ်၊ ဒါနဲ့ ဘယ်သူက စတယ်လာ၊ ဘယ်သူက





ဝင်နီ၊ ဘယ်သူက ဂျက်စမင်ပါလိမ့် ..."

"ဟဲ့ ... အပိုတွေ မပြောနဲ့၊ ငါတို့ဘာသာ ဝပေမယ့် ရုပ်တော့ မပျက်သေးဘူးဟဲ့ ..."

"ဒါပေမယ့် ပါးစုံ့တွေထွက်နေတာ၊ မေးနှစ်ထပ်အစ်နေတာတွေက ခပ်ဆင်ဆင်ဆိုတော့ နင်တို့ရုပ်တွေက ရောကုန်ပြီပေါ့၊ နင်တို့က ငယ်ရုပ်ပျောက်ပြီဆိုတော့ လူကြီးလုံးလုံး ဖြစ်နေကြပြီပေါ့နော်၊ အေးပေါ့လေ ... ခန္ဓာကိုယ်တွေကလည်း အကြီးကြီးတွေ ဖြစ်နေကြပြီကိုး၊ ငါကတော့ ခုထိ လူကြီး မဖြစ်သေးဘူးလေ ... ဟဲ ဟဲ ဟဲ"

ဦးခေတ်ဆန်းက အခွင့်သာတုန်းမှာ သာသာလေး ...ိုက်ပါသည်။ ခုတော့ ထိုမိန်းမကြီးတွေက ကိုယ့်ကို ရင်မခုန် ...ပါ။ ကြည့်ပါလား ... ဗိုက်ကပူ၊ တင်ကကောက်နဲ့ အဆီ ...နေတဲ့ ပုံမျိုးကြီးတွေ။ ဒင်းတို့နဲ့ မရတာ ကံတောင်ကောင်း

"နင်ကတော့ ပြောအားရှိတာပေါ့လေ၊ ခန္ဓာကိုယ်က ပုံမပျက်သေးဘူးကိုး၊ နင် အရမ်းကို ပြောင်းလဲသွားတယ်နော်၊ လုံးဝ တောသားပုံမဟုတ်တော့ဘူး၊ အရမ်း စမတ်ကျသွားပြီ"

"ဒါနဲ့ နင့်အမျိုးသမီးရော နေကောင်းလား ခေတ်ဆန်း"

"အမျိုးသမီးက ဆုံးသွားပြီးတာ ကြာပြီ"

"ဪ ... ဖြစ်ရလေ ငယ်ငယ်ရွယ်ရွယ်နဲ့"

"သူလေးက နင့်သမီးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ့သမီးလေး ရွှေရတုခင်တဲ့"

ထိုသုံးယောက်ရဲ့ အကြည့်တွေဟာ ရွှေရတုခင်ဆီမှာ စိုက်ခနဲ ဖြစ်သွားသည်။ ပြီးတော့ ဘာကိုမှန်းမသိ ကျေနပ်အားရသော၊ အောင်နိုင်ဝံ့ကြွားသော အပြုံးကြီးတွေ ကိုယ်စီပြုံးရင်း တစ်ယောက်ကို တစ်ယောက် အပြန်ပြန်အလှန်လှန် အဓိပ္ပာယ်ပါပါ လှမ်းကြည့်ကြပြီးနောက် ...

"ငါ့မှာက သားလေးတစ်ယောက်ရှိတယ် ခေတ်ဆန်းရဲ့"

"ငါ့မှာလည်း သားပဲ"

"ငါလည်း သားတစ်ယောက် မွေးထားတယ်"

ဦးခေတ်ဆန်းမှာ ထိုမိန်းမတွေရဲ့ မျက်နှာတွေကို တစ်လှည့်စီကြည့်ရင်း မသင်္ကာဖြစ်သွားရသည်။ ကြည့်ရတာ အကြံအစည်တစ်ခုခု ရှိနေတဲ့ ပုံမျိုး။

"နင်က နင့်သမီးကို ကျောင်းလာပို့တာလား"

"ဟုတ်တယ်"

"ဟယ် ... အတူတူပဲ ... အတူတူပဲ၊ ငါတို့သားတွေလည်း ဒီကျောင်းမှာ တက်ရမှာမို့လို့ ငါတို့ လာပို့တာ ... စတယ်လာရေ သားတို့ ကားထဲမှာမဟုတ်လား၊ ခေါ်လိုက်ပါဦး၊ မိတ်ဆက်ပေးရအောင်"

"သားတို့ရေ ... တိမ်ယံ၊ ထိုက်တန်၊ မိုးမာန် ... လာကြလာကြဦး ... ဒီမှာ မင်းတို့ ညီမလေးနဲ့ မိတ်ဆက်ပေးမလို့"

ထိုသုံးယောက်ရဲ့ စကားလုံးတွေတိုင်းထဲမှာ 'အဆဲ'တော့ ပါသည်ဟု ဦးခေတ်ဆန်းက ရိပ်မိလိုက်ပါသည်။





တုတုကတော့ ခင်စရာကောင်းတဲ့ ဖေဖေ့သူငယ်ချင်းတီကြီးသုံးယောက်ဟုသာ မြင်ပါသည်။ ထိုအန်တီ သုံးယောက် ခန္ဓာကိုယ်တွေကသာ ဝဖိုင့်ပေမယ့် လှုပ်ရှားပုံက သွက်လက်သည်။ ပြောဆိုပုံက လူငယ်ဆန်သည်။ ဖေဖေကမှ ပဲများသလို ဘိတင်ခံသလို လုပ်နေပေမယ့် သူတို့သုံးယောက်ကတော့ လိုက်ပြောကြပါသည်။

တုတုက အန်တီကြီးတွေ လှမ်းခေါ်သည့်ဘက်ကို ဝင်တစားလေး လှမ်းကြည့်လိုက်မိသည်။

တုတုကြည့်သည့်ဘက်မှာ ရပ်ထားသည့် ကားသုံးစီးတံခါးတွေက ပြိုင်တူလိုလို ပွင့်လာသည်။

ကားတွေပေါ်က အသီးသီး ဆင်းလာတာက တုတုရွယ် လူငယ်လေး သုံးယောက်ပင် ...။

တစ်ယောက်က ဖေဖေ့နီးပါး စတိုင်လ်ကျသည်။ ဖေ့လိုမျိုး စတိုင်လ်ဘောင်းဘီ အစိမ်းပုပ်ပုပ်ရောင်နှင့် ဝါဖန့်ရုပ်အင်္ကျီလက်တို ခပ်ကျပ်ကျပ်လေး ဝတ်ထားသည်။ လမ်းလျှောက်လာပုံက ပခုံးမြင့်မြင့် ရင်ကိုဖွင့်ကာ ရဲရဲဝံ့ဝံ့ပုံစံမျိုး။ မျက်နှာထားက ခပ်တည်တည်။ ကြည့်လိုက်ရုံနှင့် ဒီသုံးယောက်ထဲ သူသာလျှင် ဦးဆောင်သူဖြစ်ကြောင်း သိသာသည်။ ခပ်ကြိုက် ပုံစံမျိုး ဆိုပါတော့ ...။

နောက်တစ်ယောက်က မသိမသာလေး နွဲ့နေသလိုပင်။ ပုဆိုးဝတ်ထားပုံက ချပ်ချပ်ရပ်ရပ်လေး။ အသားဖြူဖြူပိန်ပါးပါး အရပ်ရှည်မျောမျောလေး။ ဆံပင်လေးတွေကို သေသေ

www.burmeseclassic.com



ခွဲကာ ပိနေအောင် ဖြီးထားသည်။ မျက်လုံးက ဘောဘောဘိဘိကို မကြည့်ရဲသလို မဝံ့မရဲ ရှက်ကိုးရှက်ကန်းပုံမျိုး။ လျှောက်လာတဲ့ ခြေလှမ်းတွေက ခပ်စိပ်စိပ်နှင့် ညင်ညင်သာသာ။

နောက်ဆုံးတစ်ယောက်ကတော့ စာသမား၊ ကဗျာသမားပုံ ပေါက်နေသည်။ မျက်မှန်နှင့်။ ပုံဆိုးကို ခပ်တိုတို ကျစ်ကျစ်ဝတ်ကာ ကတ္တီပါဖိနပ် စီးထားသည်။ လွယ်အိတ် သိုင်းမလွယ်တော့သည့် ခေတ်ကြီးမှာ သူက အင်းလေးလွယ်အိတ် နီညိုရောင်ကို လွယ်ကာ ခြေလှမ်းကျဲကျဲ လှမ်း၍လာနေသည်။

(၁) စတိုင်လ်ကျသော ခြေလှမ်း ...

(၂) ညင်သာသော ခြေလှမ်း ...

(၃) ခပ်ကျဲကျဲ ခြေလှမ်း ...

ထိုခြေလှမ်းတို့သည် တုတုတို့ဆီ တဖြည်းဖြည်း နီးကပ်လာပါသည်။

"သမီး ... နောက်နည်းနည်း ဆုတ်ရပ်စမ်း"

ရုတ်တရက် တုတု ဖေဖေက တုတုနားငုံ့ကပ်ပြော ပြီး တုတုလက်ကို လှမ်းဆွဲ၍ နောက်ဆုတ်စေလိုက်သည်။

အန်တီသုံးယောက်ကတော့ အချိုဆုံးပြုံးကာ ...

"သားတို့ လာကြ ... လာကြ၊ ဒါ ... မေမေတို့ သူငယ်ချင်းရဲ့ သမီးလေး ရွှေရတုခင်တဲ့၊ သားတို့နဲ့ အတူတူ ကျောင်းတက်ရမှာလေ ...၊ သမီးရေ ... သူက အန်တီ စတယ်လာ့ သားလေး ထိုက်တန်တဲ့ ..."





ဖေဖေ့လို စတိုင်လ်ကျတဲ့ ခပ်မိုက်မိုက်တစ်ယောက် ထိုက်တန် ...။ တုတု သေချာမှတ်လိုက်သည်။

"ဒီတစ်ယောက်ကတော့ အန်တီ ဝင်နီ့ သား မိုးမာန်တဲ့"

နွဲ့နွဲ့လေးက မိုးမာန်။

"သူကတော့ အန်တီ ဂျက်စမင့် သား တိမ်ယံတဲ့"

သူကတော့ စာသမား ကဗျာသမားပုံပေါက်တဲ့ မျက်မှန်နဲ့ တစ်ယောက်ပင်။

"သားတို့ရေ ကျောင်းမှာ သမီးလေးကို သုံးယောက် အတူ စောင့်ရှောက်ပေးရမယ်နော်၊ သမီးကလည်း ဘာမဆို လိုအပ်တာရှိရင် သားတို့ကို တိုင်ပင် အကူအညီတောင်းပေါ့"

"ဟုတ်ကဲ့ပါ အန်တီ ..."

"ဟင်း ဟင်း ဟင်း ... အန်တီတို့ကတော့ ခုလို ပြန်ဆုံရတာ အရမ်းဝမ်းသာတယ်ကွယ်၊ ကျောင်းတုန်းကဆို သမီး အမေနဲ့ အန်တီတို့ သုံးယောက်က အရမ်းခင်တဲ့ သူငယ်ချင်းတွေပေါ့"

ဦးခေတ်ဆန်းက ထိုအပြောတွေကို အော့နှလုံးနာ ကျိတ်မှိတ်မဲ့လိုက်သည်။

ဘာသူငယ်ချင်းလဲ ...။ သူငယ်ချင်းအမည်ခံပြီး အိုးတလီလိုလို လုပ်တာ သူငယ်ချင်းလား ...။ သူတို့ကို အခင်လုပ်ပြီး အမျိုးမျိုး ခိုင်းစေအသုံးချတာ သူငယ်ချင်းလား ... သူတို့မှာ ရည်းစားတွေရှိရက်နဲ့ ဒီလူကို တဲတဲလေးဆက်ထားပြီး လိုအပ်ရင် အသုံးချဖို့ ရံထားတာ သူငယ်ချင်းလား။



www.burmeseclassic.com

www.burmeseclassic.com



အသုံးချစရာမလိုတော့တဲ့ အချိန်ကျမှ လွှင့်ပစ်ပြီး မျက်နှာလွှဲခဲ့ပစ် လက်ထပ်သွားတာ သူငယ်ချင်းတဲ့လား။

ဒါတွေကို ပြောချင်ပေမယ့် သမီးရှေ့မှာမို့ မပြောရဲ။ အမှန်ပြောရရင် သူတို့က ကိုယ့်အပေါ် ယယ်နိုင်လိုဖြစ်နေတာလည်း ပါပါသည်။ ခုချိန်မှာ သူတို့ပုံစံတွေက ပြီးပြီးပျောက်ပျောက် အမှတ်မထားတဲ့ ပုံစံတွေ ရှိနေပေမယ့် ခံခဲ့ရတဲ့ ကိုယ့်မှာတော့ မပြီးနိုင်သေးဘဲ နာနေဆဲပင်။

ခုချိုးနေကြတဲ့ အချိုးတွေကရော ဘာတွေတုန်း။

သူတို့တွေမှာ သားမွေးထား[illegible] အပေါ်စီးပုံစံလိုလို ဖမ်းကာ သူတို့သား အကြောင်းကျားတွေကို သမီးနဲ့ မိတ်ဆက်ပေး အရောဝင်ခိုင်းနေကြတာမို့ ရင်ထဲမှာ ဒေါသတလိပ်လိပ် ထလာပါသည်။

"အဟမ်း ... ဟမ်း ငါ့သမီးက အရွယ်ရောက်ပြီဆိုတော့ သူ့ကိုယ်သူ စောင့်ရှောက်နိုင်ပါတယ် စတယ်လာ၊ ဒီအဖေ ကိုယ်တိုင်လည်း အရိပ်ကြည့် စောင့်ရှောက်နေတာဆိုတော့ တခြားသူတွေရဲ့ အကူအညီ မလိုလောက်ပါဘူး၊ ကဲ ... ကဲ ... သွားတော့ သမီး၊ ကျောင်းချိန်နီးနေပြီ"

"ကဲ ... ကဲ ... သားတို့လည်း သွားကြပေတော့"

စတယ်လာတို့ကလည်း သူတို့သားတွေကို တွန်းလွှတ်လိုက်ကြတာမို့ သုံးယောက်သားဟာ ရွှေရတုနှင့်အတူ လိုက်ပါသွားကြပါသည်။

"ဒီမှာ နင်တို့ ... ဘာကြံ ........"





"ခေတ်ဆန်းရေ ငါတို့ သွားတော့မယ်နော်၊ ယောကျ်ားကို ရုံးလိုက်ပို့ရဦးမှာဟဲ့၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့"

"ငါတို့လည်း သွားပြီနော် ခေတ်ဆန်း၊ ခုလို ပြန်တွေ့ရတာ ဝမ်းသာတယ်ဟာ၊ တစ်ရက်လောက် အေးအေးဆေးဆေး ဆုံဦးမယ်လေ"

"လူကြီးချင်းလည်း သူငယ်ချင်းဖြစ်၊ လူငယ်ချင်းလည်း သူငယ်ချင်းပြန်ဖြစ်ရတာ တော်ရုံရေစက် မဟုတ်ဘူးနော်"

မိန်းမလည် သုံးယောက်က ဒေါသထွက်နေသော ဦးခေတ်ဆန်းကို တာ့တာပြကာ ကားအသီးသီးပေါ်တက်၍ မောင်းထွက်သွားကြပါသည်။

ဦးခေတ်ဆန်းရဲ့ နှလုံးတိုက်မှာတော့ မီးမြိုက်ကျန်ခဲ့ပါသည်။

အလည်မတွေ ...

ဒင်းတို့မျိုးဆက်ကိုများ ငါ့သမီးနဲ့ ပေးစားမယ် ထင်နေသလား ...

ဝေးသေး ... ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

၁။ (ဃ)

✦ ✦ ✦

"ဟီဟိ ... ခေတ်ဆန်း မျက်နှာကြီးရယ်လေ ခရမ်းချဉ်သီးကြီးလို နီရဲမှည့်တင်းလာလိုက်တာများဟယ် ..."

ခေတ်ဆန်းရှေ့ကနေ ရုပ်တည်ကြီးနဲ့ လှည့်ထွက်လာသော စတယ်လာ၊ ဝင်နီနှင့် ဂျက်စီကာတို့မှာ စားသောက်ဆိုင်တစ်ခုသို့ ဦးတည်၍ မောင်းလာခဲ့ကြပြီး ဆိုင်ထဲမှာ ထိုင်မိတော့မှ ခေါင်းချင်း ဆိုင်၍ ရယ်မောလိုက်ကြပါသည်။ အသက်သာ လေးဆယ်ဆိုပေမယ့် ရွယ်တူ သူငယ်ချင်းတွေ နေ့တိုင်းဆုံတွေ့နေရတာမို့ စိတ်တွေက အမြဲပျိုနုနေသည်။

"ဒီကောင် အရင်တုန်းကနဲ့ တခြားစီပဲ၊ သန့်ပြန့်တောက်ပြောင်နေတာပဲ၊ ဘော်ဒီကလည်း လုံးဝ ပုံမပျက်တဲ့အပြင် ပိုတောင် ကြည့်ကောင်းလာသေးတယ်နော်"

"ဒါ သူ့သဘာဝအတိုင်း ကြည့်ကောင်းနေတာတော့ မဖြစ်နိုင်ဘူး၊ ဒီကောင် ဘော်ဒီဗျူတီတွေ ဘာတွေ ကစားပုံရတယ်"





"ကစားရကောင်းမှန်းသိတာ တော်တာပေါ့ဟယ်၊ ငါ့အိမ်က ယောကျ်ားဆို စည်းစိမ်ယစ်ပြီးနေတော့ ဗိုက်က ရှေ့ကို တစ်တောင်လောက် ထွက်နေပြီ၊ မျက်နှာချင်းဆိုင်ရပ်ပြီး ဖက်လို့တောင် မရတော့ဘူး၊ သူနဲ့ ငါနဲ့ကြားမှာ ဘောလုံး တစ်လုံး ခြားနေသလို ခံစားရတယ်"

စတယ်လာက နှာခေါင်းလေးရှုံ့ပြီး ပြောတော့ ဝင်နီ ရွှဲခနဲရယ်ရင်း ...

"နှစ်လုံးပါဟယ်၊ သူ့ဘောလုံးက တစ်လုံး၊ နင့်ဘောလုံးက တစ်လုံး၊ ဘောလုံး နှစ်လုံးခြားနေတာ ဟိ ... ဟိ ... ဟိ"

"နင်တို့ရော ဘာထူးလို့လဲ"

"ငါ့ယောကျ်ားနဲ့ ငါနဲ့ကြားမှာက ငါ့ဘောလုံးပဲ ခြားတာပါဟယ်၊ ငါ့ယောကျ်ားက ဘယ်မှာဝလို့လဲ"

"မဝပေမယ့် ဖောရောင်ဖြစ်နေတယ်လေ"

"ဘာ ဖောရောင်လဲ"

"ဘီယာတွေ အသောက်များလို့ မျက်နှာကြီးကဖော၊ ခန္ဓာကိုယ်ကြီးက အောက်ပိုင်းရှူးရှူးကြီးဆိုတော့ ဖောရောင်ပဲ"

"စတယ်လာတို့က သူများတကာကို ပြောဖို့ဆို စကားလုံးတွေက ပြောင်မြောက်ပါပြီ"

"ငါ့ယောကျ်ားအကြောင်းလည်း ပြောမှာပါ ဝင်နီရယ်၊ အိမ်ကယောကျ်ားဟာလေ ပိုက်ဆံကိုတော့သောက်သောက်လဲ ရှာနိုင်ပါရဲ့၊ သူ့ကြည့်လိုက်ရင် ဘယ်တော့မှ ပြောင်ပြောင်စင်စင် မရှိပါဘူးဟယ်၊ ငါ ဘယ်လောက် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



စားတွေ ဝယ်ပေး ဝယ်ပေး သူက စိတ်ကျဉ်းကြပ်လို့တဲ့ ဝတ်တော်မမူဘူးလေ၊ သူ့နားကပ်ရင် ချိုင်းချွေးစော်က လည်း နံသေး၊ တစ်ခါတစ်ခါ ခံတွင်းနံ့ကလည်း တလှိုက် လှိုက်ပဲ၊ သူနဲ့စကားပြောရင် အသက်အောင့်ထားရတယ်"

"ဒါနဲ့ ဟိုကောင် ခေတ်ဆန်းကိုယ်ကတော့ မွေးကြိုင်နေ တာပဲဟဲ့ ..."

"ဟုတ်ပ ... ဒီလိုမှန်း စောစောကသိရင် ခေတ်ဆန်းကိုပဲ ယူခဲ့ပါတယ်"

"ဟီဟိ ငါတို့ရောပဲ"

"လွတ်တဲ့ငါးက ကြီးတယ်လေ"

"ဒီကောင် ငါတို့ကို ခုထိ အခဲကြေပုံမရဘူးဟ"

"ငါတို့ကလည်း အခဲမကြေချင်စရာပဲလေ"

"နင်မှတ်မိသေးလား ဂျက်စီကာ၊ ငါတို့တွေ ကိုယ့်ဘဲနဲ့ ကိုယ် ရုပ်ရှင်ကြည့်ကြဖို့ သူ့ကို လက်မှတ်သွားဝယ်ခိုင်း တာလေ"

"မှတ်မိတယ် ... မှတ်မိတယ်၊ ပြီးတော့ ရှိသေးတယ်၊ ဝင်နီ ရယ်လေ ... သူ့လူကို မွေးနေ့လက်ဆောင် ဝယ်ပေးဖို့ ပိုက်ဆံမရှိလို့ ခေတ်ဆန်းဆီက ချေးတော့ သူ့ခမျာ နာရီ ချွတ်ရောင်းပြီး ချေးလိုက်ရတာ၊ အဲဒီတုန်းက နင် သူ့ အကြွေး ပြန်ဆပ်လိုက်သေးလား ဝင်နီ ..."

"မမှတ်မိတော့ပါဘူးဟာ ..."





"နေစမ်းပါဦး ... အဲ့ဒီတုန်းက သူကြိုက်နေတာ နင့်ကိုလား၊ ငါ့ကိုလား၊ စတယ်လာ့ကိုလား"

"မသိဘူးပါ၊ ဒီကောင်လည်း သိပ်ကောင်းတဲ့ကောင်မဟုတ် ဘူး၊ သုံးယောက်စလုံး ဘယ်သူ့ရရ ရတာယူမယ့် ပုံမျိုး"

"ကဲ ... ဒါတွေထားလိုက်ပါတော့၊ ခုလောလောဆယ်မှာ ငါ့မျက်စိထဲ မြင်နေတာကတော့ သူ့သမီးလေး ရွှေရတုခင် ပဲ ..."

စတယ်လာက စတင်လိုက်ချိန်မှာ ဝင်နီနဲ့ ဂျက် တင်က ခေါင်းတွေ ပိုမတ်လာကြကာ ...

"ငါရောပဲ ..."

"ငါလည်း အတူတူပဲ"

စတယ်လာက လက်ဖျောက်တစ်ချက် တီးလိုက်ရင်း "အိုကေ ... ငါတို့ စိတ်ကူးတူတယ်၊ သူ့သမီးလေး ကြည့် ရတာ ချစ်စရာလေး၊ ရိုးရိုးသားသားပုံစံမျိုးလေးပဲ၊ အထူး သဖြင့် မျက်လုံးတွေကို ကြည့်၊ အရမ်းဖြူစင်တယ်၊ ငါတို့ အဲ့ဒီအရွယ်က အဲဒီလောက် မဖြူစင်ဘူး၊ ငါ့သား တိမ်ယံ တက္ကသိုလ် စတက်ရမယ်ဆိုကတည်းက ငါတို့လို မိန်းမ လည်လေးတွေနဲ့ တွေ့မှာ သိပ်စိုးရိမ်ခဲ့ရတာဟ၊ တိမ်ယံက အားရင် စာအုပ်နဲ့ မျက်နှာပဲအပ်နေတာ၊ မိန်းကလေးတွေ အကြောင်း ဘာမှသိတာ မဟုတ်ဘူး"

ဝင်နီက ...

"ငါ့သား မိုးမာန်ရော ဘာထူးလဲ၊ လူပုံပျော့ပျော့၊ စိတ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ပျော့၊ ငါတို့ ခေတ်ဆန်းကို အသုံးချခဲ့သလိုမျိုး သူအသုံးချခံရမှာ ငါသိပ်ကြောက်တာပဲ၊ ဝင့်မလည်ချင်ဘူးဟာ၊ ဂျက်စီကာ့သား ထိုက်တန်ကမှ ထက်ထက်မြက်မြက် ဆိုတော့ သိပ်စိတ်ပူစရာ မလိုဘူးပေါ့"

ဂျက်စီကာက ခေါင်းရောလက်ပါ ခါရမ်းပြလိုက်ရင်း ...

"မထင်နဲ့ ... မထင်နဲ့၊ ငါလည်း ငါ့အပူနဲ့ ငါပဲ၊ ထိုက်တန်က ထက်မြက်ပေမယ့် နည်းနည်းမြှာပွေချင်တယ်ဟာ၊ သူ ငါးတန်းလောက်က ကောင်မလေးတစ်ယောက်ကို ရည်းစားစာ ပေးတယ်ဟာ၊ အိမ်ရှေ့အိမ်က ကောင်မလေးကို မျက်စိမှိတ်ပြတယ်ဟာ၊ ဒီကောင် ငယ်ငယ်လေးကတည်းက ဖွန်ကြောင်လေး၊ မလွယ်ဘူး၊ လည်လွန်းတဲ့ဘီး ချေးသင့်မှာ စိုးရတယ်"

"အဲဒီတော့ ခေတ်ဆန်းသမီးလေးလို ရိုးရိုးသားသား မိန်းကလေးနဲ့ နီးစပ်စေချင်တာပေါ့"

"ဒါပေါ့ ... နင်တို့ကရော ..."

"ငါတို့လည်း အတူတူပါဆို ... ခေတ်ဆန်းသမီးဆိုတော့ ခေတ်ဆန်းသွေးပါရင် ရိုးပြီးသားပဲ၊ ပြီးတော့ ခေတ်ဆန်းက စိတ်ရင်းလည်း အရမ်းကောင်းတယ်၊ လူတစ်ဖက်သား အပေါ် စာနာထောက်ထားတယ်"

"သူ အခု ရှိးပါဦးတော့မလား"





"ပြောင်းလဲလာရင်တောင်မှ သူ့နဂိုဗီဇမှာတော့ ရိုးသားတာလေးရယ်၊ စိတ်ရင်းကောင်းတာလေးရယ် ရှိဦးမှာပဲလေ"

"ကဲ ... အဲဒီတော့ ခေတ်ဆန်းကို ငါတို့ မယူမိခဲ့ပေမယ့် ငါတို့သား သုံးယောက်ထဲက တစ်ယောက်ယောက်က ခေတ်ဆန်းသမီးကိုရရင် မကောင်းပေဘူးလား၊ ပြီးတော့ တစ်ဖက်က လှည့်တွေးမယ်ဆိုရင်လည်း ငါတို့သုံးယောက်လုံးကို ဟိုလူ့လိုလို ဒီလူ့လိုလို တစ်ယောက်မရ တစ်ယောက်ရ အိစီကလီ လုပ်ဖူးတဲ့ ခေတ်ဆန်းကို ကလဲ့စားပြန်ချေရာ ကျတာပေါ့၊ အဲဒီလိုဆို မကောင်းဘူးလား"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် ခေတ်ဆန်းက သူ့သမီးနဲ့ ငါတို့သားကို သဘောတူပါ့မလား"

"ဒီကောင့်များ ငါတို့ တစ်ချက်လှည့်ပဲ ရှိပါတယ်ဟာ၊ မပူစမ်းပါနဲ့၊ ငါတို့သားတစ်ယောက်ယောက်ကို ရွေးရတာလေး ချစ်မိဖို့သာ အဓိက ..."

"ငါတို့သားတွေကလည်း ချစ်ဦးမှလေ ..."

"ငါ သေချာပေါက် ပြောရဲတယ်၊ ဒီကောင်တွေ ရွေးရတာလို မိန်းကလေးမျိုးကို သဘောမကျဘဲကို မနေဘူး"

"ငါတို့ အမေတွေကလည်း သူတို့စိတ်တွေ ယိမ်းယိုင်အောင် သွေးတိုးလှုံ့ဆော်ပေးရမယ်၊ သူတို့ချင်း နီးစပ်အောင် ကြံဆောင်ပေးရမယ်"

"ဒါပေမယ့်ဟယ် သုံးယောက်လုံးက ချစ်မိသွားရင် သူတို့ချင်း မတည့်ဘဲနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ဆန်းတောင်မှ ငါတို့သုံးယောက်လုံးကို ဘာလိုလို ခဲ့သေးတာပဲ၊ ငါတို့သား သုံးယောက်က ရွှေရတုကို ဘာ လိုလိုဖြစ်လည်း ဖြစ်ပစေပေါ့၊ ရွှေရတုလေး ချစ်တဲ့သူကို ရွေးပါစေ ...၊ ဖိတ်ချင်းဖိတ် ဒီသုံးအိတ်ထဲက တအိတ် အိတ်ထဲဖိတ်ရင် ပြီးတာပဲ"

"ရွှေရတုဟာ ငါတို့ ထင်သလို ရိုးရိုးသားသား မိန်းကလေး ဟုတ်မဟုတ် အရင်စုံစမ်းကြည့်ဖို့တော့ လိုမယ်နော်"

"စုံစမ်းဖို့က ငါတာဝန်ထား"

ဝင်နီက သူ့ရင်ဘတ်သူ ပုတ်ပြ၍ အားတက်သရော ပြောလိုက်ပါသည်။

"အိုကေ ..."

"အိုကေ ..."

သုံးယောက်သားသည် လက်မအသီးသီးထောင်ပြ လိုက်ကြပြီး နောက်မှာတော့ ရှေ့မှာ လာချပေးသွားသော ပီဇာ အချပ်ကြီးဆီ ခေါင်းချင်းဆိုင်၍သွားကြလေသည်။

ဝတော့ ဝတာပေါ့။

ဒါပေမယ့် ကိုယ်ကြိုက်တာ မစားဘဲတော့ မနေနိုင် ပေ။

✦ ✦ ✦



(၄)

✦ ✦ ✦

"တုတု ... မိန်းကလေးသူငယ်ချင်း မရှိလို့ဆိုပြီး အားငယ် မနေနဲ့၊ တို့သုံးယောက်ကို သူငယ်ချင်းလို အစ်ကိုလို သဘောထားပြီး ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပေါင်းလို့ ရတယ်နော်၊ တုတု ကိုတာမှန်သမျှ တို့ကူညီလို့ ရတယ်၊ တိမ်ယံဆို စာပေကြမ်းဂန် နှံ့စပ်တယ်၊ တကယ့် စာကြမ်းပိုး စစ်စစ် ...၊ ဟိုကောင် မိုးမာန်က အပေါင်းအသင်းပေါင်းတဲ့ နေရာမှာ ဆက်ဆံရေး အရမ်းကောင်းတယ်၊ ကိုယ်ကတော့ ဟိုစပ်စပ် ဒီစပ်စပ် အကုန်ရတယ်"

"ဟိုစပ်စပ် ဒီစပ်စပ် အကုန်လိုက်ကြိုက်တတ်တဲ့ မင်းရဲ့ ဖွန်ကြောင်အကျင့်ကိုပါ ထည့်ပြောဦးလေ ထိုက်တန်ရဲ့"

"အချင်းချင်း မဖဲ့ကြေးကွာ"

ထိုက်တန်တို့ သုံးယောက်သားသည် ရိုးသားဖြူစင် ပုံတလေး ပေါ်လွင်နေသော တုတုကို အလုအယက် ဆရာလုပ် လျက် ရှိပါသည်။ မျက်လုံးပြူးပြူးလေးတွေနှင့် မသိနားမလည်



www.burmeseclassic.com

www.burmeseclassic.com



သလို ကြည့်တတ်သော တုတုံ ပုံစံလေးက ခင်မင်ကြင်နာဖွယ် မို့ပင်။

တုတုက ထိုက်တန်ရဲ့ အိစီကလီလေးတွေနဲ့ တစ်မျိုးတစ်ဘာသာ ကွဲပြားထွက်နေပါသည်။ အထူးသဖြင့် မျက်နှာထားကလေး။ မျက်နှာထားကိုက အရိုးခံလေးဖြစ်နေသည်။ သူ့အဖေကြီးနဲ့တော့ ကွာပါ့ပင်။ သူ့အဖေကြီးက ပဲများတဲ့ ပုံမျိုးကြီး။

ထိုက်တန်က တုတုလို ပုံစံလေးကိုတော့ ညုတုတုလုပ်ဖို့ စိတ်ကူးမရှိပါ။ ကိုယ် ညုတုတုလုပ်မိသူများဟာလည်း တုတုလောက် ဖြူစင်ရိုးသားသူများ မဟုတ်ကြပါ။ တုတုကိုတော့ ထိုက်တန်က မြင်မြင်ချင်းပင် နှစ်သက်သဘောကျစွာ ကူညီပေးမပေးချင်မိပါသည်။

တိမ်ယံသည်လည်း မျက်မှန်ပေါ်မှကျော်ကာ တုတုကို ပြုံးကြည့်နေမိပါသည်။ နည်းနည်း ဒိတ်အောက်နေပြီဖြစ်တဲ့ ဓာတစ်မျိုးကို ရင်ဖုံးပုံချုပ်ဝတ်ပြီး နမူးပြောင်ပြောင်လေးပေါ်အောင် ဆံပင်တွေကို ပင့်သိမ်းစည်းထားသော တုတုပုံစံက ချစ်စရာလေးမို့ပင်။

မိုးမာန်ကတော့ တုတုပုံစံတုံးလေးကို ဘယ်လိုလှအောင် ပြင်ပေးရင်ကောင်းမလဲဟု စဉ်းစားအကြံထုတ်နေမိသည်။

ထိုက်တန်က ...

"တုတုက ဆယ်တန်းကို နှစ်ချင်းပေါက် အောင်တာလား"

"ဟုတ် ..."





"တခြား ဘယ်အတန်းတွေမှာ ကျသေးလဲ"

"မကျပါဘူး၊ တုတုက အတန်းစဉ်တိုင်း နှစ်ချင်းပေါက် အောင်တာ ..."

"ဒါဆို တုတု သချာပေါက် တို့သုံးယောက်ထက် အသက်ငယ်မှာပဲ၊ တို့သုံးယောက်လုံးက ရှစ်တန်းမှာ တစ်နှစ်ကျ၊ ဆယ်တန်းမှာလည်း တစ်နှစ်စီကျပြီးမှ အောင်လာတာ"

"ဒါဆို တုတု ကိုထိုက်တန်တို့ကို အစ်ကိုတွေလို သဘောထားပါ့မယ်၊ ရိုရိုသေသေ ပြောပါ့မယ်၊ ကိုထိုက်၊ ကိုယံ၊ ကိုမိုးလို့ပဲ ခေါ်တော့မယ်နော်"

တုတုက ရှေ့သွားကြီးကြီးလေး နှစ်ချောင်း ပြူးလာအောင် ပြုံးပြီး ပြောလိုက်တာမို့ မိုးမာန်က တုတုခေါင်းလေးကို ချစ်ခနိုးပုတ်လိုက်ရင်း ...

"တုတုလေးက လိမ္မာတယ်၊ ဘာမဆို တို့တွေကို တိုင်ပင်လို့ ရတယ်၊ ယောကျ်ားလေးတွေ တုတုကို ချဉ်းကပ်လာရင်လည်း ကိုမိုးတို့ကို အသိပေး တိုင်ပင်ပေါ့၊ ယောကျ်ားတွေအကြောင်းဆိုတာ ယောကျ်ားချင်းသာ အသိဆုံးလေ"

"ဟုတ်ကဲ့ ... ကိုမိုး"

တုတုက ခေါင်းလေးကို အားပါပါညိတ်ပြရင်း ထိုအစ်ကိုသုံးယောက်ကို ခင်မင်စွာ ကြည့်မိပါသည်။

တုတုက မိန်းကလေးကျောင်းမှာ နေလာရသူမို့ ယောကျ်ားလေး သူငယ်ချင်းမရှိပါ။ ယောကျ်ားလေးတွေကိုလည်း နင်ဟဲ့ ငါဟဲ့ ရင်းရင်းနှီးနှီး ပြောဆိုမဆက်ဆံတတ်ပါ။ ဖေဖော်



www.burmeseclassic.com

www.burmeseclassic.com



အမြဲ မျက်စိဒေါက်ထောက်ကြည့် ချုပ်ချယ်နေတတ်တာမို့ ရည်းစား ထားချင်ရင်တောင် ထားဖို့ အခွင့်အရေးမရှိလှပါ။

ကိုမိုးတို့ သုံးယောက်ကတော့ ခင်စရာကောင်းသည် ဟု တုတုထင်မိပါသည်။ အားလည်းကိုးမိသည်။ ပြီးတော့ သူတို့ အမေတွေကလည်း ကိုယ့်အဖေရဲ့ သူငယ်ချင်း။ တကယ့် လူရင်း ကြီးတွေ။ သူတို့နဲ့ ခင်မင်ခွင့်ရတာ တုတုကံကောင်းလို့သာပင်။

ကိုထိုက်ပုံစံက မြူးကြွသွက်လက်သည်။ ကိုမိုးက ယဉ်ကျေးညင်သာသည်။ ကိုယ်ကတော့ ပညာရှိဆန်ချင်သလိုလို နှင့် တစ်ချက်တစ်ချက်မှာ အူကြောင်ကြောင်ပုံစံမျိုးလေး ပေါ်နေ တတ်သည်။

ကိုထိုက်က ကိုမိုးကို ပြုံးစိစိလှမ်းကြည့်ရင်း ...

"မင်းက ယောကျ်ားတွေအကြောင်းပိုသိတာပေါ့၊ ယောကျ်ား လေးတွေကိုပဲ မင်း ပိုစိတ်ဝင်စားတယ် မဟုတ်လား"

"ထိုက်တန် မင်း ... ငါ့ကို အခြောက်လို့ စွပ်စွဲနေတဲ့ အကြိမ်ရေပေါင်း မနည်းတော့ဘူးနော်၊ မင်း နှမဝမ်းကွဲ လေးကို ငါ ရအောင်ယူပြလိုက်ရမလား"

"ဟော့ကောင် နှမ မပါကြေး"

"အဲ့ဒါဆို မင်းလည်း ငါ့ကို မစွပ်စွဲနဲ့၊ အလှအပကြိုက် တိုင်း အခြောက်မဟုတ်ဘူးကွ"

တုတုက ငြင်းခုန်ရင်း မျက်နှာရဲတွတ်လာသော ကိုမိုးကို သနားလာကာ ...





"ဟုတ်သားပဲ ကိုထိုက်ရဲ့၊ တုတု ဖေဖေလည်း အလှကြိုက် တာပဲ၊ ဒါပေမယ့် အခြောက်မဟုတ်ပါဘူး"

"တွေ့လား တုတုတောင် အမှန်အတိုင်း မြင်တယ်"

"ကဲ ... ကဲ ... တော်ကြတော့ ဒီနေ့ဟာ တို့တွေအားလုံးရဲ့ တက္ကသိုလ်ကျောင်းသားဘဝ နိဒါန်းအစပဲ၊ မပြောလည်း ဖြစ်တဲ့ အပိုစကားတွေပြောပြီး အချိန်တွေကို ဖြုန်းနေရင် ကျောင်းထားပေးရတဲ့ မိဘပိုက်ဆံကိုပါ ဖြုန်းရာကျတယ်"

"ဟုတ်ကဲ့ပါ ... ပညာရှိရယ်"

ကိုယ်က သူ့စတိုင်လ်အတိုင်း စကားအတည်အခန့် ကြီးတွေ ဝင်ပြောနေတာမို့ ကိုမိုးနဲ့ ကိုထိုက်က ပါးစပ်လှုပ်ရုံ ဆဲလိုက်ကြသည်။

တုတုကတော့ သူတို့သုံးယောက်လုံးကို ကြည့်၍ ရယ်ချင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

၂။

✦ ✦ ✦

ဦးခေတ်ဆန်းသည် တုတုတို့ကျောင်းမဆင်းမီ နာရီဝက် အလိုကတည်းက ကျောင်းရှေ့ကို ကြိုရောက်နေပါသည်။

ဒီနေ့တစ်နေ့လုံးလည်း အလုပ်ဖြောင့်ဖြောင့်လုပ်မရခဲ့ပါ။ စိတ်က သမီးဆီမှာပဲ ရောက်နေသည်။ ဟိုသုံးကောင်နဲ့ သမီး ရင်းနှီးခင်မင်သွားကြမှာကို မိုးပြိုမှာလောက် စိုးရိမ်နေရပါသည်။

ဟိုလူလည်မ သုံးယောက်ဟာ သမီးနဲ့ပတ်သက်ပြီး မရိုးမသား တစ်ခုခုကြံစည်တော့မှာကို သူကြိုသိနေသည်။ သူတို့သား သုံးယောက်ကို အတင်းတွန်းထိုးပြီး ရွှေရတုနှင့် ရင်းနှီးစေချင်ပုံဟာ သိကိုသိသာနေသည်။ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်ဟာ သမီးကို ချွေးမအဖြစ် သူရရ ငါရရ သိမ်းပိုက်လိုက်ချင်ပုံရသည်။

ဘာဖြစ်လို့ မျိုးဆက် နှစ်ဆက်ထိ အရှုံးခံမလဲ ...။ သူတို့သားရဲ့ အသားကို လက်ညှိုးနဲ့ တစ်ချက်တို့လို့ ရွှေတစ်တုံး





ကျက်ကျလာမယ်ဆိုတောင် သမီးနဲ့ အနီးစပ်မခံနိုင်။ သူတို့နဲ့လည်း ပေါင်းခမက် မတော်နိုင် ...။

ဦးခေတ်ဆန်းမှာ တွေးလေ တွေးလေ မခံချိမခံသာဖြစ်ရလေ ...။ ကျောင်းဘက်ဆီသို့လည်း လည်ပင်းတမော့မော့နှင့် မျှော်ငေးနေရပါသည်။

ခဏနေတော့ ကျောင်းဝန်းထဲကနေ ကျောင်းသားကျောင်းသူတွေ ထွက်လာနေတာကို လှမ်းမြင်ရသည်။ သမီးတစ်ယောက်တည်း ထွက်လာပါစေ ...။ ဟိုငနဲလေးသုံးကောင်နဲ့အတူ ထွက်မလာပါစေနဲ့ဟု သူက ပါးစပ်လှုပ်ရုံရေရွတ်ရင်း သမီးကို ရှာရသည်။

ဟော ... သမီးလာပြီ။ ဟင် ... ဟိုသုံးကောင်နဲ့ အတူတူပါလား။

ဦးခေတ်ဆန်းမှာ ကားပေါ်က လှမ်းကြည့်နေရာက ဖြန်းခနဲ ကားတံခါးဖွင့်ဆင်းလိုက်ပြီး သမီးဆီ ခြေလှမ်းကျဲဖြင့် လှမ်းသွားလိုက်သည်။

"သမီး ..."

"ဟယ် ... ဖေကြီးက ရောက်တောင်နေပြီ၊ ကိုထိုက်၊ ကိုမိုး၊ ကိုယံ၊ ဖေကြီးက တုတုကို ဒီနေ့ အပြင်မှာ ညနေစာလိုက်ကျွေးမှာ၊ ကိုထိုက်တို့လည်း လိုက်ခဲ့ပါလား"

"အဟမ်း ... သမီး၊ ဒီနေ့ ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးခေတ်ဆန်းက ဟိုသုံးယောက်ကို မခေါ်ချင်တာမို့ ချောင်းဟန့် မျက်နှာရိပ်ပြ၊ စကားလွှဲပေမယ့် အရိပ်သုံးပါး နား မလည်သော တုတုက ...

"အဆင်ပြေပါတယ် ဖေကြီးရဲ့၊ ကိုထိုက်တို့ သုံးယောက်နဲ့ သူငယ်ချင်းဖြစ်သွားတော့ ပိုအဆင်ပြေတယ်၊ သူတို့က တုတု တက်ရမယ့် အတန်းကိုလည်း ရှာပေးတယ်၊ တုတုက အင်္ဂလိပ်စာ၊ သူတို့က ပြင်သစ်ဘာသာဆိုတော့ တက်ရမယ့် အတန်းချင်းက မတူဘူးလေ၊ ကိုထိုက်တို့ လိုက်ခဲ့ကြနော်၊ ဖေကြီး ကူခေါ်ပေးပါဦး၊ သူတို့က ဖေကြီးကို အားနာလို့ အင်တင်တင်လုပ်နေကြတာလား မသိဘူး၊ ဖေကြီးကို အားမနာရပါဘူး၊ ဖေကြီးက ကိုမိုးတို့ အမေတွေနဲ့ သူငယ်ချင်းအရင်းကြီးတွေပဲ ဥစ္စာ"

"သမီး၊ ဖေကြီးသမီးက တစ်နေကုန် စာတွေအာရုံစိုက်ကြည့်ရလို့ထင်တယ်၊ မျက်နှာလေးက မလန်းဘူး၊ မျက်တွင်းလေးတွေတောင် ကျနေတယ်၊ မျက်မှန်တပ်ရတော့မယ် ထင်တယ်"

ဦးခေတ်ဆန်းက ကိုယ့်သမီးပခုံးကို လှမ်းပုတ်လိုက်ပြီး ပခုံးကို လက်ဖြင့်မသိမသာဖိချ အချက်ပြပေမယ့် သမီးက အကင်းမပါးပါ။ ဒီအဖေရဲ့ မနှစ်မြို့ မလိုလားမှုကို ရိပ်မိပုံမရပါ။

ထိုက်တန်ကတော့ အကင်းပါးသူမို့ တုတုအဖေရဲ့ သိသာနေသော မလိုလားမှုကြီးကို သဘောပေါက်နေသည်။ မိုးမာန်ကတော့ အဖေဖြစ်သူကို ချွဲနွဲ့နွဲ့လေးပြောနေတဲ့ တုတုရဲ့ ပုံစံလေး





ကို သဘောတကျ ငေးမောနစ်မျောနေသည်။ အမြဲတမ်း အူကြောင်တက်သော တိမ်ယံကတော့ သူ့မျက်မှန်ကို ပင့်တင်လိုက်ရင်း ...

"တုတု မျက်မှန်လုပ်ချင်ရင် ငါလုပ်တဲ့ဆိုင်မှာ လုပ်ပါလား၊ ဈေးလည်းသက်သာတယ်၊ ပစ္စည်းလည်းကောင်းတယ်၊ ငါ လိုက်ပို့ပေးမယ်လေ ..."

ဟု မျက်မှန်ဆိုင်ကြော်ငြာဝင်တော့ သူ့အဖေကြီး မျက်နှာက ပိုတင်းသွားကာ ...

"မျက်မှန်က တပ်ချင်မှ တပ်ရမှာပါ၊ သဘောပြောတာ၊ တကယ်လို့ မျက်မှန်တပ်ဖို့လိုလည်း ဒီအဖေတစ်ယောက်လုံး ရှိတယ်၊ အဖေကိုယ်တိုင် လိုက်ပို့မှာပေါ့"

"ဟုတ်တယ် ကိုယံရဲ့၊ ဖေကြီးက တုတု ဘယ်သွားသွား အမြဲလိုက်ပို့ပေးတာ၊ ကဲ ... လာကြလေ တုတုလည်း ဗိုက်အရမ်းဆာနေပြီ၊ သွားစားကြရအောင်"

"အေး ... ငါတို့လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

အလိုက်ကမ်းဆိုးမသိသော မိုးမာန်နှင့် တိမ်ယံက ခြေလှမ်းပြင်တော့ ထိုက်တန်က သူတို့အိတ်ကြိုးကို လှမ်းဆွဲထားလိုက်ရင်း ...

"ငါတို့ မလိုက်တော့ပါဘူးဟာ၊ ဟဲဟဲ ... အန်ကယ်က မခေါ်တော့ မလိုက်ရဲဘူးဟ ..."

"အို ... ဖေက ဘာလို့မခေါ်ရမှာလဲ၊ ခေါ်ပါတယ်၊ ဖေ ကူခေါ်ပေးပါဦး"

"ဒီလိုရှိတယ်လေ သမီးရဲ့၊ အခုက စောသေးတော့ စားမယ့်



www.burmeseclassic.com

www.burmeseclassic.com



လက်တိုလက်တောင်း ခိုင်းစေခဲ့သူ။ နောက်ဆုံးတော့ ကိုယ့်ဆီက
ချေးသွားတဲ့ ပိုက်ဆံကို လမ်းစရိတ်လုပ်ပြီး ရည်းစားနှင့် လက်
ထပ်၊ ဟန်းနီးမွန်း ထွက်ရက်ခဲ့သူ။

မှန်ကြောင်ကောင် တိမ်ယံဆိုတဲ့ တစ်ယောက်က
တော့ ဂျက်စီကာ့ သားပင်။ သူ့အမေ ဂျက်စီကာ့လိုပဲ အပေါ်
နှုတ်ခမ်းလေး လန်တန်တန်။ ကျန်တာတွေ မတူပေမယ့် ထို
နှုတ်ခမ်းကတော့ တော်တော်တူသည်။ သူ့အမေနှုတ်ခမ်းကိုတော့
ကိုယ်ငေးငေးကြည့်ခဲ့ဖူးတာပေါ့။ အဲ့ဒီ ဂျက်စီကာကရော ဘာထူး
လို့လဲ။ ဟိုနှစ်ယောက်နှင့် အတူတူ အနူနူပင်။ သူ့ရည်းစားမှာ
ပိုက်ဆံလိုတိုင်း ကိုယ့်ဆီက လာလာချေးတတ်သူ။ ကိုယ့်ကို
ပတ်တီးချ လှည့်ပတ်လိမ်ညာ အသုံးချရက်ခဲ့သူ …။

ခုပြန်တွေးရင်တောင် ခုရင်နာပါရဲ့ …။

ဒီလို အမေတွေရဲ့ ပုံရိပ်တွ ထင်ဟပ်နေတဲ့ သားတွေ
ကို ကိုယ့်သမီးလေးနဲ့ ဝေးဝေးမှာသာ ရှိနေစေချင်ပါသည်။

"ဖေ့ဘာသာ မောင်းနိုင်ပါတယ် သမီးရယ်"

"ဟုတ်ပါ့မလား ဖေရယ်၊ သူတို့ကိုတော့ လုံးဝအားနာမနေ
စရာ မလိုဘူးနော်"

"မနာပါဘူး၊ မနာပါဘူး၊ ဖေ မောင်းနိုင်လို့ မောင်းနိုင်
တယ် ပြောတာ၊ မမောင်းနိုင်ဘဲနဲ့တော့ ကိုယ့်အသက်
ကိုယ့်သမီးအသက်ကို မနမျောဘဲ ညာမပြောပါဘူး၊ ခဏ
လေး၊ ဖေ ကားပေါ်မှာ ခဏငြိမ်ငြိမ်လေး နားလိုက်ပြီးရင်
အိုကေသွားပြီ"





ဦးခေတ်ဆန်းက ကားပေါ်တက်ထိုင်၊ ကားနောက်
မှီကိုခပ်လျှောလျှောမှီထားရင်း မျက်လုံးမှိတ် ငြိမ်သက်နေလိုက်
သည်။ ထိုသုံးယောက်ရဲ့ မျက်နှာကို မမြင်ချင်လို့ပင် …။

"နင်တို့ အဆင်ပြေရင် ငါတို့သွားမယ်နော် တုတု"

"ဟုတ်၊ မနက်မှ တွေ့မယ်"

"အိုကေ … ဆီးယူ"

ထိုသုံးယောက် ကားငှားပြီး ထွက်သွားတော့မှ
ဦးခေတ်ဆန်းက ဆတ်ခနဲ ခါးမတ်ထိုင်ကာ သမီးဘက်သို့ လှည့်
လိုက်ရင်း …

"သမီး … ဖေဖေ့ကို ကတိတစ်ခု ပေးစမ်း"

"ဟင် … ဖေဖေ နေကောင်းသွားပြီလား၊ မမူးတော့ဘူး
လား"

"အေး … မမူးတော့ဘူး"

"ချက်ချင်းကြီးပဲ"

"အေး … ချက်ချင်းကြီးပဲ၊ ဖေဖေ ပြောတာ နားထောင်ဦး"

"သမီး နားထောင်နေပါတယ်၊ သမီးက ဖေ့ကို ဘာကတိ
ပေးရမှာလဲ"

"သမီး … ခုနသုံးယောက်ထဲက ဘယ်သူနဲ့မှ ရည်းစားမဖြစ်
စေရပါဘူး ဆိုတဲ့ ကတိ …"

တုတုက ခိခနဲ ရယ်လိုက်ရင်း …

"ဩော် … ဖေကြီးက ဒါကိုစိုးရိမ်နေတာလား၊ စိတ်ချပါ
ဖေရယ်၊ သမီး သူတို့နဲ့ ရိုးရိုးသားသား ခင်တာပါ၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



ခင်စရာတော့ကောင်းပါတယ်၊ ဒီနေ့ တစ်နေ့တည်းနဲ့တင် သူတို့အကြောင်းကို သမီး သိလာတယ်၊ ကိုထိုက်က တခြားကောင်မလေးတွေကို လိုက်လိုက် စိတ်ဝင်စားနေရတာနဲ့ သမီးဘက်ကို လှည့်ဖို့အချိန်မရှိဘူး၊ ကိုမိုးက သူ့ကိုယ်သူပဲ စိတ်ဝင်စားတာ၊ သူလှဖို့ ပဖို့ အမြဲကြိုးစားနေရတာနဲ့ တုတု အကြောင်း မတွေးအားဘူး၊ ကိုယ်ကျတော့ အားရင် စာအုပ်ထဲ ခေါင်းစိုက်နေတာ၊ ဒီလိုလူတွေကလည်း တုတုကို စိတ်မဝင်စား၊ တုတုကိုယ်တိုင်ကလည်း ဒီလူတွေကို စိတ်မဝင်စားပါဘူး ဖေကြီးရယ်"

ဦးခေတ်ဆန်းသည် သမီးအပြောကြောင့် စိတ်သက်သာရာ ရသွားသော်လည်း စိတ်ဒုန်းဒုန်းတော့ မချနိုင်သေးဘဲ ...

"ဒါပေမယ့် လူ့စိတ်ဆိုတာ မပြောနိုင်ဘူးလေ၊ ပြောင်းလဲတတ်တာပဲ၊ သတိတော့ ထား၊ လုံးဝ အရောမဝင်နဲ့၊ ဒီကောင်တွေက ကောင်းတဲ့ကောင်တွေ မဟုတ်ဘူး"

"ဟင် ... ဖေကြီးကလည်း သူများ သားသမီးကို ..."

"သူများ သားသမီးမို့လို့ ပြောနေတာပေါ့၊ စတယ်လာတို့ ဝင်နီတို့ ဂျက်စီကာတို့လို သူများတွေရဲ့ သားသမီးမို့လို့ မကောင်းဘူးပြောတာပေါ့"

"အဲ့ဒီ အန်တီတွေက ဖေ့သူငယ်ချင်းအရင်းကြီးတွေ မဟုတ်လား"

"မရင်းပါဘူး"





"ဟုတ်လို့လား ... သူတို့ ဖေ့ကို ပြောဆိုဆက်ဆံတဲ့ပုံက ပြောမနာ ဆိုမနာ ငယ်ပေါင်းကြီးဖော်တွေလိုပဲဟာ ..."

"ဒါက သူတို့ဘက်က တစ်ဖက်သတ်ပါ၊ ဖေက မခင်ပါဘူး"

တုတုက ဖေ့ကို ပြုံးစိစိလေး အကဲခတ်သလိုလေး ပြုံးကြည့်လိုက်ရင်း ...

"ဖေတို့မှာ ဓာတ်လမ်းဟောင်းတွေဘာတွေများ ရှိနေသလား၊ ဖေ့ကြည့်ရတာ မှုမမှန်ဘူး"

"ဘာဓာတ်လမ်းမှ မရှိဘူး၊ အဖေကိုမဟုတ်တာ လာမပြောနဲ့"

"ဖေ အခြောက်တိုက်ကြီး ခါးသီးနေတော့ တုတုက အဲ့လိုပဲ ထင်မိတာပေါ့"

"ကဲ ... ကဲ ... တော်ပြီ၊ စကားမရှည်နဲ့တော့၊ ထမင်းသွားစားကြမယ်"

"ဟင် ... ခုနပြောတော့ စောသေးတယ်ဆို၊ ဈေးအရင်ဝယ်မယ်ဆို ဖေကြီးရဲ့"

"ဖေက တစ်နေ့လုံး ဆိုင်သုံးဆိုင် လှည့်သွားနေရတော့ ဗိုက်ဆာပြီ သမီးရဲ့၊ သမီးလည်း တစ်နေ့လုံး စာသင်ရတာ ဝမ်းဟာနေရောပေါ့၊ သွားကြမယ်"

"ဒီလိုမှန်းသိရင် ကိုထိုက်တို့ကို ခဏစောင့်ခိုင်းထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိတု ... ငါ ခေါက်လိုက်မှာနော်၊ အရောမဝင်ဖို့ ပြောနေတဲ့ ကြားက ..."

"မေကြီးကလည်း ရှည်းစားမဖြစ်ရင်ပြီးရော မဟုတ်လား၊ ခင်လို့တော့ ရတာပဲလေ ..."

"ခင်လည်း မခင်နဲ့၊ အလကားဟာတွေ၊ တစ်ဖက်သားကို အသုံးချဖို့ ဝန်မလေးတဲ့ ဟာတွေ ..."

"မေ့ကြည့်ရတာ နာကြည်းချက်တစ်ခုခုနဲ့ ပြောနေသလိုပဲ"

"ဘာနာကြည်းချက်မှ မရှိဘူး မိတု၊ စကားလာမရှည်နဲ့တော့၊ လိုက်မှာဖြင့် ကောင်းကောင်းလိုက်ခဲ့"

"ဟုတ် ..."

တုတုက ခေါင်းကို ရုပ်သေးရုပ်လေးလို ဆတ်ခနဲ ညိတ်ပြလိုက်ပါသည်။



## ၃။

✦ ✦ ✦

"စုံစမ်းပြီးပြီလား"

"စုံစမ်းပြီးပြီ"

"အိုကေလား"

"အိုကေ ..."

"ဒါဆို လူစုကြစို့"

စတယ်လာတို့ သုံးယောက်အုပ်စုထဲမှာ ဝင်နီက စုံစမ်းရေးမှူးတာဝန် ယူထားသူမို့ ဝင်နီ့ဆီက သတင်းထူးတာနှင့် သုံးယောက်လုံး ဝင်နီတို့အိမ်မှာ စုကြဖို့ ချိန်းဆိုလိုက်ကြပါသည်။

စတယ်လာနှင့် ဂျက်စီကာက မရှေးမနှောင်းဆိုသလို ရောက်လာကြကာ ...

"သိချင်စောကပ်ပြီး ပြေးလာရတာ၊ အလှတောင် မပြင်ခဲ့ရဘူးဟယ် ..."

"ဟုတ်ပါ့ ... ငါလည်း ဘာထူးလဲ၊ အိမ်နေရင်း ဂါဝန်နဲ့ ထလာခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့၊ ပြင်လည်း ဘာမှထူးတာ မဟုတ်ဘဲနဲ့"

"ထူးပါတယ်ဟယ်၊ ဝတာကို ဝတယ်မထင်ရအောင် အနက်ရောင်လေး ဘာလေး ဝတ်ပြီး ဖုံးဖုံးဖိဖိလုပ်ထားရင် ကြည့်ပျော်ရှုပျော်တော့ ရှိပါသေးတယ်"

"အေးလေ ... ပြီးတော့ ငါတို့က အသားအရေ အရမ်းလှပြီး မျက်နှာလေးတွေက ချစ်စရာကောင်းတော့ ဝပေမယ့် ရုပ်မဆိုးပါဘူး"

"ဒုက္ခပဲ ... သူတို့အလှဘွဲ့ကို နားထောင်ဖို့ ခေါ်မိတဲ့အတိုင်းပဲ"

ဝင်နီက မျက်စောင်းလှမ်းထိုးတော့ စတယ်လာတို့နှစ်ယောက်က ဝင်နီ့ တစ်ဖက်ပါးစပ်ချက်မှာ ညှပ်ပိတ်လျက် သုံးယောက်ထိုင် ဆိုဖာပေါ်မှာ မဆံ့ရင်ကန် ထိုင်ချလိုက်ရင်း ...

"ဟဲ့ ... ဘယ့်နှယ်လဲ၊ ပြောပါဦး ... ရွှေရတုအကြောင်းကို"

"ရွှေရတုကတော့ all clear ပဲ၊ လုံးဝ သန့်စင်တယ်၊ ရုပ်ရှုပ်ထွေးထွေးမရှိ၊ ရည်းစားလည်း မထားဖူးဘူး၊ ယောကျ်ားသနာနဲ့ ရင်းရင်းနှီးနှီးတောင် မရှိခဲ့ဖူးဘူးတဲ့၊ ယောကျ်ားလေး သူငယ်ချင်းတောင် မရှိဘူးပေါ့ဟယ်"

"ဒီခေတ်မှာ ဒီလို မိန်းကလေးမျိုး ရှိနေသေးတာ ဝမ်းသာစရာပဲ ..."

"ခေတ်ဆန်းကလည်း အထိန်းအသိမ်းကောင်းတာကိုးဟဲ့၊ သူ့သမီးကို မိန်းကလေးကျောင်းမှာပဲ ထားပြီး သူကိုယ်တိုင် အကြိုအပို့လုပ်ပေးတာ၊ ခေတ်ဆန်းညီမ အပျိုကြီးကတော့





ဟော့ရှော့ကြီးဆိုတော့ ရွှေရတုကို ဆန်းဆန်းပြားပြားတွေ ဝတ်ဖို့ အားပေးအားမြှောက်ပြုတာတောင် ခေတ်ဆန်းက လိုက်လိုက်ထိန်းကွပ်နေတာတဲ့"

"နင် ဒါတွေကို ဘယ်ကနေ စုံစမ်းလာတာလဲ"

"ကံကောင်းချင်တော့ ငါ့ယောကျ်ားရဲ့ ညီမ ငါ့ယောက်မပေါ့ဟယ်၊ သူက ခေတ်ဆန်းနဲ့ အိမ်နီးချင်း၊ ငါ့ယောက်မ သမီးက ခေတ်ဆန်းသမီးနဲ့ ကျောင်းနေဖက်၊ မတော်တဆ စကားစပ်မိရင်း သိလိုက်ရတာ"

"ဒီလိုအဆက်အသွယ်ရှိတာတောင် ခေတ်ဆန်းအကြောင်းကို ငါတို့ တစ်စွန်းတစ်စတောင် မသိခဲ့ဘူးနော်၊ အကြာကြီး အဆက်အသွယ်ပြတ်နေလိုက်ကြတာ ..."

"ငါတို့ကလည်း ရန်ကုန်နဲ့ အဆက်ပြတ်နေတာ ပါပါတယ်"

ဂျက်စီကာက စားပွဲပေါ်မှာ အသင့်ရှိနေသော လက်ဖက်ပန်းကန်ကို လှမ်းယူကာ ပုဇွန်ခြောက်နှင့် ကြက်သွန်ကြော်တွေ ရွေးစားရင်း ပြောမိပါသည်။

သူမက အိမ်ထောင်ကျပြီး မကြာမီ ခင်ပွန်းနှင့်အတူ စင်ကာပူကို လိုက်ပါသွားခဲ့တာပင် ...။ ဟိုမှာပဲ ထိုက်တန်ကို မွေးပြီး ထိုက်တန်ကို ကျောင်းထားချိန်ကျမှ အဘိုး အဘွားတွေရဲ့ တောင်းဆိုမှုကြောင့် ရန်ကုန်မှာပဲ ကျောင်းပြန်ထားကာ ကိုယ်ကတော့ သွားချည်ပြန်လှည့်၊ နောက်တော့ နှစ်ဖက် မိဘဆန္ဒအရ ရန်ကုန်ပဲပြန်လာကာ ရန်ကုန်မှာ အခြေချဖြစ်ခဲ့တာပင်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားက အောင်မြင်တဲ့ ကုမ္ပဏီတစ်ခုနှင့် အခြေကျနေကာ ကိုယ်ကတော့ အိမ်ရှင်မကြီးလုံးလုံး လူညွန့်တုံး၍နေပါသည်။

စတယ်လာလည်း ဘာမှမထူး။ စော်ဘွားကြီးကုန်းမှာ ကုန်မာပစ္စည်းတွေ ရောင်းသည့်ဆိုင်ရယ်၊ ဘုရင့်နောင်က ဆန်ပွဲရုံရယ်နှင့် ရှုပ်ယှက်ခတ်နေကာ စွပ်ကျယ်အစုတ်နှင့် ချွေးတလုံးလုံး အမြဲဖြစ်နေတတ်သည့် ယောက်ျားကို စိတ်ပျက်သော်လည်း သူရှာတဲ့ ငွေက တစ်မိသားစုလုံးကို စိတ်ပျော်စေတာမို့ အပြုံးပန်းလှလှ ဆင်မြန်းကာ အိမ်မှုကိစ္စတွေကို လိုလေသေးမရှိ စီမံခန့်ခွဲပေးနေရသူပင်။ ယောက်ျားက မိန်းမဆိုတာ အိမ်မှုကိစ္စပဲ လုပ်ရမယ်ဟူသော မှုကို စွဲကိုင်ထားသူပင်။

ဝင်နီကတော့ အရာရှိဘဝနှင့် တစ်နယ်ပြီးတစ်နယ် ပြောင်းရွှေ့နေသော ယောက်ျားနောက်သို့ လိုက်နေခဲ့ရပြီး ရန်ကုန်မှာ အထိုင်ကျတာ သိပ်မကြာလှသေးပါ။

သူတို့သုံးယောက်ရဲ့ အဖိုးထိုက် ရတနာတွေကတော့ သားသုံးယောက်ပင်။ ဒီသားသုံးယောက် မဟုတ်မဟပ် မိန်းကလေးမျိုးနှင့် မတွေ့ဆုံရေး တို့အရေး။ ဟုတ်ဟုတ်ဟတ်ဟတ် မိန်းကလေးမျိုးနှင့် နီးစပ်ရေး တို့အရေးဟု အမြဲ ကြွေးကြော် နှလုံးသွင်းနေသူများအတွက်တော့ ရွှေရတုခင်လေးဟာ ကျား၏ မှောက်ရက်လဲသူကလေး ဖြစ်လာပါသည်။

"ကဲ ... ဒီတော့ကာ ရွှေရတုခင်လို အကောင်းစား မိန်းကလေးနဲ့ ငါ့သား ထိုက်တန်ကို သဘောတူတယ်"

"ငါလည်း ငါ့သားနဲ့ သဘောတူတယ်"





"ငါလည်း ငါ့သားနဲ့ သဘောတူတာပေါ့"

"တူရင် သားသုံးယောက်ကို တို့သဘောထားတွေပြောပြပြီး လမ်းဖွင့်ပေးထားသင့်တယ်"

စတယ်လာက တွေးတွေးဆဆ ပုံစံမျိုးဖြင့် ခဏငြိမ်သွားရင်း ...

"ခေတ်ဆန်းကိုတော့ အားနာစရာကောင်းတယ်နော်၊ သူ့တုန်းကကျတော့ တုံးတယ်၊ တောကျတယ်ဆိုပြီး ငါတို့စာရင်းထဲက ပယ်ခဲ့တယ်မဟုတ်လား"

"အဲ့ဒီတုန်းက တကယ်လည်း တုံးပြီး တောကျတာပဲလေ၊ ခုမှသာ လူလူသူသူ ဖြစ်လာတာ"

"သူ့အဖေကိုကျတော့ နိမ်ပြီး သူ့သမီးကို ဖွတ်လိုချင်လို့ ရပါ့မလားဟယ်"

"ဒါက သားတွေရဲ့ အစွမ်းအစပေါ်လည်း မူတည်သေးတယ်"

"ခေတ်ဆန်းနဲ့ ငါတို့သုံးယောက်နဲ့ ပြေလည်ဖို့လည်း လိုတယ်"

"ခေတ်ဆန်းနဲ့ ပြေလည်ဖို့က ငါတို့ကြိုးစားလိုက်ရင် အလွယ်လေးပါဟာ၊ ဒီကောင့်ကိုတော့ ငယ်နိုင်ပါ၊ သူ ငါတို့ကို လွန်ဆန်ဖို့ အင်အားမရှိပါဘူး"

အမေသုံးယောက်လုံး ခေါင်းချင်းရိုက်တိုင်ပင်နေကြဆဲမှာ အိမ်ရှေ့ဆီက ကားသံကြားလိုက်ရတာမို့ အိမ်တံခါးဝဆီ လှမ်းမျှော်ကြည့်လိုက်ကြသည်။

www.burmeseclassic.com



"မိုးမာန်တော့ ပြန်လာပြီ"

"တိမ်ယံရော ထိုက်တန်ပါ ပါလာတယ်ဟဲ့"

"ဟား ... မာမီတို့က ဒီမှာလာစုနေကြတာလား"

"မာမီတို့စုတာက စကားအတွက်လား၊ အစားအတွက်လား၊ သားတို့ကတော့ အစားအတွက်ပဲ၊ ဒေါ်စိန်ရေ ဗိုက်ဆာတယ်ဗျို့၊ ဘာစားဖို့ရှိလဲ ..."

ဝင်နီက ထိုက်တန်ရဲ့ အသံပြကြောင့် မျက်နှာရှုံ့မဲ့သွားရင်း ...

"ဟဲ့ ... အမလေး အသံပြဲနဲ့ အော်မနေနဲ့၊ ထမင်းနဲ့ဟင်း ရှိတယ်၊ စားချင် ဝင်စားသွားကြ"

"ဟာ ... ထမင်းနဲ့ဟင်းတော့ မစားချင်ပါဘူး၊ ဒေါ်စိန်ကို မုန့်ဟင်းခါးချက်ခိုင်းရမယ်၊ ဟော့ကောင် မိုးမာန် မင်း မုန့်ဖတ် သွားဝယ်ကွာ"

မိုးမာန်က ခေါင်းကဆံပင်ကို တစ်ချက်သပ်ရင်း ...

"ရစ်ပြီကွာ ..."

"ဟ ... မင်းပဲ ဒေါ်စိန်ချက်တဲ့ မုန့်ဟင်းခါးမှ စားချင်တယ်ဆို ... ဒီလောက်တော့ အပင်ပန်းခံရမှာပေါ့"

တိမ်ယံက မျက်မှန် ပင့်တင်ရင်း ...

"ဘယ်ကိစ္စမဆို ကြိုးစားအားထုတ်မှု မပါဘဲ သက်သောင့် သက်သာ မရနိုင်ဘူး မိုးမာန်၊ ဒါ လောကနိယာမပဲ"

မိုးမာန်က တိမ်ယံကို တစ်ချက်စွေကြည့်ရင်း ...





"လာပြီ ... စာအုပ်ကြီးထဲက စကားလုံးတွေ၊ သွားတော့မယ် ... မုန့်ဖတ်သွားမဝယ်မိရင် စကားလုံးပိမှာ စိုးရတယ်၊ ထိုက်တန် မင့်မုန့်ဖတ်ဆိုင်က ဘယ်မှာလဲ"

"မင်းက ဒီနားနေပြီး ဒီနားကဆိုင်ကို မသိဘူးလား၊ ငါ တောင်သိတယ်၊ ဟိုတစ်ခါ မုန့်ဟင်းခါး ချက်စားတုန်းက ငါပဲသွားဝယ်ပေးရတာ၊ ဒီလမ်းသွယ်ရဲ့ထိပ် လမ်းမကြီးကို ကျော်ပြီး ဟိုဘက်လမ်းသွယ်ထဲ ဝင်လိုက်ကွာ၊ ဆိုင်က အဲ့ဒီနားလေးမှာပဲ၊ အဲ့ဒီဆိုင်ဘေးမှာ ခွေးငှားဆိုင်ရှိတယ်၊ ခွေးငှားဆိုင်ထိုင်တဲ့ ကောင်လေးက ခပ်ချောချောလေးကွ၊ မင်း အဲ့ဒီမှာ သောင်တင်မနေနဲ့ဦး၊ မြန်မြန်ဝယ်ပြီး မြန်မြန် ပြန်ခဲ့ ..."

"ပုတ်ခတ်ပြန်ပြီ၊ လက်သီးစာမိတော့မယ်"

"မင်းလား လက်သီးနဲ့ထိုးရဲမှာ၊ လက်ဝါးနဲ့ပဲ ရိုက်ရဲရင် ကောင်း၊ ဟွန့် ပါးကျိုးသွားမယ်လို့ ပြောပါလား"

ထိုက်တန်က မိုးမာန်ကို စကောင်းကောင်းနှင့် ထိုင်နေတော့တာမို့ ဝင်နီက ထိုက်တန်ကို မျက်စောင်းထိုးလိုက်ရင်း

"နင်တို့နော် ငါ့သားလေးကို နှာမည်မဖျက်နဲ့၊ ငါ့သားက ကျားမှကျား၊ မိုးမာန် သား လာဦး၊ မုန့်ဖတ်က နောက်မှ ဝယ်၊ မာမီ အရေးတကြီး ပြောစရာရှိတယ်"

"ထိုက်တန်နဲ့ တိမ်ယံလည်း လာကြ၊ သုံးယောက်စလုံးကို ပြောစရာရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်က အမေ့နား လွှားခနဲရောက်လာသည်။ တိမ်ယံနှင့် မိုးမာန်ကတော့ စိတ်မပါသလို တွန့်ဆုတ်ဆုတ်နှင့် အမေတွေနား ရောက်လာသည်။

"နင်တို့ နှစ်ယောက်ကိုလည်း အားမရပါဘူးဟယ်၊ နင်တို့ အုပ်စုထဲမှာ ထိုက်တန်တစ်ယောက်ပဲ သွက်သွက်လက်လက် ရှိတယ်၊ မိုးမာန်ကလည်း ပျင်းရိပျင်းတွဲ၊ တိမ်ယံကလည်း ထုံထုံထိုင်းထိုင်းနဲ့ အတွေးရေယဉ်ကြောမှာ မျောနေတဲ့ပုံ"

"ဒါကတော့ ကိုယ့်စတိုင်လ်နဲ့ကိုယ်ပေါ့ မာမီရယ်၊ စတိုင်လ်ဆိုတာက ..."

"ကဲ ... အဲ့ဒီ စတိုင်လ်ကို အသာထား၊ မာမီမေးတာ အရင်ဖြေဦး၊ မင်းတို့ တုတုကို ဘယ်လိုသဘောရလဲ ..."

ဝင်နီ့ မေးခွန်းကြောင့် ထိုက်တန်တို့ သုံးယောက်လုံး မျက်ခုံးပင့်သွားကာ ...

"ဘာကို ဘယ်လို သဘောရရမှာလဲ မာမီ ..."

"တုတုနဲ့ပတ်သက်ပြီး မင်းတို့စိတ်ထဲမှာ ဘယ်လိုခံစားရလဲလို့ မေးတာ ..."

တိမ်ယံက ခေါင်းကုပ်လိုက်ရင်း ...

"အင်း ... တုတုက ခင်စရာကောင်းတယ်၊ ဖြူစင်တယ်၊ ရိုးသားတယ်"

မိုးမာန်က ပါးချိုင့်လေးခွက်သွားအောင် အားပါးတရ ပြုံးလိုက်ရင်း ...





"တုတု ပုံစံလေးက တအားချစ်စရာကောင်းတယ် မာမီ၊ ဒါပေမယ့် တစ်ခုခက်နေတာက သူ့ပုံစံက တုံးတုံးလေး ဖြစ်နေတယ်၊ သူ့ကို သားစိတ်တိုင်းကျသာ ပြုပြင်ပေးလိုက်ရရင် မယ်စကြာဝဠာတောင် ထိုင်ငိုသွားရမယ်"

"အလှဖန်တီးရှင်က တစ်မျိုး"

"ဟဲ့ ... ထိုက်တန် ငါ့သားကို အလှဖန်တီးရှင်လို့ မပြောစမ်းပါနဲ့ဟယ်၊ ငါကြားရတာ အသည်းယားလွန်းလို့ပါ"

ဝင်နီက ထိုက်တန်ကိုပိတ်ပင်လိုက်တော့မှ ထိုက်တန်က ငြိမ်းစိစိနှင့် ငြိမ်သွားသည်။ စတယ်လာကတော့ သားဖြစ်သူ ထိုက်တန်ရဲ့ ခံစားချက်ကို သိချင်လှပြီမို့ ...

"သား ... မင်းခံစားချက်ကိုလည်း ပြောဦးလေ"

"ဟဲ ဟဲ ..."

ထိုက်တန်က တစ်ချက်ရယ်လိုက်ရင်း ...

"ကျွန်တော့် စိတ်ထဲမှာတော့ တုတုက သားစိတ်ဝင်စားနေကျ ကောင်မလေးတွေနဲ့ အသွင်ကွဲတယ်၊ နှမလေးလို ဖြူဖြူစင်စင် စောင့်ရှောက်ချင်တဲ့ ခံစားမှုမျိုးရှိတယ်၊ ဒါပေမယ့်လည်း ဒါက အခု စိတ်ခံစားမှုပေါ့၊ နောက် ဘယ်လိုရှိမယ်တော့ သေချာမပြောနိုင်သေးဘူးပေါ့ မာမီရယ်၊ လူ့စိတ်ဆိုတာလည်း ပြောင်းလဲတတ်တယ် မဟုတ်လား"

"ပြောင်းတော့ ပြောင်းလဲမှုဖြစ်မယ်၊ မပြောင်းလဲလို့တော့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စတယ်လာက ရေရွတ်လိုက်တော့ ထိုက်တန်တို့ သုံးယောက်က နားမလည်စွာ ကြည့်သည်။

"မင်းတို့သုံးယောက်လုံး မာမီ့ကို ကတိပေးစမ်း"

"ဘာကတိလဲ မာမီ"

"မင်းတို့ သုံးယောက်ထဲက တစ်ယောက်ယောက်တော့ ရွှေရတုခင်ကို ရအောင်ယူပါမယ် ဆိုတဲ့ ကတိ ..."

"ဟာ ..."

"ဟာဗျာ ... မာမီကလည်းဗျာ"

"အဲ့ဒီလိုကြီးတော့ မလုပ်ပါရစေနဲ့ မာမီရာ၊ သားမှာ … ပါတယ်၊ တိမ်ယံတို့ မိုးမာန်တို့နဲ့ အပြိုင်လုယက်ရမ… အခြေအနေမျိုး မဟုတ်ပါဘူး"

"မင့်ဘီးက လည်လွန်းလို့ ဟိုဟာသင့်မှာစိုးလို့ စော… စီးစီး ပြောထားရတာလေ ထိုက်တန်ရဲ့၊ တုတုလို ပြ… စင်စင်လေးကို ရမှ မင့်ဘဝ သာယာမှာပေါ့"

"မိုးမာန် မင်းလည်း ကိုယ့်ကိုယ်ကို လှုံ့ဖို့ ပဖို့ပဲ စိတ်ဝင်… မနေနဲ့၊ တုတုနဲ့ ခင်ခင်မင်မင်နေ၊ တုတုလိုတာ ကူညီ…

"တိမ်ယံ ... မင်းကလည်း အားရင် အခြောင်ဆော… တွေဝေလေးလံမနေနဲ့၊ တုတု ဘာလိုမလဲဆိုတာ … ကြည့်ပြီး ခင်မင်မှုကို ရအောင်ယူ၊ မင်းတို့သုံးယောက်… တစ်ယောက်ယောက် တုတုကိုရရင် မာမီတို့ ကျေနပ်…

အမေသုံးယောက်က အလုအယက်အားယား… အားပါလွန်းတာမို့ သားသုံးယောက်လုံး အံ့အားတသင့် ဖြစ်…





နေကြသည်။ ထိုက်တန်ကတော့ အကင်းပါးလည်မွတ်သူမို့ အမေသုံးယောက်ရဲ့ မျက်နှာကို တစ်လှည့်စီ အကဲခတ်ကြည့်လိုက်ရင်း ...

"မာမီတို့ မရိုးဘူး"

"ဘာမရိုးရမှာလဲ"

"တစ်ခုခုတော့ တစ်ခုခုပဲ၊ တုတု အဖေကြီး ဦးခေတ်ဆန်းနဲ့ မာမီတို့နဲ့ ဘာဇာတ်လမ်းတွေ ရှိခဲ့လဲ"

"ဟဲ့ ... ပေါက်ကရမပြောနဲ့၊ ဘာဇာတ်လမ်းမှ မရှိဘူး"

"အံမယ် ... ကြည့် ... ကြည့်၊ မာမီ့မျက်နှာကြီးက မလုံမလဲကြီး"

ထိုက်တန်ရဲ့ အကင်းပါးမှုကြောင့် အမေသုံးယောက်မှာ လူစခွဲရှောင်လွှဲဖို့ ကြံစည်ကာ ...

"ကဲ ... ကလေးတွေ အဓိပ္ပာယ်မရှိတာတွေ ပြောမနေကြနဲ့တော့၊ စားစရာရှိတာ စား၊ သွားစရာရှိတာ သွား၊ ဒေါ်စိန်ရေ ... ဒီမှာ ကလေးတွေ မုန့်ဟင်းခါးစားချင်လို့တဲ့ ချက်ပေးလိုက်ပါဦး၊ ကဲ ... ဝင်နီရေ တို့လည်းပြန်တော့မယ်၊ စတယ်လာလည်း ပြန်မယ်မဟုတ်လား"

"ပြန်မယ်လေ ..."

ထိုက်တန်က ပြုံးစိစိဖြစ်လာကာ ...

"နေပါဦး မာမီရဲ့၊ သားနဲ့မှ အတူတူပြန်ရအောင်လေ"

"မင်းက ကြာဦးမှာလေ၊ မစောင့်နိုင်တော့ဘူး၊ မင့်ဒက်ဒီကို သွားကြိုပေးရဦးမယ်၊ မင့်ဘာသာ ပြန်ခဲ့တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချသွား စတယ်လာ၊ ထိုက်တန်ကော မိုးမာန်ပါ အိမ်ကကားနဲ့ ပြန်ပို့ပေးလိုက်မယ်"

"အိုကေ ... ဒါဆို ငါတို့ပြန်မယ်"

စတယ်လာနဲ့ ဂျက်စီကာက လူလည် ထိုက်တန်ရဲ့ စက်ကွင်းမှ အမြန်ရုန်းထွက်သွားပြီမို့ ဝင်နီကလည်း ထိုက်တန့် စကား ဆက်မလာခင် အပေါ်ထပ်သို့ ခပ်သုတ်သုတ်လေး တက်လာခဲ့လိုက်ပါသည်။



✦ ✦ ✦

အမေသုံးယောက်ဟာ လူလည်ထိုက်တန်ရဲ့ ပြုံးစိစိ မျက်မချင်ရုပ်ကို နည်းနည်းလန့်ပေမယ့် သူတို့ရဲ့ ဗျူဟာများကို ရပ်တန့်ပစ်လိုက်ဖို့တော့ အစီအစဉ်မရှိချေ။

သူတို့ရဲ့ ဗျူဟာ နံပါတ်(၁)မှာ ခေတ်ဆန်းနှင့် မဟာမိတ်ဖွဲ့ခြင်းပင် ဖြစ်သည်။

ရွှေရတုတို့ အိမ်ဖုန်းနံပါတ်ကို သားတွေရဲ့ ...နှ်းထဲမှ ရှာဖွေဖော်ထုတ်ပြီးနောက်တွင် စတယ်လာက ထိုဖုန်းကို ခေါ် လိုက်ပါသည်။

"ဟဲလို ... အမိန့်ရှိပါ"

တစ်ဖက်က ဖုန်းကိုင်လာသူမှာ ခေတ်ဆန်း ... ။

"ဟဲ့ ... ခေတ်ဆန်းလား၊ ခေတ်ဆန်းကိုင်တာလား ..."

"အေး ... အေး"

စတယ်လာ့အသံမှာ ဝိုင်းထိုင်နေသည့် ဝင်နီနှင့် ဂျက်



www.burmeseclassic.com

www.burmeseclassic.com



စီကာက တိုးတိုးကျိတ်ကျိတ် ပါးစပ်လှုပ်ရုံလေး အလုအယက် ဝိုင်းမေးနေကြတာမို့ စတယ်လာက လက်မထောင်၍ ခေါင်းညိတ်ပြရသည်။

"ဟဲ့ ... အသံကို ချိုသာပစေနော်၊ အချိုသာဆုံး အသံနဲ့ ပြော"

"ငါသိပါတယ်ဟဲ့"

"ဟဲ့ ... တိုးတိုးပြောကြလေ ရိပ်မိသွားဦးမယ်"

သုံးယောက်သား တိုးတိုးကျိတ်ကျိတ် ပြောရင်း တခိခိရယ်လိုက်ကြသေးသည်။ စတယ်လာက ဖုန်းခွက်ကိုပိတ်၍ တဟာမ်းဟာမ်း လည်ချောင်းရှင်းလိုက်ပြီးမှ ...

"ခေတ်ဆန်းလားဟင် ..."

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ ..."

"ငါပါ ခေတ်ဆန်းရဲ့၊ စတယ်လာလေ ..."

"သြော ..."

ဦးခေတ်ဆန်းမှာ စတယ်လာရဲ့ ချိုပျော့ပျော့ အသံကြောင့် မျက်နှာရှုံ့မဲ့ အော့နှလုံးနာသွားကာ ...

"နင် ဘာဖြစ်နေတာလဲ စတယ်လာ၊ နေမကောင်းဘူးလား ဗိုက်နာနေလို့လား"

"ဟင် ... ဗိုက်က ဘာဖြစ်လို့ နာရမှာလဲ"

"မသိဘူးလေ၊ နင့်အသံက ဗိုက်နာတာကို အောင့်ထားလို့ ချွေးတွေပြန်လာပြီး ပျော့တော့တော့ မသက်မသာ ပြောရတဲ့ အသံမျိုး ဖြစ်နေတော့ ..."





သေနာ ... ။

စတယ်လာက စိတ်ထဲမှ ကျိတ်ဆဲလိုက်သော်လည်း စကားလုံးလေးတွေကိုတော့ ယဉ်စစဖြစ်အောင် ဂရုစိုက်ရင်း ...

"စိတ်မပူပါနဲ့ဟယ်၊ ငါနေကောင်းပါတယ်၊ နင့်ကို ဖိတ်စရာလေးရှိလို့ ဆက်လိုက်တာ၊ ငါတို့ သူငယ်ချင်းတွေ မဆုံဖြစ်တာလည်း အရမ်းကြာခဲ့ပြီဆိုတော့ ခုလို တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ကြရတုန်းမှာ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ရှိသင့်တယ်လို့ စဉ်းစားမိတယ်လေ၊ ကိုယ့်သားသမီးတွေ အချင်းချင်းလည်း ကျောင်းနေဘက် သူငယ်ချင်းတွေ ဖြစ်ကုန်ကြပြီဆိုတော့ တို့အချင်းချင်း အရင်ကထက် ပိုပြီး စည်းလုံးသင့်တာပေါ့၊ အဲ့ဒါ မနက်ဖြန်လောက် ငါတို့ လေးယောက် ညနေစာအတူစားရင်း ဂဲသားရင်း ပါတီလေး လုပ်မလားလို့လေ၊ တစ်ဆိုင်ဆိုင်မှာ ဆုံဖို့ ချိန်းလိုက်ကြရအောင်"

ဦးခေတ်ဆန်းမှာ လူလည်မတွေနှင့် မဆုံချင်ပါသော်လည်း သူတို့ရဲ့ အကြံအစည်တွေကိုတော့ သိချင်လှပါသဖြင့် ယတိပြတ် မငြင်းဘဲ ခပ်အံ့အင်အင်လေသံဖြင့် ...

"ငါ သိပ်တော့ အချိန်မရဘူးနော်"

အမလေးဟဲ့ ဈေးကိုင်လိုက်တာ မုန်းစရာ ... ။

စတယ်လာက ကျိတ်၍ မေတ္တာပို့သလိုက်ပြီး ဝင်နီတို့ကို မျက်နှာရှုံ့မဲ့ပြလိုက်ရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ညနေစာစားပြီး ရေးပောင်းနှောင်းဖြစ်ကလေးတွေ ပြောကြရုံပဲဟယ်၊ သိပ်မကြာပါဘူး"

"ငါကတော့ ရေးပောင်းနှောင်းဖြစ်တွေကို သတိမရတော့ဘူးဆိုတော့ ပြောစရာသိပ်မရှိဘူး ဖြစ်နေတယ်"

"နင့်မှာ ပြောစရာမရှိလည်း ငါတို့ပြောတာပဲ နားထောင်ပေါ့ဟယ်"

"နင်တို့ ယောကျ်ားတွေပါ ခေါ်လာခဲ့ပါလား၊ ပိုပြီး လှုံ့သွားတာပေါ့၊ ငါတို့ ယောကျ်ားချင်းဆုံတော့ စကားပြောလို့ ပိုကောင်းတာပေါ့"

"ငါတို့ ယောကျ်ားတွေက မအားဘူးလေ၊ သုံးယောက်လုံးဆုံဖို့မလွယ်ဘူး၊ ပြီးတော့ သူတို့ပါလာရင်လည်း သူငယ်ချင်းချင်း ပြောရတာ ဘယ်လွတ်လပ်ပါ့မလဲဟယ် ..."

"ကောင်းပြီလေ ဆုံတာပေါ့၊ ဒါပဲမဟုတ်လား"

ခေတ်ဆန်းက အပေါစီးလေသံမျိုးနှင့် ပြောပြီး ဖုန်းချသွားသည်နှင့် စတယ်လာက ဖုန်းခွက်ကိုပစ်ချကာ ...

"အံမယ်လေး ခုတော့ ဒင်းက အပေါစီးကဟဲ့၊ အပေါစီးက ..."

"သည်းခံ စတယ်လာ သည်းခံ၊ သည်းခံလေ ... ကိုယ်ကအနိုင်ရဖို့ သေချာလေပဲ"

"ခေတ်ဆန်းတော့လား တွေ့ဦးမယ်"

"တွေ့ကြသေးတာပေါ့"





သူငယ်ချင်းသုံးယောက်ရဲ့ ကြိုးဝါးသံမှာ ဘဝဂ်ညံမှတ်တတ်ပင်တည်း ... ။



www.burmeseclassic.com

www.burmeseclassic.com



✦ ✦ ✦

"ခေတ်ဆန်းရယ် ... နင့်သမီးလေးက နင်နဲ့တူလို့လား မသိဘူး၊ လှလိုက်တာမှ အရမ်းပဲဟယ်"

"အေးဟယ် ... ဟုတ်ပါရဲ့၊ ဟဲ့ ... ဝင်နီ နင့်ဘ ကြက ပုစွန်ပန်းကန်လေး လှမ်းလိုက်ပါဦး၊ ခေတ်ဆန်း ပန်းကန်ထဲ ထည့်ပေးရအောင် ..."

"ရော့ ... ရော့ ... ခေတ်ဆန်း စားနော်"

"ဒီပွဲမှာ ခင်မင်မှုအမှတ်တရဆိုတော့ ငါတို့ရှင်းမှာ သိလား"

ဦးခေတ်ဆန်းမှာ လူလည်မကြီး သုံးယောက်ရဲ့ ထူးလှတဲ့ အပြောအဆို အပြုအမူတွေကြောင့် စိတ်ထဲက ကျိတ်ဟားလိုက်ရင်း ...

"နေစမ်းပါဦး ... နင်တို့တွေ ဘယ်တုန်းကများ ငါကိုလှတယ်လို့ ထင်မြင်ယူဆသွားကြတာလဲ၊ အရင်က နင်တို့ပြောတော့ ငါ့ပုံက သိပ်တောဆန်တာပဲဆို၊ တိုက်ဂေါ်တောဂိုက်ဆို"





"အဲဒီတုန်းကတော့ တကယ်လည်း အဲဒီလိုပုံထွက်နေလို့ အမှန်ကို အမှန်အတိုင်း ပြောတာပဲလေ၊ ခုပြန်တွေ့တော့ နင်က သမီးတစ်ယောက်ရကာမှ တစ်သားမွေး တစ်သွေး လှဆိုသလို ..."

"ဟဲ့ ... မှားနေပြီ၊ သူက ယောကျ်ားကြီးလေ ..."

ဝင်နီက စတယ်လှာနား တိုးတိုးကပ်ပြောတော့ စတယ်လာကလည်း ခပ်တိုးတိုးပြန်ပြော၏။

"ငါပြောတာ မှားလို့လား၊ သူ့မှာ သမီးတစ်ယောက် မွေးထားတာပဲဟာ"

"သူ့ဗိုက်ထဲက မွေးထုတ်တာမှ မဟုတ်တာဟဲ့"

"ဪ ... အေး ... ဟုတ်သားပဲ၊ မှားသွားလို့"

စတယ်လာက ခုမှ ကိုယ့်စကား ကိုယ်ပြန်ဆန်းစစ်ကာ ရယ်ချင်သွားရပါသည်။

ဝင်နီက ခေတ်ဆန်းကို ပြုံးကြည့်ရင်း ...

"နင့်ပုံစံက အရင်ကနဲ့တခြားစီပဲ ခေတ်ဆန်းရယ်၊ သေသေချာချာ မျက်နှာချင်းဆိုင် မြင်တွေ့လိုက်ရလို့သာ နင်မှန်းသိရတာ၊ အမှတ်တမဲ့ဆို လုံးဝ မှတ်မိတော့မှာမဟုတ်ဘူး"

"လူဆိုတာ ပြောင်းလဲတတ်တာပဲလေ ..."

ခေတ်ဆန်းက ဆရာကြီးဆန်သော လေသံမျိုးနှင့် ပြန်ပြောပြီး ပုစွန်ထုပ်ကို အရသာခံကာ တမြုံ့မြုံ့ဝါးနေရင်းက ...

"နင်တို့ သားတွေလည်း နင်တို့နဲ့ တူတာပဲ၊ သားတွေကို သေသေချာချာလည်း စောင့်ရှောက်ထိန်းသိမ်းဦးနော်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်ကြီးမှာ မိန်းမလည်တွေက အများကြီး၊ အင်း ... ဒီခေတ်မှ မဟုတ်ပါဘူးလေ၊ ဟိုခေတ်ကတည်းက လူလည်မတွေတော့ ရှိခဲ့တာပါပဲ၊ သားတွေကို သေချာပြောထား၊ မိန်းကလေးတွေရဲ့ အသုံးချတာကို မခံရစေနဲ့လို့ ...”

ဟဲ့ ... ဆော်ပြီဟဲ့ ...။

ဂျက်စီကာမှာ ခေတ်ဆန်းရဲ့ တစ်ဖက်သတ်အပြောကြောင့် နည်းနည်း မခံချင်ဖြစ်သွားကာ ...

“သားကိုတော့ သေသေချာချာ ဆုံးမထားပါတယ်၊ မိန်းကလေး တစ်ယောက်ကို မေတ္တာရှိတယ်ဆိုလည်း တစ်ယောက်ဆိုတစ်ယောက် ပီတောက်ဆို ပီတောက် သဘောထားပြီး သစ္စာရှိရှိ စွဲစွဲမြဲမြဲ ရှိပါစေလို့ ...၊ ဟိုလိုလို ဒီလိုလို တောင်စဉ်ရေမရလုပ်နေရင် နောက်ဆုံးမှာ ကျန်ရစ်ဖြစ်မှာပဲလို့ ...”

“ဟဲ့ ...”

“အ ...”

စတယ်လာက ဂျက်စီကာ့ ခြေထောက်ကို ကျိတ်ကန်လိုက်သည်။ ဒီအချိန်မှာ စိတ်လိုက်မာန်ပါ စကားနိုင်လုဟိုဟာခြောက် ရေနှုးနေလျှင်တော့ လာရင်းကိစ္စ ပျောက်ရတော့မှာမို့ စတယ်လာက စကားဖြတ်လျက် ...

“ခေတ်ဆန်း စားကြည့်စမ်း ... ဒီကြက်သားသုပ် အရသာကောင်းတယ်၊ ထိုင်းစတိုင်လ်လေး သုပ်ထားတာ”





“ငါက ကြက်သားသုပ်ဆို ငါ့အမျိုးသမီးသုပ်တာလောက် ဘယ်ကြက်သားသုပ်ကမှ မကောင်းဘူးလို့ ထင်တယ်”

စတယ်လာကပါ စိတ်မရှည်ဖြစ်လာကာ ...

“အခု နင့်အမျိုးသမီးမှ မရှိတော့ပဲဟယ်၊ ရှိတာပဲ စားပေါ့”

“သူ့လက်ရာကလွဲရင် မစွဲဘူးဖြစ်နေတော့ သူမရှိတော့ကတည်းက ကြက်သားသုပ် မစားဖြစ်တော့ဘူးလေ”

ဝင်နီက ကြားရတာ အမြင်ကတ်လာပြီမို့ ကလိတိတိလေး လုပ်ချင်လာကာ ...

“နင့်အမျိုးသမီးက ကိုယ်တိုင် ထမင်းဟင်း ချက်ကျွေးခဲ့တာလား”

“ဒါပေါ့ ...”

“ဒါဆို နင် သူမရှိတော့ကတည်းက ထမင်းအငတ်ခံနေဖို့ပဲကောင်းတာ ...”

ခွီ ...။

စတယ်လာနှင့် ဂျက်စီကာက ကျိတ်ရယ်လိုက်ကြသည်။ ခေတ်ဆန်းမျက်နှာက ပုပ်သိုးသိုးဖြစ်သွားပြီး လက်ထဲက ထမင်းလုတ်ကို ပါးစပ်ထဲ သွင်းရမလို ပြန်ပဲချရတော့မလို အိုးတိုးအမ်းတမ်း ဖြစ်နေသည်။

ဝင်နီကတော့ ခေတ်ဆန်းဖြစ်သွားပုံကို မသိချင်ယောင်ဆောင်ကာ လိုရင်းကိစ္စဆီ စကားပြန်စဖို့ ကြိုးစားလိုက်သည်။

“တုတုလေးကို မြင်လိုက်ရရင် ရင်ထဲကို အေးသွားတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တာနဲ့ စိတ်သဘောထား ကောင်းပုံလေးက ထင်းနေတာပဲ”

ခေတ်ဆန်းက ဂုဏ်ယူစွာ ပြုံးလိုက်ရင်း ...

“စိတ်ထားကောင်းတာက သူ့အမေနဲ့ တူတာလေ၊ သူ့အမေက အရမ်း ရိုးသားဖြူစင်တယ်၊ ဘဝကို ရိုးရိုးဖြောင့်ဖြောင့် ဖြတ်သန်းချင်တဲ့သူမျိုး၊ တခြား မိန်းမတွေလို လည်ပတ်ရှုပ်ထွေးပြီး ရည်းစားတွေ အများကြီးထဲက ကိုယ့်အတွက် အဆင်ပြေဆုံး တစ်ယောက်ကို ခေါင်းခေါက်ရွေးတတ်တဲ့သူမျိုး မဟုတ်ဘူး၊ သူ မချစ်နိုင်တဲ့ ယောကျ်ား တစ်ယောက်ကိုလည်း မျှော်လင့်ချက်တွေပေးပြီး အသုံးချတတ်တဲ့သူမျိုး မဟုတ်ဘူး၊ သူနဲ့ လက်ထပ်ခွင့်ရတဲ့အတွက် ကိုယ့်ကိုယ်ကို ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး ယောကျ်ားလို့တောင် ထင်မိတယ်”

ငါနော် ...။ ကျိ–ကျိ–ကျိ (သွားကြိတ်သံများ)။

ဝင်နီတို့ သုံးယောက်မှာ ကိုယ့်မှာလည်း ယောကျ်ား ကိုယ်စီ ငုတ်တုတ်ရှိကြကာ ကိုယ့်သားတွေအတွက်လည်း သူ့သမီးကို မျှော်ကိုးကြဲရွယ်နေကြသူများ ဖြစ်၍သာ နှင်ဟဲ့ ငါဟဲ့ ပြန်ပြောရန်တွေ့လို့ မဖြစ်ပေမယ့် စိတ်ထဲမှာတော့ မခံချိမခံသာ ဖြစ်လှပြီ။

“အခု ... အဲဒီလို ခြောက်ပစ်ကင်း သဲလဲစင် အမျိုးသမီးက စောစောစီးစီး ဆုံးပါးသွားရှာတော့ နှင်လည်း ကမ္ဘာပေါ်မှာ ကံအဆိုးဆုံး ယောကျ်ား ဖြစ်သွားတာပေါ့နော်”





“သူ့ကိုယ်ပွား သမီးလေးတစ်ယောက် ထားခဲ့တာဆိုတော့ ကံအကောင်းဆုံး ဖခင်တစ်ယောက်တော့ ဖြစ်နေသေးတာပဲလေ ...”

အမလေးဟဲ့။ ဘယ်လိုပြောလို့မှ မနိုင်ပါလား။

“ဪ ... ဒါနဲ့ ဝင်နီ နှင့်ကို ငါ သတိပေးစကားလေးတော့ ပြောစရာရှိတယ်၊ စိတ်တော့ မဆိုးနဲ့ပေါ့ဟာ၊ ငါက စေတနာနဲ့ ပြောချင်တာပါ”

“အင်း ... ပြောလေ ပြောပါ၊ ရပါတယ်”

ခေါင်းသာ ညိတ်ရပေမယ့် ဝင်နီ့ရင်ထဲမှာလည်း တထိတ်ထိတ် တုန်ခုန်လှုပ်ရှနေသည်။ မဟုတ်ကဟုတ်က နှိပ်ကွက်စကားမျိုး ပြောလာလို့ကတော့ သည်းခံနိုင်ပါ့မလားဆိုတာ မသေချာ ...။

“ငါသိသလောက်တော့ နင်ဟာ အင်မတန် ထက်မြက်တဲ့ မိန်းမတစ်ယောက်ပါ၊ ထက်မြက်တာ နင့်အတွက်တော့ ကောင်းပါတယ်၊ ဒါပေမယ့် နင်က မိန်းမတန်မဲ့ သိပ်ထက်မြက်လွန်းတော့ နင့်ပတ်ဝန်းကျင်က လူတွေက အလိုလိုနေရင်း ပျော့ညံ့သွားရောလေ၊ ဥပမာ နင့်သား မိုးမာန်ကိုပဲကြည့်ပေါ့၊ သူ့ခမျာ ယောကျ်ားဖြစ်ရက်နဲ့ ယောကျ်ား ပီပီပုံမျိုး မပေါက်တော့ ဘယ်မိန်းကလေးက သူ့ကို စိတ်ဝင်စားတော့မှာလဲ ...”

“ငါ့သားက ယောကျ်ားဟဲ့ ယောကျ်ား၊ ယောကျ်ားအစစ်”



www.burmeseclassic.com

www.burmeseclassic.com



ဝင်နီက စားပွဲကိုလက်သီးနှင့်ထုရင်း ဒေါသဖြင့် ပြောတော့ ခေတ်ဆန်းက ပြုံးလိုက်ရင်း ...

"ရော် ... ခက်ပါလား၊ နင့်သားကို ယောကျ်ားမဟုတ်ဘူးလို့ ငါမပြောဘူးလေ၊ သူ့အပြင်ပန်း အသွင်အပြင်ကိုပဲ ပြောနေတာ၊ အပေါ်ယံ အသွင်အပြင်ကလည်း အရေးကြီးတာပဲ မဟုတ်လား၊ ငါငယ်ငယ်တုန်းက အဖြစ်ကိုပဲကြည့်၊ ငါ့ဘာသာ ဘယ်လောက်တော်တော် ဘယ်လောက် စိတ်ထား ကောင်းကောင်း အပေါ်ယံအသွင်က တောသားပုံ ပေါက်နေတော့ မိန်းကလေးတွေ အထင်သေးတာ ခံခဲ့ရဖူးတယ်လေ"

ဝင်နီသည် ခနီးခနဲ့ စောင်းမြောင်းပြောနေသော ခေတ်ဆန်းကို ကြည့်ရင်း ရင်ထဲမှာ တနုံ့နုံ့ ဒေါသထွက်လာပါသည်။ ခုချိန်မှာ ဝုန်းဒိုင်းကျဲ ထပေါက်ကွဲပြီး အတိုက်အခံ လုပ်လိုက်မိရင်လည်း ကိုယ်တွေမှာသာ ဦးတည်ချက်ပျောက်ပြီး အရှုံးဖြစ်ရဦးမည်။

အခြေအနေက မှတ်လက်စ ပူစီဖောင်းတစ်လုံးလို တဖြည်းဖြည်း တင်းမာဖောင်းကားလာပြီမို့ ပေါက်မထွက်မီ အချိန်မီ ဘရိတ်အုပ်ဖို့ လိုအပ်လာရာ စတယ်လာက ပါးစပ်ကို လက်ဖဝါးနှင့်ပိတ်၍ အန်ချင်သလို တစ်ချက်အော့လိုက်ရင်း ...

"အား ... အန်ချင်လိုက်တာ၊ အစားများပြီထင်တယ်"

ဂျက်စီကာက ချက်ချင်း သဘောပေါက်ကာ ...

"အစာမကြေတာလည်း ဖြစ်နိုင်တယ်၊ သန့်စင်ခန်းကို သွား





လိုက်လေ၊ အန်ချင်တာ အောင့်မထားနဲ့ အန်ချလိုက်ရင် သက်သာသွားမယ်၊ လာ ... လာ ... ငါလိုက်ပို့ပေးမယ်၊ ဟဲ့ ... ဝင်နီ လာ နင်လည်း လိုက်ခဲ့၊ သူ့ကျောကုန်းကို ဝိုင်းဖိပေးဦး"

ဂျက်စီကာက ဝင်နီ့ကိုဖါ ခေတ်ဆန်းရှေ့မှ ပထုတ်သည်။ ဝင်နီကလည်း တကယ်မှတ်ပြီး ပျာယီးပျာယာ လိုက်သည်။

သန့်စင်ခန်းထဲရောက်မှ စတယ်လာက ပါးစပ်ကို ပိတ်ထားသည့် လက်ကို ဖယ်လိုက်ပြီး ...

"အမလေးဟယ် ... ရင်မောလိုက်တာ ဝင်နီရယ်၊ နင်များ ခေတ်ဆန်းနဲ့ ထဖိုက်တော့မလားလို့ စိတ်ပူလိုက်ရတာ"

"ဖိုက်လုဆဲဆဲပဲ၊ ဒီကောင့်စကားတွေက လွန်လွန်းနေပြီ"

"အခုလွန်တယ်ဆိုတာက ငါတို့ အရင်က လွန်ခဲ့လို့ပေါ့ ဟယ်၊ အဲ့ဒီလိုတွေးပြီးတော့ပဲ ဖြေလိုက်ပါ၊ ခုချိန်မှာ နင် ထပေါက်ကွဲရင် နင်အရှုံးပဲ၊ နင်နိုင်ချင်ရင် သည်းခံရမယ်၊ အသက်ကို ဝအောင်ရှူ၊ တစ်ကနေ တစ်ဆယ်ထိ ရေတွက်ပြီး စိတ်ကိုလျှော့၊ အိုကေရင် အပြင်ပြန်ထွက်မယ်"

သန့်စင်ခန်းထဲက ပြန်ထွက်လာတော့ သူတို့ သုံးယောက်လုံး အလှဆုံး ပြုံးလျက် ခေတ်ဆန်းရှေ့မှာ ပြန်ဝင်ထိုင်လိုက်ကြသည်။

"ကောင်းသွားပြီလား"

မေးပုံက ဝတ်ကျေတမ်းကျေ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသွားပါပြီ၊ ဆော်ရီးနော် ခေတ်ဆန်း၊ စိတ်အနှောင့် အယှက် ဖြစ်သွားလားမသိဘူး"

"အတူတူစားနေရင်းက ထအော့အန်တော့ နည်းနည်းစိတ် အနှောင့်အယှက်တော့ဖြစ်တာပေါ့၊ ဒါပေမယ့် ရပါတယ် သည်းခံရမှာပေါ့"

"သည်းခံတဲ့နေရာမှာတော့ နင်က အရင်အတိုင်းပဲ မပြောင်း လဲဘူးနော်၊ ငါတို့ သူငယ်ချင်းတွေလည်း အရင်လိုပဲ ရင်းနှီးနှီး ခင်ခင်မင်မင် ပြန်နေကြရအောင်ဟယ်၊ တစ် ယောက်အိမ် တစ်ယောက်လည်း အဝင်အထွက်လုပ်ကြတာ ပေါ့၊ သားတွေနဲ့ တုတုလေးကလည်း သူငယ်ချင်းတွေ ဖြစ်နေကြပြီပဲ"

"ငါသဘောပေါက်ပြီ ... ငါသဘောပေါက်ပြီ"

အချိုသာဆုံး စကားလုံးတွေသုံးပြီး အဆက်မပြတ် ပြောနေသော စတယ်လာမှာ ခေတ်ဆန်းစကားကြောင့် မလုံမ ဖြစ်လာကာ ...

"ဘာသဘောပေါက်တာလဲ"

ခေတ်ဆန်းက သူ့ပန်းကန်ထဲက နောက်ဆုံးလ ကျန် ပုစွန်တစ်ကောင်ကို ခက်ရင်းနှင့် ထိုးယူစားလိုက်ပြီးနော မတ်တတ်ထရပ်လိုက်ရင်း ...

"နင်တို့ ဘယ်ပုန်မြင်လို့ ဘယ်ချုထွင်တယ်ဆိုတာ သဘောပေါက်တယ်လေ၊ ဒီနေ့ ကျွေးတာအတွက်ကျေ ကျေးဇူးပဲ၊ အားတော့နာတယ်၊ ဒါပေမယ့် ဒီနေရာ





ငါ့ဆန္ဒကို ပြတ်ပြတ်သားသား ပြောခဲ့တော့မယ်၊ နင်တို့ သားတွေနဲ့ ငါ့သမီးကို လုံးဝစိတ်မကူးလေနဲ့၊ ငါလုံးဝ သဘောမတူဘူး၊ နင်တို့နဲ့လည်း ခမည်းမခက် မတော်နိုင် ဘူး၊ ဒါပဲ ... သွားလိုက်ဦးမယ်"

ခေတ်ဆန်းက ချာခနဲ လှည့်ထွက်သွားသည်။

"ဟင် ... ကြည့်စမ်း ရင့်လိုက်တာ"

"အေးလေ ... ဘာကြီးလဲ၊ သဘောထားက နုပြီး အပြုအမူ က ရင့်နေတယ်"

"ဘာပဲဖြစ်ဖြစ် ဒင်းကို ငါတို့ နိုင်ဖို့ပဲ အရေးကြီးတယ်"

သုံးယောက်သား မကျေမနပ် ပွက်လောရိုက် ကျန်ခဲ့ သော်လည်း မူလ အကြံကို စွန့်လွှတ်လိုက်ဖို့တော့ မစဉ်းစားချေ။



www.burmeseclassic.com

www.burmeseclassic.com

## ၅။

✦ ✦ ✦

တုတုကတော့ ဖေဖေ ဘာပဲပြောပြော ကိုထိုက်တို့ သုံးယောက်ကို ခင်မင်မိခဲ့ပြီဖြစ်သည်။ သူတို့က တုတုကို ပျော်ရွှင်စေသည်။ အမြဲ ဖေးမကူညီသည်။ သူတို့သုံးယောက်လုံး တစ်ယောက်တစ်မျိုးစီ ချစ်ခင်စရာကောင်းသည်ဟု ထင်သည်။

တစ်မနက်တော့ တုတုက ထမင်းဘူးထည့်ဖို့ မီးဖိုချောင်ထဲ ဝင်လာရင်း ကိုထိုက်တို့ သုံးယောက်အတွက်ပါ ပိုထည့်သွားဖို့ စိတ်ကူးရကာ ပလတ်စတစ်ဘူးပြားကြီးကို ရှာဖွေလိုက်သည်။

တုတု ရှာတွေ့သည့် ဘူးပြားကြီးဟာ တစ်တောင်နီးပါး အလျားနှင့် တစ်ထွာသာသာ အနံရှိသည်။ လက်ငါးလုံးလောက် ထုရှိသည်။ ထမင်းဘူးအစစ်တော့ မဟုတ်။ အသီးအနှံတွေ သားငါးတွေ ထည့်ရသည့် ဘူးမျိုးဖြစ်သည်။

"အင်း ... ဒါကြီးနဲ့ ထည့်သွားလို့ ကောင်းပါ့မလား"

တုတုက ဘူးကိုကိုင်ရင်း စဉ်းစားနေသည်။





"ဒါပေမယ့် ဒီဘူးပဲ ရှိတာဆိုတော့ ဘယ်လိုလုပ်မလဲ၊ ထမင်းဘူးတော့ မဟုတ်ဘူးလေ၊ ဒါပေမယ့် ထည့်လို့တော့ ရသားပဲ၊ ထမင်းထည့်လိုက်ရင် ထမင်းဘူး ဖြစ်သွားမှာပဲ"

တုတုက တစ်ယောက်တည်း ရေရွတ်ရင်း ဘူးထဲကို ...မင်းတွေ သိပ်ထည့်လိုက်သည်။ ပြီးတော့ အိမ်မှာရှိသမျှ အသား...င်း၊ အရွက်ကြော်၊ ဘာလချောင်ကြော်၊ ပဲဟင်း၊ ကြက်အူချောင်း...ကြော်၊ မြေပဲလှော်တွေကို ထမင်းပေါ် ပုံပုံထည့်လိုက်ပြီး ဘူးကို ...ပိတ်၊ အဝတ်စကြီးတစ်စနှင့် စည်းနှောင်လိုက်သည်။

"တုတု ..."

"အဲ ... တီတီ"

မီးဖိုချောင်ထဲ ဝင်လာသော တီတီက တုတု လက်...ထဲက ဘူးကြီးကို ငုံ့ကြည့်ရင်း ...

"ဘာကြီးတုန်း ..."

"ထမင်းဘူးလေ"

"ဒါ ထမင်းဘူးမှ မဟုတ်တာ"

"ဒီဘူးက များများဆန့်လို့ ဒီဘူးထဲပဲ ထမင်းရော ဟင်းပါ ရောထည့်လိုက်တာ"

"အရသာအစုံ ရောနှောပြီး ပြစိကြီးဖြစ်တော့မှာပဲဟယ်၊ ဒီလောက်အများကြီး ညည်းကုန်လို့လား"

"တု သူငယ်ချင်းတွေဖို့ပါ ပိုထည့်တာ"

"ဒါဆိုလည်း သုံးဆင့် စတီးလ်ချိုင့်ကြီးနဲ့ ထည့်ယူသွားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ချိုင့်ကြီး ဆွဲမသွားချင်လို့ပါ တီတီရယ်၊ ပြီးတော့ တုတု ချိုင့်ကြီး ဆွဲထွက်သွားရင် ဖေက တုတုကို စစ်လား ဆေးလား လုပ်ဦးမှာ၊ ဒါနဲ့ပဲ ထည့်သွားပါတော့မယ်၊ တုသူငယ်ချင်းတွေက ကြေး (ဂျီး)မများပါဘူး၊ ဘယ်လိုပဲ ဖြစ်ဖြစ် စားပါတယ်"

"တုသူငယ်ချင်းတွေက မိန်းကလေးတွေလား၊ ယောကျ်ားလေးတွေလား"

"ယောကျ်ားလေးတွေ ..."

တီတီက ခေတ်မီပြီး နားလည်ပေးတတ်သူမို့ တုတုက အမှန်အတိုင်း ပြောဝံ့သည်။

"ကောင်းတယ် ... ယောကျ်ားလေး သူငယ်ချင်းရှိတာ ကောင်းတယ်၊ ဒါမှ ယောကျ်ားလေးတွေအကြောင်း သိသင့်သလောက် သိမှာ၊ ယောကျ်ားလေးတွေနဲ့ လုံးဝ အစိမ်းကြီး ဖြစ်နေမကောင်းဘူး၊ တီတီကတော့ သမီးတုကို အပေါင်းအသင်း များစေချင်တယ်၊ သမီးကို ကျောင်းစထားတုန်းက လည်း တီတီက မိန်းကလေးကျောင်းမှာ မထားပါနဲ့လို့ အတန်တန် ပြောနေတဲ့ကြားက ညည်းအဖေက ခွတ်လုပ်တာ"

တီတီက ထုံးစံအတိုင်း ဖေဖေ့အကြောင်းကို မကျေမနပ် ပြောနေတာမို့ တုတုက ပြုံးမိသည်။

တီတီက ဖေကြီးနဲ့တော့ တခြားစီပင်။ အသက်သာ လေးဆယ်နား ကပ်လာပေမယ့် တီတီ့ပုံစံက နုရွ ကျော့မော့





ဟော့ရှော့နေသည်။ ပျော့ပျော့ရှည်ရှည် အင်္ကျီတွေကို အသားကပ် ဘောင်းဘီအကျပ်နှင့် တွဲဝတ်ရဲတုန်း။ ဆံပင်တွေကို ပုံစံတစ်မျိုး ပတ်တစ်မျိုး ကောက်ကလိန်ထားတုန်း။ ချွန်ပေ့ မြင့်ပေ့ဟူသော ဖိနပ်တွေကို အသားတကျ စီးရဲတုန်း။ ယောကျ်ားသာမယူ မယ့် ရည်းစားတော့ တစ်ယောက်မဟုတ် တစ်ယောက်ထား တုန်း။ ဖုန်းတွေ တတွတ်တွတ် ပြောနိုင်တုန်း။

ဒီအိမ်မှာ တုတုသာ သိပ်မဟော့ရှော့ရဲပေမယ့် ဖေကြီး တီတီပါ အပြိုင်အဆိုင် ဟော့ရှော့နေကြပါသည်။

တီတီက တုတုကို ခြေဆုံး ခေါင်းဆုံး ကြည့်လိုက် ...

"ဟွန့် ... ညည်းပုံစံက ရိုးလိုက်တာဟယ်၊ ထဘီကြီး ဝတ် လို့ ..."

"ကျောင်းမှာက ထဘီပဲ ဝတ်ရမယ်လို့ စည်းကမ်းထုတ် ထားတယ်လေ၊ အင်္ကျီဆိုလည်း ရိုးရိုးပဲဝတ်ရတာ၊ ပြီးတော့ တုတု ဟော့ရှော့ဝတ်တာ ဖေကြီးကမှ မကြိုက်တာ"

"မကြိုက်လည်း ဝတ်ပေါ့ ... ဘာဖြစ်လဲ၊ တုတုဘက်က တီတီ ကူပြောပေးမှာပေါ့၊ ကျောင်းတက်တုန်း ရိုးရိုးဝတ်ပေ မယ့် ကျောင်းချိန်ပြင်ပကျရင် ဟော့ရှော့လေးပဲဝတ်၊ တု လေးတို့ အရွယ်လေးတွေ စကတ်တို ဘောင်းဘီတိုလေးတွေ ဝတ်ထားရင် အရမ်းကြည့်ကောင်းတာပဲ၊ တီတီတောင်မှ နည်းနည်း အသက်ကြီးသွားလို့၊ မဟုတ်ရင် စကတ်တိုတို လေးတွေ ဝတ်ပါတယ်၊ တစ်ရက်လောက် သမီးကို အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေ လိုက်ဝယ်ပေးဦးမယ်၊ ငယ်တုန်း ရှယ်တုန်းဝတ်ရတာ ဝတ်သာဝတ်၊ တီတီတို့ ငယ်ငယ်တုန်းကဆို ဘယ်လောက် ဝတ်ချင်ဝတ်ချင် အဝတ်အစား ဒီဗိုင်းတွေ ဒီလိုပေါပေါများများ မဝင်သေးတော့ မဝတ်ရ…"

"သစ်သစ်…"

"ဟင်…"

အဆက်မပြတ် လက်ချာရိုက်နေသော အန်တီသစ်သစ်ခင်မှာ ဦးခေတ်ဆန်းအသံကြောင့် လန့်ဖျပ်နှုတ်ပိတ်သွားပါသည်။

"နင့်ဘာသာ ဘာဝတ်ဝတ်၊ ငါ ဘာမှမပြောဘူး၊ ငါ့သမီးကိုတော့ မဟုတ်တာတွေ လာသင်ပေးမနေနဲ့၊ လာ…တုတုကျောင်းသွားမယ်၊ လက်ထဲက ဘာထုပ်ကြီးလဲ…"

"ဆရာမတွေ စားဖို့ မုန့်တွေ ထည့်ယူလာတာပါ ဖေ…"

"ဪ…အင်း…အင်း…လာ၊ ကျောင်းချိန်နီးနေပြီ သွားရအောင်"

ဖေကြီးက ရှေ့ကနေ ကျော့ကျော့မော့မော့ လှမ်းထွက်သွားပြီမို့ တုတုက တီတီ့ကို တာ့တာပြ၊ မျက်လုံးမှိတ်ပြပြီး ဖေကြီးကိုမီအောင် ခပ်သုတ်သုတ်လေး လိုက်လာခဲ့ရပါသည်။

❦ ❦ ❦



၆။

✦ ✦ ✦

"ဟိုကောင်မလေး နှုတ်ခမ်းလေးက တော်တော်လှတယ်ကွာ၊ နှင်းဆီငုံ နှုတ်ခမ်းလေးဆိုတာ ဒါမျိုးကိုပြောတာဖြစ်မယ်၊ ဖူးရွှဲ ဖောင်းအိ စိုရွှနေတာပဲ"

လူစည်ကားရာ ခုံတန်းလေးမှာ သုံးယောက်သားထိုင်နေကြရင်း မိုးမာန်က အလှတရားကို စတင်ခံစားလိုက်သည်။ မိန်းကလေးတွေနှင့် ပတ်သက်လျှင် စိတ်ဝင်တစားလေ့လာစူးစမ်းအကျွမ်းတဝင် ရှိလှပေသော ထိုက်တန်က နှာခေါင်းရှုံ့လိုက်ရင်း

"ဘာမှလည်း နားမလည်ဘဲ လျှောက်ပြောနေတယ်၊ အဲ့ဒီ နှုတ်ခမ်းကဖြင့် အင်ကြီး…"

"နှုတ်ခမ်းပဲ 'အင်' ရယ်လို့ ရှိမလား"

"မင်း သေချာကြည့်လေ၊ အဲ့ဒီ ကောင်မလေးရဲ့ အောက်ရိုဂျင်နယ် နှုတ်ခမ်းက ပါးပါးသေးသေးလေး၊ အဲဒါကို လစ်(ပ်)လိုင်နာနဲ့ ကြီးအောင် ချဲ့ဆွဲပြီး နှုတ်ခမ်းနီဖြည့်ဆိုးထားတာ၊ စိုလက်နေတာက နှုတ်ခမ်းနီက အဆီပါလို့



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနီမို့လို့၊ မင်း … လိုပါသေးတယ် မိုးမာန်၊ ဆက်လေ့လာလိုက်ပါဦး"

စာငုံ့ဖတ်နေသော တိမ်ယံက စာအုပ်ကို ဘတ်ခနဲ ပိတ်လိုက်ရင်း …

"နားငြီးတယ်ကွာ၊ အပုပ်ကောင်ကို ရုပ်ဆောင်ထားတဲ့ ကိစ္စတွေကို စာပွဲ့ပြောမနေစမ်းပါနဲ့၊ စာသင်ချိန်မှာ စာကိုပဲ စိတ်ဝင်စား၊ တို့အရွယ်က ပထမအရွယ်ပဲ ရှိသေးတာ၊ ပထမအရွယ်ဆိုတာ ပညာရှာရမယ့် အရွယ် …၊ ဒုတိယ အရွယ်က ဥစ္စာရှာရမယ့်အရွယ်၊ တတိယအရွယ်က တရားရှာရမယ့် အရွယ်"

"ဒါဆို ဘယ်အရွယ်မှာ ကြင်ယာရှာရမှာလဲ တိမ်ယံ …၊ ကြင်ယာရှာရမယ့် အရွယ်လေးကိုလည်း ထည့်ပြောသင့်တာပေါ့၊ ကြင်ယာဆိုတာလည်း ဘဝရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲလေ"

ထိုက်တန်က ကပ်ဖွဲ့ဝင်ပြောတော့ တိမ်ယံက မဖြေ။ မိုးမာန်က ပြုံးစိစိလုပ်ရင်း …

"သူဖတ်မှုးတဲ့ စာအုပ်ထဲမှာ ကြင်ယာရှာရမယ့် အရွယ် အကြောင်း ဖော်ပြမထားဘူးထင်တယ်"

"ငါ့အထင်တော့ ပညာရှာရမယ့်အရွယ်မှာ ကြင်ယာကိုပါ ပူးတွဲရှာထားမှ ဥစ္စာရှာရလို့ရတဲ့ အချိန်မှာ ယူရမယ့်သူ အဆင်သင့် ရှိမှာပေါ့ …"

"နားငြီးတယ်ကွာ …"





"ကိုထိုက် … ကိုမိုး … ကိုယံ …"

"ဟော … တုတု …"

သုံးယောက် အငြင်းပွားနေတုန်းမှာ တုတုက ထမင်းဘူးကြီးကို ချည်ထားသည့် အဝတ်စမှ တန်းလန်းဆွဲလျက် သူတို့ဆီများ ရောက်လာသည်။

တုတုရဲ့ ချစ်စရာအပြုံးမျက်နှာလေးကြောင့် သူတို့သုံးယောက်လုံး စိတ်တွေ ကြည်လင်ရွှင်လန်းလာသည်။

"ရှာလိုက်ရတာ …၊ ကိုမိုးတို့က ဒီမှာ မျက်စိစားပွဲ လာထိုင်နေကြတာကိုး"

"ဟဲဟဲ … မျက်စိအာဟာရလေးတွေပေါ့ဟာ"

"ငါမပါဘူးနော် တုတု၊ ငါက ငါ့ဘာသာ စာဖတ်နေတာ၊ အဲ့ဒီကောင် နှစ်ယောက်ပဲ ကဲနေတာ"

"ငါက အလှအပကို ခံစားရုံသက်သက်ပဲ၊ ထိုက်တန်သာ သေချာစစ်ပေါက်ပြီး ခွဲခြမ်းစိတ်ဖြာနေတာ"

"ကဲပါ … ကိုယ်သန်ရာ သန်ရာလုပ်ကြပါ၊ တုတု ဘာမှ မပြောပါဘူး၊ တုတုက ကိုမိုးတို့ကို ကျွေးချင်လို့ လိုက်ရှာနေတာ"

"ငါတို့က မနက်ကတည်းက နင့်ကိုရှာနေတာ"

"မနက်က တုတု ကျောင်းရောက်တာ နောက်ကျတယ် ကိုထိုက်ရဲ့၊ ကိုထိုက်တို့ဖို့ ထမင်းဘူး ပိုထည့်ရင်း တီတီနဲ့ စကားပြောနေလို့ ကြာသွားတာ"

"အတော်ပဲ … ဗိုက်ဆာနေတာနဲ့၊ ငါတို့လည်း ကန်တင်း



www.burmeseclassic.com

www.burmeseclassic.com



က စားစရာတွေ ခံတွင်းမတွေ့တာနဲ့ ဘယ်သွားပြီး ဘာ စားရင် ကောင်းမလဲ စဉ်းစားနေတာ”

“အဲ့ဒါနဲ့ ဗိုက်ဆာတာကို အာရုံလွှဲတဲ့အနေနဲ့ ဟိုကြည့် ဒီကြည့် ကြည့်နေတာပေါ့ဟာ ...”

“ထားပါတော့ ... ထားပါတော့၊ လာကြလေ ... ဟို သစ်ပင် ရိပ်မှာ အတူသွားထိုင်စားရအောင်၊ ကိုမိုးတို့စားဖို့ အများ ကြီးပဲ ထည့်လာခဲ့တာ သိလား ...”

“ပေး ... ပေး ... နင့်ထမင်းဘူး ငါတို့ကိုင်ခဲ့ပေးမယ် ...”

ကိုမိုးက တုတုကို ဖားပြီး ထမင်းဘူးကို ပျာပျာ သလဲ လှမ်းယူသည်။

တုတုက ရှေ့မှလျှောက်လာတော့ သူတို့သုံးယောက် က တုတုနောက်ကနေ ဝမ်းမြောက်ဝမ်းသာ လိုက်ပါလာသည်။ စားရတော့မှာမို့ ပျော်ရွှင်အူမြူးနေသော သူတို့ပုံစံတွေကြောင့် တုတု က ပြုံးမိသည်။

အဲ့ဒီသုံးယောက်ဟာ တစ်ခါတစ်ခါ ကလေးတွေနဲ့ တူပြီး တစ်ခါတစ်ခါကျတော့ အုပ်ထိန်းသူ လူကြီးသူမပုံ ဖမ်း တတ်သည်။

တုတု ယောကျ်ားလေး တစ်ယောက်ယောက်နဲ့ စကားပြောနေတာကို သူတို့ထဲက တစ်ယောက်ယောက် မြင်သွား တာနှင့် သုံးယောက်လုံး ဝိုင်းအုံလာကာ တုတုကို စစ်ပါ ဆေးပါ ပြီ။

တုတုကို စိတ်ဝင်စား ချဉ်းကပ်လာသည့် ယောကျ်ား





လေးတွေမှာလည်း ကိုထိုက်ရဲ့ မိုက်ကြည့်ကြည့်ခံရခြင်း၊ ကိုမိုးရဲ့ ခြိမ်းခြောက်ခံခြင်း၊ ကိုယံရဲ့ ပညာပြခြင်းတွေကို ခံရခြင်းများကြောင့် ကပ်လန်နောက်ဆုတ်ကာ တုတုနားသို့ ဘယ်သူကမှ မချဉ်းကပ် ရဲတော့ချေ။ ပြီးတော့ အမြဲမပြတ် တဖွဖွမှာကြားသည်မှာ ...

“ငါတို့ကို အသိမပေးဘဲ နင့်သဘောနဲ့နင် ရည်းစားမထား ရဘူးနော် မိတု၊ ရည်းစားထားချင်ရင်လည်း ငါတို့ကို တိုင်ပင်၊ ငါတို့ ဝိုင်းဝန်းအကဲခတ်ပေးမယ် ... ကြားလား”

သူတို့ပြောတိုင်း တုတုက ညီမအလိမ္မာလေးလို ခေါင်းညိတ်မိမြဲဖြစ်သည်။ သူတို့က တုတုကို ကလေးလို သဘော ထားကာ ခေါင်းခေါက်ဖို့လည်း ဝန်မလေး။ ထိပ်ပုတ်ဖို့လည်း ဝန်မလေး။ စ,နောက်ဖို့လည်း ဝန်မလေး ... ။ တုတုကို စ,နောက် နေရလျှင်ပဲ သူတို့မှာ ပျော်နေကြရပြီ ... ။

သူတို့ လွယ်အိတ်ထဲမှာတော့ တုတု ကြိုက်သည့် ဂျယ်လီဘူးကလေးတွေ၊ ချော့ကလက်တွေ၊ အာလူးကြော်ထုပ်တွေ မပါလာသည့် နေ့ရယ်လို့ မရှိ။

“မိတု ... လာ ... ဒီသစ်ပင်ရိပ်လေးမှာပဲ ထိုင်စားလိုက်ကြ ရအောင်”

ကိုထိုက်က သစ်ပင်ကို ဝိုင်းပတ်ထားသည့် ခုံမှာ ဝင်ထိုင်လိုက်တာမို့ တုတုတို့အားလုံး ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

ကိုမိုးက ထမင်းဘူးအဖုံးကို ဖွင့်လိုက်ပြီး ...

“ဟင် ... တုတုတို့ကတော့ လုပ်ပြီ”

“ဘာဖြစ်လို့လဲဟင် ...”



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းရော ဟင်းတွေရော ပုံရောထည့်ထားတော့ ထမင်းတွေက ပွပြီး ပြဲစိကြီးဖြစ်နေတာပေါ့"

"ကိုမိုးကလည်း ..."

တုတုက မျက်နှာပုပ်သိုးလေး စူပုတ်လိုက်ရင်း ပြောတာမို့ ကိုမိုးက တုတုကို လှမ်းကြည့်ရင်း ...

"ဘာဖြစ်ဟာလဲ၊ အမှန်အတိုင်း ပြောတဲ့ဟာကို"

"အိမ်မှာလည်း တုတုရဲ့ တီတီက ကိုမိုးပြောသလို ပြောခဲ့တာပဲ၊ တုတုကတော့ တုသူငယ်ချင်းတွေက ကြေး(ဂျီး) မများပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် စားပါတယ်လို့ ပြောခဲ့တာ၊ ခုတော့ တု ပြောမိတာတောင် ပြန်ရှက်မိပါရဲ့ ..."

ထိုက်တန်က 'လူလည်မ'ဟု နှုတ်ခမ်းလှုပ်ရုံ ရေရွတ်သည်။ တိမ်ယံက မိုးမာန်ကို မျက်မှန်ပေါ်က ကျော်ကြည့်ရင်း ...

"မင်းကိုက မဟုတ်တာ၊ တုတုက စေတနာနဲ့လည်း ထည့်လာရသေးတယ်၊ မင်းက ကြေးများချင်သေးတယ်"

ဟု ပြောပြီး တုတုဘက်ကို လှည့်လာကာ ...

"တုတု မရှက်ရပါဘူးကွာ၊ ငါတို့အားလုံး စားမှာပါ၊ ဘယ်လိုပဲဖြစ်ဖြစ် စားမှာပါ၊ ဟိုး ရှေးခေတ်ကဆို နီးဒေါင်းလန်းကြီးထဲမှာ ထမင်းတွေ ဟင်းတွေ ပုံထည့်နယ်ဖတ်ပြီး လက်ရေတပြင်တည်းတောင် စားကြသေးတာ"

"လက်ရေတပြင်တည်းဆိုတာ လက်နဲ့နယ်ဖတ်စားကြလို့ လက်ကြားက ကျလာတဲ့ ဟင်းရည်တွေ တပြင်တည်းလို့ ပြောတာပေါ့နော် ... ဝေါ် ..."





ထိုက်တန်က သူ့လည်ပင်း သူပြန်ဖိကာ ဝေါ့ခနဲ လုပ်ပြလိုက်ပြီးမှ ...

"နောက်တာပါကွာ၊ ငါလည်းစားမှာပါ၊ ဇွန်းလည်း ပါသားပဲ၊ နင့်ဇွန်းက တစ်ချောင်းတည်းလား တု ..."

"အင်း ... တစ်ချောင်းတည်းပဲ ထည့်လာမိလို့ ..."

"ဒါဆိုလည်း တစ်ယောက် တစ်လှည့် စားတာပေါ့၊ ဟော့ကောင်တွေ မင်းတို့မှာ ကူးစက်လွယ်တဲ့ ဘီပိုးတို့၊ တီဘီပိုးတို့ မရှိဘူးမဟုတ်လား"

"မင်းပဲရှိမှာ၊ ငါတို့မှာ မရှိဘူး"

ထိုက်တန်က ထမင်းနှင့် ဟင်းမျိုးစုံကို ဇွန်းဖြင့် မွှေနှောက်နယ်ဖတ်ပြီး တစ်ဇွန်းခပ်စားလိုက်သည်။ ပြီးတော့ 'အားပါးပါး ကောင်းမှကောင်း' ဟု ပလုတ်ပလောင်းပြောရင်း လက်မထောင်ပြသည်။

မိုးမာန်နှင့် တိမ်ယံလည်း တစ်ယောက်တစ်လှည့် ခပ်စားရင်း ခံတွင်းတွေ့ကာ လက်တွေသွက်လာပြီး ဇွန်းလုပွဲတွေဘာတွေတောင် ဖြစ်လာသည်။ တုတုကလည်း သူတို့နှင့်အပြိုင် ဇွန်းဝင်လုပြီး တစ်လုတ်ပြီးတစ်လုတ် ခပ်စားမိနေတာမို့ ပလုတ်ပလောင်း ပါးတွေ ဖောင်းလာသည်။

"ပြောတော့ဖြင့် ပြဲစိကြီးလေး ဘာလေးနဲ့ မစားကြတာလည်း မဟုတ်ဘဲနဲ့ ..."

တုတုက မျက်စောင်းထိုးရင်း ပြောမိတော့ သူတို့က မသိချင်ယောင်ဆောင်ပြီး ဇွန်းရဖို့သာ စိတ်စောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မိုးမာန်၊ မင်းက ကာရာအိုကေဆိုရင်လည်း မိုက်ကိုင်မိရင် မလွှတ်တော့တဲ့ မိုက်ခဲမိုးမာန်၊ ခုလည်း ဇွန်းကိုင်မိရင် မလွှတ်တော့ဘူး၊ ဇွန်းကို ပါးစပ်ထဲထည့်ပြီး ခဲထားတော့မယ့် အတိုင်းပဲ"

"အေးလေကွာ ... မစားချင်သလို အင်တင်တင်လုပ်တုန်းကလည်း သူပဲ"

မိုးမာန်ကို ထိုက်တန်နှင့် တိမ်ယံက ဝိုင်းဝန်း နှိပ်ကွပ်နေတာမို့ တုတုက သူတို့ကိုကြည့်ရင်း ရယ်မောမိသည်။

ခုနေတုန်းခါ တုတု ဖေဖေသာ ရောက်လာပြီး ဒီမြင်ကွင်းကို မြင်သွားလျှင် ဘယ်လောက်တောင် ဒေါသဖြစ်လိုက်မည် မသိပါ။

တုတုတို့ လေးယောက်ဟာ မထင်မှတ်လောက်အောင် နွေးထွေးရင်းနှီးလျက် အချိန်တိုလေးအတွင်းမှာ သံယောဇဉ် တွယ်ခဲ့ကြတာပင် ...။

တုတုမှာ သူတို့ကြောင့် မရယ်မောရသည့် နေ့ရယ်လို့လည်း မရှိခဲ့ပါ။ သူတို့စားဖို့ မုန့်တွေ ထည့်ယူလာလျှင် သုံးယောက်လုံးက အလုအယက်ဖြင့် သူနည်းတယ်၊ ငါများတယ် ငြင်းခုန်ရင်း အဝေမတည့်ဖြစ်ကြသည်။ ပန်းသီးတို့ လိမ္မော်သီးတို့ စားဖို့ယူလာလျှင်လည်း သူ့အသီးနဲ့ ငါ့အသီး ဘယ်သူကြီးကြီး 'ဆ' ကြည့်ရင်း ကလေးတွေလို ငြင်းခုန်လုယက်နေတတ်ကြသည်။

ညနေ ကျောင်းဆင်းချိန်တွေမှာတော့ တစ်ယောက်





တစ်ယောက် သိပ်ပြီး မခင်သလို ခပ်စိမ်းစိမ်းပုံဖမ်းကာ လာသည့် တုတုဖေဖေ မရိပ်မိအောင် နေပြရမြဲပင်။

"တု ..."

"ရှင် ... ကိုမိုး"

ကိုမိုးခေါ်သံကြောင့် တုက ကိုမိုးကိုကြည့်မိသည်။ က ဝါးလက်စ ထမင်းကို မျိုချလိုက်ပြီး ...

"နင့်ကို ငါ အားမရဘူးဟာ"

"ဘာဖြစ်လို့လဲဟင် ..."

တုတုက နားမလည်သလို မေးမိသည်။

"နင်က လှချင်ရက်သားနဲ့ ဝတ်ပုံ စားပုံက ရိုးတုံးလွန်းတယ်ဟာ ...၊ လှလှပပလေး ဝတ်စမ်းပါ၊ ခေတ်ဆန်ဆန် ဟော့ရှော့လေး ဝတ်ပေါ့"

"တုက ဝတ်ချင်ပါတယ် ကိုမိုးရယ်၊ ဒါပေမယ့် ဖေကြီးကမှ မကြိုက်တာ၊ ဖေက တုတုကို ရိုးရိုးလေးပဲ နေထိုင်ဝတ်စားစေချင်တာ"

"သူကျတော့ ဟော့ရှော့နေပြီး ..."

"ဒါကတော့ဟယ် ... ဖေက တုကို မမွေးခင်ကတည်းက အဲ့ဒီလိုပဲ ဖက်ရှင်ကျကျ နေတတ်တာ၊ တုကိုကျတော့ အရမ်း ထင်ရှားလှပနေအောင် ပြင်ဆင်ရင် ယောက်ျားလေးတွေ ဝိုင်းကြိုက်မှာစိုးလို့နေမှာပါ၊ တုရဲ့ တီတီကတော့ ကိုမိုးလိုပဲ တုကို ဟော့ရှော့လေး ဝတ်ဖို့ ပြောသားပဲ၊ အဝတ်အစားတွေတောင် လိုက်ဝယ်ပေးဦးမှာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နင့်တီတီက မိုက်တယ်၊ ငါဦးလေးနဲ့ ပေးစားမယ် ဟိဟိ"

"ကိုမိုးနော် ..."

တုတုက ကိုမိုးကို မျက်စောင်းထိုးမိသည်။ ကိုယ်က တော့ ...

"တုနော် ဒီကောင်ပြောတိုင်း နားမယောင်နဲ့၊ ဒီအချိန်မှာ စာကိုပဲ အာရုံထား၊ အလှအပဘက် သိပ်စိတ်မရောက်နဲ့"

ထိုက်တန်က နားရွက်ထဲ လက်ညှိုးထည့်၍ လှုပ်ခါ လိုက်ရင်း ...

"တု ... သူတို့ တစ်ယောက်တစ်မျိုး ပြောတာတွေကို လိုက် ဦးနှောက်စားမနေနဲ့၊ နင်ရူးသွားလိမ့်မယ်"

တုတုက ပြုံးစိစိလေး ငြိမ်သွားမိသည်။

သူတို့ဘာပြောပြော တုတု စိတ်မညစ်။ ပျော်တောင် ပျော်သေးသည်။

ထိုနေ့မှ စကာ တုတုက သူတို့အတွက် နေ့တိုင်း ထမင်းဘူး ထည့်ယူလာခဲ့လေသည်။

လက်ရေတစ်ပြင်တည်း စားတာဟု မဆိုသာရင် တောင်မှ ထမင်းဟင်းတွေ ရောနှောနယ်ဖတ်ထားသည့် ဘူးထဲမှာ ဇွန်းတစ်ချောင်းဖြင့် တစ်ယောက်တစ်လှည့် နှိုက်စားကြရင်း တုတု တို့ လေးယောက်ရဲ့ ရင်းနှီးမှုတွေ သံယောဇဉ်တွေ ရှည်ကြာခိုင်မာ လာခဲ့ပြီးနောက် စာသင်နှစ်တို့ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးလာခဲ့ တော့သည်။



အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

၇။

◆ ◆ ◆

အချစ် ...

?

?

အချစ်ဆိုတာ ဘာလဲဟု တုတုကို တစ်ယောက်က
လျှင် တုကတော့ ? လေးပဲ ရေးပြလိုက်ချင်သည်။ တုတု
ကို မခံစားဖူးလို့ပင်။

အချစ်ဆိုတာ စိတ်လှုပ်ရှားမှုနဲ့ တွဲဖက်ပြီး စတင်
အရာဟု တုတုက ဉာဏ်ကလေး မမှီတမီ တွေးမိပါသည်။

ယောကျ်ားတစ်ယောက်ယောက်ရဲ့ အကြည့်မှာ စိတ်
းမိတာ အချစ်လား ... ?

ရှက်ကိုးရှက်ကန်း မနေတတ် မထိုင်တတ်ဖြစ်မိတာ
လား ... ?

တစ်ခါတစ်ခါ ထိုအကြည့်တွေကြောင့် ကြည်နူး
ို ကျေနပ်သလိုလို ဖြစ်မိတာ အချစ်လား ... ?



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြည့်ရှင်ကို မတွေ့ရတဲ့အခါ ရင်ထဲ ဟာတာတာနှင့် ဝမ်းနည်းသလိုလို နှမြောသလိုလိုဖြစ်မိတာ အချစ်လား ...

တုတု ထိုအတွေးတွေ တွေးတတ်လာအောင် ညှို့ငင်ခဲ့သူက တုတုတို့ ကျောင်းကတော့ မဟုတ်ပေ။

ကျောင်းကလူတွေဆိုရင်တော့ ကိုမိုးတို့ကြောင့် ဘယ်သူမှ တုတုနားကို မကပ်ရဲ ...။

ဒီတစ်ယောက်ကတော့ မိန်းထဲကနေ ကျောင်းကို ခဏတစ်ဖြုတ် အလည်လာရင်း တုတုကို တွေ့မြင်နှစ်သက်ခဲ့တာ ဖြစ်သည်။

သူ နေ့တိုင်း တုတုကို လာစောင့်ကြည့်တာကို တုတုကလည်း ပြန်သတိပြုမိခဲ့သည်။

သူ့မျက်လုံးတွေက ကြည်လင်နွေးထွေးသည်။ တုတုကို စိတ်လှုပ်ရှားစေသည်။ ကိုမိုးတို့နှင့်အတူ လျှောက်လာတုန်း သူများ တုတုကို ကြည့်နေမလားဟု မျက်လုံးလေးတောင် ကပ်၍ ရွေကြည့်မိတော့ ကိုထိုက်က တုတု ပုံစံ မှုမမှန်တာကို သတိပြုမိသွားကာ ...

"မိတု ..."

"ဟင် ... ရှင်"

တုတုက လန့်ဖျပ်ထူးမိသည်။ ကိုထိုက်က မျက်ခုံးပင့်သွားကာ ...

"ဟ ... ဘယ်လိုဖြစ်တာတုန်း၊ ခေါ်ရိုးခေါ်စဉ် ခေါ်တဲ့ဟာကို ဒီလောက်လန့်စရာလား"





"ဟို ... တုတုက ကျောင်းစာအကြောင်းတွေးလာမိလို့ပါ ကိုထိုက်ရယ်"

"ဟုတ်လို့လား ... ခုန ငါမြင်လိုက်တာတော့ နင် ကဲန်တင်းဘက်ကို မျက်စိကစားနေသလိုပဲ"

"တုတုတို့ အတန်းထဲက သူငယ်ချင်းတွေ ရောက်ပြီလားလို့ ကြည့်တာပါ"

တုတုက ဖုံးဖိလိမ်ညာပြောရသည်။ ပြီးတော့ သူတို့ တာနှင့် သူရှိနေသည့်ဘက်ကို မသိမသာကြည့်မိတော့ သူက ...နဲ့ ပြုံးပြသည်။ ထိုအပြုံးကြောင့် တုတု စိတ်တွေ ကယောက်...က် ခြောက်မြားမသက်ဖြစ်သွားရပါသည်။

အဲ့ဒီနောက် သုံးရက်လောက် သူပျောက်သွားသည်။ ...နေကျနေရာလေးမှာ သူ့ကိုမတွေ့တော့ တုတုရင်ထဲ ဟာတာ...င့် ဝမ်းနည်းချင်သလိုလို ဖြစ်ရသည်။

သူပျောက်သွားပြီး သုံးရက်အကြာ တုတုတစ်ယောက် ...း ကျောင်းထဲဝင်လာတုန်းမှာ သူက တုတု နားမှာ ယှဉ်...က်လာရင်း ...

"ညီမ ... ကိုယ် ညီမနဲ့ မိတ်ဆွေဖြစ်ချင်လို့ပါ၊ ခွင့်ပြုနိုင်မလားဟင်"

ဟု မေးလာတာမို့ တုတုက ကိုမိုးတို့များ တစ်နေရာ...နေ ဘွားခနဲ ပေါ်လာမလားဟု ဟိုဟိုဒီဒီကြည့်ရင်း ခေါင်း...းခါကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မဖြစ်ဘူး၊ သူတို့ ... သူတို့က ကြိုက်မှာ မဟုတ်ဘူး၊ သွားပါတော့ ... ပြန်ပါတော့ ..."

"သူတို့ဆိုတာက ..."

"အစ်ကိုလို ခင်ရတဲ့ တုတု သူငယ်ချင်းတွေပါ၊ သူတို့က တုတုကို စောင့်ရှောက်နေတာ"

"ရိုးရိုးစောင့်ရှောက်တာလား၊ ဆန်းဆန်း စောင့်ရှောက်တာလား"

"ရှင့်မေးခွန်းကို တုတု နားမလည်ဘူး"

"သူတို့က တုတုကို ကာကွယ်ပေးသလိုလိုနဲ့ သူများနောက် ပါသွားမှာကို စိုးရိမ်ပူပန် အုတိုနေကြတာလားလို့ပါ"

"ရှင် မဟုတ်တာ မပြောနဲ့၊ သူတို့က တုတုကို သဘောရိုးနဲ့ စောင့်ရှောက်နေတာ"

"နာမည်လေးက ချစ်စရာလေး ... တုတုတဲ့ ... ဟုတ်လား"

"ရွှေရတုခင် ... အာ ... ကျွတ် နာမည်ပြောမိပြန်ပြီ၊ ဒီပါးစပ်ကတော့ ..."

တုတုက ကိုယ့်ပါးစပ်ကိုယ် ပိတ်ရိုက်လိုက်တော့ သူက ပြုံးလိုက်သည်။ သူ့အပြုံးက တော်တော်ကြည့်လို့ကောင်းပါသည်။

"ကိုယ့်နာမည်က နေမျိုးဆင့် တဲ့၊ ကျေးဇူးပြုပြီး မှတ်ထားပေးပါ"

နေမျိုးကတော့ ဟုတ်ပါပြီ၊ နောက်က 'ဆင့်' တစ်လုံးကတော့ တစ်မျိုးကြီးပဲဟု တွေးကာ တုတုက မသိမသာ





...း ပြုံးမိသည်။ တုတုသည် ကိုထိုက်တို့ကို ကြောက်သော်လည်း ...ကို စိတ်ဝင်စားမိနေသည်။

"ကိုယ်က ဒီကျောင်းက မဟုတ်ဘူး တုတုရဲ့၊ ကိုယ့်ညီ တစ်ယောက်ဆီ လာရင်း တုတုကို လှမ်းမြင်တာ၊ မြင်မြင်ချင်း ကိုယ့်စိတ်ထဲမှာ ခံစားမှုတစ်ခုဖြစ်လာတာနဲ့ တုတုကို ကိုယ် လာစောင့်စောင့်နေမိတာ၊ ကိုယ် ဒီလိုပဲ နေ့တိုင်း လာစောင့်နေဦးမှာ၊ ကိုယ့်ကို မသိချင်ယောင်တော့ ဆောင်မသွားဖို့ ကြိုတောင်းပန်ထားမယ်နော်"

သူ့ပြောပုံက ခပ်ရိုးရိုး ... ။ အသံက ချိုအေး ကြည်...နေသည်။

တုတုသည် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါမိ သူ့နားကနေ ခပ်သုတ်သုတ် ထွက်လာမိသည်။ သူကတော့ ...နောက်သို့ ဖွတ်မလိုက်ဘဲ ရပ်ကျန်နေခဲ့တာမို့ သူ့ကို ကျေးဇူး...နေသည်။

"ဟိတ် ... တုတု ..."

"အံမလေး ..."

ရှေ့ကော်ရစ်ဒါထောင့်ကနေ သုံးယောက်ပြူးကြီး ...ခနဲ ပေါ်လာတာမို့ တုတုမှာ လန့်ဖျပ်ရင်ဖိလိုက်မိသည်။ ...ဆက်တည်း ခုန နေမျိုးဆင့် လိုက်လာတာကို မြင်များသွား...တော့ ဒုက္ခပါပဲဟု စိုးထိတ်ရင်ပူလာသည်။ ထင်သည့်အတိုင်း ...ကိုယ်က မသက်သာသော အကြည့်ဖြင့်ကြည့်ရင်း ...

"ခုန နင့်နောက်က လူတစ်ယောက် လိုက်လာသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



တုတုသည် ဘူးကွယ်မှ နားအေးမည်ဟု စဉ်းစားကာ

"ဘယ်သူမှ မလိုက်ပါဘူး"

"ငါတို့ မြင်လိုက်ပါတယ်"

"ဩော် ... ခုန အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး လူတစ်ယောက်တော့ တုတုကို လာစကားပြောတယ်"

"ဘာစကား လာပြောတာလဲ၊ တစ်လုံးမကျန် ပြန်ပြောစမ်း"

"ဂျပန်ဘာသာဌာနက ဘယ်မှာလဲတဲ့၊ အဲ့ဒီဌာနက ဆရာမ ( ... )ကို သိလားတဲ့၊ သူက အဲ့ဒီဆရာမကို လာရှာတာတဲ့"

"အဲ့ဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ"

"တုတု မသိဘူးလို့၊ တုတုက အင်္ဂလိပ်စာကလို့၊ ဂျပန်ဘာသာဌာနကတော့ ဟိုဘက်မှာရှိတယ်၊ သွားရှာလို့ ပြောလိုက်တာပေါ့"

"ဒါပဲလား ..."

"ဒါပဲလေ"

"ပြီးရော ..."

အဝေးမှန်နေသော ကိုယ်ကလည်း သေသေချာချာ မြင်ပုံမရဘဲ တုတုပြောတာကို ယုံကြည်သွားသည်။ ကိုထိုက်နှင့် ကိုမိုးကလည်း တုတုကို 'အစ်'မေးကြခြင်းသာ ဖြစ်သည်။ သူတို့ အစ်တာလောက်တော့ တုတုကလည်း ရိုးနေလေပြီ။

တုတုသည် သူ့ကိုကျောခိုင်းလာခဲ့သော်လည်း သူ့





ကြောင်းတွေးကာ စိတ်ထဲမှာ ပျော်ရွှင်ကြည်နူးသလို ခံစားနေရသည်။

အဲ့ဒီခံစားချက်ကြောင့်ပဲ သူ့ကို တုတု ခါးခါးသီးသီး ရှောင်ဖယ်ခဲ့မိတာ ဖြစ်သည်။

တုတုသည် ကိုမိုးတို့မသိအောင် နေမျိုးဆင့်နှင့် ခေါ်ဘာ ဆက်ဆံရင်း မိတ်ဆွေတွေဖြစ်လာသည်။ သူ့ကို တုတု ကြည်လာသည်။ သူကလည်း တုတုတို့ ကျောင်းကို နေ့တိုင်းလာ၍ တုတုကိုရှာသည်။ သူမလာလျှင် တုတုကလည်း ကဲန်တင်းကို ဝေ့ဝဲကြည့်ရင်း သူ့ကိုရှာမိသည်။

တစ်နေ့တော့ သူက တုတုကို သူ့ကျောင်းကို လည်လိုက်ခဲ့ဖို့ ဖိတ်ခေါ်လေသည်။

"ခဏလေးပဲလေ တုတုရဲ့ ...၊ ဒီကျောင်းနဲ့ မိန်းထဲနဲ့က နီးနီးလေးပဲ ဥစ္စာ၊ ကိုယ့်မှာလည်း ကားပါတာပဲ၊ ခဏလေး လိုက်ခဲ့ပါလား၊ နေ့လယ်စာက ကိုယ်တို့ ကဲန်တင်းမှာပဲ စားလိုက်လို့ရတာပဲ၊ ပြီးရင် ကျောင်းချိန်မီအောင် ကိုယ် လိုက်ပို့ပေးမှာပေါ့"

တုတုကလည်း မိန်းထဲကို လိုက်လည်ချင်တာမို့ ကိုထိုက်တို့ မသိအောင် တိတ်တိတ်လေး လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

တုတု သူ့ကားပေါ်မှာ ပါလာတာမို့ ကိုနေမျိုးဆင့် တုတုကို အရိပ်တကြည့်ကြည့်နှင့် ပြုံးရွှင်နေသည်။ တုတုက



www.burmeseclassic.com

www.burmeseclassic.com



တော့ တစိမ်းယောကျ်ားလေးရဲ့ကားကို စီးမိတာ ဒါပထမဆုံးမို့ အနေကျဉ်းကြပ်နေသည်။

ကျောင်းထဲရောက်တော့ သူက တုတုကို သစ်ပုပ်ပင်၊ ဘွဲ့နှင်းသဘင်၊ စာကြည့်တိုက်၊ ဂျပ်ဆင် နေရာစုံ လိုက်ပြရင်း တုတုကို ဓာတ်ပုံတွေ ရိုက်ပေးနေသည်။ တုတုလည်း ဘာဘာညာညာ လျှောက်မတွေးတော့ဘဲ ပို့စ်အမျိုးမျိုးနှင့် ပျော်ရွှင်စွာ ဓာတ်ပုံအရိုက်ခံလိုက်သည်။

ဖေဖေရော ကိုထိုက်တို့ပါ တုတုကို ချုပ်ချယ်တတ်ကြတာမို့ သူတို့အလစ်မှာ ခုလို ပေါ့ပေါ့ပါးပါးနေရတာကို တုတု ကြိုက်လာသည်။

"ကိုဆင့် တုတု ဟို တရုတ်စံကားပင် ခွကြားပေါ် တက်ထိုင်ရိုက်လို့ရလား"

"ရတယ် ... ရတယ်၊ ကိုယ်ရိုက်ပေးမယ်"

သူကလည်း တုတုကို ရှုထောင့်အမျိုးမျိုးမှ ရိုက်ပေးနေသည်။

တုတု ဓာတ်ပုံအရိုက်ခံလို့ အားရတော့မှ နာရီငုံ့ကြည့်မိရင်း ထိတ်လန့်သွားမိသည်။

"ကိုဆင့်ရေ ... ပြဿနာပဲ၊ ကျောင်းပြန်တက်ဖို့ နောက်တောင်ကျနေပြီ၊ တုတု ပြန်တော့မယ်"

"အိုကေ ... ကိုယ် အမြန်ဆုံး မောင်းပို့ပေးမယ်"

"မပို့နဲ့ ...၊ တုတုဘာသာ ကားငှားပြန်လိုက်မယ်"

"နောက်ကျနေပြီလေ၊ ကားငှားရင် ကြာနေဦးမယ်"





"ကျောင်းရှေ့မှာ ဂိတ်ထိုးထားတဲ့ ကားတွေရှိတယ်မဟုတ်လား၊ ဂိတ်ဝထိပဲ လိုက်ပို့ပေးလေ"

"ကိုယ်လိုက်ပို့ပေးပါရစေကွာ"

"မဖြစ်ဘူး ကိုဆင့်ရဲ့၊ နောက်ကျပြီးမှ ကိုဆင့်ကားကြီးနဲ့ ပြန်ရောက်လာတာ သူတို့တွေ့ရင် တုတုကို ဝိုင်းဆူကြမှာ၊ ခုလောက်ဆို သူတို့ တုတုကို ဒေါင်းတောက်အောင် ရှာနေကြမှာ၊ ခါတိုင်းဆို တုတုက နေ့ခင်းဘက်ဆို သူတို့နဲ့အတူ ထမင်းစားနေကျလေ ..."

"တုတုက သူတို့ကို တော်တော်ကြောက်ရတာပဲနော်"

"ကြောက်တာမဟုတ်ပါဘူး၊ လေးစားတာပါ၊ ကိုယ့်ကို ဂရုစိုက် စိတ်ပူပေးတဲ့ သူတွေကို တုတု မထိမဲ့မြင် မလုပ်ချင်လို့ပါ"

"ဒါဆိုလည်း သဘောပဲ"

ကိုဆင့်က သိပ်ကြည်လင်ပုံ မရပေမယ့် ဂိတ်ဝထိ
ြီး ကားငှားပေးလိုက်သည်။

တုတု ထင်သည့်အတိုင်းပင် ... တုတုတို့ ကျောင်း
ကားရပ်သည်နှင့် ကျောင်းဝန်းတံခါးနားမှာ ရပ်စောင့်နေ
ကိုထိုက်တို့သုံးယောက်ကို လှမ်းမြင်လိုက်ရပါသည်။

တုတုက ကားပေါ်ကဆင်းသည်နှင့် သူတို့ဆီ ခပ်
ာ်သွက်လေး လျှောက်လာရင်း 'အလိမ်ပေါ်တော့မလား' ဟု
တ်ခုန်နေသည်။ သူတို့ကလည်း 'တွေ့မယ်'ဟူသော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားတွေကို မောင်းတင်လျက် တုတုဆီ ချီတက်လာတာမို့ လမ်းခုလတ်မှာ တွေ့ကြလေသည်။

"ရွှေတု ..."

"မိတု ..."

"တုတု ..."

ထိုသုံးယောက်ရဲ့ တစ်ယောက်တစ်ယောက် တစ်မျိုးခေါ်သံက ပြိုင်တူထွက်လာသည်။

"ရှ ... ရှ ... ရှင် ..."

တုတုရဲ့ ရှင်သံဟာလည်း မဝံ့မရဲ ...။

ကိုထိုက်က လက်ပိုက်ရပ်လျက် တုတုကို တရားခံလို ကြည့်နေသည်။ ကိုမိုးက နှုတ်ခမ်းကို မိန်းမလို မဲ့၍ကြည့်သည်။ ကိုယံက မျက်မှန်ပေါ်မှ ကျော်ကြည့်ရင်း တုတုမျက်နှာကို စာအုပ်တစ်အုပ်လို စေ့စေ့စပ်စပ် ဖတ်ရှုနေသည်။

"ဒါ ... အခု ဘယ်ကပြန်လာတာလဲ၊ မှန်မှန်ပြောစမ်း"

"ငါတို့ကို မပြောဘဲ သွားတယ်ဆိုတော့ ဒါ မရိုးသားတာပဲ"

"နင် ဘာအကြံနဲ့ ခြေပုန်းခုတ်နေတာလဲ"

"ငါတို့မှာ ဘယ်လောက်စိတ်ပူရတယ်မှတ်လဲ၊ တစ်ကျောင်းလုံး ရှာလိုက်ရတာနဲ့နေပြီ၊ မတွေ့တဲ့အဆုံးမို့လို့ အပြင်ထွက်သွားတာ သေချာတယ်ဆိုပြီး ဒီတံခါးဝကနေ လာစောင့်နေရတာ၊ ခုတော့ ထင်တဲ့အတိုင်းပဲ ..."

"ဟို ... တုက မိန်းထဲ ခဏသွားတာပါ"





"ဘာ ... မိန်းထဲ၊ ဘာသွားလုပ်တာလဲ"

"တု အစ်မလိုခင်တဲ့ ဆရာမတစ်ယောက်က မိန်းထဲမှာ အလုပ်လုပ်နေတာလေ၊ အဲ့ဒါ မိန်းထဲ လာလည်ပါဆိုလို့ သွားလည်တာ ..."

"သွားလည်မယ်ဆိုလည်း ငါတို့ကို ပြောရင် ငါတို့လိုက်ပို့မှာပေါ့"

"ဟုတ်သားပဲ တုတု၊ အခု နင်ထွက်သွားတဲ့ ပုံစံက ငါတို့ မသိအောင် ခိုးထွက်သွားတဲ့ ပုံနဲ့တူတယ်၊ ဒါမရိုးသားတာပဲ"

"တုတု အဲ့ဒါတွေ မတွေးမိဘူး ဖြစ်သွားတယ်၊ အဲ့ဒီအစ်မက နေ့လယ်ဆို ခဏအားတတ်တယ်လို့ ပြောတာ သတိရလို့ ရုတ်တရက် ကောက်ထသွားလိုက်မိတာ၊ ကိုမိုးတို့ကို ပြောမလို့ လိုက်ရှာပါသေးတယ်၊ အလွယ်တကူလည်း မတွေ့တာနဲ့၊ အပြန်လည်း နောက်ကျမှာစိုးလို့ မြန်မြန်ထွက်သွားလိုက်မိတာ"

"နင့်အကြောင်းပြချက်တွေက ယုတ္တိမရှိဘူး၊ ငါတော့ မယုံဘူး"

"ကိုထိုက်နော် ... တု အမှန်အတိုင်းပဲ ပြောတာကို"

တုက မျက်ရည်လေးလည်လည်နှင့် ပြောလိုက်တော့ ကိုမိုးနဲ့ ကိုယံလည်း ပျာသွားကာ ...

"ဟုတ်သားပဲ ထိုက်တန်ရာ၊ မင်းကလည်း တုတုကို တရားခံစစ် စစ်မနေပါနဲ့၊ တုတု သူပြောတာတွေ စိတ်ထဲမထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိလား၊ သူက သူပွေ့ရှုပ်တိုင်း လူတကာကို သူ့လိုပဲ အဲ့ဒီကိစ္စတွေနဲ့ ရှုပ်ထွေးနေတယ်လို့ပဲ အထင်ရောက်နေတာ”

“ဟော့ကောင် ... မင်း ငါ့ကို ပုဒ်မကြီးကြီး လာတပ်မနေနဲ့၊ ငါ့ဘာသာ ကောင်မလေးတွေ လုလို့ စိတ်ဝင်စားတာ၊ တစ်ဖက်က သိပ်ကြင်နာလွန်းလို့ ရည်းစားထားလိုက်မိတာ၊ ဒါလောက်လေးကို ပွေတယ်လို့ ပြောလို့မရဘူးကွ၊ ဒါ ပေါ့ပေါ့ပါးပါးလေးတွေလို့ ပြောလို့ရတယ်၊ ရင်ဘတ်ထဲမှာ လေးပင်မယ့်ကိစ္စမျိုးတွေ ငါမလုပ်ဘူး”

“ထားပါတော့ ...၊ မင်းဘာသာ လေးလေးပေါ့ပေါ့ မပြောလိုတော့ဘူး၊ တုတုကိုသာ စိတ်ညစ်အောင် မလုပ်နဲ့ ...”

တိမ်ယံနဲ့ မိုးမာန်က ထိုက်တန်ကို ဖိယောက်နေတာမို့ ထိုက်တန်ရဲ့ လေသံကလည်း ပျော့လာကာ ...

“ကဲ ... ကဲ ... လာ ... လာ ... စိတ်ကောက်မနေနဲ့၊ ကျောင်းထဲဝင်ရအောင်၊ အတန်းတက်ရတော့မယ်၊ နောက်ကို ဘယ်သွားသွား တို့ကိုပြောသွား၊ ဟုတ်ပြီလား”

သူတို့က တုတုကို ယုံကာ ချော့မော့နေကြတော့လည်း တုတုမှာ အားနာစိတ်မကောင်းဖြစ်ရသည်။

သူတို့ကို ညာနေရသည့်အတွက် ကိုယ့်ကိုယ်ကို လိပ်ပြာမလုံချင်ပေ ...။

တုတုသည် ကိုနေမျိုးဆင့်နှင့် ခင်မင်နေခဲ့ကြောင်း တစ်နေ့တော့ အမှန်အတိုင်း ဖွင့်ပြောမည်ဟု စိတ်ကူး၏။ သို့သော်





ကူးဟာ စိတ်ကူးအဖြစ်နှင့်သာရှိပြီး လက်တွေ့ အကောင် ည်ဖော်ဖို့ မဝံ့ရဲခဲ့ပေ ...။

ထိုအတောအတွင်းမှာပင် ကိုနေမျိုးဆင့်က တုတုကို င်ပန်းခဲ့သည်။ သူ့ချစ်စကားကို ကြားရတော့လည်း တုတု ထဲမှာ ဝမ်းသာလှုချည်ရဲ့ မဟုတ်။ ရင်ခုန်တယ်လည်း မဟုတ်။ ယုံရှားပြီး ဝေခွဲရခက်တာသာရှိသည်။ ကိုထိုက်တို့သုံးယောက် ာ သူနဲ့ရည်းစားဖြစ်လိုက်ဖို့ရန်လည်း တုတု ဝန်လေးနေသည်။

“တုတု စဉ်းစားပါရစေဦး ကိုဆင့်ရယ်”

ဟု ပြောမိတော့ သူက သက်ပြင်းချရင်း ...

“တုတုဘာသာ စဉ်းစားရုံပဲလား၊ ဟိုသုံးယောက်ကို တိုင်ပင်ဦးမှာလား”

တုတုက ပြန်မဖြေဘဲ ငြိမ်နေမိသည်။

“သူတို့ကို တိုင်ပင်ရင်တော့ ဖျက်လိုဖျက်ဆီးလုပ်မှာ သေချာတယ်၊ တုတု ဘာသာပဲ စဉ်းစားဆုံးဖြတ်စေချင်တယ်”

“တုတု ကြိုးစားပါ့မယ်”

“ကြိုးစားပြီး ချစ်ရမှာမျိုးလည်း မဖြစ်စေချင်ဘူး၊ တုတု စိတ်ထဲက သူ့အလိုလို ခံစားပြီး ချစ်တာမျိုးကိုပဲ ခံယူချင်တယ်”

ဒီတစ်ခါတော့ သက်ပြင်းချရသူက တုတုဖြစ်သည်။

သူ့ကိုချစ်သလား မချစ်သလား ... ကိုယ့်ကိုယ်ကို မသေချာပေ ...။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

စ။ (က)

✦ ✦ ✦

"ယောကောင် မိုးမာန် … တောင်ပံများများ ကင်ကွာ၊ တုတ် က ကြက်ဆို တောင်ပံမှ ကြိုက်တာ"

"ဆီဖူးလည်းကြိုက်လို့ ဆီဖူးချည်း ကင်နေတာကွ၊ ဆီဖူး ကင်ရတာက ခက်တယ်၊ တွေ့လား … တွေ့လား အဆီ တစ်စက်စက်နဲ့ …"

"တုတ်တုက အသည်းအမြစ် ပိုကြိုက်တာပါကွာ၊ ငါကင်တာ ဒါနဲ့ဆို ဆယ်ချောင်းရှိနေပြီ၊ ထိုက်တန် အသည်းအမြစ် များများလှီးပြီး တုတ်နဲ့ အဆင်သင့်ထိုးထား"

"ဆီဖူးလည်း ထပ်လှီးထား၊ တောင်ပံချည်း ခုတ်မနေနဲ့"

"ပေါင်နဲ့ ရင်အုံ တစ်ခုစီကို တုတ်ချောင်းစီနဲ့ သပ်သပ်ထိုး ကင်ရမယ်၊ မိတုက ပေါင်အချောင်းလိုက် ကိုက်စားရတာ ကြိုက်တယ်"

"ရင်အုံတစ်ခုလုံး ဖဲ့ရွဲ့စားရတာလည်း ကြိုက်တာပဲ"





"ဟား ဟား … ကြက်တစ်ကိုယ်လုံး ရွှေတုမကြိုက်တာ ဘာများကျန်တော့လို့လဲ …"

"ကြက်ခြေထောက်နဲ့ ခေါင်းတော့ မကိုက်ဘူးလေကွာ"

"ဒါဆို ခြေထောက်က မိုးမာန်ဖို့၊ ခေါင်းက ယိမ်ယံဖို့"

"အဲဒါဆို မင်းဖို့က လည်ချောင်းရိုးပေါ့ ထိုက်တန်ရာ"

ထိုက်တန်တို့ ခြံထဲမှာ သူတို့သုံးယောက်ရဲ့ ရယ်သံ …ားပြောသံတွေ သောသောညံနေသည်။

ကျောင်းပိတ်ရက်မှာ တုတု ကြိုက်သော အသားကင် …ကိုယ်တိုင် ကင်ကျွေးကြဖို့ လုံးပမ်းနေကြခြင်းပင်။

မနက်စောစောကတည်းက မိုးမာန်က ဈေးမှာ …ဖို့အသားတွေ ကိုယ်တိုင်သွားဝယ်လာသည်။

တိမ်ယံက မမြင်မစမ်းနှင့်ပင် ခြံထဲမှာ အသားကင် …ဖိုချ၊ အသားကင်တွေတင်ဖို့ စားပွဲနှင့် ပန်းကန်တွေ နေရာ …ား စီစဉ်သည်။ ထိုက်တန်က မိုးယံဝယ်လာသော အသားတွေ …ားတစ်ချောင်းဖြင့် ခုတ်ထစ်၍ တုတ်နဲ့ထိုးကာ အသင့်ပြင် …နေပြီး အိမ်မှုကိစ္စ ကျွမ်းကျင်သော မိုးမာန်က အသားတွေကို …း်မတူးအောင် ကျကျနန ထိုင်ကင်နေခဲ့တာပင် …။

"ကလေးတွေ ဒါ မင်းတို့ ဘာအထိမ်းအမှတ်လုပ်တဲ့ပွဲလဲ"

ထိုက်တန် မာမီ အန်တီစတယ်လာက အိမ်ထဲမှ …လာပြီး လှမ်းမေးတာမို့ မိုးမာန်က အသားကင်ချောင်းကို …က်သို့ လှန်ကင်လိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"အထိမ်းအမှတ်ကတော့ တုတု အထိမ်းအမှတ်ပဲ အန်တီ စတယ်လာရေ ...."

"မင်းတို့ အထိမ်းအမှတ်က တစ်မျိုးပါလား"

"ကျောင်းမှာဆို တုတုက ကျွန်တော်တို့စားဖို့ စားစရာတွေ အမြဲထည့်ယူလာတတ်တာလေ၊ အဲ့ဒါကြောင့် ကျွန်တော်တို့ကလည်း သူ့အတွက် တစ်ဖန်ပြန်ပြီး ကျေးရူးဆပ်တဲ့ အနေနဲ့ သူကြိုက်တဲ့ အသားကင်ကို ကိုယ်တိုင် ကင်ကျွေးကြမလို့"

"မင်းတို့ တုတုက ဒီကို လာရဲပါ့မလား၊ သူ့အဖေ ခေတ်ဆန်းက ခွင့်ပြုချင်မှ ခွင့်ပြုမှာပေါ့"

"သူ့တီတီ လိုက်ပို့မယ်ပြောတယ်၊ သူ့တီတီ အပျိုကြီးက လူငယ်တွေကို နားလည်မှုရှိတယ် အန်တီရဲ့"

"မင်းတို့နဲ့ တုတု အခြေအနေကရော ဘယ်လိုလဲ"

"ဘာအခြေအနေကို မေးတာလဲ အန်တီ"

"တုတုက မင်းတို့ထဲက ဘယ်သူ့ကို ပိုပြီး ကိုင်းညွတ်လဲ"

"အတူတူပဲ ခင်နေကြတာ"

"မင်းတို့တရော ..."

"ကျွန်တော်တို့ကလည်း အတူတူပဲ ခင်ကြပါတယ်"

"မင်းတို့ သုံးယောက်လုံး ညှံ့ကိုညှံ့တယ်၊ ဝါးတားတားတွေချည်းပဲ၊ ရှေ့ရတဲ့ သူများလက်ထဲပါသွားတော့မှ လွတ်တဲ့ငါး ကြီးနေမှာ မြင်ယောင်သေးတယ်"





"ဟာ ... မာမိရေ ဒီမှာ ငါးကြီး အကြီးကြီးပဲဗျို့၊ မာမ့်ဖို့ တစ်ကောင် ပိုကင်လိုက်ရမလား"

ထိုက်တန်က တုတ်ထိုးထားသော တီလားဗီးယား တစ်ကောင်ကို မြှောက်ပြရင်း အော်ပြောလိုက်တာမို့ စတယ် ... ထိုက်တန်ကို မျက်စောင်းထိုး၍ အိမ်ထဲပြန်လှည့်ဝင်သွားသည်။

သူတို့သုံးယောက်ကတော့ တုတုအလာကို မျှော်ရင်း တက်တက်ကြွကြွ အသားကင်လျက်ပင်။

တုတုကို သူတို့ ချစ်မိသလား မချစ်မိသလားတော့ ပါ။

ခုလောလောဆယ်မှာတော့ သူတို့ကိုယ်တိုင် ကင်သော အသားတွေကို တုတု မြိန်ရည်ယှက်ရည် စားနေတာကို ကြည့်နေရရင် ပီတိဖြစ်မှာတော့ သေချာနေပါသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

၈။ (၈)

✦ ✦ ✦

"တုတု သွားတော့မယ် တီတီ ..."

"အေး ... အေး၊ ငါ ဂျန်ရှင်းအိတ်ရယ်၊ အိုးရှင်းရယ် ရှေ့ပင်းစင်တာနှစ်ခုလောက် ပတ်ပြီးရင် ပြန်လာခေါ်မယ်"

"တုတုက ကြာချင်ကြာမှာ၊ ဂမုန်းပွင့်ပါ ထပ်ဖတ်လိုက်ပါလား တီတီ"

"ကောင်မလေးနော် ကဲလာပြီ ...၊ ရောင့်တက်လာပြီ ဘယ်အခေါ်အပိုကြီးက အမေမသိအောင် ယောကျ်ားလေး သူငယ်ချင်းအိမ် သွားလည်မယ့်ကိစ္စကို ကူညီမှာလဲ ပြော"

"ဟင်း ... ဟင်း ... တီတီ မုလိုကူညီတဲ့အတွက် တုတုကလည်း ညည တီတီ တစ်ယောက်တည်း အိမ်ဖုန်းကို သန်းခေါင်သန်းလွဲ ပြောပြောနေလည်း ဘာမှမပြောဘူးလေ တုတု သူငယ်ချင်းတွေနဲ့ ဖုန်းပြောချင်တာတောင် ဟိုတို ကိုင်ပြီး မပြောဘဲနေပေးတယ်လေ၊ တီတီ့ထက် ဆယ်နှစ် ကျော် ငယ်တဲ့ ကောင်လေးတစ်ယောက်နဲ့ အီစီကလီဖြစ်





တာကိုလည်း မေမေ့ကိုပြန်မပြောဘူးလေ၊ တီတီ ဆောင်းဘီ တိုလေးဝတ်ပြီး ခြံထဲဆင်း ကြိုးခုန်တာကို လှမ်းမြင်သွားတဲ့ ဟိုဘက်ခြံက ကောင်လေးက တီတီ့အသက်ကို မေးတော့ လည်း တီတီ သင်ပေးတဲ့အတိုင်း လက်ရှိအသက်ထက် ဆယ်နှစ်လျှော့ပြီး ညာပြောပေးတယ်လေ"

"အေးပါဟယ်၊ အေးပါ ... အေးပါ တော်ပါတော့၊ ကြွတော် မူပါတော့၊ ဂမုန်းပွင့်မှာ နှစ်နာရီလောက် ထပ်ပတ်ပြီးမှ ပြန်လာခေါ်ပါ့မယ်၊ တကတည်း ငါ့ကိုပြောသွားလိုက်တာ ရစရာကိုမရှိတော့ဘူး"

"အဟိ၊ တာ့တာ တီတီ၊ တီတီဖို့ ငါးကင်တစ်ကောင် ထည့်ယူလာခဲ့မယ်နော် ..."

တုတုက ပြုံးစိစိလေးပြောပြီး ကားပေါ်မှ ဆင်းလာ တီတီက တုတုကို မျက်စောင်းထိုးပြီး ကားမောင်းထွက် သည်။

တုတုသည် ကျောပိုးအိတ် လွယ်ကြိုးလေးကို လက် ကိုင်ရင်း ထိုက်တာန်တို့ခြံထဲသို့ ဝင်လာခဲ့ပါသည်။

"ကိုထိုက် ... ကိုမိုး ... ကိုယံ ..."

"ဟော ... တုတုတောင် လာပြီ"

"အားပါး ... မွှေးလိုက်တာ၊ စားရချေသေးရဲ့"

တုတုက အကင်နံ့တွေကို ရှိုက်ရှူလိုက်ပြီး သူတို့ ကာ ခုံလေးမှာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စားရမှာပေါ့၊ နင်စားဖို့ပဲ ကင်နေကြတာ၊ ရော့ … ငါ ကင်ထားတဲ့ ငါး၊ စားကြည့်လိုက်ဦး"

ကိုထိုက်က တီလားဗီယား တစ်ကောင်ကို တုတ် ချောင်းလေးမှ ကိုင်မြှောက်လျက် တုတုရှေ့သို့ ယူလာသည်။

"ယောဒီမှာ ဆီဖူးနဲ့ တောင်ပံကင် လာပါပြီခင်ဗျာ၊ အိုး … တောင်ပံပါရင် တုဆိကို …"

ကိုမိုးက သီချင်းအော်ဆိုရင်း သိမ်မွေ့ညင်သာသော ခြေလှမ်းများဖြင့် တုတုဆီ ခပ်နွဲ့နွဲ့လှမ်းလာသည်။ ကိုယ်က အသားကင်နေရင်းက …

"တုတုရေ … အဲဒီကောင်တွေက အလကား နှမ်းဖြူးနေ တာ၊ တကယ်လုပ်ရတာက ငါ၊ အား … မျက်လုံးက ဘာမှတောင် မမြင်ရတော့ဘူး၊ မျက်မှန်ကို မီးခိုးရိုက်နေ ပြန်ပြီ"

ဟု ပြောပြီး သူ့မျက်မှန်ကိုချွတ်ကာ အင်္ကျီလက် မောင်းစနှင့် ပွတ်သုတ်လိုက်သည်။

တုတုသည် ငါးကင်တစ်ဖဲ့ ကိုက်စားလိုက်ရင်းက သူတို့သုံးယောက်ရဲ့ နွေးထွေးမှုကြောင့် ကိုယ်ကိုယ့်ကို အပြစ်ရှိသလို ခံစားလာရပါသည်။

သူတို့ကတော့ တုတုကို ဂရုစိုက်လိုက်ကြတာ … တုတုကတော့ သူတို့ကို အသိမပေးဘဲ ရည်းစားခိုးထားဖို့ ကြံရွယ် နေမိသည်။ သူတို့သိရင် ဘယ်လောက် စိတ်ဆိုးလိုက်မလဲ …

တုတုသည် ထိုအတွေးကို ထပ်တလဲလဲ တွေးရင်း





တ်တရက် လည်ပင်းနင်သွားတာမို့ ကိုယ့်ရင်ဘတ် ကိုယ် လက် းဆုပ်လေးဖြင့် ထုထုချမိတော့ ကိုထိုက်က ရေတစ်ခွက် အမြန် ူးယူလာသည်။

"ရော့ … ရော့ သောက်ချလိုက်ဦး၊ လည်ပင်းနင်အောင် စားရတယ်လို့ကွာ …"

"မင်း မကင်တတ် ကင်တတ် ဝင်ကင်တဲ့ ငါးက မနူးလို့ နင်သွားတာ ဖြစ်မှာပေါ့ကွ …"

"ငါ့ငါးက မနူးစရာ အကြောင်းမရှိဘူး၊ ပုစွန်အကြွေး ငါးအနေးလို့ ဆိုရိုးတောင်ရှိသေးတယ်၊ ပုစွန်ဆိုတာ ကြွေး ရင် ကျက်တယ်၊ ငါးဆိုတာ နွေးရင်ကျက်ပြီးသားပဲ၊ မင်း ကင်တဲ့ ကြက်ဖင်သာ ချေးမစင်လို့ တုတု နင်သွားတာ"

"ငါ့ကြက်ဖင် အဲ … ကြက်ဆီဖူးကို တုတု တစ်ခုမှ မစား ရသေးဘူးကွ"

တုကုက ကိုထိုက် ကမ်းပေးသည့် ရေခွက်ကို ာက်ချပြီးမှ …

"တုတု ဘာမှမဖြစ်တော့ပါဘူး"

ဟု ပြောတော့မှ သုံးယောက်လုံး အငြင်းအခုန် သွားသည်။

"တုတု … စား … စား၊ အစားကိုပဲ အာရုံစိုက်စား၊ ငါတို့ လည်း စကားမပြောတော့ဘူး၊ နင်လည်း စကားမပြောဘဲ စား၊ စကားပြောရင်း စားရင် လည်ပင်းထပ်နင်နေလိမ့် ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံးက တုတုရှေ့မှာ အကင်တွေ လာ(ချ) ပေးပြီး တုတုကြိုက်သည့် ရုံးပတီသီးလေးတွေကို လှီးသူကလှီး၊ တုတ်ထိုးသူကထိုး၊ ကင်သူက ကင် အလုပ်ရှုပ်နေကြသည်။

တုတုသည် သူတို့ကျွေးသမျှကို စားရင်း တဖြည်းဖြည်း မျက်ရည်လည်လာသည်။

တုတု သူတို့ကို ဆက်မညာချင်တော့တာမို့ ဆောင်ပ(ျံ)ကို ငုံ့ကိုက်နေရာက ကိုမိုးကို မဝံ့မရဲ မျက်လွှာလေးပင့်၍ ကြည့်လိုက်ရင်း ...

"ကိုမိုး ..."

"အင်ဟင် ... ဘာယူဦးမလဲ၊ ဒီမှာ ရုံးပတီသီးကင် ကျက်တော့မယ်၊ ခဏစောင့် ..."

ကိုမိုးက တုတုကိုမကြည့်ဘဲ ရုံးပတီသီးကင်ကိုသာ အာရုံစိုက်၍ ဟိုအက်ဒီဘက် နေရာရွှေ့ကင်နေသည်။

"ဟိုလေ ... ကိုမိုး ဟိုတစ်ခါပြောဖူးတာလေ၊ ယောကျ်ား တွေအကြောင်း ယောကျ်ားချင်းတာ အသိဆုံးဆိုတော့ သဲ(ဒါ) တကယ်လားဟင် ..."

"တကယ်ပေါ့၊ ဟင် ... ဘာလို့မေးတာလဲ တုတု ..."

ကိုမိုးက ပေါ့ပေါ့ပါးပါး ပြန်ဖြေပြီးမှ ချက်ချင်း သတိဝင်လာကာ တုတုကို မယုံသင်္ကာမျက်လုံးကြီးနှင့် လှမ်းကြည့်လိုက်ပါသည်။ ကိုထိုက်နဲ့ ကိုယ်က‌လည်း တုတုကို အကဲခတ်သလို လှမ်းကြည့်နေသည်။

တုတုသည် မဝံ့မရဲ အသံလေးဖြင့် ...





"တုတု သိချင်လို့ မေးတာပါ"

"ဘာလို့သိချင်တာလဲ"

ခပ်မာမာ လှမ်းမေးသူက ကိုထိုက်။

"တုတု မသိလို့ သိချင်တာပေါ့"

"ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ဒီမေးခွန်း မေးတာ အကြောင်းရင်း တစ်ခုခုတော့ရှိရမယ်၊ စောစောစီးစီး အမှန်အတိုင်းပြော၊ နောက်မှသိရရင် ခွင့်မလွှတ်ဘူး"

"ဟိုလေ ... တုတု ရည်းစားထားရင် ကောင်းမလားလို့"

"ဘာ ..."

"ဘာ ... ဘာ ... ဘာ ..."

တုတု နားမှာ ဘာသံတွေ ဆောဆောညံသွားသည်။

ထိုဘာသံများရဲ့ နောက်ကွယ်မှာတော့ ထိုက်တန်၊ (ဖြိုး)မာန်နှင့် တိမ်ယံတို့ သုံးဦးရဲ့ ရင်ဘတ်ထဲမှာ တစ်မျိုးကြီး (ခံစားမှုတွေ ဖြစ်)ပေါ်လာပါသည်။ [(ရှိ)ကဲ်ဟာလာပါသည်။]

သုံးယောက်လုံးမှာ လက်ထဲက အကင်ချောင်းတွေ(ကို) လွှတ်ချပစ်ခဲ့ပြီး တုတုနားသို့ တရွေ့ရွေ့ တိုးကပ်လာသည်။

တုတုသည် ထိုသုံးယောက်ရဲ့ ပုံစံတွေကြောင့် ရှုံ့တွန့်(တွ)န့်ဖြစ်လာကာ နောက်သို့ မသိမသာ ရွှေ့ထိုင်လိုက်ရင်း ...

"လန့်လိုက်တာ ကိုမိုးတို့ကလည်း ..."

"ငါတို့က နင့်ထက် ပိုလန့်သေးတယ်၊ နင့်လို မအူမလည် သူငယ်နှပ်စားပုံမျိုးနဲ့ ရည်းစားထားဖို့ စိတ်ကူးတာ တော်တော် လန့်စရာကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တုတုလည်း အရွယ်ရောက်နေပြီပဲဟာ"

"အံမယ် ... ဆင်ခြေက ..."

"နင်က လူပဲအရွယ်ရောက်တာ၊ စိတ်က အရွယ်ရောက် သေးတာမှ မဟုတ်တာ ..."

"စိတ်အရွယ်ရောက်လို့ ရင်ခုန်တတ်လာတာပေါ့"

"ဘာ ... ရင်ခုန်တယ် ... ဟုတ်လား"

"ဟုတ်တယ် ...၊ တုတု သူ့ကိုတွေ့ရင် စိတ်လှုပ်ရှားပြီး ရင်တွေခုန်လာသလိုပဲ၊ တုတု သူ့ကိုချစ်မိနေပြီလား မသိ ဘူး"

"တတ်ယောင်ကား အချစ်ပါးဝှမနဲ့ လာတွေ့နေပါလား။ ဒီမှာ သေချာမှတ်ထား၊ အဲ့ဒါ အချစ်လုံးဝမဟုတ်ဘူး၊ နင် သူ့ကို လုံးဝမချစ်ဘူး"

"ကိုထိုက်က ဘာလို့ တပ်အပ်ကြီး ပြောနိုင်ရတာလဲ"

"ငါက သမ္မာရင့်လေ ...၊ ရည်းစားလိုလိုဘာလိုလိုလေး တွေနဲ့ ပတ်သက်ခဲ့ဖူးတာ အံတိုနေပြီ၊ လှတာမြင်ရင် ရင် ခုန်ရလွန်းလို့ ငါ့ရင်ခုန်သံတွေကိုသာ အသံဖမ်းထားရင် တစ်ကမ္ဘာလုံးကလူတွေ နားငြီးသွားမယ်၊ ဒါပေမယ့် ငါ နုထိ ဘယ်မိန်းကလေးကိုမှ မချစ်ဖူးသေးဘူး ..."

"တုမှာက ရင်ခုန်စိတ်လှုပ်ရှားတာထက် ပိုသေးတဲ့ ခံစား ချက်တွေလည်း ရှိသေးတာ"

"ပြောစမ်းပါဦး"

"တု သူ့ကိုတွေ့ရင် ပျော်တယ်"





"အံမယ် ... ပြီးတော့ရော"

"သူ့ကိုမတွေ့ရင် မပျော်ဘူး"

"အဲ့ဒါနဲ့ပဲ အချစ်ဖြစ်ရောလား"

"သူပြုံးရင် တုတုစိတ်တွေ ကယောက်ကယက် ဖြစ်တယ်"

"အဲ့ဒါလေးနဲ့ အချစ်လို့မပြောနိုင်သေးပါဘူး"

"ဒါဆို ဘယ်လိုဟာမျိုးကမှ အချစ်လဲ၊ ကိုထိုက်ပဲ ပြောပြ ပါဦး"

"အင်း ... အဲ့ဒါက ..."

ထိုက်တန်က ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ သွားပါသည်။ သူက တုတု ဘာပြောပြော ဖျက်လိုဖျက်ဆီး လို့သာ ကြံရွယ်ထားတာမို့ပင်။

"အင်း ... ဒါက ပြောရခက်တယ်လေ၊ အချစ်ဆိုတာ သူ့ အလိုလို ဖြစ်လာတာ၊ ဘာကဘယ်လိုဆိုတာ သေချာ ပြောမရဘူး၊ ဒါပေမယ့် သေချာတာတစ်ခုကတော့ နင် ဖြစ်နေတာ အချစ်မဟုတ်ဘူးဆိုတာပဲ ..."

"ကိုထိုက်ကလည်း တုတု လူ ဘယ်သူဆိုတာတောင် မမေး ဘဲ စွတ်ကြီး ဖျက်နေတော့တာပဲ၊ ကိုထိုက်တို့ ပြောတော့ တုတုရည်းစားထားမယ်ဆိုရင် ကိုထိုက်တို့ကို အသိပေး တိုင်ပင်ပြီးမှ ထားဆို၊ အဲ့ဒါကြောင့် တုက အသိပေးတာ၊ တုတုလူကို အကဲခတ်ပြီးမှ ကောင်း၏ဆိုး၏ပြောပေါ့၊ ခုတော့ တုတုလူ ဘယ်သူပဲဖြစ်ဖြစ် အဲဒီလူကို တုတု မချစ်ဘူးချည်း ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... သိပ်ပြောချင်သပဆိုလည်း ပြောပေါ့၊ တကာ့လူက ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဘာလုပ်လဲ၊ ဘယ်အရွယ်လဲ၊ ဘယ်လိုပုံလဲ"

မိုးမာန်က ခပ်ငေါ့ငေါ့ ဝင်မေးလိုက်သည်။ တိမ်ယံက ငြိုငြင်သံကြီးဖြင့် ...

"ဘယ်တုန်းက တွေ့သွားလိုက်မှန်းတောင် မသိလိုက်ဘူး၊ ဒီလောက် ကြပ်မတ်နေတဲ့ကြားက ..."

"နင် ဟိုနေ့က တက္ကဆီနဲ့ပြန်လာတာ အဲဒီလူဆီ သွားတာမဟုတ်လား၊ အဲ့ဒါကြောင့် ငါတို့စိတ်ထဲ မသင်္ကာဖြစ်နေတာ၊ ခုတော့ ထင်တဲ့အတိုင်းပဲ"

"တုတု လူက မိန်းထဲကမို့လို့ တုတု ခဏလိုက်လည်မိတာ"

"ဘာ ... မိန်းထဲက ဆရာလား ..."

"မဟုတ်ပါဘူး၊ ဘွဲ့လွန် ဒီပလိုမာ လာတက်နေတာ ..."

"ဟာ ... ဒါဆို အဘိုးကြီးပေါ့"

"ဘာအဘိုးကြီးလဲ"

မိန်းထဲက ဒီပလိုမာတွေဆိုတာ ခပ်ဟိုင်းဟိုင်းလူကြီးတွေပဲ တက်တာလေ၊ ငါ့အဖေရဲ့ သူငယ်ချင်းရဲ့ အဖေကြီးတောင် အသက် ၆ဝပြည့် အငြိမ်းစားယူပြီးမှ ပျင်းလို့ဆိုပြီး အဲဒီမှာ စိတ်ပညာ ဒီပလိုမာ သွားတက်နေတာ"

"တုတုလူလည်း ဆိုက်ကိုတက်နေတာ"

"ဘာ ... နင့်လူက ဆိုက်ကိုကြီးလား"





"ဆိုက်ကို ဒီပလိုမာတက်နေတာကို ပြောတာ"

"ဒါဆို အူကြောင်ကြောင်ထဲကပဲပေါ့"

"ကိုမိုးနော်၊ မဟုတ်တာမပြောနဲ့"

"အသက်ကရော ..."

"တုထက်ကြီးတာပေါ့၊ အစိတ်ကျော်ပြီထင်တယ်"

"ဟိုင်းပြီပဲ၊ သူလည်း အပြင်မှာ မစွံလို့ ကျောင်းလာပြန်တက်ပြီး စားကျက်ရှာနေပုံရတယ်"

"ကိုထိုက်နော် ... ကိုထိုက်နော်"

တုတုက မျက်ရည်ဝဲလာတာမို့ သူတို့အားလုံး ခဏငြိမ်သွားကြပြီးမှ ထိုက်တန်က သက်ပြင်းခိုးချကာ ...

"အခု ... နင်က ဘာဖြစ်ချင်နေတာလဲ ..."

"ကိုထိုက်တို့ ပြောထားဖူးတဲ့အတိုင်းပဲ ဖြစ်ချင်တာပါ"

"ငါတို့ ဘာပြောထားဖူးလို့လဲ ..."

"တု ရည်းစားထားချင်ရင် ကိုထိုက်တို့ကို တိုင်ပင်ရမယ်ဆို၊ ကိုထိုက်တို့က ဝိုင်းဝန်းအကဲခတ်ပေးမယ်ဆို ..."

"ဪ ... ဒါလား"

"အင်း ... ခဏနေဦး၊ စဉ်းစားလိုက်ဦးမယ်"

"ဟာ ... မေ့နေလိုက်တာ၊ ရေခဲသေတ္တာထဲက အသားဘူး အပြင်ထုတ်ချထားတာ ခုလောက်ဆို ရေခဲတွေ ပျော်နေလောက်ပြီ၊ ထမင်းစားခန်းထဲမှာ ငါသွားယူလိုက်ဦးမယ်"

ထိုက်တန်က မိုးမာန်နှင့် တိမ်ယံတို့ကို မျက်စိမှိတ်ပြသွားတာမို့ နှစ်ယောက်လုံး သဘောပေါက်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ငါလည်း မီးသွေးယူဖို့ မေ့နေတာကွ၊ အကျ(
မီးဖိုထဲမှာ မီးသွေးကုန်တော့မယ်"

"ဟာ … ဆော့စ် ဆော့စ်ကုန်နေပြီ၊ ဆော့စ်ပုလင်း သွ(
ယူလိုက်ဦးမယ်၊ ခဏစောင့်နော် တုတု"

သုံးယောက်လုံးက ရှေ့ဆင့်နောက်ဆင့်ဆိုသလို အိမ်(
ဘက်သို့ ခပ်သွက်သွက်လေး ထွက်သွားကြလေသည်။

❦ ❦ ❦



(၈)

✦ ✦ ✦

"ကဲ … ဘယ်လိုလုပ်ကြမလဲ၊ တကယ် အကဲခတ်ဆေးလိုက်ရမလား"

"နေဦး … မင်းမေးတာ မဖြေနိုင်သေးဘူး၊ ငါ ငါ့ရှင်ဘတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ငါ … ငါလည်း တုတု ရည်းစားထားရင် ကောင်းမလား လို့ ပြောကတည်းက ဘယ်ဟက်ရင်ဘတ်နားမှာ လှိုက်ခနဲ ဖြစ်သွားတယ်၊ ငါ တုတုကို ချစ်နေတယ်ထင်တယ်"

မိုးမာန်နှင့် တိမ်ယံက သူတို့ရင်ဘတ်ကို သူတို့ဖိကာ ပြောလိုက်ကြတာမို့ ထိုက်တန်က မီးဖိုခန်းထောင့်က ခုံလေးမှာ ခြေပစ်လက်ပစ် ချလိုက်ရင်း …

"ပြဿနာတော့ အကြီးအကျယ် တက်ပြီ"

"ဘာပြဿနာလဲ"

"နှလုံးသား ပြဿနာလေ၊ ငါ့ရင်ဘတ်ထဲမှာလည်း တစ်မျိုးကြီးပဲ၊ ငါလည်း တုတုကို ချစ်မိနေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ အပိုတွေပါကွာ ထိုက်တန်ရာ၊ မင်း ဒါမျိုး ဖြစ်နေကျပဲ မဟုတ်လား"

"မဟုတ်ဘူးကွ! ဟိုဟာတွေက အပေါ်ယံရုပ်ထိတာ၊ အမှု နက်နက်ရှိုင်းရှိုင်းထိတာ၊ ငါ တုတုကို နမြော့တယ်ကွာ၊ သူများလက်ထဲ အပါမခံနိုင်ဘူး ..."

"ကလေးအထာတွေကွာ ..."

"ဘာကလေးအထာလဲ ..."

"ကလေးတွေ မတွေ့ဖူးဘူးလား၊ အရုပ်လှလှလေးတွေ တွေ့ရင် တစ်ခုဆို တစ်ခု သတ်သတ်မှတ်မှတ် မယူဘူး၊ ဟိုဟာလေးလည်း ငါ့ဟာ၊ ဒီဟာလေးလည်း ငါ့ဟာ လုပ် ရော၊ သူတစ်ခုယူထားပြီးလို့ သူများက ကျန်တာ ယူရင် တောင် အဲဒါ သူ့ဟာပါလို့ ချက်ချင်းထဖြစ်ကြရော ...၊ မင်းက ကလေးလိုမျိုးပဲ"

"ဘာမှ မဆိုင်ဘူး ဟေ့ကောင် ...၊ ဒါကမှ ငါ့အတွက် တကယ့်အစစ် ..."

"နောက်လည်း အစစ်က ထပ်တွေ့ဦးမှာပဲ မဟုတ်လား အဲဒီအခါကျတော့ အခု အစစ်ဖြစ်နေတဲ့ဟာက အတုဘ ရောက်သွားပြန်ရော"

"မင်း ... စကားကို ကပ်မပြောနဲ့ မိုးမာန်၊ မင်း ချစ်တယ် ဆိုတာကမှ တကယ့်ကို မအပ်မစပ်ကြီး"

"ဘာကို မအပ်စပ်တာလဲ ..."





"မင်းပုံစံက နွဲ့တဲ့တဲ့နဲ့ ...၊ မင်း ကောင်လေးတွေကိုပဲ ဂရုစိုက်နေစမ်းပါကွာ ..."

"ငါ ဆွဲထိုးလိုက်ရ ..."

မိုးမာန်က ထိုက်တန်ရဲ့ အကျီကော်လံစကို လှမ်း ဆွဲလိုက်တာမို့ တွန်းထိုးရန်းကန်ရင်း ဝရန်းသုန်းကား ဖြစ်သွား သည်။

"အရေးထဲမှာ မင်းတို့ကကွာ ..."

တိမ်ယံက ဆွဲလွှဲ လှုခွဲလိုက်တော့မှ မိုးမာန်က ငိုတော့မလို မျက်နှာနှင့် ထိုက်တန်ကိုစိုက်ကြည့်ရင်း ...

"ငါက မင်းထက် စစ်မှန်တယ်ကွ၊ မင်း တခြား ကောင် မလေးတွေနဲ့ ဟေးလားဝါးလား အာရုံများနေကတည်းက ငါက တုတုကို ဂရုစိုက်မိနေခဲ့တာ၊ သံယောဇဉ်ဖြစ်ခဲ့ရတာ၊ အရိပ်တကြည့်ကြည့် နေခဲ့ရတာ၊ ငါချစ်တယ်ဆိုမှ မင်းက ချက်ချင်းကြီး ထချစ်တယ်ဆိုတာ လုံးဝအဓိပ္ပာယ်မရှိဘူး"

ထိုက်တန်က သူ့ဂျင်းဆောင်းဘီကို ဖုန်ခါသလို လုပ်လိုက်ပြီးမှ လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်ရိုက်ခါလိုက်ရင်း ...

"ဂျေပဲ ...၊ မင်း ငါ့ကို ဂျေဝင်နေတာ၊ မာနလိုဖြစ်နေတာပဲ မိုးမာန်၊ မင်းပုံစံက ယောကျ်ားမပီသဘူး၊ ဆွဲဆောင်မှုမရှိ ဘူး၊ ငါ့ပုံစံက ယောကျ်ားလည်း ပီသတယ်၊ ဆွဲဆောင်မှု လည်း ရှိတယ်၊ အဲဒီတော့ မင်းနဲ့ ငါ ယှဉ်အရွေးခံရင် တုတုက ငါ့ကိုရွေးမှာသေချာနေတော့ မင်း ခုလို ပေါက်ကွဲ နေတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ..."

ရုတ်တရက် တိမ်ယံက ချောင်းဟန့်သံ အကျယ်ကြီး ပြုလုပ်ပြီး သူ့မျက်မှန်ကို လက်ညှိုးဖြင့် တစ်ချက်တွန်းတင်ကာ တွေးတွေးဆဆ လေသံဖြင့် ...

"ငါထင်တယ် ... တုတုက မင်းတို့ နှစ်ယောက်လုံးကို ရွေးမယ်မထင်ဘူး"

ဟု ပြောရင်း ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းခါ

မိုးမာန်က တိမ်ယံကို စွေကြည့်ရင်း ...

"ဒါဆို တုတုက သူ့လူကိုပဲ ရွေးမယ်ဆိုတာ သေချာတယ် လို့ ဆိုလိုချင်တာလား"

"မဟုတ်ဘူး၊ မဟုတ်သေးဘူး"

တိမ်ယံက သူ့ခေါင်းကို ခပ်ကြာကြာလေး ယမ်းနေ ပြီးမှ သူ့ရင်ဘတ်သူ လက်ညှိုးနှင့် ထောက်လျက် ...

"တုတုက ငါ့ကိုရွေးမှာ"

"မင်း လဲသေလိုက်"

မိုးမာန်နှင့် ထိုက်တန်က သံပြိုင်အော်ရင်း တိမ်ယံ ကို လှမ်းကန်လိုက်သည်။ တိမ်ယံက ကွေ့ပတ်ရှောင်လိုက်ရင်း

"မင်းတို့ပဲ စဉ်းစားကြည့်လေ၊ တုတုလို ရိုးသားဖြူစင် အေးချမ်းတဲ့ မိန်းကလေးမျိုးက ထိုက်တန်လို ပွပွလော လောင် လူမျိုး၊ မိုးမာန်လို ပုံမမှန်တဲ့ လူမျိုးကို ရွေးမယ့် အစား ငါ့လို ပညာတတ်ဆန်တဲ့ သူကိုပဲရွေးမှာပေါ့ ..."

"တုတုလား ... ရွေးမှာ၊ မင်းလို မှန်ဝါးဝါးကောင်ကို"





"ကိုထိုက်ရေ ... ကိုမိုးရေ ... ကိုယံရေ ... မြန်မြန်လာကြလေ၊ ဘာလုပ်နေတာလဲ၊ ကြာလှပြီ"

"ဟော ... တုတု ခေါ်နေပြီ၊ ကဲ ... ကဲ ... ဒီကိစ္စကို အမြန် နိဂုံးချုပ်လိုက်ကြရအောင်၊ တော်ကြာ တုတု ရိပ်မိနေဦး မယ်"

ထိုက်တန် ... မင်းက ဒါမျိုးကိစ္စမှာ ကျွမ်းကျင်အဆင့်(၁)ပဲ၊ မင်းပြောကွာ၊ ငါတို့ ဘာလုပ်ကြမလဲ ..."

တုတုကလည်း လှမ်းအော်ခေါ်နေပြီမို့ ထိုက်တန်က ခေါင်းကိုမော့ကာ ခဏစဉ်းစားလိုက်ပြီး ...

"ငါတို့ချင်း စည်းလုံးညီညွတ်မှု ပြိုကွဲသွားရင် တိုင်းတစ်ပါး နယ်ချဲ့ အဲ ... အပြင်လူပေါ့ကွာ၊ အပြင်လူလက်ထဲ ပါသွား နိုင်တယ်၊ အဲ့ဒီတော့ ခုလောလောဆယ်မှာ သူချစ်တာ ငါချစ်တာ အငြင်းမပွားဘဲ တစ်စည်းတစ်လုံးတည်း ညီညီ ညွတ်ညွတ်နဲ့ တုတုကိစ္စကို ဖျက်ကြဖို့ပဲ၊ အဲ့ဒီကိစ္စ ရှင်းသွား ပြီးမှ ငါတို့ကိစ္စကို ဆက်ရှင်းကြတာပေါ့၊ ခုလောလောဆယ် မှာတော့ တုတုနဲ့ သူ့လူနဲ့ ကွာပြီဖို့ပဲ အရေးကြီးတယ်"

"ဟုတ်တယ် ... တုတု စိတ်မပါအောင်လည်း ဖျက်၊ ဟိုလူ့ ကို ရှာမွေ့ပြီးတော့ စိတ်ပျက်အောင်လည်း ဖျက်၊ တစ်နည်း မဟုတ် တစ်နည်း တရကြမ်း ဖျက်ပစ်ရမယ်"

"အိုကေ ... ကောင်းတယ်၊ လာ ... ထွက်စို့ ... တုတု ချော် နေပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



စောစောကလေးကမှ မီးပုံးဗျောင်ထဲမှာ ဝရုန်းသုန်းကား အချင်းများခဲ့ကြသော ထိုက်တန်တို့ သုံးယောက်သည် လက်ချင်းမြဲမြဲတွဲလျက် မီးဖိုခန်းထဲမှ အတူတကွ ထွက်လာခဲ့ကြလေသည်။

❦ ❦ ❦



(ဃ)

✦ ✦ ✦

"တုတု နှင့်လှုနှာမည်က ဘယ်သူ ..."

"နေမျိုးဆင့် တဲ့ ..."

"ဟား ... ဟား ... ဟား ခုနစ်ဆွေး ရှစ်ဆွေးက နာမည်ကြီး၊ ဆင့်တဲ့၊ ဘာဆင့်လဲ၊ အပေါ်ဆင့်လား၊ အောက်ဆင့်လား၊ အထက်ဆင့်လား၊ ဟား ဟား ဟား ..."

တိမ်ယံက ရုတ်တရက် ခေါင်းကိုမော့လှန်ကာ ရယ်လိုက်တာမို့ တုတုက တိမ်ယံ့ကို တအံ့တသြ ကြည့်မိသည်။ ဒီလိုအပြုအမူမျိုး ကိုယ် မလုပ်ခဲ့ဖူးလို့ပင်။

ကိုယ်က ခေါင်းမော့နေရာကနေ ပြန်ငုံ့လိုက်၊ ဆားကို ယမ်းခါလိုက်၊ ကိုယ်ကိုယိမ်းထိုးလိုက်ဖြင့် ရယ်မောလိုက်တာမို့ မျက်မှန်က စောင်းရွဲပြုတ်ကျသွားသည်။ ထိုက်တန်နှင့် မိုးမာန်လည်း တိမ်ယံ့အပြုအမူကို တအံ့တသြကြည့်နေမိသည်။ ဒီကောင် ရူးများသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



တုတုသည် ကိုယ့်မျက်မှန်ကို ကောက်ယူမှုန်သုတ် ပြီးမှ ကိုယ့်ထံ ကမ်းပေးလိုက်ရင်း ...

"ကိုယ် နေမှကောင်းရဲ့လား"

"ဘာလို့လဲ၊ ကောင်းသားပဲ"

"ကိုယ့်ပုံစံက မှမမှန်ဘူး၊ ဒီလို ခလောက်ဆန်နေတဲ့ အမှုမျိုး ကိုယ် တစ်ခါမှမှ မလုပ်ဘူးတာ၊ ဒါမျိုးကို ကိုယ့်ကိုယ် နဲ့ ကိုမိုးပဲ လုပ်နေကျလေ"

"လူပဲဟာ ... အမြဲချည်းပဲတော့ ပုံစံခွက်ထဲမှာ ဘယ်နေမလဲ ပြောင်းတဲ့အခါ ပြောင်းတာပေါ့၊ အရေးကြီးတာက အဲ့ဒီ နေမျိုးဆင့်ကို အထင်မကြီးဖို့ပဲ"

"ဟင် ... ဘာဆိုင်လဲ"

"ယောကျ်ားတစ်ယောက်ကို အထင်ကြီးလိုက်မိတာနဲ့ မိန်းကလေးဟာ ရှုံးသွားတာပဲ တုတု ..."

"အဲ့ဒါ ကိုယ် ဖတ်ဖတ်နေတဲ့ စာအုပ်တွေထဲက အဆိုအမိန့်လား"

"မဟုတ်ဘူး၊ ငါမြင်တွေ့ ကြားသိဖူးတဲ့ စုံတွဲတွေအကြောင်းကို သေချာလေ့လာသုံးသပ်ပြီးမှ အနှစ်ချုပ်အဖြစ် ထွက်လာတဲ့ ဒဿနပဲ တုတု ...၊ နင်ပြောပုံအရဆိုရင် ဘာဆင့် ..."

"နေမျိုးဆင့် ... နေမျိုးဆင့်"

"အေး ... အဲ့ဒီ နေမျိုးဆင့်က ကက ပဲ ..."





"ကက ...၊ ဘာ ကက လဲ ...၊ တက္ကဆီကို ပြောတာလား ..."

"မဟုတ်ဘူး၊ ကက ဆိုတာ ကြုံကြိုက်၊ ကြုံရင် ကြိုက်တတ်တဲ့သူကို ကက လို့ ခေါ်တယ်၊ သူက နင့်ကို ကြုံလို့ကြိုက်ဘာ ..."

"အဲ့လိုမပြောပါနဲ့ ..."

"ပြောရမယ် တုတု၊ အမှန်ကို အမှန်အတိုင်း နင်မြင်လာအောင် ပြောရမယ့် တာဝန် ငါတို့မှာရှိတယ်၊ အဲ့ဒီလူက ပျင်းပျင်းရှိတာနဲ့ ငါတို့ကျောင်းကို လာလည်၊ အားအားယားယား ကန်တင်းမှာ ထိုင်ပြီး မျက်စိအစာကျွေးနေတုန်း ဖြုန်းဆို မနူးမနပ် နင့်ပုံစံက သူ့အာရုံထဲ တန်းဝင်သွားပြီး ဒီလိုပုံစံဆိုရင်တော့ ချဉ်းကပ်ရလွယ်မှာပဲဆိုပြီး နင့်ဆီ ချဉ်းကပ်လာတာပေါ့၊ အဲ့ဒါ ကြုံလို့ကြိုက်တာ မဟုတ်လို့ ဘာလဲ ..."

"အဲဒီလိုတော့ မဟုတ်လောက်ပါဘူး ကိုယ်ရယ် ..."

တုတုအသံက အားပျော့လာသည်။ ထိုက်တန်က တုတုမမြင်အောင် တီမ်ယံကို လက်မထောင်ပြသည်။ မိုးမာန်ကတော့ လက်မနှစ်ချောင်းကို လက်သည်းလေးတွေချင်း ထိခတ်ပြီး လက်ခုပ်တီးသလို ပုံစံလုပ်ပြလိုက်သည်။

"အဟမ်း ..."

ဒီတစ်ခါ ကိုယ့်အလှည့် ကျရောက်ပြီမို့ ထိုက်တန်က လည်ချောင်းရှင်းလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားတွေရဲ့ စိတ်သဘောကို ငါတို့ ယောကျ်ားချင်း သိနိုင်တယ် တုတုံ ...၊ ငါဆိုလည်း ကောင်မလေးတွေ အများကြီးကို ဟိုလိုလို ဒီလိုလို အီစီကလီ လုပ်ခဲ့ဖူးတာပဲ ဒါပေမယ့် ခုထိ တစ်ယောက်သောသူကလွဲရင် ဘယ် မိန်းကလေးကိုမှ မချစ်မိဖူးသေးဘူး ..."

"အဟမ်း ... အဟမ်း ... ဟွတ် ... ဟွတ် ..."

မိုးမာန်က အသံပေးလိုက်ပြီး ထိုက်တန်ကို လက်သီး ထောင်ပြလိုက်သည်။ ထိုက်တန်ကို အနီကတ် မြန်မြန်ပြဖို့ ဖြစ် သည်။ ဒီကောင်က ကိစ္စတစ်ခုမပြတ်ခင် နောက်ကိစ္စကို ကြော်ငြာ ဝင်ချင်သေးသည်။

"ကိုထိုက်ရဲ့ တစ်ယောက်သောသူက ဘယ်သူလဲ၊ တုတု လည်း မသိပါလား"

"မကြာခင် သိရမှာပေါ့ဟာ"

"ကိုမိုးတို့ကော သိကြလား"

"သူတို့လား၊ သူတို့ကတော့ သိတယ်လေ၊ ဟောကောင်တွေ မင်းတို့ သိတယ်မဟုတ်လား"

"မသိဘူးကွာ ..."

"တွေ့လား၊ ဒီကောင်တွေ သူတို့မှာမရှိလို့ မနာလိုဘူး"

"ဘာလို့မနာလိုဖြစ်ရမှာလဲ၊ ငါ့မှာလည်း တကယ်ချစ်ရတဲ့ တစ်ယောက်သောသူ ရှိတယ်"

"ငါ့မှာလည်း ရှိတယ် ..."

မိုးမာန်နှင့် တိမ်ယံက မထိတရီ အပြုံးနှင့် လှမ်း





ပြောလိုက်တာမို့ ထိုက်တန်က ပါးစပ် မသိမသာလှုပ်၍ လှမ်းဆဲ လိုက်သည်။ မိုးမာန်က ထိုက်တန်ကို မဲ့တဲ့တဲ့ပြုံးကြည့်ရင်း ...

"ငါက တစ်ယောက်ဆို တစ်ယောက်ပဲ ချစ်တာ ..."

"ငါရောပဲ၊ ငါတို့က မင်းလိုအများကြီးထဲကမှ တစ်ယောက် ကို ရွေးချယ်ချစ်တာ မဟုတ်ဘူး"

"ဟင် ... ကိုမိုးတို့ ကိုယ်တို့မှာလည်း တုတု မသိတဲ့ ဇာတ် လမ်းလေးတွေနဲ့ပေါ့လေ၊ တုတုကျ ပြောပြီး သူတို့ကျတော့ ခြေပုန်းခုတ်နေလိုက်ကြတာ ..."

"ငါတို့ကိစ္စက နောက်မှ ဆွေးနွေးမယ်ဟာ၊ အခု နင့်ကိစ္စက ပိုအရေးကြီးတယ်၊ နင်က မိန်းကလေး၊ အများအယွင်းခံလို့ မဖြစ်ဘူး၊ ခုနစကားကို ဆက်ရရင် ယောကျ်ားဆိုတာ တကယ်ချစ်တာမဟုတ်ဘဲနဲ့လည်း မိန်းကလေးတစ်ယောက် ကို စိတ်ဝင်စားနိုင်တယ်ဆိုတာ နင်သိအောင် ပြောချင်တာ၊ ပြီးတော့ မိန်းကလေးဆိုတာကလည်း ကိုယ့်ကို ဂရုစိုက် ခံရရင် စိတ်လှုပ်ရှား ကြည်နူးမိတာ သဘာဝပဲ၊ ဒါကို အချစ်လို့ မထင်လိုက်နဲ့၊ အချစ်ဆိုတာ နင်ထင်ထားတာ ထက် ပိုပြီး နက်ရှိုင်းတယ်"

တုတုသည် ကိုထိုက် စကားကြောင့် တွေဝေသွား ရလေသည်။

တုတု အထင်တွေမှားနေပြီလား။ တုတု ခံစားမိတာ အချစ်မဟုတ်ဘူးလား။ ကိုထိုက်က အတွေ့အကြုံရှိသူမို့ သူ့စကား က ယုံကြည်အပ်သည်ဟုပင် ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုထိုက်တို့ပြောတာလည်း ဟုတ်သားပဲနော်"

တုတုက လေသံပျော့ကလေးနှင့် ညည်းညူသလို လေး ပြောလိုက်တာမို့ ထိုက်တန်တို့ သုံးယောက် စိတ်ထဲမှ ယိ(စ်)ဟု အော်ရင်း ဝမ်းမြောက်သွားကြပါသည်။

"ဒါပေမယ့် လူမမြင်ရသေးဘဲတော့ မဆုံးဖြတ်စေချင်ဘူး၊ သူ့ကိုတွေ့ကြည့်ပြီး အကဲလေးတွေ ခတ်ပေးစေချင်သေး တယ်"

"ရတာပေါ့လေ ...၊ အကဲခတ်စေချင်လည်း ခတ်ရသေးတာ ပေါ့၊ ငါတို့ဘက်ကတော့ အသင့်ပဲ"

ထိုက်တန်က ပြောရင်း မိုးမာန်ကို အဓိပ္ပါယ်ပါပါ လှမ်းကြည့်လိုက်သည်။ ထိုအကြည့်က 'ဒီတစ်ခါတော့ မင်းအလှည့်' ဟု အဓိပ္ပါယ်ရပါသည်။ လူတစ်ယောက်ရဲ့ ပုံသဏ္ဌာန်ကိုကြည့်ပြီး အပြစ် အနာအဆာရှာ ဝေဖန်ကဲ့ရဲ့သည့်နေရာနှင့် မိုးမလို မိန်းမရ မဟုတ်မဟုတ်လုပ်တတ်ခင်းတတ်သည့် နေရာမှာတော့ မိုးမာန်က အိတ်စိပ်ပတ်မို့ပင်။





◆ ◆ ◆

"သူပဲ ..."

"သွားပြီ ..."

ကျောင်းရှေ့ လမ်းဘေးမှာ ရပ်ထားသည့် ကားကို မှီရပ်နေသည့် နေမျိုးဆင့်ကို တုတုက လက်ညှိုးညွှန်ပြလိုက်သော အခါ ...

မိုးမာန်က သူ့နဖူးသူ ရိုက်၍ ယူကြုံးမရစွာ ရေရွတ် လိုက်လေသည်။

တိမ်ယံနှင့် ထိုက်တန်က မိုးမာန် ဘာအကွက်များ ထွင်မလို့ပါလိမ့်ဟု စိတ်ဝင်တစား လှမ်းကြည့်၏။

တုတုကတော့ ရင်ထိတ်သွားမိကာ ...

"ဘာဖြစ်လို့လဲဟင် ကိုမိုး ..."

မိုးမာန်က ချက်ချင်း ပြန်မပြော။ ခဏငြိမ်သက်သွား ပြီးမှ ခေါင်းယမ်းကာ သက်ပြင်းလည်း ချရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာ စိတ်တော့မကောင်းပါဘူး တုတုရယ်၊ ငါပြော ရင် နင်ယုံချင်မှလည်း ယုံမယ် ..."

"ဘာမို့လို့လဲဟင် ..."

"မပြောပါရစေနဲ့တော့ဟာ ...၊ ငါမပြောချင်ဘူး၊ ခုချိန်မှ အမှန်အတိုင်း ပြောလည်း ငါက နင်တို့ကြားမှာ တမင် သွေးခွဲချင်တာလို့ပဲ နင်ထင်မယ်"

"မထင်ပါဘူး ကိုမိုးရယ်၊ ပြောသာပြောပါ"

တိမ်ယံနှင့် ထိုက်တန်မှာ မိုးမာန် ဘာများပြောလို မလဲဟု ရင်တထိတ်ထိတ် နားစွင့်နေသည်။ သရုပ်ဆောင်ချက်က ပီပြင်လွန်းလို့ပင်။

"ငါ ပြောမထွက်ဘူးဟာ ..."

"ပြောပါ ... ကိုမိုးရဲ့ ..."

မိုးမာန်က အိုက်တင်လုပ် အချိန်ဆွဲလေ တုတုက ပိုသိချင်လာလေ ...။

တုတုတို့ လေးယောက်အုပ်စုမှာ နေမျိုးဆင့်ကို လှမ်း မြင်ရသည့် နေရာလေးတွင် ရပ်တန့်နေခဲ့ကြတာပင်။ နေမျိုးဆင့် ကတော့ တုတုတို့ကို မမြင်ဘဲ ဟိုဟိုဒီဒီ ကြည့်နေသည်။ တုတု ကို ရှာနေတာဖြစ်လိမ့်မည်။

"တကယ်တော့ ..."

မိုးမာန်က စကားစလိုက်ပြန်သည်။ တုတုကလည်း မိုးမာန်၏ မျက်နှာကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နားစွင့် နေသည်။





ထိုက်တန်က စိတ်မရှည်နိုင်တော့ဘဲ တိမ်ယံ့နား ကပ်ကာ ...

"အိုက်တင်က လွန်လာပြီကွာ၊ စောင့်ရတာ စိတ်မရှည်တော့ ဘူး၊ ငါပိတ်ကန်ပစ်လိုက်ရ..."

"စိတ်လျှော့ ထိုက်တန်၊ မိုးမာန်က ခေတဲ့ကောင်တော့ မဟုတ်ဘူး၊ မိန်းမလို မိန်းမရ ဉာဏ်လေးတွေ ထုတ်သုံး တော့မှာ သေချာတယ်"

တိမ်ယံကလည်း တိုးတိုးကပ်ကပ်ပြောပြီး စောင့် ကြည့်နေလိုက်သည်။

"တကယ်တော့ ..."

"အင်း ... တကယ်တော့ ဘာဖြစ်လဲ၊ ပြောလေ ကိုမိုး ..."

"တကယ်တော့ ...၊ ဟာ ... ပြောမထွက်ဘူးကွာ ..."

ပြောမထွက်ရင်လည်း သေလိုက်တော့ကွာ။

ထိုက်တန်က မေတ္တာကျိတ်ပို့သည်။ စိတ်ကို မရှည် ချင်တော့။

"ကဲ ... မပြောချင်လည်း နေတော့ ကိုမိုးရယ်၊ တု စိတ် ညစ်လာပြီ၊ သွားတော့မယ် ..."

တုတုက လှည့်ထွက်သွားတော့မှ မိုးမာန်က သူ့ အိုက်တင်များသွားမှန်းသိကာ တုတုနောက်သို့ ပျာပျာသလဲ လိုက် လာသည်။ တိမ်ယံနှင့် ထိုက်တန်လည်း အသံတိတ်ဆဲရင်း တုတု နောက်သို့ လိုက်လာရသည်။

"တုတု ... ငါပြောမယ်လေ၊ ပြောပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့တော့၊ တုတု နားမထောင်ချင်တော့ဘူး"

"ပြောပါရစေဟာ ..."

"မပြောပါနဲ့တော့ ..."

"ငါပြောပါရစေ တုတုရယ်၊ တကယ်တော့ ..."

"မပြောပါနဲ့ဆို ..."

တုတုက နားနှစ်ဖက်ကိုပါ ပိတ်လိုက်ပြီး ရှေ့ကနေ ဆတ်တောက် ဆတ်တောက် လျှောက်သွားနေသည်။ တုတုရဲ့ ခြေဦးတည့်ရာဟာ ကျောင်းဝန်းအပြင်က နေမျိုးဆင့်ထံသို့ပင် ...။

မိုးမာန်က တုတုရှေ့မှာ ပိတ်ရပ်လိုက်ရင်း ...

"တုတု ငါ နင့်ကို အားနာလို့ မပြောတာပါ၊ တကယ်တော့ နင့်လူက ငါ့ညီမဝမ်းကွဲလေးရဲ့ ရည်းစားပဲ ..."

"ဟမ်၊ မကြားဘူး၊ ဘာမှမကြားဘူး ..."

တုတုက နားပိတ်ထားလျက်ပြန်အော်သည်။ မိုးမာန်လည်း အကြပ်ရိုက်ကာ ခေါင်းတဂျိုဂျို ကုပ်နေသည်။

ထိုက်တန်နှင့် တိမ်ယံသည် လုံးဝ စိတ်မရှည်နိုင်တော့တာမို့ တုတုရဲ့ ဘေးတစ်ဖက်စီမှာ ရပ်လျက် ...

"ဝမ်း၊ တူး၊ သရီး၊ ကဲ ... မိုးမာန် ပြောတော့ ..."

ဟု အော်ရင်း နားပိတ်ထားသော တုတုလက်နှစ်ဖက်ကို ဆွဲဖြုတ်ပစ်လိုက်တော့မှာ မိုးမာန်က ပျာပျာသလဲဖြင့် ...

"နေမျိုးဆင့်က ငါ့ညီမဝမ်းကွဲလေးရဲ့ ရည်းစားပဲ"

"ဟင် ..."

တုတုက ရုတ်တရက် ကြက်သေသေ၍ ငြိမ်သွား





သည်။ မိုးမာန်သည် စိတ်မကောင်းလှစွာသော မျက်နှာထားဖြင့် တုတုကိုကြည့်ရင်း ...

"နေမျိုးဆင့်က အရမ်းပွေတယ် တုတု ...၊ ငါ့ညီမ ဝမ်းကွဲနဲ့ကြိုက်တယ်ကြားတော့ ငါတို့အမျိုးတွေက သူ့အကြောင်း စုံစမ်းကြတယ်လေ၊ အဲဒီတော့မှ သူရှုပ်ပွေခဲ့တဲ့ ဇာတ်လမ်းတွေကို သိခဲ့ရတာ၊ အခု ငါတို့အမျိုးတွေအားလုံး ငါ့ညီမလေးနဲ့ နေမျိုးဆင့်ကိစ္စကို ဝိုင်းဖျက်နေကြတယ်၊ ညီမလေးကို နားချနေကြရတယ်၊ ဒါပေမယ့် ဒီကောင် ငါ့ညီမကို ဘယ်လောက်တောင် ဖြားယောင်းထားလဲမသိဘူး၊ ငါ့ညီမက ခုထိ နောက်မဆုတ်သေးဘူးလေ၊ သူတို့ ဆက်တွဲနေကြတုန်းပဲ၊ ဒါနဲ့တောင် သူက နင့်ကို ကြိုးစားလာတယ်ဆိုတော့ လွန်တာပေါ့ဟာ ..."

ထိုက်တန်နဲ့ တိမ်ယံမှာ ခုမှပဲ ဒီကောင့်မိန်းမညာဏ်ကလည်း အဟုတ်သားဟု ကျိတ်၍ ကောင်းချီးပေးလိုက်ကြသည်။

"တ ... တကယ် ပြောနေတာလား ကိုမိုး"

"ဒီကိစ္စဆိုတာ ညာစရာလားဟာ၊ နင် ဒီလူနဲ့ တွဲသွားတွဲလာ လုပ်မှုးတာတောင် ဒီလူ့စိတ်ကို မရိပ်မိဘူးလား၊ ပုံစံကိုလည်း ကြည့်ဦးလေ၊ စတိုင်လ်ကောင်းဘိနဲ့၊ ရုပ်အကျိုလက်ရှည်ကလည်း ပန်းရောင်၊ နှုတ်ကျော့ကော့နေတာပဲ၊ ကြည့်တာနဲ့ မြာပွေမယ့်ရုပ်ဆိုတာ သိသာပါတယ်ဟာ"

"အလှအပ ကြိုက်တာကတော့ ကိုမိုးလည်း ကြိုက်တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ငါ့အတွက်ငါကြိုက်တာ၊ သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်လေး နေရရင် စိတ်ချမ်းသာလို့ ကြိုက်တာ၊ ဒီကောင်က ကောင်မလေးတွေရှေ့မှာ ရှိုးထုတ်ချင်တာ"

"စိတ်ညစ်လာပြီ ကိုမိုးရာ၊ ဘာတွေလုပ်ရမှန်းတောင် မသိတော့ဘူး၊ တုတု ... နဲ့ပဲ သွားမေးပြီး ဒီကိစ္စကို ရှင်းမယ်"

တုတုက နေမျိုးဆင့်ဆီ သွားဖို့ ခြေလှမ်းပြင်လိုက်ရာ မိုးမာန်က ရင်ထိတ်သွားရလျက် တုတုအိတ်ကို လှမ်းဆွဲလိုက်ရင်း ...

"ဒီလို စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ၊ နင်အသာနေ၊ ဒီကိစ္စကို ငါတို့ ရှင်းပေးမယ်"

"ဘယ်လိုရှင်းမှာလဲ ..."

"သွားမေးမယ်လေ၊ ဒီကောင်က ငါ့ကို သူ့ရည်းစားရဲ့ အစ်ကိုဝမ်းကွဲမှန်း သိတာမဟုတ်ဘူး၊ ငါတို့ပဲ သူ့ကို သွားမေးပေးမယ်၊ ဒီကိစ္စကို သူဝန်ခံသွားအောင် မေးမယ်၊ သူ့အပြစ်သူသိပြီး နောက်ဆုတ်သွားရင်လည်း အေးတာပဲ၊ နင် ဒီကပဲ လှမ်းကြည့်နေ၊ ငါတို့ လှည့်ကြည့်ရင်သာ နင် မေးခိုင်းတာမှန်တဲ့အကြောင်း ဒီလူမြင်အောင် ခေါင်းညိတ်ပြလိုက်"

"တုတုဘာသာပဲ သွားမေးပါ့မယ်"

"ဒီကောင့်အကြောင်း နင်ဘာသိလို့လဲ၊ ဒီကောင်က ပတ်နပ်ချွဲ၊ နင့်ကို လိမ်ညာလှည့်ပတ်ပြီး အယုံသွင်းလိုက်ရင်





နင် ဒီကောင့်ဘက်ပြန်ပါပြီး ရေစုန်မျောသွားမှာ၊ နင်က အနံ့၊ သူက လူလည် ..."

"ဒါနဲ့ နေပါဦး"

"အေး ... ပြော ..."

"ဟိုနေ့ကတည်းက တုတုက သူ့နာမည်ကို ပြောပြခဲ့တယ်လေ၊ ကိုမိုးက အဲ့ဒီကတည်းက သူ့အကြောင်း မသိဘူးလား၊ ခုမှ ရုတ်တရက်ကြီး နမကိစ္စတွေ ဘာတွေ ပေါ်လာတာ ထူးဆန်းနေသလိုပဲ ..."

"ဘာလဲ ... နင်က ငါ့ကိုမယုံဘူးလား"

"အဲလိုတော့ မဟုတ်ပါဘူး၊ စိတ်ထဲမှာ မရှင်းလို့မေးတာပါ"

"ငါတို့ အသိုင်းအဝိုင်းမှာက ဒီကောင့် ဇမာနာမည်ကို သိတာမဟုတ်ဘူး၊ ပတ်ထရစ်ဆိုတဲ့ ဘိုနာမည်ပဲ သိတာ၊ နင်ပြမှ ဒီကောင်မှန်း သိရတာ ..."

"အင်းလေ ... ကိုမိုးတို့ပဲ သွားရှင်းလိုက်ကြပါတော့ ..."

တုတုက ထိုနေရာမှာပင် ရပ်ကျန်နေခဲ့သည်။ မိုးမာန်တို့ သုံးယောက်က ကျောင်းဝန်းအပြင်က နေမျိုးဆင့်ဆီ ထွက်လာခဲ့ကြသည်။

ထိုက်တန်က မိုးမာန်နားကပ်ကာ ...

"မင်း မဆိုးဘူး မိုးမာန်၊ ခုရော ဘာအကြံအစည်နဲ့ သွားတွေ့မှာလဲ ..."

"စောင့်ကြည့်လေ ..."



www.burmeseclassic.com

မိုးမာန်က ခပ်သာသာပြောရင်း နေမျိုးဆင့်ဆီ လျှောက်သွားလျက် ...

"တုတုကို တွေ့ဖို့ စောင့်နေတာလား"

"ဟုတ်တယ်"

"ခင်ဗျားက တုတုကို ပရိုပိုစ်လုပ်ထားတဲ့ နေမျိုးဆင့် ဟုတ်ပါကယ်နော်"

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ ..."

"ပြောရမှာတော့ အားနာတယ်၊ ကျွန်တော်တို့ကို တုတု လွှတ်လိုက်တာ ..."

"တုတုက ... ! တုတုက ဘာလို့ မင်းတို့ကို လွှတ်လိုက်တာလဲ၊ သူဘယ်သွားလို့လဲ"

"ဘယ်မှမသွားပါဘူး၊ ရှိပါတယ်"

"ရှိရင် ဘာလို့ မင်းတို့ကို လွှတ်လိုက်တာလဲ ..."

"ဒါကတော့ သူလည်း မျက်နှာချင်းဆိုင် ပြောရမှာ အားနာ လို့ပေါ့ဗျာ"

"အားနာတယ်၊ ဘာကို အားနာတာလဲ"

"တုတု အားနာတဲ့အကြောင်းကို ခင်ဗျားကို ပြောပြရမှာ လည်း အားနာပါတယ်"

မိုးမာန်က ဝေ့လည်ကြောင်ပတ် လုပ်နေတာမို့ နေမျိုးဆင့်က စိတ်မရှည်ဖြစ်လာကာ ...

"ကဲဗျာ ... အားနာရင်လည်း လာပြောမနေနဲ့၊ ကိုယ်ဘာ သာ တုတုကို သွားမေးတော့မယ် ..."





"တုတုက ခင်ဗျားကို အတွေ့ခံမှာမှ မဟုတ်တာ"

"ကိုယ်တို့ကြားမှာ အတွေ့မခံစရာ ဘာအကြောင်းမှမရှိ ဘူး"

"ဒါက ခင်ဗျား အမြင်ပါ"

"မင်းတို့ပြောစရာရှိရင် ရှင်းရှင်းပြော၊ ကိုယ့်မှာ အချိန်မရှိ ဘူး"

"ဟုတ်လို့လား၊ အချိန်တွေပေါလို့ ပိန်းထဲက အဟိုင်းကြီး တွေကို မစဉ်းစားဘဲ ဒီက ငယ်ငယ်နုနုလေးကို လာရှာတာ မဟုတ်လား"

"ကဲ ... မိုးမာန် တော်တော့၊ လိုရင်းပဲ ပြောလိုက်တော့"

ထိုက်တန်က လိုတာထက် ပို၍ လျှာရှည်နေသော မိုးမာန်ရဲ့ စကားစကို ဝင်ဖြတ်လိုက်ရသည်။ သူဘာပြောမယ်မှန်း သိတာမို့ ကိုယ်လည်း ကြားဝင်မပြောရဲ။

မိုးမာန်က ရုတ်တရက် အားနာစိတ်မကောင်းသော မျက်နှာထားလေးသို့ ပြောင်းသွားရင်း ...

"တုတုက ပြောခိုင်းလိုက်တယ်၊ သူ့ကို မေ့လိုက်ပါတော့ တဲ့ ..."

"ဘာ ...၊ အဓိပ္ပါယ်မရှိတာကွာ ..."

"ညာနေတယ်လို့ ထင်တာလား"

"ဟုတ်တယ်၊ မင်းတို့ လာညာနေတာ သေချာတယ်"

"ရော် ... ခက်ပါလား၊ ခင်ဗျား ကျောင်းထဲကို လှမ်းကြည့် လိုက်၊ တုတု ရပ်နေတာ တွေ့လား"

www.burmeseclassic.com



နေမျိုးဆင့်က ကျောင်းဝန်းထဲကို ဝေ့ကြည့်ရှာရ လိုက်ပြီး သစ်ပင်အောက်က ခုံပေါ်မှာ ထိုင်ရင်း သူတို့ဘက်သို့ လှမ်းကြည့်နေသော တုတုကို လှမ်းမြင်ကာ ...

"တွေ့တယ်"

"တုတု မျက်နှာညိုးနေတာ တွေ့လား"

နေမျိုးဆင့်က ချက်ချင်း မဖြေဘဲ သေသေချာချာ လှမ်းကြည့်လိုက်ပြီးမှ ...

"တွေ့တယ် ..."

"ကဲ ... ကျွန်တော် တုတုကို လှည့်ကြည့်ပြီး အတည့်ပြု ချက် ရယူလိုက်မယ်၊ ခင်ဗျား တုတုကို ကြည့်နေ ..."

BURMESE CLASSIC .com

မိုးမာန်က ကျောင်းဘက်သို့ ကျောခိုင်း၍ ရပ်နေရာ က တုတုကို ချာခနဲ လှည့်ကြည့်လိုက်ရာ တုတုက ခုန မိုးမာန် မှာထားခဲ့သည့်အတိုင်း ခေါင်းညိတ်ပြလိုက်လေသည်။

"တွေ့တယ်မဟုတ်လား၊ တုတု ပြောခိုင်းတာ အမှန်ပဲ"

"အကြောင်းရင်း မရှိဘဲ ချက်ချင်းကြီး ပြောင်းလဲသွားတာ လုံးဝမဖြစ်နိုင်ဘူး"

"ဪ ... ယော် ... မယုံနိုင်သေးဘဲကိုး၊ ရှိတဲ့အကြောင်း ရင်းကို ခင်ဗျားသိရင် ရင်နာမှာစိုးလို့ မပြောတာ၊ ခုတော့ မပြောမဖြစ် ပြောရတော့မယ်၊ အကြောင်းရင်းကတော့ တုတုက ထိုက်တန်ရဲ့အချစ်ကို လက်ခံလိုက်လို့ပဲ"

"ဘာ ..."

နေမျိုးဆင့်က ဘာခနဲအော်ရင်း ထိုက်တန်ကို ချာ





လှည့်ကြည့်လိုက်ရာ အမှတ်တမဲ့မို့ ထိုက်တန်လည်း လန့်ဖျပ် သွားပြီးမှ ချက်ချင်း မျက်နှာထားကို ပြုံးမြိန်မြိန်ကြီး လုပ်လိုက် ပြီး ...

"ခုမှတွေ့တဲ့ အစိမ်းသက်သက် အချစ်မျိုးထက် သံယောဇဉ်ကို အခြေခံတဲ့ ချစ်ခြင်းက ပိုပြီး ခိုင်မြဲပါတယ် ကိုနေမျိုးဆင့်၊ သံယောဇဉ်ကနေ အချစ်ကို ကူးပြောင်းသွားဖို့ အရမ်း လွယ်ကူပါတယ်၊ ခင်ဗျားအတွက်တော့ စိတ်မကောင်းပါ ဘူးဗျာ"

ဟု ခပ်သာသာလေး ဖြီးလိုက်လေသည်။

နေမျိုးဆင့်ရဲ့ မျက်နှာတွင် ဝေခွဲမရသော ဇဝေဇဝါ အရိပ်တွေ ဖြတ်ပြေးသွား၏။

အပြင်လူ ကျောင်းထဲမဝင်ဖို့ ကြပ်မတ်ထားသော အချိန်ဖြစ်၍ ကျောင်းထဲကိုလည်း ဝင်မသွားနိုင်ဘဲ တုတုကို လှမ်း မျှော်ကြည့်ရုံသာ တတ်နိုင်၏။ တုတုကလည်း ညှိုးနွမ်းသော မျက်နှာထားလေးဖြင့် ခေါင်းငုံ့ထိုင်နေပါ၏။ ထိုက်တန်ကလည်း ကိုယ့်ဘက်က အရေးသာပြီဆိုတာ သေချာပြီမို့ ...

"ကျွန်တော် တုတုကို ပရိုပို့စ်လုပ်ထားတာ ကြာပါပြီ ကိုနေမျိုးဆင့်၊ အရင်တုန်းကတော့ တုတုက မချစ်ဘူးလို့ပဲ ငြင်းနေတာကိုး၊ အရမ်း ခင်မင်ရင်းနှီးနေကြတော့ သူ့ စိတ်သူလည်း နားမလည်ဘူးလေ၊ ရိုးရိုးခင်မင်သံယောဇဉ် ရှိတယ်ပဲ ထင်တာပေါ့၊ ဟိုနေ့ကတော့ တုတု ခင်ဗျားနဲ့ မိန်းထဲလိုက်လည်တယ် ပြောတယ်၊ အဲဒီနေ့က တုတု့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စကားများကြတယ်၊ ကျွန်တော်လည်း တုတုကို စိတ်ဆိုးပြီး စာမေးပွဲမဖြေတော့ဘဲ နိုင်ငံခြားထွက်သွားတော့ မယ် ပြောလိုက်တယ်၊ အဲ့ဒီတော့မှ တုတုလည်း ငိုယိုပြီး ဖြစ် တောင်းပန်ရင်း သူ့ရင်ထဲမှာ ပုန်းအောင်းနေတဲ့သူ့ချစ် တွေ ဖွင့်ထွက်လာတော့တာပဲ၊ တကယ်တမ်းကျတော့ မခွဲ နိုင်ဘူးပေါ့လေ"

BURMESE CLASSIC .com

ထိုက်တန်ရဲ့ အပြောက ယုတ္တိရှိလွန်းတာမို့ ကိုမိုး နှင့် မိုးမာန်ပင် ထိုက်တန်ရဲ့ အပြောမှာ မျောပြီး ငေးသွားကြ သည်။

နေမျိုးဆင့်လည်း စိတ်ဓာတ်ကျသွားပုံဖြင့် သူ့ကား ပေါ် တက်၍ ထွက်ခွာသွားပါသည်။

သုံးယောက်သားမှာ တုတု လှမ်းမမြင်ရအောင် ခန္ဓာ ကိုယ်တွေနှင့် ကွယ်၍ လက်မထောင်ပြလိုက်ပြီးမှ တုတု စောင့်နေ သော ကျောင်းထဲသို့ ပြန်ဝင်လာခဲ့ကာ ...

"စိတ်မကောင်းပါဘူး တုတုရယ်၊ ငါတို့လည်း သူ့ကို အေးအေးဆေးဆေးပဲ မေးတာပါ၊ ဒီကောင်က သက်သေ ခိုင်ခိုင်လုံလုံနဲ့ ပြောပြီး ငါကိုယ်တိုင်က သူ့ကောင်မလေးရဲ့ အစ်ကိုဝမ်းကွဲဆိုတာပါ ပြောလိုက်တော့မှ မငြင်းနိုင်ဘဲ လက်လျှော့ပြန်သွားရတာ ..."

"ဟုတ်တယ် တုတု ...၊ နင် သူ့ကိုမေ့လိုက်ပါတော့၊ သမီး ရည်းစားတွေမှ မဖြစ်ကြသေးတာ၊ ဒီအချိန်မှာ သိလိုက်ရ တာ နင် အရမ်းကံကောင်းတယ်"





တုတုသည် ခေါင်းငုံ့နေရာမှ တဖြည်းဖြည်း မော့ လာရင်း ကိုထိုက်တို့ သုံးယောက်ကို ကျေးဇူးတင်စွာ ကြည့်လေ သည်။

"တုတုလည်း သူ့ကို မချစ်မိသေးဘူး ထင်ပါတယ်၊ စိတ် လှုပ်ရှားတိုင်း အချစ်မဟုတ်ဘူးလို့ ကိုထိုက်ပြောတာ သိပ် မှန်တာပဲ၊ အခု တုတု စိတ်ထဲမှာ မခံချင်ဖြစ်တာ၊ စိတ် မကောင်းဖြစ်တာ၊ စိတ်ရှုပ်ရတာကလွဲရင် တခြား ဘာမှ သိပ်မခံစားရဘူး"

"ဒါဆို တော်သေးတာပေါ့၊ ငါတို့က နင်များ အသည်းကွဲ နေမလားလို့ စိတ်ပူနေတာ"

"တုတု ဘာမှမဖြစ်ပါဘူး၊ ကိုမိုးတို့ကိုလည်း အရမ်း ကျေး ဇူးတင်ပါတယ်၊ ကိုမိုးတို့ကိုသာ ဖွင့်မပြောမိရင် တုတု အညာမိတော့မလို့ ..."

"ညာတတ်တဲ့သူတွေက ဟန်ဆောင်ကောင်းတယ် တုတု၊ နင် သူ့ကိုအတွေ့မခံနဲ့တော့၊ တွေ့ရင် ဒီလူက အမျိုးမျိုး လှည့်ပတ်ညာပြီးနေဦးမှာပဲ၊ အဲ့ဒီအခါကျ နင်ပဲ စိတ်ရှုပ် ရမှာ ..."

"တုတု သူနဲ့ လုံးဝ မတွေ့တော့ပါဘူး"

"ကတိနော် ..."

"ကတိပေးပါတယ် ..."

"နောက်ဆို နင် သဘောကျတဲ့ လူမျိုး တွေ့ရင်လည်း ငါတို့ကို အရင်အသိပေး တိုင်ပင်ရမယ်နော် မိရွှေတု"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကိုယ်ရယ် ..."

"နင် မှတ်ထား တုတု၊ လူဆိုတာ အသက်တစ်နှစ်ကြီးလာလေ တစ်နှစ်စာ ပိုသိလာလေ ...၊ ဖြူစင်ရိုးသားမှုတွေ ယုတ်လျော့လာလေပဲ၊ ဒီလူက ငါတို့ထက် အသက်အများကြီး ကြီးတော့ ငါတို့လောက် မရိုးသားတော့ဘူး၊ ငါတို့ထက်လည်း အရာရာ ပိုသိပြီး လည်မွတ်နေမှာပဲ၊ အသက်ကြီးကြီး ယောကျ်ားတွေကို သတိထားပြီး ရှောင်"

တုတုကို ဝိုင်းဝန်းဆုံးမကြလေသောအခါ တုတုသည် သူတို့သုံးယောက်အလယ်မှာ ခေါင်းလေးတညိတ်ညိတ်ဖြင့် နားခံမှတ်သားနေရလေသည်။

ထိုနေ့မှ အစပြု၍ ...

ရွှေရတုခင်သည် ...

*'အချစ်အကြောင်း ငါမသိသေးပါလား'* ဟု ကိုယ့်ကိုယ်ကို သတိပြုမိသွား၏။

*'ယောကျ်ားတွေအကြောင်း ငါ တကယ် မသိတာပါလား'* ဟု နောင်တရသွား၏။

ကိုထိုက်၊ ကိုမိုး၊ ကိုယ်တို့ သုံးယောက်သည်သာ တုတုထက် ပိုပြီး အချစ်အကြောင်း ... လူတွေအကြောင်း သိသူများဖြစ်သည်ဟု အသိအမှတ်ပြု ယုံကြည်သွား၏။

ထို့ကြောင့် ...

တုတုသည် တုတုကို ယောကျ်ားလေးတစ်ယောက်က ချဉ်းကပ်လာသောအခါ ...





တုတုက ယောကျ်ားလေး တစ်ယောက်ယောက်ကို နှစ်သက်ဝင်စားမိလေသောအခါများမှာ ကိုထိုက်တို့ကို အလုံးစုံ အသေးစိတ် အသိပေး တိုင်ပင်မိမြဲတည်း။

အချစ်ပါရဂူ ကိုထိုက်နှင့် လူမှုရေးအမြင်ပါရမီရှင် ကိုမိုး၊ အတွေးအခေါ်ပညာရှင် ကိုယ်တို့ကလည်း တုတုနှင့် ပတ်သက်သမျှ ယောကျ်ားတိုင်းကို အဘက်ဘက်မှ အကျိုးအကြောင်း နှိုင်းခိုင်လုံလုံ ပြ၍ ဖျက်ကြမြဲတည်း။

သို့အတွက်ကြောင့် ...

ရွှေရတုခင်သည် နောက်ဆုံးနှစ်ရဲ့ နောက်ဆုံးအချိန်သို့ နီးကပ်လာသည့်တိုင် ရည်းစားဟူ၍ မူးလို့မှုစရာမရှိဘဲ ကိုထိုက်တို့ သုံးယောက်နှင့်သာ အမြဲမခွဲ တတွဲတွဲဖြင့် စာသင်ရက်များကို ပျော်ရွှင်စွာ၊ နွေးထွေးစွာ ဖြတ်သန်းလာခဲ့ရလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com

၉

✦ ✦ ✦

"တုတု ... ဒါလေးဆိုရင်ရော တုတုနဲ့ တော်နိုင်မလား"

"ဟင့်အင်း ... တုတုနဲ့ဆို ကြီးနေမှာ တီတီရဲ့ ..."

"အင်း ... ညီမလေး ကိုယ်လုံးကလည်း တုတုလောက်ပဲ ဆိုတော့ တုတုနဲ့ တော်မှာပဲ ဝယ်လို့ဖြစ်မှာ ..."

"အဟိ ..."

တုက ကျိတ်ရယ်လိုက်တာမို့ တီတီက တုကိုလှည့်ကြည့်ကာ ...

"ဘာရယ်တာလဲ ..."

တုတုသည် တီတီကို စွေကြည့်လိုက်ရင်း ပြုံးစိစိဖြင့် ...

"တီတို့ကောင်လေးရဲ့ ညီမလေးက တီတို့အရွယ်နဲ့ဆိုရင် သမီးလို့ ခေါ်ရမှာကို၊ ညီမလေးခေါ်နေလို့ တုက ရယ်မိတာ ..."

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးနော် ... လူကြီးကိုလာနိပ်ကွပ်မနေနဲ့၊ ညည်း ကို အင်္ကျီရွေးပေးဖို့ ခေါ်လာတာ ..."

"တုကလည်း တုအတွက်ပါ ဝယ်ပေးမယ်ဆိုလို့ လိုက်လာ တာ"

တီတီက တုတုကို မျက်စောင်းထိုးပြီး အင်္ကျီဆက် ရွေးနေသည်။ တုတုကတော့ တီတီ့အဖြစ်ကိုပဲ ရယ်ချင်နေမိသည်။

ခုလောလောဆယ်မှာ တီတီနှင့် တွဲနေတဲ့ ကောင် လေးဟာ တီတီ့ထက် ဆယ့်နစ်နှစ်လောက်တောင် ငယ်သည်။ ထိုကောင်လေးရဲ့ ညီမလေးက ကောင်လေးထက် ခြောက်နှစ် ငယ်သည်။ တီတီက ၃၇။ ကောင်လေးက ၂၅။ ညီမလေးက ၁၉ နှစ်။ တီတီ့အရွယ်နဲ့ဆို သူ့ကောင်လေးရဲ့ ညီမလေးကို 'သမီး' ခေါ်ရမှာပင်။ သို့သော် ကိုယ့်ကိုယ်ကို အသက်ကြီးပြီဟု ဘယ်တုန်းကမှ မထင်သော တီတီက ညီမလေးချင်း ထပ်အောင် ခေါ်သည်။ ခုလည်း ထိုညီမလေးကို လက်ဆောင်ပေးဖို့ အင်္ကျီ အဝတ်အစား လာဝယ်ခြင်းပင်။ တုတုနဲ့ ထိုညီမလေးဟာ လုံးတူ ရုပ်တူလောက်ရှိတာမို့ တီတီက ဝတ်ပြပေးဖို့ လိုက်လာရတာပင်။

တုတုတို့ ရောက်နေတဲ့ဆိုင်ဟာ ကျားဝတ် မဝတ် အဝတ်အစားအစုံ ရောင်းသည့် ဆိုင်ကြီးပင်။ ဆိုင်ထဲမှာ မိန်း ကလေး ဝန်ထမ်းတွေရော၊ ယောကျ်ားလေး ဝန်ထမ်းတွေပါ ရှိ သည်။

"တုတု ဒါလေး ဝတ်ကြည့်ပေးစမ်းဟယ် ..."

"တုတု ဖို့လား"





"... ပြီးမှရွေးဟယ်၊ ဒါက ညီမလေးဖို့၊ သူက နင့်လို အ... မဖြူတော့ သူနဲ့လိုက်မယ့် အရောင်ကို မနည်းရွေး နေရတာ၊ ကိုတို့ ... တုလေးက ဘာဝတ်ဝတ် လိုက်တဲ့သူ ဆိုတော့ ပြီးမှပဲ ရွေးပေတော့ ..."

"ဟွန့် ... တီတီတို့ကတော့ တဏှာတယ်"

တုတုက တီတီပေးသည့် အင်္ကျီတစ်ထပ်ကြီးကို ယူပြီး အဝတ်လဲသည့် အခန်းထဲသို့ ဝင်လာရပါသည်။ ပြီးတော့ တစ်ထည်ဝတ်လိုက်၊ အပြင်ထွက်ပြီး တီတီ့ကို ပြလိုက်၊ နောက် တစ်ထည် ဝင်လဲလိုက်၊ ထွက်ပြလိုက်။

တီတီ ညီမလေးအတွက် အင်္ကျီလေးထည်လောက် ပြီးမှ တုတုအတွက် တစ်ထည်ပဲ ဝယ်ပေးသည့် တီတီ့ကို တုတု လုံးဝ မကျေနပ်။

"တီတီက မျက်နှာလိုက်တယ်၊ တုတုကျ တစ်ထည်တည်း"

"တစ်ထည်စီ ဝယ်ပေးတာ၊ အခါတစ်ရာလောက် ရှိတော့ မယ်၊ ညီမလေးဖို့က တစ်ခါတလေမှ ဝယ်ရတာ၊ မတွက် ကပ်စမ်းနဲ့၊ ရော့ ... ဒီအင်္ကျီတွေ ကိုင်ထားပေးဦး၊ ငါ့ အတွက် ရွေးထားတာတွေ ဝင်ဝတ်ကြည့်လိုက်ဦးမယ်"

"ဟင် ... တီတီ့အတွက်လည်း အများကြီးပဲ"

"မကွက်ကပ်ပါနဲ့ဆိုဟယ် ...၊ အဲ့လို လိုက်တွက်ကပ်ပေး နင် ထိုက်တန်တို့နဲ့ ခင်နေတာကို နင့်အမေနဲ့ တိုင်ပေး ပစ်လိုက်မယ်၊ ဟိုတစ်ခါ အသားကင်စားတုန်းက သူ့ ... မသိအောင် လိုက်လည်းပို့ထားရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... တုတု မှားပါတယ်၊ မတွက်ကပ်ရဲတော့ ပါဘူး"

တုတုက ရွေးထားပြီးသား အကျီတွေယူ့ပြီး ထိုင်ခုံ တစ်လုံးမှာ ဝင်ထိုင်ကျန်ခဲ့သည်။ တီတီကတော့ တုတုထက် ကျက် တက်ကြွကြွ ပျော်ရွှင်သော ခြေလှမ်းများဖြင့် အဝတ်လဲခန်းထဲ ဝင်သွားပါသည်။

တီတီ ဝတ်နေသည်မှာ အကြာကြီး။

စောင့်ရတဲ့ တုတုတောင် ပျင်းရိမှေးငိုက်လာသည်။ ထိုအခိုက်မှာ ...

"ညှံ့တယ် ..."

ခပ်တိုးတိုး အသံတစ်သံဟာ နောက်နားဆီမှ ကပ်၍ ထွက်လာသည်။

ဘယ်သူ့ကိုပြောမှန်း မသိတာမို့ လှည့်မကြည့်ဘဲ နေလိုက်သည်။

"သိပ်ညှံ့တယ် ..."

ဟော ... ကြားရပြန်ပြီ ...။ ဆိုင်ထဲမှာက ဝန်ထမ်း တွေနှင့် တုတုပဲ ရှိနေသည်။ အင်း ... ပြီးတော့ ကောင်တာမှာ ဆိုင်ရှင်ဖြစ်နိုင်သည့် လူတစ်ယောက် ထိုင်နေသည်။ ဝန်ထမ်းတွေ နှင့် ဆိုင်ရှင် ပြောတာတော့ မဟုတ်။ ဘယ်သူများလဲ ... ဝယ်သူ ထဲကပဲလား။ ဘယ်သူ့ကိုပြောနေတာလဲ။

"တုမက အဒေါ်ခြေဖျားတောင် မမီဘူး၊ ညှံ့လိုက်တာ"

"ဟာင် ..."





ဒီတစ်ခါတော့ တုတုကို ပြောတာ သေချာပြီမို့ နောက်သို့ လှည့်ကြည့်မိရာ ...

လွန်စွာ ... လွန်စွာ ... ကြည့်ကောင်းသော ခပ်လန်း လန်း ဒီဇိုင်းနှင့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

သူက ကောင်တာနောက်က နံရံကို ခပ်လျော့လျော့ မှီ၍ လက်ပိုက်ထားသည်။ တုတုကို ပြုံးတုံ့တုံ့ကြည့်နေသည်။ သူ့အပြုံးဟာ သရော်တော်တော် အပြုံးမျိုး ...။

"ရှင် ဘယ်သူ့ကို ပြောနေတာလဲ ..."

"မင်းကိုလေ ..."

သူက တုတုဆီ လက်ညှိုးညွှန်ရင်း ပြောလိုက်သည်။

"ဘာဆိုင်လို့ ဝင်ပြောရတာလဲ၊ ယဉ်ကျေးမှုမရှိလိုက်တာ"

"မြင်ရ တွေ့ရတာ ကာရန်မညီလို့ မနေနိုင် မထိုင်နိုင် ဝင်ပြောမိတာပါ မိန်းကလေးရယ်၊ မင်းနဲ့ မင်း အဒေါ်က ပြောင်းပြန်ကြီးဖြစ်နေတယ်၊ ခုန ကြားရသလောက်တော့ မင်းအဒေါ်က စွံတယ်၊ မင်းက စွံပုံမရဘူး၊ ဘယ်စွံပါ့မလဲ လူကလှပေမယ့် active မှ မဖြစ်တာ၊ မင်း အဒေါ်က လန်းပြီး မင်းက မလန်းဘူး"

"ဩော် ... ရှင်က တီတီ့ကို မျက်စိကျနေတာလား၊ လက် လျှော့လိုက်ပါ၊တီတီက ရှင့်ပုံစံလောက်တော့ စိတ်မဝင်စား ဘူး၊ တီတီ့ ကောင်လေးက ရှင့်ထက်လန်းတယ်"

"ကိုယ်ကလည်း ခပ်သွက်သွက် မင်း အဒေါ်ကို စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စားပါဘူး၊ ကိုယ်က ခပ်ညှံ့ညှံ့လေးတွေကိုပဲ စိတ်ဝင်စား တာ"

"ဆိုင်ရှင်ဖြစ်ပြီး ဈေးလာဝယ်တဲ့ မိန်းကလေးတွေကို ငြင်း ရှိနေရင်တော့ မကြာခင် ဆိုင်ပြုတ်မှာပဲ"

"ဒါ ... ကိုယ့်ဆိုင်မဟုတ်ပါဘူး၊ ကိုယ့်သူငယ်ချင်းဆိုင် ပြီးတော့ ကိုယ်က မိန်းကလေးတိုင်းကို မရိဘူး၊ ကိုယ့် မျက်စိကျတဲ့လူလောက်ကိုပဲ ရိတာ"

"ရှင် ...၊ ကျွတ် .. တီတီရေ မပြီးသေးဘူးလား ..."

တုတုက အဝတ်လဲခန်းက ကြားအောင် အသံမြှင့်၍ အော်ပြောလိုက်သည်။

"မပြီးသေးဘူးဟယ်၊ ခဏစောင့် ..."

"မြန်မြန်လုပ်ပါ တီတီရေ၊ ဒီမှာ လူတစ်ယောက် တုတုကို ရိသဲ့သဲ့ လာလုပ်နေလို့ ..."

"ဩော် ... ဒီခေတ်ကြီးမှာ ဒါအဆန်းလား၊ အပျင်းကောင်း ပြေသေးတယ်"

တီတီပြောမှ ပိုဆိုးသွားသည်။ သူက ပြုံးစိစိဖြစ်သွား ရင်း ...

"တွေ့လား ... လူကြီးကမှ နားလည်မှုရှိသေးတယ်၊ ဒါနဲ့ မင်း နာမည်က ဘယ်လိုခေါ်လဲ၊ ခုန ကြားလိုက်တာတော့ ရွှေတုဆိုလား တုတုဆိုလား ..."

တုတုက သူ့ကို စကားမပြောတော့ဘဲ မျက်နှာ





ရှုပ်၍ တစ်ဖက်သို့ လှည့်နေလိုက်သည်။ သို့သော် သူ့ပုံစံက တုတုအာရုံမှာ ငြိပါလာသည်။

ဘောင်းဘီရှည် အကွက် ခပ်ကျပ်ကျပ်လေးနှင့် တီရှပ်အကျပ်ပေါ်မှာ ဝေ့စ်ကုပ်တိုတိုလေး ထပ်ဝတ်လျက် ဆံပင် တိုတွေကို ထောင်ထားပုံက မိမိမိုက်မိုက်။ ပြောဆိုလှုပ်ရှားပုံက Active ဖြစ်ဖြစ်၊ 'စတိုင်လ်ကျကျ ...'။ ညာဘက် နားရွက်ဖျားမှာ ယောက်ျား ကျောက်စီ နားကွင်းလေးနှင့်။ နိုင်းတူးဖိုက်ဟန်းချိန်းနှင့် ယောက်ျားကျောက်ပါ နိုင်းတူးဖိုက် လက်စွပ်ကြီးကြီး ဝတ်ဆင်ထား သော သူ့လက်တွေက သန့်ရှင်းလှပသည်။ ကြည့်လိုက်တာနှင့် တစ်စုံတစ်ရာ ညှို့ငင်ခြင်းခံလိုက်ရသလို ခံစားသွားနိုင်သည့် ညှို့အားပြင်းပြင်း ပုံစံမျိုး။ မျက်လုံးတွေကလည်း စူးရဲတောက်ပ သည်။ အော်ဒီက ကျစ်လစ်လှပပြီး အရပ်ကတော့ သိပ်အရှည်ကြီး မဟုတ်။

"ဟိတ် ..."

"အမေ့ ..."

တုတုက တစ်ဖက်လှည့်၍ ငေးနေ တွေးနေဆဲမှာ သူက ပြုန်းခနဲ တုတုရှေ့မှာ ရပ်လာတာမို့ လန့်သွားမိသည်။ တုတုက သူ့ကို ကြောင်ကြည့်နေမိဆဲ သူက လက်သုံးချောင်း ထောင်ပြ၍ ...

"မင်းကို ကိုယ် ပြောပြစရာ အချက်သုံးချက်ရှိတယ်"

ဟု ပြောပြီး လက်ချောင်းတစ်ချောင်းချင်းစီ ချိုးပြ ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နံ့ပါတ်တစ်-မင်းကို မြင်မြင်ခြင်း စိတ်ဝင်စားတယ်၊ နှစ်စကားပြောကြည့်လိုက်တော့ ပိုစိတ်ဝင်စားသွားတယ်၊ သုံးမင်းနဲ့ ထပ်တွေ့ခွင့်ရချင်တယ်၊ အိုကေနော် … ကိုယ် သွားတော့မယ် …"

သူက နှုတ်ခမ်းတစ်ခြမ်းကို ဖျတ်ခနဲ ရွဲ့၍ ပြုံးသလို လုပ်ပြ၊ မျက်လုံးတစ်ဖက်မှိတ်၊ ညာဘက် နားထင်ကို လက်ဖဝါးစောင်းဖြင့် ဆတ်ခနဲ ထိ၍ အလဲသသလိုပုံစံမျိုး လုပ်ပြပြီးမှ ဖနောင့်ကို အားပြု၍ ချာခနဲလှည့်ကာ ဆိုင်ထဲမှ ထွက်သွားသည်။

တုတုမှာတော့ ရှက်လည်းရှက်၊ စိတ်လည်းတို၊ သူ့ပုံစံကို လှမ်းမကြည့်ဘဲလည်း မနေနိုင်ဘဲ ရင်ထဲမှာ ပိုလိုက်ကျန်ခဲ့လေသည်။

❖ ❖ ❖



(က)

✦ ✦ ✦

"မလိုက်ချင်ပါဘူး တီတီရာ"

"လိုက်ခဲ့ပါ တုတုရယ်"

တုတုတို့ အိမ်ထဲမှာ ထုံးစံအတိုင်း တီတီ တုတု အငြင်းအခုံတွေ ညံနေပါသည်။ တီတီတို့ကလည်း 'နှုတ်'။ တီတို့အပူကလည်း မသေးပါ။ သူ့ကောင်လေးက ရွယ်တူ ကောင်မလေးတစ်ယောက်နှင့် တွဲနေသည်ဟု သတင်းရကတည်းက မီးခဲဖင်ခုတိုင်ထားသလို ပူလောင်ဆူကြွကာ ဟိုလိုက်ဖမ်းမယ်၊ ဒီလိုက်ဖမ်းမယ် တကဲကဲ …။ လူငယ်လေးတွေ သွားတတ်သည့် စတော့ချ်ရှိုးတွေ ကျွင်းပရာ ကန်တော်ကြီးထဲသွားပြီး ရှာရတာကလည်း တစ်ခုကွ …။ သူ့ကောင်လေးရဲ့ သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး အစ်ရအောက်ရခြင်းသည်လည်း အလုပ်တစ်ခု …။ ခုလည်း သူ့ကောင်လေးနှင့် ကောင်မလေးတို့ ဒီည ကျိုန်းသေပေါက် သွားမည်ဟု သတင်းအတိအကျရထားသော ယုဇနဂါးဒင်းဟိုတယ်ထဲက ပျော်ပွဲရွှင်ပွဲသို့ သွားဖို့ တုတုကို အဖော်ခေါ်နေတာပင် …။



www.burmeseclassic.com

www.burmeseclassic.com



"တီတို့မှာလည်း တစ်ခုကွဲပဲ၊ ဒီလောက် ငယ်တဲ့သူကို ကြိုက်ထားရင် ဒီလိုဖြစ်မယ်ဆိုတာ အစကမသိဘူးလား"

"သိတော့ သိတာပေါ့ဟဲ့၊ ဒါပေမယ့် ချစ်တာကိုး..."

တုတုသည် တီတီရဲ့ 'ချစ်တာကိုး' ကြီးကြောင့် ရယ်ချင်သွားကာ...

"ချစ်ပဲ ချစ်နိုင်လွန်းတယ်၊ အရင့်အရင် လူတွေတုန်းက လည်း ချစ်တာပဲ မဟုတ်ဘူးလား"

"အဲ့ဒါက အပေါ်ယံတွေပါ၊ ဒါလေးကမှ အနှစ်ကလေးဟဲ့"

"ချစ်ချစ် နှစ်နှစ် ဒီလောက်ကြီးတော့ စိတ်ပင်ပန်း လူ ပင်ပန်း မခံချင်ပါနဲ့ တီတီရာ၊ တီတို့မှာ ဒီအရွယ်ထိ ဒါမျိုးတွေ မရှားသေးဘူး မဟုတ်လား"

"လူမရှားပေမယ့် အချစ်က ရှားပြီဟဲ့...၊ ဒါတွေ ညည်း နားမလည်ပါဘူး၊ ညည်းက တစ်ခါမှမှ ချစ်ဖူးသေးတာမှ မဟုတ်တာ"

တုတုက မချစ်ဖူးသေးဘူးတဲ့။ တုတုသည် တီတို့ စကားကြောင့် ငြိမ်တွေသွားရပါသည်။ အချစ်ဆိုတာကြီးကို တုတု သိပ်နားမလည်တာတော့ အမှန်ပင်...။ ခုတလောမှာတော့ ဟို လွန်ခဲ့တဲ့ တစ်ပတ်လောက်က ရန်ကင်းစင်တာမှာ ဆုံခဲ့ရတဲ့ နာမည် မသိ နေရပ်မသိ စစ်မြစ်မသိတဲ့ လူတစ်ယောက်ကို ခဏခဏ သတိရပြီး သူပြောသွားတဲ့ အချက်ကြီး သုံးချက်ကို စဉ် တိုင်း ပြုံးရပါသည်။





"တီတီ... လူတစ်ယောက်ကို ချစ်ရင် ဘာတွေဖြစ်ရလဲ ဟင်"

"ဒါက ပုံသေပြောမရဘူး၊ အချစ်မှာလည်း ပုံသေနည်း မရှိဘူး"

"ဟို... ရင်ခုန်တာ စိတ်လှုပ်ရှားတာ၊ သတိရတာ"

"အေး...အဲ့ဒါတွေက ဘယ်လောက်ကြာကြာ ဖြစ်နေမလဲ ဆိုတာပေါ်လည်း မူတည်တယ်၊ တချို့က စိတ်နတော့ ခံစားလွယ်တယ်၊ ဒါပေမယ့် ခဏလေးနဲ့ မေ့ပျောက်သွား တာလည်း ရှိတယ်၊ အကြာကြီးစွဲနေရင်တော့လည်း တစ်မျိုး ပေါ့၊ ဆုံဆည်းကြုံကြိုက်ဖို့လည်း လိုတယ်၊ မထင်မှတ်ဘဲ တိုက်တိုက်ဆိုင်ဆိုင် ဆုံဆည်းလာမှုကိုလည်း 'ဖူးစာ'လို့ ပြောကြတယ်၊ ကမ္ဘာပေါ်က အဆိုအမိန့် ပညာရှင်တွေက လည်း တစ်ယောက်တစ်မျိုး လျှောက်ပြောနေကြတာ၊ ဘာ တွေကို ယုံရမှန်းမသိဘူး၊ ကိုယ့်အယူအဆနဲ့ကိုယ်ပဲ ကောင်း တယ်၊ ကိုယ့်ကို သူချစ်တယ်၊ သူ့ကိုလည်း ချစ်တယ်လို့ ယူဆရင် ချစ်သာချစ်ပစ်လိုက်၊ အချစ်ရဲ့အနက်အဓိပ္ပါယ် တွေကို လျှောက်တွေးနေရင် နင်ပဲရူးသွားလိမ့်မယ်၊ ခုတော့ ငါရူးချင်နေပြီဟယ်၊ လိုက်ခဲ့စမ်းပါဆို၊ ငါတစ်ယောက် တည်း သွားရင် ကိုကိုက လျှောက်စစ်ဆေးနေတတ်လို့ပါ၊ နင်ပါတော့ နင့်ကို ဟိုလိုက်ပို့သလို ဒီလိုက်ပို့သလို အကြောင်းပြလို့ ရတာပေါ့"

တီတီရဲ့ ပတွတ်ပတွတ် ပြောသွားတဲ့စကားတွေက



www.burmeseclassic.com

www.burmeseclassic.com



မြန်လွန်းတာလို့ လိုက်နားထောင်ရတဲ့ တုတုမှာ ခေါင်းတွေတောင်မူးလာသည်။ တီတီရဲ့ အုန်ကျွဲဓတ်နေပုံဟာ မသက်မသာရှိလှကာမို့ တုတုလည်း သနားသဖြင့် အဖော်လိုက်ပေးဖို့ ဆုံးဖြတ်လိုက်ရပါသည်။

တီတီသည် ပျာယာခတ်လျက် ကားပေါ်တက်ကာမောင်းထွက်လာသည်။ တီတီက သူ့ဟာသူလည်း ရှုပ်ယှက်ခတ်စိတ်ပူနေသည့်ကြားကပင် အနားမှာ ထိုင်လိုက်လာသည့် တုတုကို ငဲ့ကြည့်ကာ …

"မီတု … ညည်းက အချစ်အကြောင်းတွေ ဘာတွေ မေးလာပြီဆိုတော့ ဘာလဲ ရည်းစားထားမလို့လား၊ ဘယ်သူနဲ့လဲ၊ ဟိုသုံးယောက်ထဲက တစ်ယောက်ယောက်နဲ့လား၊ အဲဒီသုံးယောက်ကို ငါအကဲခတ်မိသလောက်တော့ ထိုက်တန်ဆိုတဲ့ တစ်ယောက်ပဲ ပုံစံက ဟန်ဟန်ပန်ပန်ရှိတယ်၊ ဟိုမိုးမာန်က နွဲ့ပြီး တိမ်ယံက မှန်ကြောင်ပုံပေါက်နေတယ်၊ ညည်း ထိုက်တန်နဲ့လား …"

"အာ … မဟုတ်ပါဘူး တီတီကလည်း၊ တုတုက သူတို့ကို အစ်ကိုတွေလိုပဲ ချစ်တာ"

"သူတို့ကရော ညည်းအပေါ် ရိုးရဲ့လား"

"ရိုးပါတယ် တီတီရဲ့"

"ငါတော့ မထင်ပါဘူးဟယ်၊ ငါ့သမ္ဘာအရ ယောကျ်ားလေးတွေကို အကဲခတ်တတ်ပါတယ်၊ သူတို့ သုံးယောက်လုံးညည်းအပေါ် ရိုးပုံမရပါဘူး"





"တီတီကလည်း သူတို့နဲ့သေချာတောင် စကားမပြောဖူးဘဲနဲ့ …"

"ညည်းကို ကျောင်းလာပို့ပေးတဲ့နေ့တွေမှာ ခဏတစ်ဖြုတ်စကား ပြောကြည့်လိုက်တာနဲ့ သိပါတယ် တုတုရယ်၊ ပြီးတော့ ညည်းပြန်ပြောနေတဲ့ စကားတွေကို နားထောင်ရုံနဲ့တင် သူတို့ ညည်းအပေါ် ဘယ်လောက် သံယောဇဉ်ရှိတယ်ဆိုတာ ရိပ်မိနိုင်ပါတယ်"

"ရိုးရိုး သံယောဇဉ်ပါ တီတီရယ်၊ သူတို့မှာ သူတို့ စိတ်ဝင်စားတဲ့ မိန်းကလေးတွေ ရှိပြီးသားပါ"

"ကဲ … ကဲ … အဲဒီကိစ္စ နောက်မှဆက်ဆွေးနွေးတာပေါ့၊ အခု ငါ့ကိစ္စလေး ရှင်းလိုက်ဦးမယ်"

ဟိုတယ်သို့ ရောက်ပြီမို့ တီတီက ကားကို ဟိုတယ်ဝန်းထဲ ကွေ့ဝင်ရင်း စကားစဖြတ်လိုက်ပါသည်။

"ညည်း မလိုက်နဲ့တော့၊ ကားထဲမှာပဲ စောင့်နေလိုက်တော့ …"

"မကြာနဲ့နော် တီတီ"

"အေးပါ … မကြာပါဘူး"

တီတီက ကားရပ်ဖို့ ပါကင်ရှာလိုက်သည်။

"ကျွတ် … အရေးထဲမှာ ပါကင်က မရှိဘူး"

တီတီက ကားရပ်ဖို့နေရာရှာရင်း စိတ်တိုနေဆဲမှာ ပါကင်ထိုးထားသော ကားနှစ်စီးက ရှေ့ဆင့်နောက်ဆင့် ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီတီ ... ဟိုမှာ ဟိုမှာ နေရာရပြီ"

တီတီသည် နေရာတွေ့သည်နှင့် ကားကို အပြေး ဂိယာထိုးပြီး ဝေါခနဲ နောက်ဆုတ်၍ ကားပါကင်ထိုးလိုက်ရာ နှစ်စီးစာနေရာရဲ့အလယ်မှာ ကိုးလိုးကန့်လန့် ထိုးမိလျက်သား ဖြစ်သွားသည်။

နှစ်နေရာစာ နေရာရှိပေမယ့် တီတီ ကားပါကင် ထိုးပုံက အချိုးမကျတာမို့ ကျန်သည့်နေရာမှာ တစ်စီးစာ ဝင်ထိုးလို့ မရအောင် ကျဉ်းမြောင်းကျန်ခဲ့သည်။

"တီတီ ဒီအတိုင်းပဲ ရပ်ခဲ့မလို့လား"

"အေးဟယ် ... အေး"

တီတီက စိတ်မရှည်သလိုပြောပြီး ဟိုတယ်ဘက်သို့ ပျာပျာယာယာ ထွက်သွားပါသည်။

တုတုသည် ကားပေါ်မှာ ထိုင်ကျန်ခဲ့ရင်း ကားရှေ့က ဖြတ်သွားသမျှ လူတွေကို ငေးရင်း ကြာတော့ ပျင်းရိလာပါသည်။

တုတုက ကားရှေ့ကဖြတ်သွားသည့် ကောင်လေး ကောင်မလေးတွေကို ငေးရင်း အံ့သြနေမိသည်။ တုတု အရွယ် ကောင်မလေးတွေဟာ အတို အပြတ် အကျပ် အဟိုက် အင်္ကျီ လေးတွေ ဘောင်းဘီလေးတွေကို ဝတ်ပြီး ညအမှောင်မှာ လွတ် လပ်စွာ လှုပ်ရှားသွားလာနေကြသည်။ လက်ထဲမှာလည်း ဟန်းဖုန်း ကိုယ်စီနှင့်ပင်။ တုတုမှာတော့ ဟန်းဖုန်းတောင် ကိုင်ခွင့်မရှိပါ။ မေမေကလည်း သူ့ပေါ်လစီနှင့်သူပင် ...။





"ဘာအလုပ်မှ မယ်မယ်ရရ မရှိသေးတဲ့ ကိုယ့်သားသမီး ငယ်ငယ်ရွယ်ရွယ်လေးတွေကို ဟန်းဖုန်း ပေးကိုင်တယ် ဆိုတာ မြင်းကို ချိုတပ်ပေးတာနဲ့အတူတူပဲ၊ ဖုန်းကိုင်ခွင့် ရတာနဲ့ မရိုးမရွဖြစ်ပြီး ဟိုဆက် ဒီဆက်၊ ဖုန်းနဲ့ ရည်းစား ထား၊ ဟိုချိန်း ဒီချိန်း၊ အရည်မရ အဖတ်မရတွေ ပြောချင် တိုင်း ပြော၊ ဘာမှအကျိုးမရှိဘူး၊ အချိန်ကုန်တယ်"

မေက ထိုအကြောင်းပြချက်ဖြင့် တုတုကို ခုထိ ဖုန်းပေးမကိုင်။ တုတုကလည်း ဖုန်းလိုချင်လှတယ် မဟုတ်။ ကိုထိုက်တို့မှာက ဖုန်းကိုယ်စီနှင့်မို့ တုတုကို မကြာခဏ တိုက်တွန်း တတ်သည်။

"တု ... နင့်အမေကို ဖုန်းပူဆာပါဟာ၊ ဖုန်းရှိတော့ ငါတို့ချင်း ကျောင်းမှာ တကူးတက လိုက်ရှာနေစရာမလိုဘူး၊ ပြီးတော့ ဟိုတစ်ခါ နင် မိန်းထဲသွားလည်တုန်းကလည်း နင့်မှာသာ ဖုန်းရှိရင် လှမ်းဆက်ပြီး ဘယ်ရောက်နေလဲ မေးလို့ရရင် ငါတို့ စိတ်မပူရတော့ဘူးပေါ့"

သူတို့ ဘယ်လောက်ပြောပြော တုကတော့ မေ့ကို မပူဆာရဲ။ တုကိုယ်တိုင်လည်း ပြင်းပြင်းပြပြ လိုချင်လှတယ် မဟုတ်လို့ပင်။

တုတုသည် မီးရောင်အောက်မှာ ပေါင်တံဖွေးဖွေး ကောင်မလေးတွေ သွားလာနေကြတာကို ငေးကြည့်ရင်း ဟိုဟို ဒီဒီ တွေးတောလျက် တီတီ့ကို စောင့်နေဆဲ ...

"ဒေါက် ... ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ဒီမှာ ..."

တစ်ဝက်တစ်ပျက် တင်ထားသော ကားမှန်ကို လာ(?) ခေါက်သံကြောင့် တုတုက အပြင်ဘက်သို့ လှည့်ကြည့်မိသည်။

လူတစ်ယောက် ...။ ယောက်ျားတစ်ယောက် ဆိုပဲ တော့ ...။ မီးရောင်ကို နောက်ခိုင်းထားသဖြင့် မျက်နှာကိုတော့ သေသေချာချာ မမြင်ရပါ။

"ဒီမှာ ... ကားရပ်ထားတာ မမိုက်ဘူးဖြစ်နေတယ်၊ နည်းနည်း ရွှေ့ပေးလို့ ရနိုင်မလား ... ပလိစ် ..."

"ဟိုလေ ... ရွှေ့ပေးလို့ မရ ..."

"ပါကင်ထိုးတဲ့နေရာမှာ တော်တော်ပျင်းပုံရတယ်နော်၊ ဖြစ်သလို ထိုးထားလိုက်တာပဲ၊ နောက်တစ်စီးစာ ရပ်လို့ရအောင် သပ်သပ်ရပ်ရပ် ထိုးလိုက်တော့ အချိန်ဘယ်လောက် ကုန်သွားမှာမို့လို့လဲ၊ ပါကင်ထိုးတယ်ဆိုတာ အတွက်ကြီးလို့ မရဘူးလေ၊ ရှေ့လူ နောက်လူ အဆင်ပြေအောင် ထိုးမှပေါ့"

"ဒါပေမယ့် ရွှေ့ပေးလို့ မရ ..."

"ဒါလေး ပြောင်းထိုးလိုက်တာ ဘယ်လောက်ပင်ပန်းလို့လဲ"

"စကားကို ဆုံးအောင်နားထောင်ဦးရှင့် ...၊ ပါကင် ပြောင်းထိုးဖို့ ပျင်းလို့ပြောတာမဟုတ်ဘူး၊ တုက ကားမမောင်းတတ်လို့ ပြောနေတာ၊ ခဏနေ တီတီပြန်လာမှ ရွှေ့ပေးလို့ ရမှာ ..."

"တုတု ... တီတီ၊ ဟာ ... မင်းက ..."





သူက ရုတ်တရက် သူ့ခါးမှာ ချိတ်ထားသည့် ဟန်းဖုန်းလေးကို ဖြုတ်ပြီး ဖုန်းဆလိုက်ဖွင့်ကာ တုတုမျက်နှာနားသို့ မျက်ခနဲ ကပ်လိုက်သည်။ ဖုန်း screen ရဲ့ အလင်းရောင် ဖျော့ဖျော့က တုတုမျက်နှာနားမှာ ကပ်၍ လင်းသွားတော့မှ တုတု မျက်နှာကို ဘယ်သူဘယ်ဝါ မှတ်မိသွားပုံရကာ ...

"ဟား ... မိုက်တယ်၊ ဖူးစာပဲကွာ၊ ဖူးစာဆိုတာကို ကိုယ် ယုံပြီ"

ဟု ရေရွတ်ရင်း ကားပြတင်းဆီ ငုံ့ကိုင်းနေသော ခန္ဓာကိုယ်ကို မတ်လျက် မျက်နှာကိုမော့ကာ ဆံပင်တိုတို ထောင်ထောင်လေးတွေကို နဖူးလေးပြောင်သွားအောင် သပ်တင်လိုက်လေသည်။ တုတုသည် အလင်းရောင်ဘက် ကျရောက်သွားသော သူ့မျက်နှာကိုမြင်တော့မှ ရင်ထဲ ထိတ်ခနဲ ခုန်လှုပ်သွားသည်။

"ရှင် ... ရှင်"

"မင်းလည်း ကိုယ့်ကို မှတ်မိတယ်မဟုတ်လားဟင်"

"ဟို ... အဲဒါ ..."

"မင်း ဝန်ခံပါကွာ၊ ဝေ့လည်လည်မလုပ်ပါနဲ့၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က မင်းနဲ့ကိုယ် ဆုံခဲ့တယ်လေ၊ အဲဒီနေ့က နေ ဒီနေ့ထိ ကိုယ် မင်းကို အရမ်းသတိရနေခဲ့တာ၊ မင်းနဲ့ ဖူးစာပါရင် တစ်လအတွင်း ပြန်ဆုံခွင့်ရပါစေလို့ ဆုတောင်းခဲ့တာ၊ ဟား ... ခုတော့ တစ်ပတ်လောက်နဲ့ ပြန်ဆုံရတယ်၊ မိုက်တယ်ကွာ"

သူက သူ့ပီတိနှင့်သူ လုံးထွေးအုံမြူးနေပြီး ကား



www.burmeseclassic.com

www.burmeseclassic.com



မောင်းသူဘက်သို့ လျှောက်သွားပြီး ကားတံခါးကို ဆွဲဖွင့်ကာ မောင်းသူနေရာမှာ ထိုင်ချလိုက်တာမို့ တုက လန့်ဖျပ်သွားကာ ..

"ဟင် ... ရှင် ဒါဘာလုပ်တာလဲဟင်"

"ကားပါကင် ရွှေ့ထိုးပေးမလို့လေ ..."

သူက ခပ်တည်တည်နှင့် ကားကိုစက်နှိုးလိုက်တာမို့ တုက ကိုယ်ကိုနောက်ရို့ကာ သူ့ကို မျက်လုံးအပြူးသားဖြင့် ကြောင်ကြည့်နေသည်။

သူက ကလပ်နင်းကာ ဂီယာထိုးလိုက်ရင်း ...

"ကားက ဂီယာထိုးလို့ သိပ်မကောင်းဘူးဖြစ်နေတယ်"

"ခုန အကောင်းကြီးပါ"

"တုတု ကိုယ့်ကို မှတ်မိတယ်မဟုတ်လား ..."

"မမှတ် ... မမှတ်မိပါဘူး"

"ညာတာ ..."

"ကဲပါ ... ကားပါကင်ထိုးမယ်ဆို မြန်မြန်ပြောင်းထိုးလေ ..."

"တုတု အမှန်အတိုင်းဖြေမှ ကားပါကင်က ဖြောင့်ဖြောင့်ထိုးလို့ရမှာ ..."

"မှတ်မိတယ်ရှင် ... မှတ်မိတယ်၊ ဟိုနေ့က ဆိုင်ထဲမှာ တုတုကို ညံ့တယ်လို့ ပြောသွားတဲ့သူ ..."

"အဲ့ဒါတင် မဟုတ်သေးဘူးလေ၊ နောက်ထပ် အချက်သုံးချက်ပါ ပြောသွားသေးတယ်လေ ..."

"အဲ့ဒါတော့ မမှတ်မိတော့ဘူး"





"လုလည်ကျပြီကွာ"

"တကယ် မမှတ်မိလို့ပါ"

"ကိစ္စမရှိပါဘူး၊ မမှတ်မိရင်လည်း ထပ်ပြောရသေးတာပေါ့၊ နံပါတ်(၁) မင်းကို စိတ်ဝင်စား ..."

"တော်ပြီ ... တော်ပြီ၊ ထပ်မပြောနဲ့တော့၊ မှတ်မိပြီ"

"အိုကေ ... မှတ်ထားပေးတာ ကျေးဇူးပဲ"

သူက ကားကို ရှေ့သို့ ဝေါခနဲ မောင်းထွက်၊ ဘက်ဂီယာထိုး၍ တစ်ချက်တည်း နောက်ဆုတ်လျက် ကျွမ်းကျင်အသားကျစွာ ပါကင်ထိုးပေးပြီး ...

"တုတုက ဒီကိုဘာလာလုပ်တာလဲ ..."

"တီတီနဲ့ အဖော်လိုက်လာတာ ..."

"မဟုတ်မှလွဲရော တုတုရဲ့ ယောက္ခမလောင်း ... တီတီက သူ့ ကောင်လေးကို လာရှာတာထင်တယ်"

"စပ်စုလိုက်တာ၊ သွားတော့လေ၊ ပါကင်ထိုးပြီးပြီပဲ"

"တုတုက ကျောင်းသူလား၊ ဘယ်ကျောင်းမှာ တက်တာလဲ"

"စပ်စုပြန်ပြီ၊ သွားပါတော့ဆို ..."

"သဲလွန်စမရဘဲ မသွားနိုင်သေးဘူး ..."

"ဘာသဲလွန်စလဲ ..."

"ဥပမာ တုတုနဲ့ အဆက်အသွယ်လုပ်ဖို့ ဖုန်းနံပါတ်ကလေးပဲ ဖြစ်ဖြစ်၊ တုတုသွားနေကျနေရာလေးပဲ ဖြစ်ဖြစ်၊ တုတုနေတဲ့ လိပ်စာလေးပဲ ဖြစ်ဖြစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"တုတု ဖုန်းမကိုင်ဘူး၊ တုတု သွားနေကျနေရာလို့ ပြော ရလောက်အောင် ခဏခဏ သွားတတ်တဲ့နေရာ သိပ်မရှိ ဘူး၊ တုတုရဲ့ နေရပ်လိပ်စာကတော့ အာရှတိုက်၊ မြန်မာ ပြည်၊ ရန်ကုန် ..."

"ဟ ... ဟ ... လူလည်ကျတတ်တဲ့ နေရာမှာတော့ စုပါပဲ"

"စုပါဆိုတာ ကော်ဖီမစ်ပဲ ..."

"ကိုယ်ပြောခဲ့တဲ့ အချက်လေး သုံးချက်ကို ပြန်စဉ်းစား ကြည့်ပေးကွာ၊ တကယ်တော့ ကိုယ်က ..."

"ရှင်က ကက မဟုတ်လား"

"What is ကက ..."

"ကက ဆိုတာ ကြံကြိုက်ကိုပြောတာ၊ ရှင့်လို မိန်းကလေး တစ်ယောက်ကို ကြံတိုင်း ကြိုက်ချင်တဲ့သူတွေကို တုတု တို့ သူငယ်ချင်းတွေက ကကလို့ နာမည်ပေးထားကယ်"

"ကိုယ်က ကက မဟုတ်ဘူး၊ နံပါတ်အနက်လေ၊ ငှားစီး ရတဲ့ကား မဟုတ်ဘူး၊ ကိုယ်ပိုင်ကား၊ ရင်ဘတ်အငှားနဲ့ မချစ်တတ်ဘူး၊ ကိုယ်ပိုင်နှလုံးသားအစစ်နဲ့ ချစ်တတ်တယ်"

"ရှင် ဘာတွေလာပြောနေတာလဲ၊ သွားပါတော့ ... ကော် ကြာ တီတီ ပြန်လာတော့မှာ၊ တီတီက သူ့ဘာသာ ဒေါသ ကြီးနေရတဲ့ကြားထဲ ရှင် ကားထဲရောက်နေတာတွေ့ ရင် တီတို့ ဒေါသအောက်မှာ ရှင် စိစိညက်ညက် ကြေသွား လိမ့်မယ်"

"ကြေပါစေ ... မကြောက်ပါဘူး၊ တီတီ့ကို ပြန်ချဲ့လိုက်





မှာပေါ့၊ တီတီက ကိုယ်တို့အရွယ် ကောင်လေးတွေဆို ခွင့်လွှတ်တတ်မှာပါ"

"ကြည့်စမ်း ... ရှင် ပါးစပ်သရမ်းတဲ့နေရာမှာ တီတီ့ကို တောင် ချမ်းသာမပေးပါလား"

"ချမ်းသာမပေးပေမယ့် တင်မောင်ဆန်းမင်းဝင်းတော့ ပေး ပါမယ်"

"ဘာတွေ လာပြောနေတာလဲ"

"ဇာတ်မင်းသား ချမ်းသာကို တီတီ့အတွက် ပေးစေချင် လို့လားလို့ ...၊ သူ့တူ တင်မောင်ဆန်းမင်းဝင်းကိုပဲ ပေးရင် ကောင်းမလားလို့ ..."

"ကပ်သီးကပ်သပ်တွေ လာပြောမနေပါနဲ့၊ သွားပါတော့"

"နှင်လိုက်တာ၊ သွားမှာပါ၊ ကိုယ်လည်း ဒီဟိုတယ်မှာ ညည်သည်လာတွေ့တဲ့ ကိုယ့်မေမေကို ပြန်လာကြိုတာ၊ ဒီမှာ ဖူးစာရှင်နဲ့တွေ့တာနဲ့ မေမေ့ကိုကြိုဖို့တောင် နောက် ကျနေပြီ"

သူက ကားတံခါးဖွင့်ဆင်းမယ် ပြင်လိုက်ပြီးမှ အသံ တိုးဖျဖျဖြင့် ...

"တုတု ..."

"ဟင် ..."

တုတု တုန်လှုပ်စွာ ထူးမိသည်။ ရင်ဘတ်ထဲမှာ လည်း ရင်ခုန်သံတွေ တုန်ဟည်းလာသလိုပင် ...။ ဟင့်အင်း ... ရလို့ အလွယ်တကူ ရင်ခုန်တတ်တာကြီးကတော့ မကောင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ အေးလေ ... ရှင်ခုနတိုင်း အချစ်ဟုတ်ချင်မှ ဟုတ်မှာ ပါ၊ ခဏတစ်ဖြုတ် စိတ်လှုပ်ရှားမိတာများလား ...။ ညအချိန်ကြီး မှာ အနီးကပ်ကြီးဆိုတော့ ဒီလောက် စိတ်လှုပ်ရှားမိတာ ဘာမှ မလွန်ပါဘူး၊ တုတုသည် ကိုယ့်ကိုယ်ကို နှစ်သိမ့်ဖျောင်းဖျလိုက် လေ၏။

"တုတုလည်း ကိုယ့်ကိုသတိရနေတယ် မဟုတ်လားဟင်"

"ဟင့်အင်း ... မရ ... မရပါဘူး"

"ညာပြန်ပြီကွာ၊ မညာနဲ့၊ အမှန်အတိုင်း ပြော"

"မရပါဘူးဆို ..."

"အမှန်အတိုင်း မပြောရင်တော့ ကားမောင်းထွက်သွားရ လိမ့်မယ်"

သူက ပြောပြောဆိုဆို ကားစက်နှိုးလိုက်လေသည်။

"ဟင် ... ရှင် ဒါဘာလုပ်မလို့လဲ ..."

"သွားမယ်လေ ...၊ ကားလေးစီးလို့ တို့နှစ်ယောက် အတူ လျှောက်လို့လည်မယ်၊ အပျော်ဆုံးပေါ့ ... တို့ရင်ထဲ xx"

သူက အဲလက်စ် သီချင်းကိုဆိုရင်း ကားမောင်းထွက် လိုက်ရာ ...

"နေဦး ...၊ နေဦး ... ရပ် ... ရပ်တော့၊ တုတု ... တုတု လည်း ရှင့်ကို သတိရနေတာ ..."

"ဟား ... အိုကေ ... ဒါပဲပေါ့၊ ဤမှန်သော စကားကြောင့် ကိုယ်တို့ ဖူးစာဆုံပါရစေ ..."





သူက ရှင်မြူးစွာပြောရင်း ကားကို နောက်ပြန်ဆုတ် ရပ်ပေးလိုက်တာမို့ တုတုက သူ့ကို မျက်စောင်းရွယ်မိသည်။

သူက ကားပေါ်မှဆင်းပြီးတာနှင့် တုတုဘက်ခြမ်းသို့ လျှောက်လာကာ တုတုမျက်နှာနားသို့ သူ့ခေါင်းကို နိမ့်ချ ကိုင်းလိုက်ရင်း ...

"ကိုယ့်နာမည်က တိမ်မြူ၊ ဒီနေ့ကစပြီး တိမ်မြူဆိုတဲ့ လိပ်ပြာတစ်ကောင် တောင်ပံဖြန့်ပြီး မင်းနားမှာ ရစ်ဝဲလာ လိမ့်မယ်၊ မင်း ... စောင့်နေလိုက်တော့ ..."



www.burmeseclassic.com

www.burmeseclassic.com

၉။ (၈)

◆ ◆ ◆

သူ့ကို တကယ်ပဲ စောင့်နေခဲ့မိလေသည်။

တုရှိရာနေရာကို တစ်နေ့မှာ သူ စုံစမ်းသိရှိကာ တုတုရှေ့မှောက်သို့ ရောက်ရှိလာလိမ့်မည်ဟု တုက ခိုင်ခိုင်မာမာ ယုံကြည်နေခဲ့မိသည်။ အကယ်၍ သူ မစုံစမ်းနိုင်ခဲ့ရင်တောင် မကြာခင်မှာ တိုက်ဆိုင်မှုတစ်ခုခုဖြင့် မထင်မှတ်ဘဲ ပြန်ဆုံကြရလိမ့်မည်။ အဲဒီလို ဆုံစည်းခွင့်ရခြင်းဟာ သူပြောတဲ့ 'ပုဗ္ဗေ' ကြောင့်လည်း ဖြစ်နိုင်သည်ဟု တုက ယုံကြည်ယူဆနေသည်။

တုသည် မနက်မိုးလင်းတိုင်း အိမ်ရှေ့ဝရန်တာလေးသို့ ပြေးထွက်သွားကာ တုတို့ခြံပတ်ဝန်းကျင်မှာများ သူရှိနေမလားဟု အပေါ်စီးမှ ဖွေဝဲကြည့်ရှုရှာဖွေမိ၏။ ညညဆို သူ့အရိပ်အယောင်များ တွေ့လေမလားဟု လမ်းမီးရောင်တွေအောက်က လမ်းမဆီ လှမ်းမျှော်ငေးရ၏။ အနီးပတ်ဝန်းကျင်မှ ဂစ်တာသံသဲ့သဲ့ ကြားလိုက်ရင် သူများလားဟု ခေါင်းထောင်နားစွင့်မိပြီး ဝရန်တာလေးသို့ သွားကာ လမ်းကလေးဆီ မျှော်ငေးရှာဖွေရ၏။





မနက် အကျင်းသွားပြီဆိုလည်း ခြံဝန်းထဲကနေ ...းထွက်လာတာနှင့် အနီးအနားပတ်ဝန်းကျင်ကို ခေါင်းချာချာ ...ည်အောင် ကြည့်လျက် သူလာစောင့်နေမလားဟု ရှာဖွေမိ၏။ ...ကပင် တုတုရဲ့ ဂဏှာမငြိမ်မှုကို သတိပြုမိကာ ...

"သမီး... နတလော ဘာဖြစ်နေတာလဲ၊ ခေါင်းရော မျက်စိကော မငြိမ်ဘူး၊ ဏှာခြေရှုရ နေစမ်းပါ တုတုရယ်..."

"တုတု ဈေးသည်ရှာတာပါ ဖေကြီးရယ်"

"ဘာဈေးသည်လဲ..."

"ဟိုတလောက တုတို့ခြံနားမှာ ဗယာကြော်သေးသေးလေးတွေ ရောင်းတဲ့ ဈေးသည်ကုလားကြီး လာလာရောင်းနေတာ၊ တုက ဗယာကြော်ကြိုက်လို့ နောက်နေ့တွေ လာဦးမလားလို့ ရှာရှာကြည့်မိနေတာပါ"

"ဗယာကြော်စားချင်ရင် အိမ်က ကောင်မလေးတွေကို ကြော်ခိုင်းပေါ့..."

"သူတို့ကြော်တာက ကုလား ကြော်တာလောက် စားမကောင်းဘူး ဖေရဲ့..."

"ကုလားကလွဲပြီး ဗယာကြော် ကြော်တတ်တဲ့သူ မရှိဘူးလို့တော့ အစွဲမထားနဲ့ပေါ့ ငါ့သမီးရယ်၊ ဒါနဲ့ ဟိုကောင်တွေရော ငြိမ်ရဲ့လား"

"ဘယ်ကောင်တွေလဲ ဖေ..."

"ဟိုသုံးကောင်လေ... စတယ်လာတို့ရဲ့ သားတွေ..."

"သူတို့ငြိမ်မငြိမ် တုဘယ်သိမလဲ၊ တုနဲ့မှ အမြဲမတွေ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"မေ မေးတာက သူတို့ သမီးကို လိုက်အရောဝင်နေလား လို့ မေးတာ ..."

"မဝင်ပါဘူး၊ သူတို့လည်း သူတို့ဇာတ်လမ်းနဲ့ သူတို့ ရှိပြီး သားပါ"

"ယောကျ်ားဆိုတာ ဇာတ်လမ်းတစ်ခု ရှိပြီးသားပေမယ့် နောက်တစ်ဇာတ်လမ်း ထပ်ရှုပ်ဖို့ ဝန်မလေးတတ်ဘူး သမီးရဲ့ ..."

"မေကြီးတုန်းကလည်း ဝန်မလေးဘူးလား"

"သြော် ... မေကတော့ ဝန်လေးပါတယ်ကွယ်"

"ဒါဆို ယောကျ်ားတိုင်း ဇာတ်လမ်းရှုပ်တတ်တယ်လို့ ဘယ် ပြောလို့ရမလဲ မေရယ်"

"အများစုက ရှုပ်တတ်တာကိုတော့ သတိချပ်ရမယ်"

"စိတ်ချပါ မေ၊ တုကလည်းလေ မေနဲ့ ဇာတ်လမ်းဟောင်း တွေ ရှိခဲ့ဖူးတဲ့သူတွေရဲ့ သားတွေနဲ့ ဇာတ်လမ်းဖြစ်ဖို့ စိတ် မကူးပါဘူး"

"မိတုနော် ... အမေကို နှိပ်ကွပ်ဖို့ဆို ဝန်မလေးဘူး၊ မေမေ့မှာ သူတို့အမေတွေနဲ့ ဘာဇာတ်လမ်းဟောင်းမှ မရှိဘူး ..."

မေကြီး 'ညာတာ' ဟု တုတု မပြောလိုပါ။ တုတု လည်း ညာနေရတာမို့ပင် ...။ 'အမေညာ၊ သမီးညာ ကြော် ဆရာ' ဟု တုက တွေးလိုက်သည်။

ကျောင်းရှေ့ရောက်တော့ မေကြီးက တုတုကို





ကျောင်းရှေ့မှာ ချထားခဲ့ပြီး တက္ကသိုလ်ရိပ်သာလမ်းအတိုင်း လှည်း တန်းဘက်သို့ ဆက်မောင်းသွားသည်။

တုတုက မှေကားမြင်ကွင်းထဲက ပျောက်တာနှင့် ခေါင်းကို ဟိုဒီချာချာလှည့်ကာ တုတုရဲ့ အနီးအနားမှာ တိမ်မြူ လာစောင့်နေမလားဟု ရှာဖွေပြီး မတွေ့တော့မှ သက်ပြင်းချကာ ကျောင်းဝန်းဘက်သို့ လမ်းဖြတ်ကူးဖို့ ပြင်လိုက်သည်။

တုက ကားတွေ စီတန်းရပ်ထားသည့် လမ်းတစ် ဖက်ခြမ်းမှာ ရပ်၍ တစ်ဖက်သို့ကူးရန် ကားအရှင်းကို စောင့်နေ မိဆဲ ...

"မုးစာလေး ..."

ညင်သာသော အသံတစ်သံဟာ တုတုနောက်နား ဆီမှ ထွက်ပေါ်လာပါသည်။

"ကိုယ့်ရဲ့ မုးစာလေး ..."

တု ... ရင်ထဲ ဒိတ်ခနဲ။ ခေါင်းကလည်း ချာခနဲ ..."

"ဟင် ... ရှင် ..."

တိမ်မြူက ကားတစ်စီးကို ခပ်လျော့လျော့မှီ၍ လက်ပိုက်ရပ်နေသည်။ နှုတ်ခမ်းတွေက ပြုံးနေသည်။

"ခုန ဘာရှာနေတာလဲ"

"ဘာရှာလို့လဲ ..."

တုက စိတ်တိုသံလေးဖြင့် ပြန်ပြောမိသည်။

"ခုန ကားပေါ်က ဆင်းလာကတည်းက ခေါင်းလေး ချာချာလည်ပြီး တစ်ယောက်ယောက်ကို ရှာနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တု သူငယ်ချင်းတွေကို ရှာတာပေါ့ ..."

"ကိုယ့်ကို ရှာတာပါ ..."

"ရှာစရာလား၊ မရှာပါဘူး၊ ရှာရအောင် ဘာမှလည်း မဆိုင် ..."

"ကိုယ့်စိတ်ထဲမှာတော့ စ,တွေ့တဲ့နေ့ကတည်းက လုံးဝ သက်ဆိုင်သွားတော့တာ"

သူက ကားကိုမှိုရပ်နေရာက တုတုရှေ့သို့ တစ်လှမ်းချင်း တိုးလာရင်း ...

"ဆောရီး ...၊ ကိုယ် ကတိမတည်ဘူး ဖြစ်သွားတယ်"

"ရှင် တုကို ဘာကတိမှ မပေးခဲ့ပါဘူး"

"ဒီနေ့က ပြီး မင်းအနားမှာ လိပ်ပြာလေးလို ရစ်ဝဲနေလိမ့်မယ်လို့ ပြောခဲ့တယ်လေကွာ"

"သြော် ... အဲ့ဒါ ကတိလား၊ တုက ကြုံလို့ပြောသွားတယ် မှတ်တာ"

"စကားကို ခနဲ့သလို မပြောပါနဲ့ကွာ၊ ကိုယ် တကယ် တောင်းပန်ချင်တာပါ၊ အဲ့ဒီနေ့က ကိုယ် မင်းတို့ကားနောက်ကို လိုက်ပြီး မင်းနေတဲ့ အိမ်ကို သိအောင် ကြိုးစားမလို့ပဲ၊ ဒါပေမယ့် ကိုယ့်အမေကို ကြိုဖို့ကိစ္စကလည်း ရှိသေးတော့ အဲဒီ ဟိုတယ်ကို ရောက်နေတဲ့ သူငယ်ချင်း တစ်ယောက်ကို ဖုန်းဆက်ခေါ်ပြီး မင်းတို့ကားနောက်ကို လိုက်ကြည့်ခိုင်းလိုက်တယ်၊ အဲ့ဒီညမှာပဲ ကိုယ် လိပ်စာသိသွားတယ်၊ ဒါပေမယ့် နောက်တစ်နေ့ မနက်မှာ ကိုယ့်မေမေ





မန္တလေးသွားဖို့ကိစ္စ ပေါ်လာလို့ ကိုယ် ကားလိုက်မောင်းပို့ရတယ်၊ တစ်ပတ်ကြာမှ ပြန်လာခွင့်ရတယ်၊ မနေ့ညက ရန်ကုန်ရောက်တယ်၊ ဒီမနက်မှာ မင်းတို့လမ်းထိပ်နားမှာ လာစောင့်ပြီး ကျောင်းအထိ ပါလာတာလေ ..."

"ရှင်က ရှင့်အမေရဲ့ ဝေယျာဝစ္စတွေကို တော်တော်လိုက်လုပ်ပေးတာပဲနော်၊ အမေချစ်သားထင်တယ်"

"ဟုတ်တယ် ...၊ ကိုယ်က တခြားသူတွေရှေ့မှာသာ သိပ်ထောင့်မကျိုးချင်တာ၊ အမေ့ရှေ့ရောက်ရင်တော့ သားလိမ္မာလေးပဲ၊ အမေ့ဆန္ဒဆို ကိုယ် ဘယ်တော့မှ မဖယ်ရှားဘူး၊ အမေကလည်း သားတစ်ယောက်ပဲရှိတာဆိုတော့ ကိုယ့်ကို အရမ်းချစ်တယ်လေ"

"တုကလည်း အဖေချစ် သမီးပါ၊ တု ဖေဖေကလည်း တုကို သိပ်ချစ်တာ ..."

"၅၂ဧ ပဲ ဖြစ်ဖြစ် ၁၅၀၀ ပဲ ဖြစ်ဖြစ် ချစ်ကြတယ်ဆိုတာ မင်္ဂလာရှိတဲ့ ကိစ္စပဲနော်၊ အခု ကိုယ်တို့မှာ ၅၂၈ မင်္ဂလာတွေ ရှိပြီးသားဆိုတော့ နောက်တစ်မင်္ဂလာထပ်ရှိအောင် ကြိုးစားလိုက်ဖို့ပဲ လိုတော့တယ်နော် ဖူး ..."

"ဖူး ...၊ ဖူးဆိုတာ ဘယ်သူ့ကို ပြောတာလဲ ..."

"မင်းကိုပြောတာလေ၊ ကိုယ်က မင်းကို တုတုလို့ မခေါ်ချင်ဘူး၊ ကိုယ့်ရဲ့ ဖူးစာဖက်လေးမို့လို့ ဖူးစာလေး၊ ဖူးလေး၊ ဖူး၊ အဲ့ဒီလိုပဲ ခေါ်မှာ ..."

"အံမယ် ... ပိုင်စိုးပိုင်နင်းနဲ့ ရှင့်ကို ဘယ်သူက ခေါ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုလို့လဲ တိမ်မြူရဲ့ . . . ”

“ခွင့်မပြုလည်း ခေါချင်တယ်၊ ခေါ်ပါရစေ . . . ”

“တု သွားတော့မယ်၊ ကျောင်းချိန်နီးနေပြီ . . . ”

“ကိုယ် နေ့တိုင်း လာစောင့်နေမယ် ဖူး . . . ”

တုက ကားလမ်းကို ဖြတ်ကူးလာခဲ့သည်။ ကျောင်းထဲဝင်ခါနီးတော့ သူရှိရာသို့ သမင်လည်ပြန် လှည့်ကြည့်မိ၏။ သူက တုကို လက်လှမ်းပြနေတာမို့ တုက ရှက်ရှက်နှင့်ပင် မျက်နှာလွှဲရင်း ကျောင်းထဲသို့ ခပ်သုတ်သုတ် ဝင်လာမိသည်။

ဒီလိုအချိန်မှာ ကိုထိုက်တို့နဲ့ မဆုံရတာ တု အရမ်းကံကောင်းလို့သာပင်။



၉။ (ဂ)

✦ ✦ ✦

တုတုသည် ‘အချစ်မြစ်’ထဲမှာ တဖြည်းဖြည်း မျောပါစ ပြုလေသည်။

ဒီတစ်ခါ ခံစားရတဲ့ တုရဲ့ ခံစားမှုတွေဟာ အချစ်ဖြစ်ကြောင်း တုကိုယ်တု သေချာနေတာမို့ ကိုထိုက်တို့ကို ထပ်ပြီးတိုင်ပင်ဖို့မလိုဟု ထင်သည်။ သူတို့ ဘာသာ သိပြီး ဖျက်လာခဲ့လျှင်လည်း မယှိုင်မလဲဘဲ တောင့်ခံနေဖို့ သတ္တိတွေရှိနေသည်။

တိမ်မြူရဲ့ အငွေ့အသက်လေးတွေဟာ တုအနားမှာ အမြဲရှိနေသည်ဟု ခံစားနေမိသည်။

သူက မနက်တိုင်း တုတို့ကျောင်းနားကို ရောက်နေတတ်ပြီး ညနေတိုင်း တုတို့အိမ်နားမှာ ရှိနေကာ ညတိုင်း ဖုန်းခေါ်တတ်လေသည်။

တုသည် ဟန်းဖုန်းမကိုင်သူမို့ ညညဆို တိတို့ကို တောင်းပန်ထားရ၏။

“တိတိက အချစ်နဲ့တွေ့တာကြာပြီ၊ တုက အခုမှ စ,တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေး ရှိသေးတာ၊ ညညကျ တုကို ဖုန်းပြောဖို့ အမှာ့ညွှ် ပေးဦး၊ တီတို့မှာက hand phone ရှိသားပဲ"

"ဟန်းဖုန်းက အိမ်ဖုန်းထက် ဘီလ်ပိုတက်တယ် ရှေ့တုရဲ့"

"အဝင် call ဆို မပေးရဘူး မဟုတ်လား"

"အထွက်ကောဆိုတော့ ပေးရတယ်လေ"

"ဟင် ... ဒါဆို ညည ဖုန်းတွေအကြာကြီး ပြောပြောနေကာ တီတီကပဲ စ,ခေါ်နေရတာပေါ့"

"ငါက အကြီးဆိုတော့ ငါပဲခေါ်လိုက်ပါတယ်"

"တီတီ မမွဲသေးဘူးလား"

"မမွဲပါဘူး၊ ငါ့ စိန်ပွဲစားအလုပ်က သွားရင်း လာရင်း အလုပ်ဖြစ်နေတာပဲ၊ ဖုန်းဘီလ်ဆိုတာ အဖျားအနားပါ ..."

"အဖျားအနား ဘယ်နှသိန်းလဲ ..."

"ပြောမပြဘူးဟယ် ..."

"တီတို ကောင်လေးနဲ့ အဆင်ပြန်ပြေသွားပြီလား"

"ပြေတာပေါ့၊ ကောင်မလေးတွေဆိုတာ ခဏတစ်ဖြုတ်ပါ၊ ဘယ်ဟာ အတု ဘယ်ဟာ အစစ်ဆိုတာ သူခွဲခြားတတ်သွားပါပြီ"

"တီတိုမလည်း အဲ့ဒီ သံသရာမှာ လည်နေတော့ကာပဲ၊ အိမ်ထောင်ပြုမှာဖြင့် ပြုလိုက်တာမဟုတ်ဘူး"

"အိမ်ထောင်ပြုဖို့က စောပါသေးတယ်"

"တုတုကတော့ နောက်တောင်ကျနေပြီ"





"မိတုတုနော် ... ဒါနဲ့ ညည်းက ဘယ်သူနဲ့ ပြောပြောနေတာလဲ၊ ဟိုသုံးယောက်ထဲကပဲလား"

"မဟုတ်ပါဘူး၊ ဒါက အသစ်၊ တီတီ ရေးတဲ့ ပုံးစာ၊ တီတီနဲ့ အဖော်လိုက်ရင်း တွေ့ရတဲ့ ပုံးစာ ..."

တုတု အကြောင်းစုံ ပြောပြတော့မှ တီတီက အံ့သြနေကာ ...

"ညည်းကလည်း ခေသူမဟုတ်ပါလား၊ အခုကော အခြေအနေက ဘယ်အဆင့်မှာလဲ"

"တရားဝင် ချစ်စကားမပြောရသေးတာက လွဲရင် နားလည်မှုတော့ တော်တော်ရနေပါပြီ"

တုတုက ပြုံးစိစိလေးပြောတော့ တီတီက မျက်စောင်းရွယ်သည်။ တုတုက တီတို့အခန်းထဲမှ ပြန်ထွက်လာပြီး ဖုန်းလာရင် အမြန်ကိုင်ဖို့ ဖုန်းစောင့်တစ္ဆေလုပ်ရသည်။ ဖေဖေက တော့ ညညဆို သူ့အခန်းထဲမှာ သဲကြီးမဲကြီး အင်တာနက်ကြည့်တတ်သူမို့ ဧည့်ခန်းထဲက ဖုန်းကိုလာကိုင်ဖို့ စိတ်မဝင်စား၊ ဖုန်းမြည်သံကိုလည်း မကြား ...။ ထိုအခါ တုတုက ဧည့်ခန်းမီးကို မှိတ်လျက် ဧည့်ခန်းဆိုဖာပေါ်မှာ လှဲကာ ဖိမ်ဆွဲ ဖုန်းပြောနိုင်လေသည်။

တုတို့သည် ညညဆို သူ့အကြောင်း ကိုယ့်အကြောင်း ပြောကြသည်။ မှတ်မိတတ်စ အရွယ်ကနေ စပြီး ခုချိန်ထိ ကြုံရသမျှလေးတွေကို အသေးအမွှားကိစ္စလေးကအစ ပုံကြီးချဲ့၍ ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ သူက တုတုနဲ့ နှစ်ယောက်တည်း တွေ့ဖို့ ခွင့်တောင်းလေသည်။ တုတုသည် အိမ်နားမှာဆို မေမေ့ကို ကြောက်ရ၊ ကျောင်းနားမှာဆို သိတာနှင့် ဖျက်ဖို့သေချာသည့် ကိုထိုက်တို့ကိုလည်း ရှောင်ရနှင့်မို့ အကြပ်ရိုက်ကာ တီတီ့ကို အကူအညီတောင်းရလေသည်။

"တုတို့က တစ်ခါမှ အေးအေးဆေးဆေး မတွေ့ဖြစ်သေးဘူး တီတီရဲ့၊ နုလည်း စိမ်းလန်းစိုပြေ ပန်းခြံထဲမှာ ခဏတွေ့ကြဖို့ ချိန်းတာပါ၊ စိမ်းလန်းဆိုတာက တီတီ သိတဲ့အတိုင်း စားသောက်ဆိုင်လည်း ရှိ၊ လူတွေကလည်း အများကြီး၊ မတော်တရော် လာချိန်းတွေ့တဲ့ အတွဲတွေ လည်း မရှိဘူးလေ၊ သန့်သန့်လေးတွေချည်းပဲ"

"နေပါဦး ... ညည်းတို့က သမီးရည်းစား ဖြစ်ပြီလား"

"မဖြစ်သေးပါဘူး"

"ဒါဆို ချိန်းတွေ့စရာလား"

"ချိန်းတွေ့တာ မဟုတ်ပါဘူး၊ တွေ့ဖို့ချိန်းတာပါ"

"ဘာထူးလဲ ..."

"ခဏလေးတွေ့ပြီး စကားနည်းနည်းပါးပါး ပြောရုံလောက် ပဲလေ၊ သူ တုကို ချစ်ခွင့်ပန်မလို့လည်း ဖြစ်နိုင်တယ်"

တီတီက မျက်စောင်းရွယ်ရင်း ...

"ကဲ ... ဒါဆို ဒီလိုလုပ် ...၊ အဲဒီနေ့ကျရင် ငါ့ကောင်လေး ကိုပါ ချိန်းလိုက်မယ်၊ ငါတို့က စားသောက်ဆိုင်ထဲမှာ





စားရင်း သောက်ရင်း စကားပြောနေမယ်၊ နင်တို့က ငါတို့ နေရာကနေ လှမ်းမြင်နိုင်တဲ့ မြက်ခင်းပေါ်မှာ သွားစကား ပြောကြပေါ့"

"ကျေးဇူးတင်လိုက်တာ တီတီရာ ...၊ တီတီ ဒါ့မှုမကာ ပိုပိုချစ်နိုင်ပါစေ ..."

ထိုနေ့ညနေက တီတီ့ကောင်းမှုကြောင့် တုတု အိမ်မှ ထွက်ခွင့်ရလေသည်။ ဒါတောင် အိမ်ကထွက်ခါနီးမှာ မေမေက မျက်စိနောက်လာပုံနှင့် ...

"ခုတလော ဒီနှစ်ယောက် တတွဲတွဲနဲ့ လမ်းထွက်များနေပြီ နော်၊ ဘာတွေမဟုတ်တာ ကျိတ်ကြံနေကြတာလဲ ...၊ မီသစ် နင် ကလေးကို မဟုတ်တာတွေ သင်ပေးမနေနဲ့၊ နင့်ကို ငါ တော်တော် မျက်စိနောက်နေပြီ၊ အိမ်ထောင် ပြုမှာဖြင့်လည်း မြန်မြန်ပြုတော့၊ မကြီးမငယ်နဲ့ ဖောက်လမ်း တွေ ရှုပ်မနေနဲ့ ..."

"ကိုကိုနော် ... သစ်ကိုဆို ဘယ်တော့မှ အကောင်းမပြော ဘူး၊ သစ်က ကိုယ့်အလုပ်ကိစ္စနဲ့ကိုယ် ရှုပ်နေလို့ ဒါမျိုး တွေ စိတ်ကူးဖို့တောင် အချိန်မရဘူး"

"အချိန်မရပေလို့ပဲ၊ ငါမသိရင်ခက်မယ်၊ မကြီး မငယ်နဲ့ ရည်းစားတွေ လျှောက်ထားနေတာ ငါမသိဘူး မှတ်လား"

"ကိုကိုနော် ..."

တီတီက မျက်နှာစူပုပ်ပုပ်နှင့် ပေမေ့ရှေ့မှ အမြန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။ တီတီက ပေဖေ့ထက် လေးနှစ်လောက်ပဲ ငယ်ပေမယ့် ကလေးလို ဆိုးနွဲ့ချင်သည်။

ကားပေါ်ရောက်တော့ တီတီက တုတုဗိုက်ကို ဆိတ်ခနဲ ဆွဲလိမ်လိုက်ရာ တုတုမှာ တွန့်လိမ်သွားရရင်း ...

"အား ... နာလိုက်တာ တီတီ၊ ဘာလုပ်တာလဲ"

"လိမ်ဆွဲတာလေ၊ ညည်းကြောင့် ငါ အပြောခံရတာ၊ မကျေနပ်ဘူး"

"အံမယ် ... တုတုချည်း လွှဲမချနဲ့၊ အခု ထွက်တာ တီကို့ အကျိုးရော မပါလို့လား၊ အပြန်အလှန်ပဲ ဥစ္စာ၊ နောင်လည်း တုတုတို့ နှစ်ယောက်က အပြန်အလှန် ကူညီရင်း အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြရမှာ ..."

"တော်တော် တတ်နေပါလားဟင်"

တီတီက တုတုကို မျက်စောင်းထိုးပြီး ကားမောင်း ထွက်လာခဲ့ပါသည်။

❦ ❦ ❦

စိမ်းလန်းစိုပြေပန်းခြံသည် စိုပြေသာယာလျက် ရှိ၏။

တုတုသည် ရင်ကလေးထိတ်ခုန်ကာ တိမ်မြူ စောင့်နေမည်ဆိုသော ပန်းခြံရဲ့တစ်ဖက်စွန်း မြက်ခင်းကုန်းမြင့်လေးဆီ တရွေ့ရွေ့ တက်လာပါသည်။





ချိန်းထားသည့် ရေစပ်ခုံတန်းလေးကို လှမ်းမြင်ရသည်အထိ တိမ်မြူ့ကို မတွေ့ရသေးတာမို့ တုတုက စိတ်ကောက်ချင်သွားသည်။

"ဟွန့် ... သူက ယောကျ်ားလေးဖြစ်ပြီး စောလည်းမရောက်ဘူး"

တုက နှုတ်ခမ်းစူကာ တီးတိုးရေရွတ်ရင်း ထိုနေရာလေးသို့ လျှောက်သွားနေဆဲ လူရိပ်တစ်ခုက ဖြုန်းဆို တုတုရှေ့မှာ ရပ်လာလေသည်။

"ဟိတ် ... မှုး ..."

"ဟင် ... တိမ်မြူ ..."

တုတုက လန့်သွားပြီးမှ တိမ်မြူမှန်းသိကာ ရင်ဖိလိုက်မိသည်။

သူက ဦးညွှတ်၍ လက်နှစ်ဖက်ကို ဖွင့်ကားလိုက်ရင်း ...

"ကြိုဆိုပါတယ် ခင်ဗျာ ...၊ ခုလို ကိုယ့်ဖိတ်ခေါ်မှုကို လက်ခံတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်"

တုက သူ့ကို မျက်စောင်းရွယ်လိုက်ရင်း ...

"ကြိုဆိုတဲ့ သူက နောက်မှရောက်လာတာ မဟုတ်လား"

"နိုး ...၊ ကိုယ် ရောက်နေတာ ကြာပြီ၊ မှုး ကိုယ့်ကို ရှာရင်း လျှောက်လာနေတဲ့ ပုံလေးကို တိတ်တိတ်လေး ငေးကြည့်ချင်လို့ ကိုယ်ယှောင်ပျောက်နေတာ"

"တု ... မနည်းစွန့်စားပြီး လာခဲ့ရတာ၊ ခုလို ညနေစောင်း



www.burmeseclassic.com

ကြီးမှာ တုပေပေက တုတစ်ယောက်တည်း အပြင်ပေးလွှတ်တာ မဟုတ်ဘူး၊ တီတီ ကူညီလို့သာ လာလို့ရတာ"

"တုလို့ မပြောနဲ့ ...၊ ဖူးလို့ပဲ ပြောပါကွာ"

"တုက တိမ်မြူရဲ့ ဖူးစာရှင်မှ မဟုတ်သေးတာ၊ ဖူးလို့ မပြောချင်ပါဘူး"

"ဖူး ကိုယ့်ဖူးစာရှင် ဖြစ်လာဖို့အတွက် ဒီနေ့ပဲ အချက် သုံးချက် ပြောဖို့ ကိုယ် ဆုံးဖြတ်ထားတယ်"

"လာပြန်ပြီ ... ဒီအချက် သုံးချက် ..."

"ဟုတ်တယ် ... သေချာ နားထောင်ပေးပါ ဖူး ...၊ ကိုယ် အခုပြောမယ့် အချက်သုံးချက်က အရမ်းအရေးကြီးတယ်"

တိမ်မြူက ပြောပြောဆိုဆို လက်သုံးချောင်းထောင် လိုက်သည်။ တုသည် သူပြောလာမည့် စကားကို ရိပ်မိကာ ရင် ထိတ်ခုန်လျက် ခြေဖျားလက်ဖျားလေးတွေ အေးစက်ကာ ရင်ဘတ် နားမှာတော့ နွေးနေသည်။

တိမ်မြူက စ,တွေ့သည့်နေ့တုန်းကလိုပဲ လက် ချောင်း သုံးချောင်းကို တစ်ချောင်းစီ ချိုးချရင်း ...

"တစ် ... ဖူးကို စတွေ့တဲ့နေ့ကတည်းက ချစ်တယ်၊ နှစ် ... အခု အရမ်းချစ်နေတယ်၊ သုံး ... နောင်လည်း အမြဲဆက် ချစ်သွားဖို့ သေချာတယ် ..."

တိမ်မြူ ချစ်သည်ကို သိသော်လည်း သူ့နှုတ်ဖျားက ထွက်လာသော 'ချစ်တယ်' ဆိုသော စကားလုံးလေးက တုကို ပီတိဖြင့် တစိမ့်စိမ့် သိမ့်သိမ့်ခါသွားစေသည်။





"ဖူး ... မင်းလည်း ကိုယ့်ကိုချစ်တယ် မဟုတ်လားဟင်"

တုသည် ချက်ချင်း ခေါင်းညိတ်ဖို့ မပ့ံရဲ။

"ဝန်ခံပါလား တုရယ် ..."

တု မဖြေမီ ...။ ချက်ချင်း အဖြေပေးလိုက်လျှင် တုကို အထင်သေးမှာလည်း စိုးရိမ်၏။ သူ့ရှေ့မှာ ခေါင်းမဖော် နိုင်အောင်လည်း ရှက်မိ၏။

"ဖူးကကွာ ... ဖုန်းပြောရင်တော့ အရမ်း ရင်းနှီးပြီး လူချင်း တွေ့ရင် စိမ်းနေသလိုပဲ ..."

တိမ်မြူက မချင့်မရဲ ပြော၏။

"ဖူး ဝန်မခံသေးဘူးလား၊ ဝန်မခံရင် ..."

"ဟင် ... တိမ်မြူ ဒါဘာလုပ် ..."

တိမ်မြူက မချင့်မရဲပြောနေရာက တု ပခုံးကို ဖျတ် ခနဲ ဆွဲယူဖက်မွှေ့လိုက်ရာ တုသည် ရုတ်တရက် ပြင်းထန်စွာ ရှက်ရွံ့စိတ်လှုပ်ရှားသွားကာ သူ့ကို ဆောင့်တွန်းပစ်လိုက်မိတော့ သည်။

"ဖူး ... ဟာကွာ ... ဘာဖြစ်ရတာလဲကွာ ..."

တိမ်မြူက တအံ့တသြ မေး၏။ တုတုက နောက် သို့ တစ်လှမ်းဆုတ်လိုက်ရင်း ...

"ရှင် ... သိပ်အရဲကိုးတယ်၊ လူကြားထဲမှာ မရှက်ဘူးလား၊ တုကို အရှက်ခွဲတာလား၊ တုတို့ကို တီတီ လှမ်းကြည့်နေ တာ မသိဘူးလား"

"ဟာ ... ဖူးကလည်းကွာ၊ အဲဒီလိုကြီး တစိမ်းကြီးလို့ မပြော

www.burmeseclassic.com



ပါနဲ့၊ ကိုယ်မခံစားနိုင်လို့ပါ၊ ကိုယ့်စိတ်ထဲမှာ ဖူးလည်း ကိုယ့်ကိုချစ်နေလိမ့်မယ်လို့ ခံစားနေမိလို့၊ ဖူးရှက်နေတဲ့ ပုံလေးကိုလည်း အရမ်းပဲ မချင့်မရဲ ချစ်စနိုးဖြစ်သွားမိလို့ ရုတ်တရက် သတိလွတ်သွားတာပါ၊ ဘယ်သူကမှလည်း သတိထားမိပုံ မရပါဘူး၊ ဖူးနဲ့အတူလာတဲ့ တီတီကလည်း သူ့ကောင်လေး သူကြည့်ပြီး ရယ်မောပြောဆိုနေကြတာ သူ့အာရုံနဲ့သူပါ၊ ဖူးကို ဂရုတစိုက် ကြည့်မနေအားပါဘူး၊ ဖူးသိက္ခာကျ အရှက်ရလောက်အောင် ပြုမူဖို့ ကိုယ် မရည်ရွယ်ပါဘူးကွာ"

"တိမ်မြူ ရှင့်က သိပ်အပိုင်တွက်လွန်းတယ်၊ ရှင်ထင်တာ မှားတယ်၊ တု ရှင့်ကိုမချစ်ဘူး"

"ဟာကွာ ... ဖူးရာ"

"ရှင့်ကို မချစ်ဘူးဆိုတာ မယုံနိုင်ဘူးလား၊ ရှင့်ကိုဆို ဘယ်မိန်းကလေးကမှ မချစ်ဘဲမနေနိုင်ဘူးလို့ ယုံကြည်မှု လွန်ကဲနေတာလား၊ တု ရှင့်ကို မချစ်ဘူး၊ အဲ့ဒါကို ယုံလိုက်တော့"

တုက မျက်နှာလေး မော့၍ပြောတော့ သူက စိတ်အိုက်လာပုံနှင့် သူ့ဆံပင်တွေကို ကုပ်ဖွလိုက်ရင်း ...

"ကဲ ... ဒီလိုဆိုလည်း သူငယ်ချင်းလိုတော့ ဆက်ခင်မယ်ကွာ၊ ဖြစ်မလား ..."

"အင်း ... အဲ့ဒီလောက်ဆိုရင်တော့ ရပါတယ်၊ ခွင့်ပြုရမှာပေါ့"

အဲ့ဒီနေ့ညနေက တိမ်မြူက တုနားမှာထိုင်ကာ ပေါ





ပါးပါး ရယ်စရာ စကားတွေ လျှောက်ပြောနေခဲ့သည်။ တု ည် ပျော်သော်လည်း မရယ်မိအောင် ထိန်းကာ ပြုံးတုံ့တုံ့လေး သာ နေလိုက်သည်။

တီတီကတော့ တုကို စောင့်ကြည့်ဖို့ပေးလို့ သူလူနှင့် သော ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေတာမို့ အိမ်ပြန်ကြ ကို တုတုက သတိပေး ချော့မော့ခေါ်ရသည်။

အပြန်လမ်းမှာ တီတီက ကားမောင်းနေရင်းက တု တစ်ချက်ငဲ့ကြည့်ရင်း ...

"ဘယ်လိုလဲ ... ရည်းစား ဖြစ်လာပြီလား"

"အို ... လွယ်လွယ်နဲ့ ဖြစ်စရာလား တီတီရဲ့"

တုက ပြောပြီး တစ်ဖက်လှည့်ကာ ပြုံးစိစိလေး ပြုံးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

၉။ (ယ)

✦ ✦ ✦

တိမ်မြူက အစွမ်းကုန်ချော့မော့နေသော်လည်း တုကတော့ တစ်ပတ် ဆယ်ရက်ကြာသည်အထိ စိတ်ကောက်မပြေချေ။

တုသည် တိမ်မြူကို ချစ်ကြောင်း ဝန်မခံသေးဘဲ မချစ်ဘူးဟူသာ တွင်တွင်ငြင်းနေသဖြင့် တိမ်မြူ့ခမျာ အခက်တွေ့၍နေသည်။

တစ်နေ့တော့ တိမ်မြူက တုကို ပြုံးစိစိစိုက်ကြည့်ရင်း ...

"မိန်းကလေးဆိုတာ လိုက်ရင် ပြေးတယ်၊ ပြေးရင် လိုက်တယ်လို့ ကိုယ်ကြားဖူးတယ်၊ ကိုယ်ကချည်းပဲ လိုက်နေတော့ မုူးက ပြေးနေသလိုပဲ၊ ခုနေ ကိုယ် ပြန်ပြေးရင် မုူးများ ပြန်လိုက်လာမလားလို့ စဉ်းစားမိတယ်"

"မလိုက်ပါဘူး၊ ပြေးချင်ပြေးပေါ့ ..."

တု ဟန်ကိုယ့်ဖို့လေး ပြန်ပြောလိုက်ရသော်လည်း စိတ်တော့ပူသွားမိသည်။ ခုနေ သူပြေးရင် တုတု ဘာလုပ်ရမလဲ





လိုက်ဖို့လည်း တစ်ခက်၊ မလိုက်မိလို့ ကျန်ခဲ့ရမှာလည်း စိုး။ အို ... မသိတော့ဘူး။

တိမ်မြူကတော့ စိတ်ရှည်လက်ရှည်ပင် တုကို စောင့်၏။ တုအလိုကျ အပိုးကျိုးကျိုးလေး နေပြနေလေသည်။

နောက် နှစ်လခန့်အကြာ နံနက်ခင်းတစ်ခုမှာတော့ တိမ်မြူက တုလက်ထဲသို့ MP 4 စက်ပြားပြားလေး ထည့်ပေးရင်း ...

"မုူး နားထောင်ဖို့ သီချင်းလေးတွေ ကူးထားတယ်၊ အိမ်ကျမှ နားထောင်ကြည့်နော်၊ မုူးက သီချင်းကြိုက်တယ် မဟုတ်လား"

"အင်း ... ကြိုက်ပါတယ်"

တုက MP 4 လေးကို ယူထားလိုက်သည်။ တိမ်မြူနဲ့တွေ့တဲ့အချိန်ဟာ တိတိလိုက်ပို့ပေးသော နံနက်ခင်း ကျောင်းတက်ချိန်လေးမှာပင် ...။

တုသည် ညနေအထိ မစောင့်နိုင် မဆောင့်နိုင်ဘဲ ထိုစက်လေးကို ရရချင်းပင် ဖွင့်နားထောင်ချင်နေတာမို့ တစ်ယောက်တည်း အေးအေးဆေးဆေး ဖွင့်နားထောင်လို့ရမည့် နေရာကို ရှာရသည်။ အရေးထဲမှာ ကိုထိုက်တို့ကလည်း တစ်မျှောင့် ...။

"တု ... ဘာဖြစ်နေတာလဲ၊ နင့်ကြည့်ရတာ ပုံမမှန်ဘူး၊ တစ်ခုခုကို ပုန်းလျှိုးကွယ်လျှိုး လုပ်ချင်နေတဲ့ ပုံမျိုးဖြစ်နေတယ်"

"မဟုတ်ပါဘူး ကိုမိုးရယ်၊ တု တစ်ခါတလေများ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေစမ်းပါရစေ"

တုတုက မပြောစဖူး ခပ်ဆတ်ဆတ်လေး ပြောလိုက်ပြီး သူတို့နှင့်ဝေးရာ ထွက်လာတာမို့ ထိုက်တန်တို့ သုံးယောက်မှာ ကြောင်အမ်းအမ်းဖြစ်ကျန်ခဲ့ကြသည်။

ထိုက်တန်က ...

"တုတု ဘာဖြစ်နေတာလဲကွ၊ ပုံမှန်မဟုတ်ဘူး"

"အေး ... ငါလည်း သတိထားမိတယ်၊ သူ မှုပျက်နေတာကြာပြီ"

"ရည်းစားထားချင်ပြန်ပြီလား မသိဘူး ..."

"တွေ့နေပြီ ထင်တယ်"

"တွေ့ရင် ငါတို့ကို တိုင်ပင်မှာပေါ့၊ ငါတို့ကလည်း ထုံးစံအတိုင်း အကြောင်းပြချက်တွေ ရှာပြီး ဖျက်ပစ်လိုက်ရုံပေါ့ကွာ ..."

"အေး ... ဖျက်နေရုံနဲ့ မပြီးဘူး၊ ငါတို့ဘက်က ခြေလှမ်းစဖို့လည်း လိုတယ် ..."

"ဘယ်ကဘယ်လို စရမှန်းမသိဘူးကွာ၊ တဘက်က အရမ်းဖြူစင်နေတော့ စ,ရမှာ ခက်တယ်"

ထိုက်တန်က ညည်းညူသလိုပြောတာမို့ မိုးမာန်က ထိုက်တန်ကို စွေကြည့်ရင်း ...

"မင်းလို 'ခ'ရှိတဲ့ လူကတောင် စရခက်တယ်ဆိုတော့ ငါတို့က မိုဆိုးပြီပေါ့ကွာ"





တိမ်ယံကတော့ ဘာမှဝင်မပြောဘဲ ခေါင်းကုပ်နေရာက တစ်လုံးချင်း လေးနက်စွာ ...

"မကောင်းဘူးထင်တယ် ..."

"ဘာမကောင်းတာလဲ"

"ငါတို့ သုံးယောက်လုံးက သူ့ကို ချစ်ကြောင်းပြောလို့ မကောင်းဘူးလေ၊ နှစ်ယောက် နောက်ဆုတ်ပေးမှ ဖြစ်မယ်"

"ဘယ် နှစ်ယောက်က ဆုတ်ရမှာလဲ"

"မင်းတို့နှစ်ယောက် ဆုတ်လေ ..."

"လူလည်ကြီး ..."

ထိုက်တန်နှင့် မိုးမာန်က တိမ်ယံ့ကုပ်ပိုးကို တစ်ယောက်တစ်ချက် လှမ်းအုပ်ပစ်လိုက်ကြသည်။

တုတုကတော့ ကိုမိုးတို့ တုကို ဘယ်လိုထင်ကြမလဲဟုလည်း မစဉ်းစားအား၊ တုဘာသာ မှန်ထူနေကာ သီချင်းဖွင့်နားထောင်ဖို့ပဲ စိတ်စောနေတာမို့ စာသင်ရတာတောင် စိတ်မပါ။ နေ့ခင်း ကျောင်းခဏအားမည့်အချိန်ကိုသာ စောင့်နေမိသည်။ နေ့ခင်း ခဏအားတာနှင့် လူရှင်းသည့် စာသင်ခန်းအလွတ်ထဲ ဝင်ထိုင်ပြီး MP 4 စက်လေးကို ဖွင့်လိုက်လေသည်။

စစချင်း ကြားရသည်မှာ သီချင်းခွေထဲက ပရော်ပက်ရှင်နယ် တီးဝိုင်းသံမျိုး မဟုတ်ဘဲ ဂစ်တာလေးတစ်လက် တီးခတ်သံ၊ တစ်ဆက်တည်း တိမ်မြူရဲ့ ဆွဲဆောင်မှုရှိလွန်းသော သီချင်းဆိုသံ ...။



www.burmeseclassic.com

www.burmeseclassic.com



*"လေပြေတိုးသံလား× × ×တောင်ပံခတ်သံလား× × ×
ငါနားတွေ ဝေဝါးခဲ့၊ ခြေရာမဲ့ညများ ရောင်စုံအိပ်မက်
များ တကယ်ဖြစ်နိုင်ပါ့မလား×××ဘယ်လို ငါ မျှော်လင့်
ရမလဲ ပြောပါ … ငါ့ကို အဖြေပေးပါ …
ဟန်ဆောင်မှု အပြုံးတွေရဲ့ အဆေးမှာ တကယ် နှာကျင်
စွာနဲ့ ငါငိုနေပါတယ် … ဝန်ခံလိုက်ပေါ့ မင်း ချစ်တယ်
ဆိုလည်း … ကြာရင် ငါ့ရှုးလိမ့်မယ်××× ဘယ်လို
အကြောင်းပြပြီး ငြင်းနေမှာလဲ … ဒီတစ်ခါ မလှည့်စား
တော့နဲ့ … တကယ်ဆို ချစ်ရက်နဲ့ မုန်းဟန်ဆောင်ခဲ့တာ
ငါမြင်နေတယ် ဒီမျက်ဝန်းနက်တွေထဲ … ×××"*

'ဝန်ခံပါ' ဟူသော သီချင်းလေးက တုရဲ့ နှလုံးသားကို နှံ့ညှံ့လိုက်မောသွားစေသည်။ သီချင်းဆုံးသောအခါ တု မျက်ဝန်းထဲမှာ မျက်ရည်တွေ သီဝေလျှက်။ တုသည် အတန်ကြာသည်အထိ ငေးမောမျောနေရာက ရုတ်တရက် ဆတ်ခနဲ ထကာ အခန်းပြင်သို့ အပြေးတစ်ပိုင်း ထွက်လာခဲ့သည်။

တုသည် ကော်ရစ်ဒါအတိုင်း ဖုန်းပြောရင်း လျှောက်လာနေသည့် ကျောင်းသူတစ်ယောက်ရဲ့ ရှေ့မှာ ပိတ်ရပ်ကာ …

"ဒီမှာ … ဒီမှာ ရှင့်ဖုန်းလေး ကျွန်မ ခဏငှားပါလား …
ကျွန်မ အရေးတကြီး ဆက်စရာလေးရှိလို့ …"

"ခဏလေးစောင့် … တို့ပြောပြီးရင် ပေးမယ်နော်"

ထိုကျောင်းသူက တုတုကို လက်ကာပြထားတာမို့ တုတုက ရပ်စောင့်နေရသည်။ စောင့်နေရင်းက လှုက အမော





တကောနင့် စိတ်တွေဆောလာကာ ထိုကျောင်းသူရဲ့ ဖွင့်လိုက်ပိတ်လိုက်ဖြစ်နေသော ပါးစပ်လေးကို ပြူးစိုက်ကြည့်နေလိုက်တာနဲ့ ကျောင်းသူက အိုးတိုးအမ်းတမ်းဖြစ်ကာ …

"ဟုဲ … ဒီမှာက ဘာအရေးကြီးလို့လဲ မသိဘူး၊ ဖုန်းဆက်ချင်လို့တဲ့၊ သေရေးရှင်ရေး ဖြစ်နေပုံရတယ်၊ ငါ နောက်မှ ပြန်ဆက်လိုက်မယ်၊ ဒီတစ်ယောက်ကို ဖုန်းပေးဆက်လိုက်ဦးမယ်"

ဟု တစ်ဖက်ကိုပြောပြီး တုတုထံ ဖုန်းကို ကမ်းပေးရှိသေး တုက ဖတ်ခနဲ ဆွဲယူကာ တီမ်မြူ ဖုန်းနံပါတ်တွေကို နှိပ်ပစ်လိုက်ပါသည်။

"ဟဲလို … ဟဲလို … တီမ်မြူလား၊ တုပါ … တု ဝန်ခံစရာရှိလို့၊ တုတို့ကျောင်းရှေ့ကို အခုလာခဲ့ပါ …"

တုက ခပ်တိုတိုပြောကာ ကျောင်းသူကို ဖုန်းပြန်ပေးလိုက်ရင်း 'ကျေးဇူးပဲ'ဟုပြောပြီး ထွက်လာခဲ့သည်။ ကျောင်းသူကတော့ …

"သေရေး ရှင်ရေးဖြင့် မဟုတ်ဘဲနဲ့၊ သူ့ရည်းစားကို ချိန်းတာလေးများ …"

ဟု တီးတိုး ရေရွတ်ကျန်ခဲ့လေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

၉။ (င)

◆ ◆ ◆

တုသည် တိမ်မြူနဲ့တွေ့ဖို့ ကျောင်းအပြင်ဘက်သို့ အရှိန်အဟုန်ပြင်းသော ခြေလှမ်းများဖြင့် လှမ်းထွက်လာစဉ်တွင် ထိုက်တန်တို့ သုံးယောက်က တုတုရှေ့မှာ ပိတ်ရပ်လိုက်ကြပါသည်။

"တုတု ဒါဘယ်သွားမလို့လဲ"

"အပြင်ခဏသွားမလို့ ..."

တုတု ဖြေပုံက ခပ်ပြတ်ပြတ် ...။ အရင်လို နွဲ့တောင်းသည့် လေသံမျိုးမဟုတ်။ လေသံမှာကိုကတည်းက 'သွားကိုသွားမယ်၊ မတားကြနဲ့' ဟူသည့် သဘောမျိုးတွေ ပါဝင်နေသည်။

"ဘယ်အပြင်လဲ၊ အတိအကျပြော ..."

ထိုက်တန်က ကြောက်မလားဟု ဖိဟောက်လိုက်သည်။ တုတုတို့ကလည်း မကြောက် ...။





"အတိအကျပြောဖို့ လိုလို့လား၊ တုတုရဲ့ ကိုယ်ရေးကိုယ်တာပဲ၊ မပြောလည်း ဖြစ်တယ်မဟုတ်လား"

"ဟာ ... တုတု ... နင့်ကို အပမှီနေသလား"

ထိုက်တန်တို့ သုံးယောက်လုံး မျက်ခုံးပင့်ကာ အလန့်တကြား ရေရွတ်လိုက်ကြသည်။

တုတုကတော့ တိမ်မြူနဲ့ တွေ့ဖို့ တိမ်မြူရှေ့မှာ ဝန်ခံဖို့အရေးမှာ ကိုထိုက်တို့ ဝင်ပြီး တားဆီးပိတ်ပင်မှာ စိုးရိမ်လျက် ဘယ်ကဘယ်လို ဝင်လာမှန်းမသိသော သတ္တိတွေနှင့် ပြတ်သားရဲနေသည်။

"ဘာအပမှ မမှီဘူး၊ တုသွားမယ်၊ ကျောင်းချိန်အမီ ပြန်လာခဲ့မယ်၊ တုနောက်ကို လုံးဝလိုက်မလာကြနဲ့၊ တု မသိအောင် နောက်ယောင်ခံလိုက်ရင် ဒီတစ်သက် ကိုမိုးတို့နဲ့ အပြတ်ပဲ"

"သွားပြီ ... နင့်ကို မကောင်းဆိုးဝါး ကပ်ရှားနေပြီ ..."

သူတို့သုံးယောက်လုံး အံ့အားတသင့် ဖြစ်ကျန်ခဲ့ကြသည်။

တုတုကတော့ 'မွန်'တယ်လို့ပဲ ပြောရမလား ... ခုလောလောဆယ်မှာ တိမ်မြူ စိတ်ချမ်းသာအောင် တုတုရဲ့ အချစ်ကို ဖွင့်ဟဝန်ခံလိုက်ချင်တာသာ ရှိသည်။

တိမ်မြူ့ကား ကျောင်းရှေ့မှာ ရပ်လာတာနှင့် တုက တိမ်မြူ့ကားထဲ ဝင်ထိုင်လိုက်ပြီး ...

"တိမ်မြူ ... ဘုတ်ကလပ်ဘက် မောင်းလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုကော ..."

တိမ်မြူက လေလေး တစ်ချက်ချွန်ပြီး လေ့လေ့အသင်းဘက် မောင်းထွက်လိုက်သည်။

ရေစပ်လေးမှာ ကားရပ်မိတာနှင့် တုက ခေါင်းလေငုံ့ချကာ အသံတုန်တုန်ကလေးနှင့်ပင် ...

"တိမ်မြူ ... မူး ဝန်ခံပါတယ်၊ တိမ်မြူကို မူး ချစ်တယ်"

ဟု ဝန်ခံလိုက်လေသည်။

ရေလှိုင်းလေးတွေသည် ညင်သာစွာ ကမ်းစပ်သို့ ပြေးလွှားလာကြ၏။ လေပြည်ညင်းတို့သည် မြက်ပင်ကလေးတွေကို ထိနမ်းလှုပ်ယမ်းသွားကြ၏။ တုတုသည် တိမ်မြူ ပခုံးစွန်းကို ဖွဖွလေး ထိမှီလိုက်၏။ တိမ်မြူသည် တုတုရဲ့ ဆံစလေးကို အသာအယာ နမ်းရှိုက်လိုက်၏။ ကမ္ဘာပေါ်တွင် ချစ်သူစုံတွဲတစ်တွဲ ထပ်မံတိုးပွား ပေါ်ပေါက်လာလေသတည်း။

✦ ✦ ✦



၁၀။ (က)

✦ ✦ ✦

တုတုနှင့် တိမ်မြူတို့ ချစ်သူဖြစ်ကြပြီးနောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ဖို့ အရေးကိစ္စဟာ အရေးကြီးသထက် ကြီးလာပါသည်။ ကိုယ့်အိမ်မှာ ကိုယ်ရှိနေကြလည်း တစ်ယောက် ထမင်းဆာတဲ့အခါ 'အတူစားကြစို့' ဟု ဖုန်းနဲ့ လှမ်းချိတ်ပြီး ကိုယ့်အိမ် ထမင်းစားခန်းထဲ ကိုယ်ဝင်စားသော်လည်း အတူစားနေသည့် ခံစားချက်မျိုး ရရှိနိုင်ဖို့။ ဖုန်းဘေပြောပြောနဲ့ ထမင်းစားကြဖို့။ စိတ်ကူးပေါက်ရင် ပေါက်သလို အရေးမပါတာလေးတွေကအစ တစ်ခွန်းစ နှစ်ခွန်းစ လှမ်းလှမ်းပြောကြဖို့ ...။ ချစ်တယ်၊ လွမ်းတယ်၊ အိပ်တော့မယ်၊ ဂွတ်နိုက်၊ မောနင်း၊ နီးပြီ စသည့် စကားလေးတွေကို အချိန်အခါမရွေး ပလွတ်တွတ်တွတ် ပြောနိုင်ဖို့ တုတုအတွက် အရေးတကြီး လိုအပ်လာသည်မှာ GSM ဖုန်းလေးတစ်လုံးပင် ဖြစ်ပေတော့၏။

တုတုသည် ပေမေ့ရှေ့တွင် သတ္တိရှိသော မျက်နှာပေးလေးဖြင့် ပူဆာလိုက်သည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေ ... တု မုန့်ကိုင်ချင်တယ်၊ တုကို မုန့်ဝယ်ပေး"

မေက တုကို မျက်မှောင်ကြုတ်ကြည့်ရင်း ...

"ဘာရောဂါထလာတာလဲ သမီးတု ..."

"လူတန်းစေ့ချင်တဲ့ ရောဂါပေါ့ မေရဲ့၊ လူတကာ ဒီလိုပဲ မုန့်လေးတစ်လုံးတော့ ကိုင်ကြတာပဲ ဥစ္စာ ..."

"သမီးပြောသလိုဆို မုန့်မကိုင်တဲ့ လူတွေမှာ လူတန်းမစေ့တာ ကျနေတာပဲ၊ မှတ်ထားသမီး တကယ့် သူဌေးကြီးတွေဆိုတာ စိတ်ရှုပ်ခံပြီး မုန့်မကိုင်ဘူး၊ သူတို့ အတွင်းရေးမှူးတွေကပဲ ကိုင်ပေးကြတာ၊ အမေရိကန် သမ္မတ အိုဘားမားတောင်မှပဲ လက်ကိုင်မုန့်လေး ဆက်ကိုင်ခွင့်ရဖို့အရေး သူ့လက်အောက်က လူတွေနဲ့ တော်တော် အတိုက်အခံ လုပ်လိုက်ရတယ်၊ ခိုင်းစရာ အခြွေအရံနည်းပါးတဲ့ သူတွေသာ မုန့်ကိုင်တာ ..."

"အဲ့ဒီလို ပုံသေပြောလို့မရပါဘူး၊ မေ သမီးကို မုန့်ဝယ်မပေးချင်တိုင်း လျှောက်အကြောင်းပြနေတာ ...၊ သမီးတို့အရွယ် ကျောင်းသူလေးတွေ မုန့်ကိုင်နေကြတာပြင် ကြာလှပြီ၊ သမီးမှာ ဆက်စရာရှိရင် သူများဆီက ငှားဆက်ရတာ အောက်တယ် ...

"ကိုယ့်ကျောင်းကိုယ်သွား၊ ကိုယ့်စာကိုယ်ကျက်၊ အချိန်တန် ပြန်လာ၊ ရိုးရိုးသားသား ပြောစရာရှိရင် အိမ်မုန့်နဲ့ပြော ကိစ္စဝိစ္စ ငြိမ်းအောင်နေရင် ဘာမုန့်မှမလိုဘူး၊ တချို့များ မုန့်သာကိုင်နေတယ်၊ ကိစ္စဝိစ္စ ပြောတာက နည်းနည်း





အရည်မရ အဖတ်မရ အတင်းတွေ ပြောနေကြတာက များများ ..."

"သမီးက အရည်မရ အဖတ်မရပြောမဲ့လို့ မဟုတ်ပါဘူး၊ အရေးဟယ် အကြောင်းဟယ်ဆို အလွယ်တကူ ဆက်ရအောင် ဆောင်ထားရုံပဲ၊ သမီးလိုချင်တယ်၊ သမီးကို ဝယ်ပေး၊ မနက်ဖြန်ပဲ ဝယ်ပေးနော် မေ ..."

"ဗျော် ... ခက်ပါလား၊ ဗွတ်ကိုဖြစ်နေပါလား၊ အရင် ဒီလို ဗွတ်မပူဆာဖူးပါဘူး၊ အခုမှ ဘာတွေဖြစ်နေတာလဲ တုတု"

မေမေက တုတုကို အကဲခတ်သလို ကြည့်ရင်းမေးသည်။ လက်သည်းနီဆိုးနေသော အတွင်းသိ တီတီကတော့ တုတုတို့ပြောနေကြတာကို နားထောင်ရင်း ပြုံးစိစိလုပ်နေသည်။

"သမီး ဘာမှမဖြစ်ဘူး၊ သမီး မုန့်လိုချင်တာပဲ သိတယ်၊ သမီးကို မုန့်ဝယ်ပေး ..."

"ဟာ ... ဘယ်လိုဖြစ်လို့ ဒီလောက်တောင် ထွန့်ထွန့်လူးဖြစ်နေရတာလဲ ...၊ သစ်သစ် ... ဒီကောင်မလေး ဘာဖြစ်နေတာလဲ ... နင်သိလား ..."

"သူတို့အရွယ်လေးတွေ ကိုင်တော့ သူလည်း ကိုင်ချင်လို့နေမှာပေါ့ ကိုကိုရယ်၊ သနားပါတယ် ... ဝယ်ပေးလိုက်ပါ"

ဒါမှ ... တီတီ။ အရမ်းချစ်စရာကောင်းသည်။

"နင်က မတားမြစ်တဲ့အပြင် မြှောက်ပေးနေပြန်ပြီ၊ မရဘူး၊ ဝယ်မပေးဘူး"

"မဝယ်ပေးရင် သမီးသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲ ..."

"ဒီလိုပဲ ခြေဦးတည့်ရာ လျှောက်သွားမလို့"

"ဟ ... ဟ ... မိတ္တ၊ လာစမ်း ... ပြန်လာစမ်း"

တုတုက အိမ်ရှေ့ဆီ တဖွတ်ဖွတ်ထိုး ပြေးထွက်သွား တာမို့ မေမေက နောက်မှပြေးလိုက်လာပြီး တကြော်ကြော် အော် ခေါ်နေသည်။ တုကလည်း မုန့်မရလို့ မဖြစ်တာမို့ နောက်ပြန် မလှည့်။

"တုတု ... လာစမ်း ... ပြန်လာစမ်း ..."

"မုန့်ဝယ်ပေးမှ ပြန်လာမယ်"

"ကဲ ... ကဲ ... ဝယ်ပေးမယ်ဟော့၊ ဝယ်ပေးမယ်၊ သားသမီး 'မွေးထားရတာ တော်တော် ဦးနှောက်စားရပါလားနော်"

မေ လိုက်လျောတော့မှ တုက ဖေ့ကို ပြေးဖက်ရှ တစ်ချက် နမ်းမွှေးလိုက်သည်။

မုန့်ဝယ်လာသည့် နေ့မှာ မေက မုန့်ကို တုလက်ထဲ သို့ ခပ်ဆောင့်ဆောင့် ထည့်ပေးရင်း ...

"ကဲ ... ရော့၊ လေဒီမုန့်တော့ မလုပ်နဲ့နော်"

"ဟုတ်၊ မလုပ်ပါဘူး"

"ကောင်လေးတွေနဲ့ အကြောင်းအရင်း ခြေခြေမြစ်မြစ် မရှိဘဲ မုန့်မပြောဘူးလို့ ဖေ့ကို ကတိပေးစမ်း"

"ပေးပါတယ်၊ ပေးပါတယ် ..."

ဖေ့ကို ကတိပေးပြီး မိနစ်ပိုင်းကလေးမှာပဲ ကတိ ဖျက်မိတဲ့အတွက်တော့ တု စိတ်မကောင်းပါ။ အကြောင်းမှာ





ဆီက မုန့်ရသည်နှင့် အခန်းထဲပြေးဝင်လာပြီး တိမ်မြူ့မုန့်ကို မ်းခေါ်လိုက်မိခြင်းကြောင့်ပင်။

"တိမ်မြူ ... မုန့် ကိုင်ခွင့် ရပြီ သိလား ..."

"အိုကော ... ဒါဆို လွမ်းတိုင်း ဆက်လို့ရပြီပေါ့ ..."

"ရပြီပေါ့၊ မုန့်လေ မုန့်ကိုင်ခွင့်ရဖို့ တော်တော် တိုက်ပွဲ ဝင်လိုက်ရတဲ့ သိလား၊ မုန့်က ဘယ်တုန်းကမှ ဖွတ်တရွတ် ပူဆာဖူးတာမဟုတ်ဘူး၊ ဖေ့စကားကို အမြဲနားထောင်နေ ကျ ..."

"ကိုယ်လည်း မေမေ့ကို ညာဖူးတဲ့သူ မဟုတ်ပါဘူးကွာ၊ ခုတော့ မေမေကို ညာဝါးပြီး အပြင် ခဏခဏ လစ်ထွက် နေရတာ ...၊ မုန့်ကို ခဏခဏ တွေ့ချင်လွန်းလို့လေ"

စ,ပြောမိတာနှင့် ဘာရယ်မဟုတ်တာလေးတွေကို ဆက်ဆက်ပြောရင်း မုန့်က မချချင်တော့ပေ ...။

တုသည် ခုချိန်မှာတော့ ဘယ်သူဖျက်ဖျက် မပျက် ည့် အချစ်မျိုးနှင့် တိမ်မြူ့ကို ချစ်ခဲ့မိပြီ။

ခုချိန်မှာတော့ တုသည် *တကယ့် အချစ်ဆိုတာဟာ ဘယ်သူ့ကိုမှ တိုင်ပင်အကြံဉာဏ် ယူစရာမလိုဘဲ ကိုယ့်ဘာသာ ဖြေထွက်နိုင်ပြီးသား အရာတစ်ခုသာဖြစ်ကြောင်း* သဘောပေါက် သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ (စ)

✦ ✦ ✦

"ငါတို့ကို အသိမပေးဘဲ တုတု ရည်းစားထားနေပြီ"

"ဘာ ..."

"ဟာ ..."

ထိုက်တန် အတိအကျ ရလာသော သတင်းက မိုးမာန်နှင့် တိမ်ယံကို တုန်လှုပ်သွားစေသည်။ ထိုက်တန်ကတော့ သိသိချင်းမှာ သူတို့ထက်အရင် တုန်လှုပ်ခဲ့ပြီးပြီ။ ထိုက်တန်သည် မရိုတင်ကဲ နှမြောတသစွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေရင်း

"ငါတို့ကို အသိမပေးပုံထောက်တော့ သူ တကယ့်ကို မိုးမမြင် လေမမြင် ချစ်သွားပုံပဲ၊ ငါတို့ ဘယ်လိုဖျက်ဖျက် မပျက်ဖို့လည်း သေချာသလောက်ပဲ၊ တုတုမှာ ကြောက်စရာကောင်းလောက်အောင် သတ္တိတွေ ရှိနေတယ်"

"အေးနော် ... ဟိုနေ့ကဆို ငါတို့ကို ခြိမ်းခြောက်ပြီး အပြင် မရရအောင် ထွက်သွားတာ ..."





"ငါတို့ကို အရင်လို သိပ်ရင်းရင်းနှီးနှီး မနေဘဲ သူ့ဘာသာ သီးသန့်နေနေတာ ကြည့်ပါလား"

"ငါတို့နဲ့ တတွဲတွဲလုပ်နေရင် သူ့ခြေပုန်းခုတ်တဲ့ကိစ္စတွေ ပေါ်သွားမှာစိုးတာကိုး"

"မျက်နှာထားကိုက အရင်လို မသိနားမလည်တဲ့ မျက်နှာထားမျိုး မဟုတ်တော့ဘူး၊ လာမထားနဲ့ ... ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ မျက်နှာပေးမျိုး"

"တုတု ဖုန်းလည်း ကိုင်နေပြီကွ၊ အားရင် လူရှင်းတဲ့နေရာမှာ ထိုင်ပြီး တိုးတိုး တိုးတိုး ပြောနေတာ တွေ့တယ်"

"သူ့လူနဲ့ သူပြောနေတာပဲ နေမှာပေါ့ကွာ"

"ငါတို့က ငါတို့ချင်း အမြဲဆက်သွယ်ရအောင် ဖုန်းကိုင်ပါလား တုတုရယ်လို့ ပြောတုန်းကတော့ မေမေက ဖုန်းပေးမကိုင်လို့ပါ၊ တုကလည်း ဖုန်းကိုစိတ်မပူဆာချင်လို့ပါလို့ ပြောပြီး ရည်းစားရတော့မှ ဖုန်းတကားကားနဲ့ကွာ၊ ကြည့်မရတော့ဘူး"

"ရည်းစားနဲ့ အချိန်မရွေး ပုကျိပုကျိ ပြောဖို့ကျ အမေကို နှုတ်ပူဆာရဲမှာပေါ့ကွာ"

"မိတုတို့ကတော့ ဟုတ်ကိုမဟုတ်တော့ဘူး"

"ဒါနဲ့ ထိုက်တန် ... တုတု ရည်းစားထားတယ်ဆိုတာက ရော ခိုင်လုံရဲ့လား၊ မင်း ဘယ်ကကြားလာတာလဲ"

"တုတု အဒေါ် အပိုကြီးရဲ့ ရည်းစား ကောင်လေးနဲ့ ငါ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဝမ်းကွဲနဲ့က သူငယ်ချင်းကွ၊ အဲဒါ သူတို့ချင်း စကား ပြောကြရင်း တုတု သူ့ရည်းစားနဲ့ ချိန်းတွေ့တာကို သူ့ အခေါက လိုက်စောင့်ပေးတဲ့နေ့က အဲဒီကောင်လေးနဲ့ ချိန်း ပြီး စိမ်းလန်းထဲမှာ ညနေစာ စားကြတဲ့အကြောင်း ပြော ဖြစ်ကြတာ၊ အစ်ကို ပြန်ပြောပြလို့ ငါသိရတာ ..."

"ဒီအခေါ်အပြိုကြီးကတော့ မလွယ်ကြောသဲ၊ တုမကိုတော့ ရည်းစားထားဖို့ မြှောက်ပေးမယ့်ပုံ ..."

"တုတု ရည်းစားနာမည်က ဘယ်သူတဲ့လဲ"

"တိမ်မြူ ... တဲ့"

"ဟာကွာ ... ငါ့နာမည်နဲ့ တစ်လုံးပဲလွဲတယ်ကွာ"

"အရေးထဲမှာ မင်းက တစ်မျိုး ..."

တိမ်ယံ့ အပြောကြောင့် မိုးမာန်က တိမ်ယံ့မျက်မှန် ကို လှမ်းဆွဲ ဖြုတ်ဖယ်လိုက်သည်။ တိမ်ယံက ကမန်းကတန်း ပြန်လိုက်လုပြီး ပြန်တပ်ရသည်။

"ဒီကိစ္စကို တားဖို့ ငါတို့မှာ တာဝန်ရှိတယ်၊ အရင်ဆုံး တုတုကို နားဝင်အောင် ပြောဖို့လိုတယ်"

"ကဲ ... အခုပဲ သွားပြောလိုက်ကြရအောင်"

ထိုက်တန်က ဦးဆောင်၍ သုံးယောက်သား တုတု ကို အရှာထွက်ခဲ့ကြသည်။

"ဟော ... ဟိုမှာ ထင်တဲ့အတိုင်းပဲ၊ ဖုန်းပြောနေတာ တွေ့ လား ... တွေ့လား၊ ဖုန်းက ပါးစပ်ထဲတောင် ဝင်တော့ မယ်"





"အံမယ် ... မျက်နှာကိုက ကြည့်ပါလား ... ချိုမြရွှင်ပြုံး နေတာပဲ"

သုံးယောက်သား တီးတိုးကပ်ပြောရင်း တုတုနားသို့ ချဉ်းကပ်လာပါသည်။

"တုတု ..."

"ဟင် ... ဩော်၊ တိမ်မြူရေ ... ဒီမှာ သူငယ်ချင်းတွေ ရောက်လာလို့ ပြီးမှ ပြန်ဆက်လိုက်မယ်နော်"

ပြောပုံက ဖုံးဖုံးဖိဖိ ကြောက်ကြောက်ရွံ့ရွံ့ပုံမျိုး မဟုတ်တော့။

"ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ မိတု ..."

"တု ချစ်သူနဲ့ပါ ..."

အံမယ် ... တယ်ရဲတင်းနေသကိုး။ မျက်နှာထားကို က ခပ်တည်တည် ...။

"နင် ငါတို့ကို မတိုင်ပင်ပဲ လုပ်တယ်ပေါ့ ..."

"အချစ်ဆိုတာ သူများနဲ့ တိုင်ပင်ပြီးမှ ချစ်ရတဲ့အရာ မဟုတ်ဘူးဆိုတာ တု နားလည်သွားလို့ပါ"

"သူများ ... ဟုတ်လား၊ ငါတို့က သူများလား၊ နင့်ကို မဟုတ်တာမဖြစ်ရအောင် ကူညီစောင့်ရှောက်နေတဲ့ သူတွေ ပါ ..."

"တု အခု မဟုတ်တာဖြစ်တာမှ မဟုတ်တာ၊ တု တကယ် ချစ်တဲ့သူ တွေ့လို့ ချစ်သူထားမိတာ၊ တု မမှားဘူးလေ၊ တု မှန်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလူအကြောင်း နင်ဘာသိလဲ"

"အားလုံး သိတယ်၊ မသိရရင်လည်း အရေးတော့မကြီးပါ ဘူး၊ ချစ်သူထားတယ်ဆိုတာ လုပ်ငန်းခွင် အင်တာဗျူး ဖြေတာမှ မဟုတ်တာ၊ CV form တောင်းပြီး တစ်ချက် ချင်း စစ်ဆေးနေဖို့မှမလိုတာ ..."

"တုတု ... နင် တုတုမှ ဟုတ်ရဲ့လားဟင် ..."

ထိုက်တန်တို့ သုံးယောက်သားမှာ တစ်ခွန်းအကြော မခံဘဲ ပြန်ပြောနေသော တုတုကြောင့် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားကြပါသည်။

မိုးမာန်သည် ရှုံ့ရှုံ့ရှုံ့ရှုံ့ ဒေါတွေပွလာကာ ...

"ရှေတု ... ငါတို့ ဘာဆက်လုပ်မယ်ဆိုတာ နင် စောင့် ကြည့်နေလိုက် ..."

ဟု တုတုမျက်နှာကို လက်ညှိုးနှင့် ဖော်ခနဲ ထိုးညွှန် ပြောလိုက်ပြီး တုတုရှေ့မှ ချာခနဲ လှည့်ထွက်လာသည်။ ထိုက်တန် ကလည်း ခေါင်းကိုယမ်းလျက်၊ တိမ်မြဲကလည်း ခေါင်းကို ကုပ် လျက် မိုးမာန်နောက်မှ လိုက်လာကြသည်။ တိမ်ယံက ထိုက်တန် နားကပ်ကာ တီးတိုးမေးသည်။

"ထိုက်တန် ... မိုးမာန် ဘာဆက်လုပ်မှာလဲ"

"ငါလည်း ဘယ်သိပါ့မလဲကွာ၊ ငွေရောင်ပိတ်ကားထက် မှာ ဆက်ကြည့်ရမှာပေါ့၊ ဒီကောင့် မိန်းမညာဏ်က အရေး ကြုံရင် အသုံးကျတတ်ပါတယ်"





◆ ◆ ◆

ဦးခေတ်ဆန်းသည် ဆိုင်က ကောင်တာမှာ ဝင်ထိုင် နေဆဲ ကောင်လေး သုံးယောက်က ဆိုင်ထဲဝင်လာကာ ဟိုအကြို ဒီဆောင်းဘီ ခဏဆွဲလှဲ ကြည့်ရှုပြီးနောက် ဦးခေတ်ဆန်းရှေ့မှာ ရပ်လာကြကာ ...

"အန်ကယ်လ် ... အန်ကယ်လ့်ကို ကျွန်တော်တို့ အသိ ပေးစရာလေး ရှိလို့ပါ"

ဟု ... ခွင့်တောင်းလိုက်ပါသည်။

ဦးခေတ်ဆန်းက ကောင်လေးတွေရဲ့ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီးနောက် ဘယ်သူဘယ်ဝါဆိုတာ မှတ်မိသွား ရလျက် မျက်နှာထားလည်း တင်းမာသွားကာ ...

"မင်းတို့ စတယ်လာတို့ရဲ့ သားတွေ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ ..."

"ဘာကိစ္စရှိလို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ် သမီး တုတုအကြောင်း အသိပေးစရာရှိလို့ပါ"

ဦးခေတ်ဆန်းက မျက်မှောင်ကြုတ်ကျသွားကာ ...

"ငါ့သမီးက ဘာဖြစ်လို့လဲ ..."

"အန်ကယ်လ် သမီး အခု ရည်းစားရနေပြီ ခင်ဗျ"

"ဘာ ..."

ဦးခေတ်ဆန်းသည် ဖြန်းခနဲ ထရပ်လျက် ထိုက်တန်တို့ရဲ့ သုံးမျက်နှာကို လက်ညှိုးနှင့် တစေ့တစေ့ထိုးရင်း ...

"မင်းတို့ ... မင်းတို့ထဲက ဘယ်သူနဲ့လဲ ..."

"ဘယ်သူနဲ့မှ မဟုတ်ဘူး ခင်ဗျ ..."

"တော်ပါသေးရဲ့ ..."

ဦးခေတ်ဆန်းက သက်ပြင်းကြီး ဟင်းခနဲချပြီး ခုံမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ရပါသည်။ တိမ်ယံက ဦးခေတ်ဆန်းရဲ့ အပြုအမူကို နားမလည်နိုင်ဘဲ ...

"အန်ကယ်လ် ... ဘာကို တော်ပါသေးတာလဲ ခင်ဗျ"

"မင်းတို့ သုံးယောက်ထဲက မဟုတ်ရင် ပြီးရောလေ၊ ကျန်တဲ့ကိစ္စက ငါ့ဘာသာ အေးအေးဆေးဆေး ကြည့်ရှင်းလို့ရတယ်"

ဦးခေတ်ဆန်းက ခေါင်းကိုက်သွားပုံဖြင့် မျက်စိမှိတ်ကာ လက်တစ်ဖက်ဖြင့် ခေါင်းကိုဖိထားရင်း ကျန်လက်ဖဝါးတစ်ဖက်ကို လှုပ်ခါယမ်းလျက် 'သွား ... သွား' ဟုသော ဟန်မျိုး





လှုပ်ပြလိုက်တာမို့ သုံးယောက်လုံး ဆိုင်ထဲမှ အမြန်ထွက်ခွာလာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ (ယ)

◆ ◆ ◆

"သမီး တက္ကသိုလ် စတက်တဲ့ နေ့ကစပြီး မေ့ဘဝမှာ အရမ်း စိုးရိမ်ခဲ့ရတဲ့ ကိစ္စတစ်ခု ရှိလာခဲ့ရတယ် သမီး ..."

မေက အေးအေးဆေးဆေး ပြောရင်း ခဏနားကာ အအေးခွက်ကို တစ်ငုံ သောက်လိုက်ပါသည်။

ဒီနေ့အဖို့ မေ့အပြုအမူနဲ့ မေ့စကားတွေက နည်းနည်းထူးဆန်းနေသလိုမင် ...။

မေက ဒီနေ့အဖို့ တုတုကို နေ့လယ်စာလည်း လိုက်ကျွေးရင်း ဂျွန်းရှင်းအိတ်က City Mart မှာ ဈေးဝင်ဝယ်ကြမည်ဟု ဆိုသဖြင့် သားအမနှစ်ယောက် အတူထွက်လာခဲ့ကြတာပင်။

တုက ကိုရီးယားစာ စားချင်တာမို့ ဂျွန်းရှင်းအိတ် အပေါ်ထပ်က Moon Bakery ဆိုင်ကို တက်လာခဲ့ကြပြီး စားစရာမှာထားတုန်း မေက စကားစလာတာ ဖြစ်ပါသည်။

"အဲ့ဒါကတော့ စတယ်လာတို့ သား သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ သမီးနဲ့ ချစ်သူဖြစ်ကြမှာကိုပဲ သမီး"





မေ့စကားကြောင့် တုက ပြုံးမိရင်း ...

"အဲ့ဒါတော့ စိတ်ချပါ မေ၊ သမီး သူတို့ကို မကြိုက်ပါဘူး"

"မေ ... စိတ်ချပါတယ်၊ အဲ့ဒီကိစ္စကိုတော့ မေ စိတ်ချသွားပါပြီ၊ သူတို့နဲ့မဟုတ်ရင် မေ ရင်အေးပြီ ...၊ သမီးလည်း ဒီအရွယ်ရောက်ပြီ၊ ကျောင်းလည်းပြီးတော့မှာဆိုတော့ မေ့ဘက်ကလည်း သမီးရဲ့ ကိုယ်ပိုင်အခွင့်အရေး ဆုံးဆောင်ချုပ်ချယ်မထားပါဘူး၊ သမီးမှာ ချစ်သူရှိရင်လည်း မေ တွေ့ဆုံအကဲခတ်ပြီး သင့်တော်ရင် မတားပါဘူး၊ အခု သမီးမှာ ချစ်သူရှိနေပြီ မဟုတ်လား သမီး"

"ဟို ... အဲ့ဒါက ..."

"သမီး တိတိဆိုက မေ အားလုံးသိပြီးပါပြီ၊ ကဲ ... တိမ်မြူ့ဆီ ဖုန်းခေါ်ပြီး ဒီကိုလာခိုင်းလိုက် သမီး"

"ရှင် ..."

တုတုက ထိတ်လန့်သွားတာမို့ မေက လက်ကာပြလိုက်ရင်း ...

"မလန့်နဲ့ သမီး၊ ဒါလန့်စရာမဟုတ်ဘူး၊ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စကို လုပ်တာပဲလေ"

"ဟို ... မေ၊ ဗြုန်းစားကြီးဆိုတော့ ..."

"ဗြုန်းစားကြီးမှ အမှန်ကို အမှန်အတိုင်း မြင်ရမို့ နီးစပ်တာလေ၊ Surprise Check ပေါ့ ...၊ မေက ခေါ်ခိုင်းတယ် မပြောဘဲ သမီးတစ်ယောက်တည်း ရှိနေတဲ့ပုံနဲ့ လှမ်းခေါ်လိုက်၊ ဒါမှ သမီးဆီကို သူဘယ်လိုပုံနဲ့ လာသလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မေ မြင်ရမယ်၊ မေက ကြိုပြောထားရင် သမီးကလည်း တိမ်မြူ့ကို မေ့အကြိုက်တွေ ကြိုပြောပြထားမယ်၊ တိမ်မြူ ကလည်း မေ့အကြိုက်ပုံမျိုး ဖမ်းလာမယ်၊ ဒါဆို အမှန် အတိုင်း ဘယ်မြင်နိုင်တော့မလဲ ..."

'ရွှေဉာဏ်တော် ကြီးပါပေ့ မေရယ်' ဟု စိတ်ထဲက ညည်းတွားရင်း တုက တိမ်မြူ့ဆီ ဖုန်းလှမ်းခေါ်လိုက်ရပါသည်။

"တိမ်မြူ ...၊ အခု ... အခု ဂျုန်းရှင်းအိတ် အပေါ်က မွန်းဘောကရီမှာ ရောက်နေလို့၊ အခု လာခဲ့လို့ရမလား၊ အင်း ... အင်း ... လာခဲ့လေ၊ ဒါပဲနော် ..."

တုက မေ့ရှေ့မှာမို့ ဖုန်းတွေ ဘာတွေထည့်မပြောရဲ၊ လိုတိုရှင်း ပြောပြီး ဖုန်းပိတ်လိုက်ရသည်။

တိမ်မြူ့အိမ်ကလည်း ဂျုန်းရှင်းအိတ် ကွန်ဒိုမှာပဲမို့ ဆယ်မိနစ်အတွင်း ရောက်လာသည်။

တိမ်မြူက တုကိုတွေ့တာနှင့် လက်လှမ်းပြပြီး တုဆီ လျှောက်လာနေတာကို တုက ရင်တထိတ်ထိတ်ဖြင့် စောင့်နေရ သည်။ မေက သူဝင်လာသည့်ဘက်ကို ကျောခိုင်းထိုင်နေတာမို့ မေ့ကို သူမမြင်သေး။

ဒူးခေါင်းလောက် ဘောင်းဘီမီးခိုးရောင် အကွက် လေးနှင့် တီရှပ်ကျပ်ကျပ်ဝတ်ကာ ဆံပင်က ထောင်ဖွာဖွာ။ မဟူရာ ကျောက်တစ်လုံးတည်း နားကပ်ကြီးကြီးလေးက ခပ်တင်းတင်း ပေါ်လွင်နေကာ နိုင်တူးဖိုက်လက်စွပ် မြူးမြူးကြီးလည်း ဝတ်ထား သော သူ့ပုံစံကို လှမ်းကြည့်ရင်း တုမှာ ရင်ထိတ်နေရပါသည်။





"ဟိတ် ... ဖူးလေး၊ ကိုယ်လည်း ဖူးကို အရမ်း တွေ့ချင်"

တုက တိမ်မြူကို အမြန် မျက်ရိပ်ပြလိုက်ရင်း ...

"မေမေလည်း ပါတယ် တိမ်မြူ ..."

"ဟင် ... ဟုတ်လား"

တုက တိမ်မြူ့စကားအရှိန်မလွန်ခင် အမြန်ဖြတ် ပြောလိုက်ရသည်။ မေကတော့ သူ့ကို ခြေခေါင်းခေါင်းဆုံး အကဲ ခတ်ပြီးမှ ...

"ထိုင်ပါ ... တိမ်မြူ"

"ဟုတ် ... ဟုတ်ကဲ့ ..."

သူက မေမေ့ရှေ့မှာ ခပ်ရို့ရို့ ဝင်ထိုင်ရင်း တုတုကို စွေကြည့်သည်။

"ဒါနဲ့ ခုန ခေါ်လိုက်တာ ဖူးဆိုလား၊ အဓိပ္ပါယ်က ..."

"ဦးရှေ့မှာ အမှန်အတိုင်းပြောရင် နည်းနည်းတော့ မျက်နှာ ပူစရာကောင်းမယ် ခင်ဗျ"

"ပြောပါ ..."

"သူက ကျွန်တော့် ဖူးစာဖက်မို့လို့ ဖူးစာလေးလို့ ခေါ်ရင်း က ဖူးလို့ အတိုကောက် ခေါ်ဖြစ်သွားတာပါ"

"ဪ ... ဟော် ... စိတ်ကူးမဆိုးဘူးပဲ"

မေက ခနဲ့တာလား၊ အတည်ပြောတာလားတော့ တုလည်း မသိပါ။

"မင်းက ဦး သမီးရဲ့ ချစ်သူဆိုတာ ဦးသိထားပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဦးသမီးနဲ့ ပတ်သက်တဲ့ မင်းရဲ့ စိတ်ဘူးစိတ်သန်းတွေကို ဦး သိချင်တယ်"

တိမ်မြူက တစ်ချက်ပြုံးလိုက်သည်။ ထိုအပြုံးဟာ သူ့ကိုယ်သူ ယုံကြည်မှုရှိသော အပြုံးမျိုး။

"ဖူးကို ကျွန်တော် ချစ်မိကတည်းက ကျွန်တော့် ဖူးစာဖက်ဆိုတာ ယုံကြည်ပြီးသားပါ၊ လက်ထပ်ဖို့လည်း ဆုံးဖြတ်ထားပြီးသားပါ ဦး ...၊ ခုနေတော့ ရည်းစားဖြစ်တာ သိပ်မကြာသေးဘူးဆိုတော့ ချစ်သူတို့သဘာဝ ဖုန်းတွေ ခဏခဏပြောတာတို့ ဘာတို့ ရှိပါတယ်၊ ဒါပေမယ့် ဒါဟာ ပေါ့သွမ်းတာတော့ မဟုတ်ပါဘူး၊ သူ့သဘာဝအရ ပေါ့ပေါ့ပါးပါး နေသင့်တဲ့အချိန်မို့ နေတာပါ၊ အဲဒီလို နေနေပေမယ့် တစ်ဖက်ကလည်း တုနဲ့အတူ ရှေ့ဆက်ရမယ့် ဘဝခရီးဆိုတာအတွက် လုပ်သင့်လုပ်ထိုက်တာကို လက်တွေ့ကျကျ လုပ်နေပါတယ် ...၊

"ကျွန်တော် အခု အသစ်ဖွင့်မယ့် ရှော့ပင်းစင်တာတစ်ခုမှာ ယောက်ျားလေး ပစ္စည်းတွေချည်း သီးသန့်တင်တဲ့ဆိုင်ဖွင့်ဖို့ စီစဉ်နေပါပြီ၊ အဲဒါ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရှေ့ရေးအတွက်ပါ၊ ဒီအကြောင်း ဖူးကိုတောင် မပြောမပြရသေးပါဘူး၊ ဒါက ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုပါ ...၊

"စိတ်ပိုင်းဆိုင်ရာအနေနဲ့လည်း သူ့စိတ်ကို အလေးထားနားလည်ပေးနိုင်ဖို့၊ သူ့ဘက်က မှားနေတာလေးတွေ၊ လိုနေတာလေးတွေကို ဖြည့်ဆည်းသွန်သင်ဖို့ အမြဲ ကြိုးစား





နေခဲ့ပါတယ်၊ ကျွန်တော် သူ့ထက် တစ်နှစ်လောက်ပဲကြီးပါတယ်၊ ဒါပေမယ့် သူ့ကို ကျွန်တော့်ရဲ့ ညီမငယ်လေး တစ်ယောက်လိုမျိုး မေတ္တာကရုဏာစိတ်ရယ်၊ အချစ်စိတ်ရယ် ပေါင်းပြီး သူ့ကို လေးလေးနက်နက် ချစ်ပါတယ် ...၊

"ကျွန်တော်က ပေါ့ပေါ့ပါးပါး နေတတ်တော့ ကျွန်တော့် အပေါ်ယံပုံစံက နည်းနည်းတော့ ပေါ့ရှော့ဖြစ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့် အတွင်းစိတ်က မပေါ့သွမ်းပါဘူး၊ ဦးကို ကြည့်ရတာလည်း လူငယ်ဆန်ဆန် ပေါ့ပေါ့ပါးပါး ဝတ်ထားပေမယ့် လေးနက်တဲ့ လူကြီးလူကောင်းစိတ်မျိုး ရှိလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

သူ့စကား ဆုံးသွားချိန်တွင် မျက်နှာပေါ်၌ ဘဝင်ကျသည့် အရိပ်အယောင်တွေ ယှက်သန်းသွားပါသည်။

"ခေတ်ရေစီးကြောင်းထဲက လူငယ်တစ်ယောက်မှာ ဒီလိုစိတ်မျိုးရှိတာ ဝမ်းသာစရာပေါ့၊ မင်းစကားတွေအားလုံး အမှန်အတိုင်း 'ဖြစ်ခဲ့ရင်ပေါ့လေ ..."

"ကျွန်တော့် ချစ်သူရဲ့ အဖေကို မဆလးမစား ညာပြောရတဲ့ သတ္တိမျိုး ကျွန်တော့်မှာ မရှိပါဘူး"

တိမ်မြူက ဦးခေတ်ဆန်းနှင့် အဖေးအယု မှုမှု စကားပြောရင်း အခြေအနေဟာ အိုကေမှာ ပြနေဆဲ ...

"ဟဲ့ ... သား"



www.burmeseclassic.com

www.burmeseclassic.com



နဖို့လှပဆဲ အန်တီတစ်ယောက်က ဆိုင်ထဲ ဝင်လာ လျက် တိမ်မြူ့ကို လှမ်းခေါ်လိုက်တာမို့ တိမ်မြူက မတ်တတ် ထရပ်လိုက်ရင်း ...

"မေမေ ..."

ဟု လှမ်းခေါ်လိုက်ပါသည်။ တိမ်မြူ့ခေါ်သံကြောင့် တ ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားပြီး မေကတော့ မသိမသာလေး မျက်နှာပင့်သွားသည်။ တုတို့ထိုင်နေတာဟာ ဆိုဖာတွေပေါ်မှာ ဖြစ်ပြီး မေက ဝင်ဝကို ကျောခိုင်းလျက်သားမို့ တိမ်မြူ့အမေကို မမြင်ရသေးဘဲ အသံကိုသာ ကြားနေရသည်။

တိမ်မြူ့မေမေသည် သူ့သားတစ်ယောက်တည်းကိုပဲ အာရုံစိုက်ထားကာ တုတို့ကိုတော့ ခပ်လျှမ်းလျှမ်းသာကြည့်ပြီး ...

"သားရယ် ... မင်းက ဒီရောက်နေတာကိုး၊ အိမ်က ကောင် မလေးတွေက မင်း အောက်ခဏဆင်းသွားတယ် ဆိုလို့ City Mart ထဲမှာများ ဈေးဝယ်နေသလားလို့ သွားရှာနေ သေးတာ၊ အပေါ်ထပ် အောက်ထပ်ဆိုင်တွေလည်း ရှာပြီးပြီ မင်းက ဖုန်းလည်း ယူမသွားတော့ ဖုန်းကလည်း ဆက် မရ၊ မတွေ့တဲ့အဆုံးမှ ဒီထဲမှာ ရှိမလားလို့ လာရှာမိလို့ တော်သေးတာပေါ့"

"အရေးတကြီး ဘာကိစ္စရှိလို့လဲ မေမေ"

"မေမေ့ကား လမ်းမှာပျက်သွားလို့လေ၊ အဲ့ဒါ မေမေလည်း ဘာမှမလုပ်တတ်တာနဲ့ သားဆီ ဖုန်းဆက်တော့လည်း မရတာနဲ့ လမ်းဘေးမှာ ဒီအတိုင်းရပ်ပစ်ခဲ့ပြီး ပြန်လာတာ၊





ဝပ်ရှော့ဖုန်းဆက်ပြီး သားပဲ သွားစီစဉ်လိုက်တော့၊ ဪ သူငယ်ချင်းတွေ စည့်ခံနေရတာဆိုရင်တော့ ပြီးမှပဲ သွား လိုက်တော့လေ ..."

'သူငယ်ချင်းတွေ' ဆို၍ တုတု ရယ်ချင်သွားမိသည်။ ပုံစံကို အမှတ်တမဲ့ကြည့်ပြီး သူ့သားသူငယ်ချင်းဟု ထင်သွားမှာပင် ...။

"မေမေ ... ဒါ သားသူငယ်ချင်းတွေ မဟုတ်ပါဘူး"

တိမ်မြူက တစ်လက်စတည်းပဲ ပြောဆို မိတ်ဆက် ပေးလိုက်တော့မည်ဟု စိတ်ကူးကာ ...

"သူက ရွှေရတုခင် ... တဲ့၊ သား ချစ်သူပါ၊ ဒီ ဦးကတော့ ရွှေရတုခင်ရဲ့ အဖေပါ ..."

တိမ်မြူ့မေမေ ဒေါသစွာကြည့်မှာ မျက်နှာလေး ငေးချီသွားကာ သား မိတ်ဆက်ပေးလေတဲ့ သူနှစ်ဦးကို အသေ အချောချော ကြည့်လိုက်မိပါသည်။

သားချစ်သူဆိုသော မိန်းကလေးဟာ အထွေအထူး အလှပြင်စရာမလိုဘဲ သန့်ထွက်နေကာ မျက်နှာထားလေးက ကြည်လင်လှပါသည်။ သားမှာ ချစ်သူရှိပြီဆိုတာကို ရုတ်တရက် ကြီး သိလိုက်ရ၍ အံ့ဩမိသော်လည်း ဒီလို ဖြူစင်ကြည်လင်ပုံ ကလေးဖြစ်တာကြောင့်ရယ်၊ အဖေဖြစ်သူနှင့်အတူ လာတွေ့ဆုံနေ တာကြောင့်ရယ်မို့ ပေါပေါပဲပဲ အတန်းစားထဲက မဟုတ်မှန်း သိမြင်စိတ်အေးသွားရသည်။ အေးလေ ... ပေါပေါပဲပဲထဲကဆို လည်း သားက ကြိုက်မယ်မထင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အမှတ်တမဲ့ ကြည့်ရင် သားသူငယ်ချင်းဟု ထင်ရလောက်အောင် နုပျိုခေတ်မီတဲ့ သူ့အဖေကြီးကရော ဘယ်လို ပုံမျိုးပါလိမ့်ဟု စိတ်ဝင်စားကာ ဒေါ်သစ္စာကြည်က ရွှေရတုခင်ရဲ့ အဖေကို သေသေချာချာလေး စိုက်ကြည့်လိုက်မိသောအခါ . . .

"ဟင် . . . ရှင် . . . ခေတ် . . . ခတ်ဆန်း . . ."

"သစ် . . . သစ္စာ၊ သစ္စာကြည် . . ."

ဒေါ်သစ္စာကြည်က အံ့ဩတုန်လှုပ် မျက်နှာပျက်သွားသည်။ ဦးခေတ်ဆန်းကတော့ မလှုပ်မလဲ အနေခက်ဟန်ဖြင့် နှုတ်ဆက်လိုက်မိပါသည်။ 'ပြဿနာတော့ တက်ပြီ' ဟုလည်း စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

သံသရာ တစ်ပတ်တော့ လည်လေပြီတည်း . . . ။

သစ္စာကြည်ဆိုတာ ဟိုတုန်းကတော့ ရွှေဘိုနားက ရွာကလေး တစ်ရွာမှာ ကြီးပြင်းခဲ့တဲ့ တောပန်းလေး တစ်ပွင့် . . . ။ သစ္စာကြည်နဲ့ စ,တွေ့ခဲ့တဲ့နေရာက ရွှေဘိုမြို့ရဲ့ အထက်တန်းကျောင်းမှာ။ ရွာမှာက အလယ်တန်းကျောင်းအထိပဲ ရှိတာမို့ ဧတန်းအောင်တော့ သစ္စာကြည်က မြို့ပေါ်ကျောင်း လာတက်ရသည်။

သစ္စာကြည်ဟာ ခေတ်ဆန်းရဲ့ အနှံ့တာကို အခံနိုင်ဆုံးသော သူငယ်ချင်းကောင်း . . . ။ သစ္စာကြည်က စာတော်သည်။ ရိုးသားပြီး စိတ်နှလုံးကောင်းသည်။ မကြာခဏ ကျောင်းပြေးတတ်တဲ့ ခေတ်ဆန်းအတွက် စာတွေကူးပေးနေကျ . . . ။ သူမ





ခမင်းဘူးထဲမှာ ဟင်းတွေ အမြဲပိုထည့်လာပြီး သူမက လျှော့စားကာ ခေတ်ဆန်းကိုသာ များများ ကျွေးတတ်သူ . . . ။

သူငယ်ချင်းတွေ အားလုံးကလည်း သစ္စာကြည်ရဲ့ သံယောဇဉ်ကို ရိပ်မိခဲ့ကြပါသည်။

"သစ္စာကြည်က မင်းကို တော်တော်ကြွေတာပဲကွ . . ."

ဟု သူငယ်ချင်းတွေက ပြောကြတိုင်း ခေတ်ဆန်းက ခေါင်းခါခါ လက်ခါခါနှင့် . . .

"တောသူမ ပုံတုံးကြီးကိုကွာ၊ မကြိုက်ပါဘူး၊ ငါသူ့ကို ရိုးရိုးပဲ ခင်လို့ရပါတယ်"

"ပုံတုံးပေမယ့် ရုပ်တော့ မဆိုးပါဘူးကွာ"

"ငါမှ မကြိုက်တာ၊ ငါက ဟောဟိုရှေ့လေး ခေတ်ဆန်ဆန် ပုံစံလေးတွေကိုပဲ သဘောကျတာကွ"

ခေတ်ဆန်း မျက်စိထဲမှာ သစ္စာကြည်ကို မမြင်ခဲ့။ သစ္စာကြည်ရဲ့ သံယောဇဉ်ကို လျစ်လျူရှုကာ တခြား ခပ်သွက်သွက်မလေးတွေကိုပဲ လိုက်လျှောသဘောကျခဲ့ပါသည်။

ခေတ်ဆန်း ဆယ်တန်းကျသည့်နှစ်မှာ သစ္စာကြည်က ဆယ်တန်း အောင်သွားသည်။ အဝေးသင်ယူပြီး ရွှေဘိုမှာပဲ ကျောင်းဆရာမလေး ဝင်လုပ်သည်။ သူက စိတ်မာတတ်တွေကျ၊ သစ္စာကြည်က မေးမ၊ တဖြည်းဖြည်း ရင်းနှီးသထက် ရင်းနှီးလာကာ ချစ်သူတွေ ဖြစ်လာခဲ့ရပါသည်။

နောက်တစ်နှစ်မှာ ခေတ်ဆန်း ဆယ်တန်းအောင်ကာ



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တက်ဖို့ ရန်ကုန်သို့ ထွက်လာခဲ့သည်။ ရန်ကုန်မှာက သူ့ဆွေမျိုးတွေရှိတာမို့ မန္တလေးတက္ကသိုလ်မတက်ဘဲ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့တာပင်။

ရန်ကုန် ရောက်စမှာတော့ သစ္စာကြည်နှင့် အဆက်အသွယ် မပြတ်ခဲ့။ နောက်တော့ သူက မိန်းမလှတောအလယ်မှာ မျောပါရင်း စတယ်လာ ... ဝင်နီနှင့် ဂျက်စီကာ ဆိုသော အလှဘုရင်မ သုံးယောက် ခြေရင်းမှာ ကြွေကျဝပ်စင်းလျက် သစ္စာကြည်ကို မေ့ထားခဲ့မိပါသည်။ ရွှေဘိုကို တစ်နှစ်တစ်ခေါက်တောင် မပြန်ဖြစ်တော့ဘဲ ရန်ကုန်မှာပဲ ကုပ်ကပ်နေကာ ကျောင်းပိတ်ရက်တွေမှာ စတယ်လာတို့နှင့်အတူ မှန်မှန်ကြီး တင်းနစ်ရိုက်ရင်း မြူးကြွမော်ကြွားနေခဲ့သည်။

နောက်တော့ သူ့မိဘတွေလည်း ရန်ကုန်သို့ ပြောင်းရွှေ့လာတာမို့ သစ္စာကြည်နှင့် လုံးဝ အဆက်အသွယ်ပြတ်သွားခဲ့ရပါတော့သည်။

ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးမို့ ခုတော့ သံသရာတစ်ကွေ့မှာ ပြန်တွေ့ကြရပြီ။

စတယ်လာတို့နှင့် ပြန်တွေ့စဉ်ကတော့ ကိုယ်ဟာ နာကြည်းချက်ဖြင့် သူတို့သားတွေနှင့် ကိုယ့်သမီးလေး နီးစပ်သွားမှာကို ခါးခါးသီးသီး ဖြစ်ခဲ့ရသည်။

သစ္စာကြည်နဲ့ ပြန်တွေ့ရချိန်မှာ သစ္စာကြည်ဟာလည်း နာကြည်းချက်ကြီးဖြင့် သူ့သားနဲ့ ကိုယ့်သမီး နီးစပ်သွား





မှာ၊ ကိုယ်နဲ့ ခမည်းခမက် တော်ရမှာကို ခါးခါးသီးသီး ဖြစ်ခဲ့ပြီဆိုတာ သစ္စာကြည်ရဲ့ အကြည့်တွေကို မြင်ရုံနှင့် သူ သဘောပေါက်ပါသည်။

ဝဋ်လည်တယ်ဆိုတာ ဒါမျိုးပေပဲ ...။

"သြော် ... ဟော် ... သားချစ်သူက ရှင့်သမီး ဖြစ်နေတာကိုး"

ဒေါ်သစ္စာကြည်က ရွှတဲ့ လေသံဖြင့် ခနဲ့တဲ့တဲ့ပြုံးရင်း ပြောလိုက်မိပါသည်။

ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးဟု ထင်ခဲ့တာ။ ခုတော့ ... အကြီးမားဆုံး ပတ်သက်မှုကြီးနှင့် ပြန်တွေ့ကြရပြီ။

ခေတ်ဆန်းဆိုတာ နှလုံးသား မုဆိုးကြီး။

ဂုဏ်မက်သူကြီး။

သစ္စာဖျက်သူကြီး။

ဘဝင်မြင့်သူကြီး။

အပြစ်မရှိတဲ့ ချစ်သူတစ်ယောက်ကို မျက်နှာပြောင်တိုက်ပြီး ထားသွားရက်သူကြီး။

အဲ့ဒီတုန်းကဆို သစ္စာဟာ မစားနိုင် မသောက်နိုင် လွမ်းနာကျ ပိန်ချုံးလျက် လူမမာ နာတာရှည်လို ဖြစ်ခဲ့ရတာ တော်တော်နဲ့ နာလန်မထူနိုင်ခဲ့။ ထားပစ်ခံခဲ့ရသူအဖြစ် ပတ်ဝန်းကျင်မှာလည်း မျက်နှာငယ် အရှက်ရခဲ့ပါသည်။

"သစ္စာရယ် ... နင့်မှာတော့ တက္ကသိုလ်ကျောင်းသားရည်းစားအတွက် လူကြုံနဲ့ ပို့လိုက်ရတဲ့ ဘာလချောင်ကြော်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ မြေပဲကြော်တွေ၊ ဒင်းကတော့ အညာစာကို မေ့ပြီး တရုတ်ဆိုင်က စားကောင်းသောက်ဖွယ်တွေနဲ့ ငြိမ့်နေတော့မှာပေါ့"

သူငယ်ချင်းတွေက ပြောလေ သစ္စာ အရှက်ရလေ။ ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲအောင် ဖြစ်ခဲ့ရပါသည်။

သို့သော် ... သစ္စာ ကုသိုလ်ကံကောင်းခဲ့ပါသည်။ သစ္စာတို့ မြို့မှာ တာဝန်ကျတဲ့ ဆရာဝန်လေးက သစ္စာကို ချစ်မြတ်နိုးခဲ့တာမို့ သူနဲ့ အိမ်ထောင်ကျပြီး နယ်တကာ ပြောင်းရွှေ့လိုက်ပါသွားခဲ့ရသည်။ နောက်တော့ ယောက်ျားကလည်း အထူးကု ဆရာဝန်ကြီးဖြစ်ပြီး ရန်ကုန်မှာ အခြေချဖြစ်သွားပါသည်။

ခုတော့ ဒေါ်သစ္စာကြည်ဟာ ဆရာဝန်ကြီးကတော် အဖြစ် ဂုဏ်ထည်စွာ နေနိုင်ခဲ့ပြီ။

ဒီလို စာတ်လမ်းတွေ ရှိခဲ့တဲ့ သစ္စာမဲ့သူကြီးရဲ့သမီးနဲ့ ကိုယ့်သားလေးကို သဘောတူဖို့ဆိုတာ ဟိုးအဝေးကြီးမှာပင်။

ရွှေရတုခင်ရဲ့ ပုံစံလေးကို ဘယ်လိုပင် သဘောကျမိပေမယ့်လည်း ခေတ်ဆန်း သမီးဖြစ်နေတဲ့ တစ်ချက်နှင့်ပင် ပယ်စာရင်းမှာ ထည့်လိုက်ပြီ။

"သစ္စာ ... နေကောင်းတယ်နော်"

"ကောင်းတာပေါ့ရှင်၊ အမျိုးသားက ဆရာဝန်ကြီးဆိုတော့ ကျန်းမာရေးအတွက်ပူစရာမလိုဘူးလေ၊ အမြဲ check up လုပ်ပေးနေတာ"





"တိုက်တိုက်ဆိုင်ဆိုင် သမီးနဲ့ သစ္စာရဲ့သား တွေ့ဆုံရတာ ဝမ်းသာစရာပဲနော်"

"ကျွန်မကတော့ ဝမ်းမသာနိုင်ပါဘူး"

"မေမေ ..."

တိမ်မြူက အမေဖြစ်သူကို သတိပေးသလို ခေါ်လိုက်သည်။ တုတုကလည်း အံ့ဩကြောင်ငေးနေမိသည်။

ဒေါ်သစ္စာကြည်သည် မျက်နှာခပ်မော့မော့နှင့် မျက်ကြောစင်းကာ ဦးခေတ်ဆန်းကို ကြည့်လိုက်ပြီးမှ တိမ်မြူ့ကို ကြည့်လာကာ ...

"သား ... အားလုံးရှေ့မှာ မေမေ ပြတ်ပြတ်သားသားပဲ ပြောလိုက်မယ်၊ သားတို့ ဒီမိန်းကလေးနဲ့ လုံးဝ သဘောမတူနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမိန်းကလေးက ဒီလူ့သမီး ဖြစ်နေလို့ပဲ"

"ဟာ ... မေမေ ဘယ်လိုပြောလိုက်တာလဲဗျာ၊ ဦး တောင်းပန်ပါတယ် ခင်ဗျာ"

"ဘာမှ တောင်းပန်စရာ မလိုဘူး သား၊ ကျွတ် ... ကျွတ် မေမေ ခေါင်းတွေ ကိုက်လာပြီ၊ မေမေ့ကို အပေါ်လိုက်ပို့ပါတော့ ..."

တိမ်မြူက အမေဖြစ်သူကို ပွေးတွဲလိုက်ရသည်။ ပြီးတော့ တုတုကို တောင်းပန်သလိုလေး တစ်ချက်ကြည့်ပြီး အမေကိုတွဲလျက် ဆိုင်ထဲမှ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခေတ်ဆန်းကတော့ ခေါင်းငိုက်စိုက်ကျ ကျန်ခဲ့သည်။

တုတုသည် မျက်ရည်လေး အဝဲသားဖြင့် ဖေဖေ့ကို စိုက်ကြည့်လိုက်ရင်း ...

"ဖေ ... ဒါလည်း ဖေ့စာတ်လမ်းဟောင်း တစ်ခုပဲလားဟင်"

ဟု မေးမိသည်။ ဖေက ဘာမှမဖြေ။

"ဒီဇာတ်လမ်းကတော့ ဖေ လွှန်ထားတဲ့ ဇာတ်လမ်းပဲ ဖြစ်မှာပါ"

တုက တိုးတိုးလေး ရေရွတ်ညည်းတွားလိုက်လေသည်။



## ၁၁။

"ညံ့တယ် ... ညံ့တယ်၊ မင်းတို့ သိပ်ညံ့တယ်"

သားသုံးယောက်မှာ ခေါင်းငုံ့လျက် အမေတွေ ဆူသမျှကို ကျိတ်မှိတ်ခံနေကြရပါသည်။ အမေသုံးယောက်မှာ တစ်ယောက်က မောလို့ ခဏနားသွားလိုက်၊ နောက်တစ်ယောက်က ထပြောလိုက်၊ တတိယမြောက် အမေ တစ်ယောက်ပြောလို့ မောတော့ ပထမဖြောခဲ့တဲ့ အမေက အမောပြေရုံမက တစ်ဖန် ပြန်၍ အားပြည့်လာကာ နောက်တစ်မျိုးထပ်ပြောလိုက်နှင့်မို့ သုံးယောက်မှာ နားရာဇဝတ် သင့်နေကြရပါသည်။

"ဒီက အမေတွေမှာတော့ ရှေ့ကနေ လမ်းခင်းပေးလိုက်ရတာ၊ တစ်သက်လုံးက ကိုယ့်နိမ့်ဖတ် နိုင်းဖတ်ဖြစ်ခဲ့တဲ့ ခေတ်ဆန်းကို သည်းညည်းခံ ချော့မော့ မြှောက်ပင့်ပေါင်းပြီး နောင် ရွှေလမ်း ငွေလမ်းဖောက်ဖို့ အဆင်ပြေအောင် အင်ထရိုတွေ ဝင်ထားလိုက်ရတာ၊ ဒါတောင်မှ မင်းတို့က အဖြစ်ရှိအောင် မကြိုးပမ်းနိုင်ကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ မာမီရယ်၊ ဒီမှာ တုတု သူများနောက် ပါသွားလို့ စိတ်ဆင်းရဲရတာက တစ်မျိုး၊ မာမီတို့က တစ်မျိုး"

"သူများနောက်ပါမှာစိုးရင် အစကတည်းက ကိုယ့်ဘက် ပါအောင် လုပ်ထားပါလား"

"အေးလေ … မိုးမာန်နဲ့ တိမ်ယံကတော့ ဒါမျိုး အတွေ့ အကြုံမရှိလို့ မကျွမ်းကျင်ဘူးထား၊ ထိုက်တန် … မင်းက ဒီလို နောက်ကောက်ကျ ကျန်ခဲ့တာ လူကြားမကောင်းဘူး"

"ဟာ … မာမီကလည်းဗျာ၊ အချစ်ဆိုတာ အတွေ့အကြုံရှိတာ မရှိတာ၊ ကျွမ်းကျင်တာ မကျွမ်းကျင်တာတွေနဲ့ ဘာမှမဆိုင် ပါဘူးဗျာ၊ မာမီတို့ ပြောလိုက်မှဖြင့် ကျွန်တော့်မှာ ပညာ ရှင်အဆင့်ကြီးကို ဖြစ်လို့ …"

"ကိုယ်က ဘယ်လောက်ချစ်ချစ် တစ်ဖက်သားက ကိုယ့် ကို ပြန်ချစ်လာဖို့အတွက်ဆိုတာ ချဉ်းကပ်ပုံဗျူဟာလေးတွေ တော့ လိုတာပဲ၊ ဒါမျိုး မင်း ကျွမ်းကျင်သားပဲ"

"တော်ပါတော့ … မာမီရာ …"

"နေစမ်းပါဦး၊ အဲဒီ တိမ်မြူဆိုတဲ့ သူက မင်းတို့ထက် ဘာများသာလို့ပဲ"

"အချစ်ဆိုတာ သာတာ မသာတာနဲ့ မဆိုင်ပါဘူး အန်တီ"

တိမ်ယံက ခေါင်းတယမ်းယမ်းနှင့် ခပ်ဖြည်းဖြည်း ဝင်ပြောလိုက်သည်။





"မင်းလည်း ညံ့တာပဲ တိမ်ယံ၊ ဒီလောက်စာအုပ်တွေ ဖတ် ထားတဲ့သူပဲ၊ အချစ်ကဗျာတွေ ဘာတွေ ဟိုက ဒီက ရေးကူးကျက်မှတ်ပြီး တုတုကို ထိသွားအောင် နှုးဖို့ နှပ်ဖို့ အကြံလေးတောင် မရဘူးလား"

"ကျွန်တော် ရှက်လို့ …"

"အော် … ဖြစ်ရလေ"

"မရတာတောင် နည်းသေးတယ်"

"မာမီကြားတာတော့ တိမ်မြူက နာမည်ကြီး ကလေးအထူး ကု ဆရာဝန်ကြီးရဲ့ သားဆို၊ ခုလောက်ဆို ခေတ်ဆန်းတို့ မိုးကို ဒုံးနဲ့တိုက်နေတော့မှာပဲ၊ သူက ဂုဏ်သိပ်မက်တာ"

"မာမိ သားတို့ သွားတော့မယ်နော်၊ စာမေးပွဲနီးနေပြီ၊ ကျောင်းပျက်လို့ မဖြစ်ဘူး"

ဒေါ်မာန်ထနေ့သော အမေများရှေ့မှ သားသုံးယောက် လုံး အလှိုအလှို လစ်ထွက်လာခဲ့ကြပါသည်။

ကားပေါ်ရောက်တာနှင့် ထိုက်တန်က နားပေါက်ဝ ကို လက်ညှိုးထည့်လှုပ်ယမ်းရင်း …

"ငါ့နားတော့ မီးခိုးတွေတောင် အူလာတော့မလား မှတ်ရ တယ်"

"အေးကွာ … မာမီတို့ တော်တော်ပြောနိုင်တယ်"

"ဒါတောင် … ငါတို့ ဦးခေတ်ဆန်းကြီးကို တုတုအကြောင်း သွားပြောတုန်းက ဦးခေတ်ဆန်း ပြန်ပြောတဲ့ စကားနဲ့ ဦးခေတ်ဆန်း အမူအရာကို မမြင်ရ မကြားရသေးလို့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက မြင်ကွင်းလေးကိုသာ တွေ့လိုက်ရရင် မာမိတို့ ဒေါသတွေ ငယ်ထိပ်တက်ကပ်သွားကြမှာ"

"ပြောလိုက်တာများကွာ မင်းတို့သုံးယောက်ထဲက မဟုတ်ရင် ပြီးရောတဲ့၊ တော်တော် မခံချင်စရာကောင်းတယ်"

"စိတ်လျှော့ ထိုက်တန်၊ နောက်ကို ငါတို့ သူ့ကို ယောက္ခမ မတော်ဘူး မပြောနိုင်ဘူး"

ထိုက်တန်တို့ သုံးယောက် ကျောင်းရောက်လာတော့ တုတုကို အရင်ဆုံး ရှာမိသည်။

တုတုကို အပါမခံနိုင်လို့သာ သူ့အဖေကို သွားတိုင် ပြောမိပေမယ့် တုတုများ စိတ်ဆင်းရဲနေရှာမလားဟု စိတ်ပူမိကြပါသည်။

"ဟော ... ဟိုမှာ"

တုတုကို လှမ်းမြင်တော့ သူတို့ ပျော်သွားသည်။ တုတုမှိုင်နေတာမြင်တော့ သူတို့ စိတ်မကောင်းဖြစ်သွားသည်။

"သနားတော့ သနားပါတယ်ကွာ၊ ဟိုနေ့တွေကတော့ ပုံစံက မြူးကြွရွှင်ပြုံးပြီး သတ္တိတွေအပြည့်နဲ့ မာမာချာချာပုံမျိုး ခဲ့တော့ နှုံးပျော့နွမ်းဖတ်နေလိုက်တာ ထမင်း ခုနစ်ရက် မစားရတဲ့ လူမမာကျနေတာပဲ"

သူတို့ တုတုဆီ လျှောက်လာခဲ့ကြသည်။

"တုတု ..."

"အင် ..."

ထူးသံလေးကိုက အားမရှိ။





"နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ဟိုနေ့က ငါတို့ပြောတာ လွန်သွားတယ်၊ ဆောရီးဟာ"

"ရပါတယ်၊ တု ပြောတာလည်း လွန်တာပဲဟာ"

"နင် ငါတို့ကို စိတ်မဆိုးဘူးနော်"

"တုကိုသာ လာမချုပ်ချယ်ရင် မဆိုးပါဘူး"

"ငါတို့က စိုးရိမ်လို့ပါ"

"တုကလည်း ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် နေချင်လို့ပါ"

"နင်ကြည့်ရတာ ငှငိုင်ငိုင်နဲ့ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ တု သွားတော့မယ်နော်"

တုက ကိုထိုက်တို့ကို နှုတ်ဆက်ထွက်လာခဲ့မိပါသည်။ ခုချိန်မှာ ဘယ်သူနဲ့မှ စကားပြောဖို့ စိတ်မပါလို့ပင်။

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြီးကြောင့် တုရင်ထဲမှာ မီးထဲတောက်သလို ခံစားနေရပါသည်။

တိမ်မြူကြောင့် တုပျော်ခဲ့ရသည်။ တုရည်းစားထားတာကို သိပေမယ့် ဖေက ခါးခါးသီးသီး မကန့်ကွက်တဲ့အပြင် တိမ်မြူနဲ့ တွေ့ဆုံပြေလည်မှုရသဖြင့် ပိုပျော်ခဲ့ရသည်။ သို့သော် တိမ်မြူ့ မေမေကြောင့် အခြေအနေဟာ ရုတ်တရက် အဆိုးဘက်သို့ ပြောင်းလဲသွားခဲ့ရပါသည်။ တိမ်မြူ့ မေမေရဲ့ ကန့်ကွက်မှုဟာ စာတိုက်ဟောင်းတွေ များလှတဲ့ တုရဲ့ ဖေဖေ့ကြောင့်ပင်။ ဖေဖေ့ခများလည်း တုအတွက် စိတ်မကောင်းဖြစ်နေခဲ့ရပါသည်။

ခုတော့ တုနဲ့ တိမ်မြူ တွေ့ခွင့်မရ။ ဖုန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောခွင့်မရတော့ ... ။ တိမ်မြူ မေမေက တိမ်မြူထံမှ ဖုန်းလည်း သိမ်းကာ မျက်ခြည်ပြတ်မခံ အုပ်ထိန်းနေခဲ့သည်။ တစ်ခါ တိမ်မြူ တူဆီ ဖုန်းခိုးဆက်ပြီး အခြေအနေကို ပြောပြသဖြင့် တု သိခဲ့ရတာပင်။

ဒီအခြေအနေကြီးကို တု လုံးဝသည်းမခံနိုင်။ တိမ်မြူကို လွမ်းသည့်စိတ်ဖြင့် စိတ်က လေလွင့်နေသည်။ စာမေးပွဲလည်း ဖြေရတော့မည်။ ဟိုအရင်ကတည်းက ပုံမှန်ကျက်မှတ်လာသော စာတွေကလွဲ၍ ခုချိန်မှာ အသစ်ထပ်ကျက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ပါ။

ဒီလိုနှင့်ပဲ တိမ်မြူကို လွမ်းရသည့်နေ့တွေကို ကျော်ဖြတ်ရင်း စာမေးပွဲဖြေရမည့်နေ့သို့ ရောက်လာပါသည်။

❦ ❦ ❦



၁၂။

✦ ✦ ✦

စာမေးပွဲ နောက်ဆုံးနေ့ ... ။

မေက ဘန်ကောက်ကို ဈေးဝယ်ထွက်နေတာမို့ တုကို တီတီ လာကြိုပေးမှာပင်။

တုတုသည် နေးကွေးသော ခြေလှမ်းဖြင့် စာမေးပွဲခန်းထဲမှ ထွက်လာပါသည်။

တုက ကျောင်းဝင်းအပြင်သို့ လျှောက်ထွက်လာကာ တီတီ့ကားကို ရှာနေဆဲ တီတီ့ဖုန်းဝင်လာပါသည်။

"တုတု ဖြေနိုင်လား"

"ဟုတ် ... ရသလောက်တော့ ဖြေခဲ့တာပဲ၊ တီတီ လာနေပြီမဟုတ်လား၊ ဘယ်နားရောက်နေပြီလဲ ..."

"ဆောဟယ် ... ပြောရမှာတော့ အားနာပါတယ်၊ ငါ ဒီနေ့ လာမကြိုလို့ဖြစ်လား၊ တုဘာသာ ကားငှားပြန်ရင် အဆင်ပြေမလား ..."

"ဘာဖြစ်လို့လဲ၊ တီတီ ဘယ်ရောက်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်း ... ငါ ဒီမှာဟယ် ... ဟိုတစ်ယောက်နဲ့ စကားစ ဖြတ်မရဘူးဖြစ်နေတယ်၊ သူကလည်း ဒီရေ့မှ အားတာဆိုတော့ ..."

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ၊ သဘောပေါက်ပါပြီ၊ အေးအေး ဆေးဆေး နေတော်မူပါ"

"ဟဲ့ ... နင့်အမေကို ပြန်မပြောကြေးနော်"

"တီတီကျတော့ ပြန်ပြောပြီး ..."

"ညည်းအမေက သတင်းအတိအကျကြီး ရလာပြီး လာ မေးတော့ လိမ်လို့မရဘူးပေါ့ဟယ် ...၊ တော်ကြာ ငါပဲ ကြံရာပါဆိုပြီး ..."

"ဟုတ်ကဲ့ပါ ... တု သဘောပေါက်ပါတယ်၊ တုထိုက်နဲ့ တဲ့ကဲပေါ့ ...၊ ဒါပဲနော် ... တု ကားငှားပြီးတော့ပဲ ပြန် လိုက်မယ်"

"အေး ... အေး ... ကျေးဇူးပါပဲ ရွှေတုတုလေးရယ်၊ နောက် နေ့ကျမှ လိုချင်တာ လိုက်ဝယ်ပေးမယ် သိလား"

တီတီက မြူးကြွစွာပြောပြီး ဖုန်းချသွားသည်။ တုက ဖုန်းပိတ်လိုက်ပြီး ပလက်ဖောင်းပေါ်မှာ ရပ်၍ ကားတားနေဆဲ ဖုန်းမြည်လာပါသည်။

"ဟဲလို ..."

"ဖူး ...၊ ဖူးလေး ..."

"ဟင် ... တိမ်မြူ"





တုသည် ဝမ်းသာလွန်းလို့ တုန်ရီလာပါသည်။ တိမ်မြူ့အသံကိုပင် မကြားရတာ ကြာခဲ့ပြီ။

"တိမ်မြူ ဘယ်က ဆက်နေတာလဲဟင်"

"ကိုယ် အခု ဖူးတို့ကျောင်းဘက်ကို လာနေတယ်၊ ဖူးက ဘယ်မှာလဲ ..."

"ဟယ် ... ဖူးလည်း ကျောင်းရှေ့မှာပဲ ရှိနေသေးတယ်"

တုသည် ဆွေ့ဆွေ့ခုန်မတတ် ပျော်ရွှင်သွားပါသည်။

"ဖူး မေမေ လာကြိုမှာလား"

"ဟင့်အင်း ... မေက ဘန်ကောက်သွားတယ်၊ တီတီလည်း လာမကြိုအားဘူး၊ ဖူးတစ်ယောက်တည်းပဲ ပြန်ဖို့ ကား တားနေတာ"

"ဒါဆို စောင့်နေ၊ ကိုယ်လာပြီ"

တိမ်မြူက ဖုန်းချသွားသည်။ ငါးမိနစ်လောက် အကြာမှာ တိမ်မြူ့ကားက တုရှေ့သို့ ထိုးရပ်လာပါသည်။

"ဖူး ... လာ ... တက်၊ တစ်နေရာရာမှာ အေးအေးဆေး ဆေး စကားသွားပြောရအောင်"

တုသည် သူ့ကားပေါ် ခွေ့ခနဲ တက်ကာ သူ့လက် ချောင်းတွေကို ဆုပ်ကိုင်ထားမိသည်။ ကားကလည်း မထွက်။ နှစ် ယောက်သား လက်ချင်းဆုပ်ထားတာကိုလည်း မလွှတ် ...။

"တိမ်မြူ ... ဒီနားမှာ လှုပ်တယ်၊ တစ်ယောက်ယောက် မြင်သွားဦးမယ်၊ မောင်းတော့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



တိမ်မြူက တစ်ချက်ရယ်လိုက်ရင်း ...

"ဂိုယာထိုးဖို့ လက်မှမအားတာ၊ မောင်းစေချင်ရင် ကိုယ့်လက်ကို လွှတ်လေ ..."

"အာ ... ဟုတ်သားပဲ"

တုက ရှက်ရယ်ကလေးရယ်ရင်း လက်ကို ဖြည်းလွှတ်ပေးလိုက်ရသည်။

တိမ်မြူက ကားကို အင်းလျားလမ်းဘက်သို့ ကွေ့မောင်းလာခဲ့သည်။ ထို့နောက် တုတို့တွေ့နေကျ လှေလှော်အသင်းဘက်က အင်းလျားကန်စပ်မှာ ကားရပ်လိုက်သည်။ ကားရပ်ပြီးတာနှင့် တိမ်မြူက တုကို ဖျတ်ခနဲ ထွေးဖက်ထားလိုက်ပါသည်။ တုလည်း သူ့ရင်ခွင်မှာ ပါးကလေးအပ်ထားရင်း ...

"တိမ်မြူရယ်၊ ဖူးလွမ်းလိုက်တာ၊ တိမ်မြူကို မတွေ့ရတော့ဘူးတောင် ထင်တာ ..."

"ကိုယ်လည်း လွမ်းတာပဲ ဖူး၊ ဖူးကို အရမ်းတွေ့ချင်နေခဲ့တယ်၊ ဒါပေမယ့် ကိုယ့်မေမေကိုလည်း သိပ် ကလန်ကဆန် မလုပ်ရဲဘူး၊ မေမေက ဖူးဖေဖေကို အရမ်းမုန်းနေတာ၊ မေမေ ပြောတာတော့ ဖူးရဲ့ဖေဖေကြောင့် သူ အရှက်ရခဲ့တယ်တဲ့၊ ဖူးဖေဖေက သူ့ကိုလှည့်စားခဲ့တယ်တဲ့"

"ဟုတ်မှာပါ ...၊ ဖေဖေ့မှာက ဓာတ်လမ်းဟောင်းတွေ ရှိတာတဲ့"

"ဖူးပြောခဲ့ဖူးသလိုပဲ ... ကိုယ်က အမေချစ်သား ဖြစ်ခဲ့တယ်လေ၊ ကိုယ့် မေမေစကားကို ကိုယ် အမြဲနာခံခဲ့တာ၊ ဒါပေ





မယ့် အခုတော့ ကိုယ် နာခံဖို့ခက်နေတယ်၊ ဖူးကို ကိုယ် မခွဲနိုင်ဘူးလေ"

"ဖူးလည်း မခွဲနိုင်ပါဘူး၊ ဖူး ဖေဖေကတော့ တိမ်မြူနဲ့ ပတ်သက်ပြီး ဘာမှ မကန့်ကွက်ပါဘူး၊ ဖူး ခံစားနေရတာကို ရိပ်မိပြီး ဖေဖေလည်း စိတ်မကောင်းဖြစ်နေတာ"

"ဖူးဖေဖေကိုလည်း ကိုယ်အားနာပါတယ်"

"တိမ်မြူ ရန်ကုန်မှာပဲ ရှိနေတာလားဟင် ..."

"ရန်ကုန် ပြန်ရောက်တာ မနေ့ကမှ၊ ကိုယ် မေမေနဲ့ စင်ကာပူ လိုက်သွားရတာ ရက် ၂၀ လောက် ကြာသွားတယ်၊ အဲဒါကြောင့် ဖူးနဲ့ အရမ်းအဆက်အသွယ်ပြတ်သွားတာ၊ ကိုယ် ဟိုကနေ ဖူး ဖုန်းကို ခေါ်သေးတယ်၊ ဖုန်းက ဇရိယာပြင်ပရောက်လိုက်၊ လိုင်းမဝင်လိုက်နဲ့ ခေါ်ရတာလည်း ခက်၊ မေမေကလည်း အလစ်မပေး၊ မေမေနဲ့ အတူ တောက်လျှောက်လိုက်နေရတာဆိုတော့ ဖုန်းဆက်ရတာတောင် အဆင်မပြေဘူး ဖြစ်နေတာ၊ ကြည့်စမ်းပါဦးကွာ ... ကိုယ့်ဖူးစာလေး ပိန်သွားလိုက်တာ၊ ဖက်ရတာတောင် ချောင်ချောင်ချိချိလေး ဖြစ်နေတယ်၊ မျက်နှာလေး ရော ပြပါဦး၊ သေချာတောင် မကြည့်ရသေးဘူး၊ အရင်လို ပြည့်ပြည့်ဖောင်းဖောင်းလေး ရှိသေးရဲ့လား"

တိမ်မြူက တုမျက်နှာလေးကို မေးဖျားမှ ကိုင်၍ ပင့်မော့စေလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... မျက်နှာလေးကို ချောင်ကျနေတာပဲ၊ အရမ်းစိတ်ဆင်းရဲနေရှာမှာပဲ၊ ကိုယ် တောင်းပန်ပါတယ် မှုးရယ်"

တိမ်မြူက တိုးမှုမှုပြော၍ တုရဲ့ပါးချပ်ချပ်လေးကို နမ်းလိုက်ရင်း ...

"တကယ်ပဲကွာ ... ပါးလေးမှာ အသားတောင် သိပ်မရှိတော့ဘူး၊ ကိုယ်သနားလိုက်တာ မှုးရာ"

တုသည် တိမ်မြူရဲ့ ကြင်နာယုယမှုလေးတွေကို ခံယူရင်း သူ့မျက်နှာကို တမေ့တမော စိုက်ကြည့်ရင်း မျက်ဝန်းထဲမှာ မျက်ရည်စတွေ မှို့အိုင်လာသည်။

"တိမ်မြူ ... ခဏနေရင် တိမ်မြူ မေမေဆီ ပြန်ရတော့မှာပေါ့နော်"

"ဟုတ်တယ် ... မှုး"

"နောက် ဘယ်တော့ တွေ့ရမယ်ဆိုတာလည်း မသေချာဘူးပေါ့နော်"

တုတု အသံလေးက တုန်ရီလာကာ မျက်ဝန်းထဲမှ မျက်ရည်တွေ စီးကျလာသည်။ ချစ်သူ့မျက်ရည်က တိမ်မြူ့ကို နာကျင်စေသည်။ တိမ်မြူက တုပါးပေါ်က မျက်ရည်စလေးတွေကိုသုတ်ပေးလိုက်သည်။ ထို့နောက် မျက်လုံးစုံမှိတ်ကာ စတီယာရိုပေါ် မျက်နှာအပ်၍ ငြိမ်သက်နေပြီးမှ ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ခေါင်းပြန်မတ်လာပြီး ကားစက်နှိုးလိုက်ပါသည်။

"ပြန်တော့မလို့လားဟင် ..."

"မပြန်ဘူး၊ ကိုယ် အိမ်မပြန်ဖို့ ဆုံးဖြတ်လိုက်ပြီ"





"ဟင် ... ဒါဆို ..."

"ကိုယ် ... မှုးကို ခိုးပြေးတော့မယ်"

"ဖြစ် ... ဖြစ်ပါ့မလား တိမ်မြူရယ်"

"မှုး ... မလိုက်ရဲဘူးလား"

"တိမ်မြူနဲ့ဆို ဘယ်လိုပဲဖြစ်ဖြစ် လိုက်ရဲတယ်"

"ဒါဆို ... သွားစို့ ..."

တိမ်မြူက တုတုလက်ကို တစ်ချက်ဖျစ်ညှစ်အားပေးလိုက်ပြီးနောက် ကားကို ပြန်ကွေ့မောင်းထွက်လာလျက် ပြည်လမ်းမကြီးဆီ ဦးတည်လိုက်လေသည်။

တုတုသည် ပျော်လည်းပျော်၊ ကြောက်လည်းကြောက်လျက် ရင်ကလေး ဖိုလှိုက်စွာ လိုက်ပါလာပါသည်။

❦ ❦ ❦

"ကားက ဒီနားတင် ကပ်ပျောက်သွားတာကွ"

"မင်းကားမောင်းတာက ထုံထုံထိုင်းထိုင်း မောင်းနေတာကိုးကွ"

"ငါ သူတို့ကားကို လှမ်းမြင်မြင်ချင်း နောက်ကလိုက်တာပဲ၊ သူတို့ကားက စိမ်းလန်းထဲ ဝင်သွားသလား၊ အင်းယားကန်ဘက် ကွေ့ဝင်သွားလားမှ မသိတာ"

"ဒီဘက်ချိုးလာတာကော သေချာလား"

"သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဒီနားတစ်ဝိုက်မှာ ပတ်မောင်းနေကွာ"

ထိုက်တန်က ကားကို အင်ယားလမ်းတစ်ဝိုက် ခေါက်တုံ့ခေါက်ပြန် မောင်းလိုက်၊ စိမ်းလန်းစိုပြေထဲ ဝင်ရှာလိုက်၊ အင်းယားကန်ပေါင် သွားရှာလိုက်ဖြင့် တုတုတို့ ကားကို ခြေရာခံနေခဲ့တာပင်။

တုတု တိမ်မြူ့ကားပေါ် တက်သွားတာကို သူတို့ လှမ်းမြင်ကတည်းက ထိုက်တန် ကားပေါ် တက်၍ တရကြမ်း မောင်းလိုက်လာသော်လည်း ဒီနားတစ်ဝိုက်မှာ မျက်ခြည်ပြတ်သွားခဲ့ပါသည်။

"ဟော ... ဟော ... ဟိုမှာ ... ဟိုမှာ ... ဘုတ်ကလပ်ထဲက ထွက်လာတာ သူတို့ကား မဟုတ်လား"

"ဟာ ... ဟုတ်တယ်"

"မင်းတို့ မျက်စိတွေက ဘုတ်ကလပ်ထဲ ဝင်သွားတာတောင် မမြင်ဘူးလား"

"မင်းရော မြင်လို့လား"

"လိုက် ... လိုက် ... သူတို့က ပြည်လမ်းဘက်ကို ချိုးချသွားပြီ၊ ထိုက်တန် မင်း ကားမောင်းတာ လုံးဝ active မဖြစ်ဘူးကွာ"

"ဒါဆို မင်းလာမောင်း ... လာ ..."

"ငါက မင်းလောက်တော့ မကျွမ်းဘူးလေကွာ"

"မမောင်းတတ်ရင် ငြိမ်ငြိမ်နေ၊ ပါးစပ်ပိတ်ပြီး လိုက်ခဲ့"

"မင်းသာ မိအောင်မောင်း၊ မင်း မိအောင်မမောင်းနိုင်လို့





တုတု တစ်နေရာရာပါသွားပြီး တစ်ခုခုဖြစ်ရင် မင်းတာဝန်ပဲ"

ထိုက်တန်က မိုးမာန်ရဲ့ အပြောကိုလည်း စိတ်တို၊ တုတုအတွက်လည်း စိတ်ပူကာ လီဗာကို နင်းပစ်လိုက်တော့ ကားလေးက ပြည်လမ်းဘက်သို့ အရှိန်ပြင်းပြင်း ပြေးလွှားသွားပါသည်။ ထိုက်တန်သာ မြင်းတစ်ကောင်ဖြစ်ခဲ့လျှင် မိုးမာန်နှင့် တိမ်ယံတို့က ကုပ်ပေါ်ခွစီးကာ ဇက်ကြိုးကိုင်၍ ကဆုန်စိုင်းပစ်ချင်လာသည်။

"ဟာ ... ကားက မြို့ပြင်ဘက်ကို ထွက်နေပြီကွ"

တိမ်မြူတို့ ကားက လေဆိပ်လမ်းဆုံကို ကျော်၊ စော်ဘွားကြီးကုန်းကို လွန်ကာ တဖြည်းဖြည်း မြို့အထွက်ဆီ ဦးတည်နေတာမို့ သုံးယောက်လုံး မရိုးမရွ ဆူကြွလာသည်။

"မရိုးဘူး ဟောကောင်၊ ဒါမရိုးဘူး၊ တွေ့ရိုးတွေ့စဉ် တွေ့တာ မဟုတ်ဘူး"

တိမ်မြူတို့ကားက ထောက်ကြံ့ လမ်းဆုံကို ကျော်ကာ မြို့အထွက် Toll ဂိတ်ကို ဖြတ်လိုက်ချိန်မှာတော့ တိမ်ယံက ဟာခနဲ အော်ကာ ...

"ဟောကောင်တွေ သူတို့ ... သူတို့ နိုးပြေးကြတာလား မသိဘူးကွ"

"အေး ... ဖြစ်နိုင်တယ်၊ နိုးပြေးတာပဲ ဖြစ်မယ်"

"ထိုက်တန် ... မလွှတ်စေနဲ့နော်၊ မျက်ခြည်မပြတ်စေနဲ့၊ တုတုသာ ပါသွားရင် ငါတို့အားလုံး ရင်ကျိုးပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်က လီဗာကို ထပ်နင်းလိုက်သည်။ သူတို့ အားလုံးရဲ့ နှလုံးသားတွေလည်း ခြောင်းဆန်ဆောင် တုန်လှုပ်စွန်း၍ နေခဲ့ကြပါသည်။

တုတုရေ ... ငါတို့ကို ခွဲမသွားပါနဲ့လား။



၁၃။ (က)

"ဟင် ... နောက်က ကားက ကိုထိုက်တို့ ကားပဲ ..."

တုတုသည် တိမ်မြူ့ ပခုံးပေါ် ခေါင်းလေးငှဲ့မှီ လိုက်ပါလာရာက ခါးပြန်မတ်လျက် နောက်ကြည့်မှန်ကို တစ်ချက်ကြည့်စဉ် တဖြည်းဖြည်း နီးကပ်လာသော ထိုက်တန်တို့ကားကို တွေ့လိုက်ရပါသည်။

"သူ ... သူတို့ လိုက်လာကြတယ်ထင်တယ်"

"ဟိုသုံးယောက်လား ..."

"ဟုတ်တယ် တိမ်မြူ ... ၊ ဟင် ... အရမ်းနီးလာပြီ"

တုတု စကားမှ မဆုံးသေးခင် ထိုက်တန်တို့ ကားက တိမ်မြူ့ကားကို ကျော်တက်လျက် မိုက်မိုက်မဲမဲ ကန့်လန့်ဖြတ်၍ ပိတ်ရပ်ပစ်လိုက်ပါသည်။

"ကျွိ ... ကျွီး ... ကျွီ ..."

"ဟာ ... ဒီကောင်တွေကွာ သေကုန်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တိမ်မြူက ကားကို လန့်ဖျပ် ဘရိတ်အုပ်လိုက်ပြီး ကားပေါ်မှ ဆင်းလာရင်း ...

"ဟေ့ကောင်တွေ မင်းတို့ ဘယ်လိုလုပ်လိုက်တာလဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားချင်လို့လား"

"မသေချင်သေးပါဘူး၊ ခုနေ ငါတို့သေရင် တုတုကို မင်းရှေ့ဆက်ခိုးပြေးသွားမှာပေါ့၊ တုတု ... လာ ... ဆင်းခဲ့"

ထိုက်တန်က ပြောပြောဆိုဆို တုတု ထိုင်သည့်ဘက်သို့ ခြေလှမ်းကျဲဖြင့် လျှောက်သွားပြီး ကားတံခါး ဆွဲဖွင့်ကာ တုတုကို ကားပေါ်မှ ဆွဲချလိုက်သည်။

"ဟေ့ကောင် ... လွှတ်စမ်း"

"နိုး ...၊ ငါတို့ တုတုကို ပြန်ခေါ်သွားမယ်"

"မင်းတို့နဲ့ ဘာဆိုင်လဲ၊ ငါတို့ နှစ်ဦးသဘောတူ ခိုးပြေးလာတာ ..."

"သူများ သားသမီးကို ခိုးပြေးတယ်ဆိုတာ ငါးပါးသီလထဲက အဒိန္နာဒါနကံ ထိုက်တယ်ကွ၊ မင်း အေးအေးဆေးဆေး ပြန်တော့၊ မင်း ငါးပါးသီလ မကျိုးအောင် ငါတို့ တုတုကို အိမ်ပြန်ပို့ပေးလိုက်ပါ့မယ်"

တုတုက ထိုက်တန်လက်ထဲမှ ရုန်းကန်လိုက်ရင်း ...

"တု ပြန်မလိုက်ဘူး ကိုထိုက်၊ တုကို လွှတ်ပေးပါ"

"တုတု ... နင် မမိုက်ချင်စမ်းပါနဲ့ဟာ"

"တု မိုက်နေတာ မဟုတ်ဘူး၊ တုချစ်တဲ့သူနဲ့ မခွဲနိုင်လို့ လိုက်လာတာ"





"ကဲ ... ထိုက်တန် ပါးစပ်နဲ့ပြောလို့တော့ ရမှာမဟုတ်ဘူး၊ လက်တွေ့ကျကျပဲ လှုပ်ရှားလိုက်ရအောင်"

မိုးမာန်က မျက်စလှမ်းပစ်၍ အချက်ပြလိုက်ရာ သုံးယောက်လုံး တုတုကို လှမ်းဆွဲဖမ်းချုပ်လျက် ကားပေါ် တွန်းတင်လိုက်ကြသည်။

"ဟေ့ကောင်တွေ လွှတ်စမ်း ..."

"လွှတ် ... လွှတ် ... တုတုကို လွှတ်"

တုတုက ရုန်း၊ တိမ်မြူက ပြန်ဆွဲချ၊ ထိုက်တန်တို့ကလည်း အတင်းပြန်ဆွဲတင်။ သုံးယောက်ဘက်က အသာရလိုက်၊ တိမ်မြူဘက်က ပြန်သာလာလိုက်။ အလယ်က တုတုမှာ ပစ္စည်းတစ်ခုသာဆို ပျော့ဖတ်နွမ်းရိပြကြေသွားလောက်ပြီ။

"အံမယ်လေး ... တု ၊ သေတော့မယ်၊ ဖယ်ကြပါတော့၊ လွှတ်ကြပါတော့"

"ဟေ့ကောင် တိမ်မြူ၊ မင်း လွှတ်လိုက်"

"မင်းတို့ လွှတ် ..."

"ငါတို့ မလွှတ်နိုင်ဘူး"

"ငါလည်း မလွှတ်ဘူး"

"ဟေ့ကောင် မိုးမာန်၊ တိမ်ယံ၊ မင်းတို့က တိမ်မြူကို ဖမ်းဆွဲချုပ်ထား၊ ငါ တုတုကို ကားပေါ်တင်လိုက်မယ်"

"အိုကေ ... လာခဲ့"

မိုးမာန်နှင့် တိမ်ယံက တိမ်မြူကို တစ်ဖက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မှ ဖမ်းဆွဲချုပ်ထားစဉ် ထိုက်တန်က တုတုကို ကားပေါ်တွန်းတင်လိုက်ပြီး ...

"ဟောကောင်တွေ လာ ... လာ ... အမြန်လာ"

ဟု အော်ခေါ်လိုက်သည်။ မိုးမာန်တို့က တိမ်မြူ့ကို လွှတ်ပြီး ကားဆီ တစ်ဟုန်ထိုး ပြေးလာလိုက်သည်။ တိမ်မြူ ပြေးလိုက်လာသော်လည်း မမီတော့။ မိုးမာန်တို့ နှစ်ယောက် ကားပေါ်ရောက်သည်နှင့် ကားက အရှိန်ပြင်းစွာ မောင်းထွက်သွားလေသည်။

❦ ❦ ❦



၁၃။ (၈)

✦ ✦ ✦

"လွှတ် ... တုကို အခုလွှတ်၊ တု နှန်ချလိုက်မှာနော်၊ နှန်ချလိုက်တော့မှာနော်"

ကားနောက်ခန်းထဲမှာ တုက ပြောင်းဆန်နေအောင် တွန့်ထွန့်လူး ရုန်းနေတာမို့ တိမ်ယံနှင့် မိုးမာန်က ချွေးသီးချွေးပေါက်တွေ ကျလာသည်အထိ တစ်ဖက်တစ်ချက်မှ ဖမ်းချုပ်ထားရပါသည်။ ထိုက်တန်လည်း ကားမောင်းရတာ မဖြောင့်။

"ဟ ... ဟ ... ငါ့မျက်မှန်၊ ငါ့မျက်မှန် ပြုတ်ကျသွားပြီ"

ဝရုန်းသုန်းကား ရုန်းကန်နေတာမို့ တိမ်ယံ့ မျက်မှန်ကို တုတုလက်နှင့် ရိုက်မိကာ မျက်မှန်က ကားကြမ်းခင်းပေါ် ပြုတ်ကျသွားသည်။

"မျက်မှန်၊ မျက်မှန်က အရေးကြီးတယ်၊ ငါ့မျက်မှန် ... ငါ့မျက်မှန် ..."

တိမ်ယံမှာ တုတုကိုလည်း လွှတ်မပေးရဲ၊ မျက်မှန်ကိုလည်း ဟိုဒီငုံ့ကြည့် ရှာဖွေဗျာများနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် … မင်းမျက်မှန်က နောက်မှရှာ၊ တုတုကို မလွှတ်စေနဲ့၊ တုတုက အရေးကြီး …"

"ရွှတ် …"

"ဟာ …"

မျက်မှန်ကိုတက်နင်းမိသံကြောင့် တိမ်ယံက ယူကြုံးမရစွာ အော်လိုက်သည်။ ထွန့်ထွန့်လူးရုန်းကန်နေသော တုတုရဲ့ ခြေထောက်နှင့် နင်းမိမိသွားတာပင်။ တိမ်ယံသည် ဒေါသဖြစ်လာကာ တုတုကို လွှတ်ပေးလိုက်ရင်း …

"ကဲ … ဒီလောက် ခုန်ချချင်ရင်လည်း ခုန်ချလိုက်တော့၊ ဟောကောင် … မိုးမာန် လွှတ်သာပေးလိုက်ကွာ၊ ခုန်ချပစေတော့၊ မတတ်နိုင်ဘူး၊ ကမ္ဘာပေါ်မှာ အချစ်အတွက်အသက်စွန့်တဲ့သူတစ်ယောက် တိုးလာတာပေါ့ …"

ထိုက်တန်ကလည်း ကားကို အာရုံစိုက်မောင်းနေရင်းက နောက်ကြည့်မှတစ်ဆင့် မိုးမာန်ကို အဓိပ္ပါယ်ပါပါ လှမ်းကြည့်ကာ …

"ဟုတ်တယ် … မိုးကြီး၊ လွှတ်သာပေးလိုက် …"

ဟု လှမ်းပြောလိုက်သည်။ ထိုက်တန် စကားကြောင့် တုတု မျက်နှာလေး ဖြူဖျော့သွားပါသည်။ ထိုက်တန်ကတော့ တုတု ပုံစံကို ကြည့်ကာ ရယ်ချင်သွားသည်။ တုတု ခုန်မချရဲတာ သိပြီးသားမို့ပင် …။

မိုးမာန်လည်း သဘောပေါက်ကာ တုတုကို လွှတ်ပေးလိုက်သည်။





တုတုသည် တွန့်ဆုတ်ဆုတ်နှင့်ပင် ကားတံခါးလက်ကိုင်ကို လှမ်းကိုင်ထားရင်း …

"တု ခုန်ချမှာနော်၊ ခုန်ချလိုက်မှာနော်"

ဟု ပြောနေသော်လည်း အသံက တုန်ကာ လူက ဖြင့် မလှုပ် …။

"ခုန်ချတော့မှာနော်၊ တု တကယ် ခုန်ချတော့မှ နောင်တ မရနဲ့နော် …"

"နောင်တ မရပါဘူး၊ ငါတို့အတွက် နောက်ဆန်မငင်ပါနဲ့"

"တု … တု တကယ်ခုန်ချပြီနော်"

"အေး … အေး"

မိုးမာန်တို့က အေးအေးဆေးဆေးပင် ခေါင်းညိတ်ပြလိုက်သောအခါ တုတုရဲ့ နှုတ်ခမ်းလေးက မဲ့ကျလာကာ …

"အီးဟီး … ကိုမိုးတို့က တုကို ဘယ်တုန်းကတည်းက သေစေချင်နေကြတာလဲဟင် … အဟင့် … အီး"

"ဟား … ဟား … တကယ်လည်း ခုန်မချရဲဘဲနဲ့ …"

"ခုန်ချရဲတယ်၊ ခုန်ချရဲတယ်၊ တု သေရင် တိမ်မြူတစ်ယောက်တည်း ကျန်ခဲ့မှာ သနားလို့ ခုန်မချတာ …"

"ဟာ … ဟောကောင် ထိုက်တန်၊ နောက်မှာ တိမ်မြူကား ပါလာတယ်ကွ၊ မောင်း … မောင်း … မျက်ခြည်ပြတ်အောင် မောင်း …"

"ဟင် … တိမ်မြူ လိုက်လာတယ်၊ ကိုထိုက် ကားရပ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်က ဘာမှပြန်မပြောတော့ဘဲ ကားကို အရှိန်မြှင့်မောင်းလိုက်ပြီး ထောက်ကြံ့လမ်းသွယ်လေးတစ်ခုထဲ ချိုးချလိုက်ပါသည်။ ထို့နောက် လမ်းကျဉ်းလေးတွေထဲ ဟိုဒီချိုးကွေ့ မျက်ခြည်ပြတ်ချပစ်လိုက်ရာ တိမ်မြူ့ကားကို မတွေ့ရတော့ပါ။

တုတုသည် ဝမ်းလည်းနည်း၊ စိတ်လည်းတိုလာကာ ရှေ့မှာမောင်းနေသည့် ကိုထိုက်ရဲ့ ပခုံးနှင့် လက်တွေကို လှမ်း၍ ထုရိုက်ကုတ်ဖဲ့လိုက်မိရင်း ...

"ကိုထိုက် ... ကားရပ်ပေး၊ တု သူနဲ့လိုက်သွားမယ်"

ထိုက်တန်က တုတု ရိုက်ပုတ် ကုတ်ဖဲ့သမျှကို အံကြိတ်ခံရင်း ကားဆက်မောင်းနေသည်။

တုတုကလည်း ဒေါသပိုဖြစ်လာကာ ...

"ဘာဖြစ်လို့ တုကို ဒီလို ပိုင်စိုးပိုင်နင်း လုပ်ချင်ရတာလဲ၊ တုကလေးမဟုတ်တော့ဘူး၊ တုကို မချုပ်ချယ်နဲ့၊ ကားရပ် ... ရပ် ..."

ဟု အော်ရင်း ထိုက်တန်ရဲ့ ပခုံးကို ဆွဲဆွဲလှုပ်လေသည်။ ထိုက်တန်သည် ကားဆက်မောင်းလို့ မရတော့ပြီမို့ အံတစ်ချက်ကြိတ်လျက် ကားဘရိတ်ကို ဆောင့်နင်းပစ်လိုက်ပါသည်။

"ကျွီ ... ကျွီ ..."

"အမေ့ ..."

ထိုက်တန်သည် ကားရပ်သွားသည်နှင့် ကားတံခါးကို ဝုန်းခနဲ ဖွင့်၍ဆင်းလိုက်သည်။





"ယောကျာ်းတွေ ဆင်း၊ မင်းတို့လည်း ဆင်း၊ တုတုလည်း ဆင်း ..."

နောက်ခန်းမှ သုံးယောက်လုံး ကားပေါ်က ဆင်းလာသည်နှင့် ထိုက်တန်က တုတုဆီ လျှောက်သွားလျက် မျက်နှာချင်းဆိုင် ရပ်ကာ တုတု မျက်နှာကို စိုက်ကြည့်လိုက်ရင်း ...

"ငါ ဘာလို့ ဒီလိုလုပ်ရသလဲဆိုတော့ နင့်ကို သိပ်ချစ်နေခဲ့လို့ပဲ တုတု ..."

"ဟင် ..."

တုတုက ကြောင်အငိုမ်သက်သွားဆဲ တိမ်ယံနှင့် မိုးမာန်ကလည်း နောက်ကောက်မကျလိုတာမို့ တုတုရှေ့မှာ ခေါင်းငုံ၍ ရပ်လာရင်း ...

"ငါ ... ငါတို့လည်း နင်ကို ချစ်နေခဲ့တာပါ တုတု ..."

"ဘာ ...၊ ဟင် ... စိတ်မှ ကောင်းကြသေးရဲ့လား၊ တုကို သုံးယောက်ပြုံးကြီး ရည်းစားစကား ပြောတယ်"

"ငါတို့ အများကြီး မျိုသိပ်ခဲ့ပါတယ်၊ ခုတော့ မပြောမဖြစ်လို့ ပြောရတာပါ၊ ငါတို့ နင့်ကို ညီမလေးတစ်ယောက်လို သူငယ်ချင်းလို ချစ်သူလို ခံစားမှုအမျိုးမျိုးနဲ့ ချစ်ခဲ့တာပါ"

"ဟုတ်ပါတယ် တုတု ...၊ ငါတို့မှာ ငါတို့ချစ်တဲ့ မိန်းကလေး ရှိပြီးသားလို့ ပြောခဲ့ကြတာ နင်မှတ်မိဦးမှာပေါ့၊ အဲ့ဒါ နင့်ကိုရည်ရွယ်ပြီး ပြောခဲ့တာပါ"

"ငါလည်း ရည်းစားတွေ ထားခဲ့ဖူးပေမယ့် ငါ တကယ်ချစ်မိတာ နင့်တစ်ယောက်တည်းကိုပါ တုတု"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို လူတကာက အခြောက်လို့ ထင်ကြပေမယ့် နင့်ကိုတော့ ယောကျာ်းပီသတဲ့ စိတ်နဲ့ တကယ်ချစ်ခဲ့တာပါ"

"ငါလည်း အမြဲတမ်း စာအုပ်တွေထဲမှာ ခေါင်းစိုက်နေပေမယ့် စာမျက်နှာတွေပေါ်မှာ နင့်ကိုပဲ မြင်မြင်နေမိတာ ခဏခဏပါ တုတု …၊ နင်နဲ့ကျမှ ငါကိုယ်ငါ 'ပညာရှိသတိဖြစ်ခဲ' ဆိုတဲ့ စကားနဲ့ ကိုက်ညီနေမှန်း သိရတော့တယ်"

အသီးသီး ရင်ဖွင့်လို့ပြီးချိန်တွင် တုတု မျက်နှာကိုရင်တထိတ်ထိတ်နှင့် စိုက်ကြည့်နေမိကြသည်။

တုတုသည် ခဏငြိမ်သက်နေပြီးမှ လှောင်သရော်သလို တစ်ချက်ရယ်လျက် နာကြည်းသော လေသံကလေးဖြင့် …

"အဖြူရောင်လို့ ထင်ခဲ့မိတာ၊ တုမှာတော့ ကိုထိုက်တို့ရဲ့ မေတ္တာ စေတနာတွေ သံယောဇဉ်တွေကို အဖြူရောင်လို့ ထင်လိုက်ရတာ …၊

"တုနားကို ချဉ်းကပ်လာတဲ့ ယောကျာ်းလေးတွေကို အမျိုးမျိုး အပြစ်ရှာရှုံ့ချပြီး တုကို နည်းမျိုးစုံနဲ့ နားချကန့်ကွက်ခဲ့ကြတာတွေကိုလည်း တုကို ဖြူဖြူစင်စင် စောင့်ရှောက်နေကြတာ၊ တုအတွက် ရိုးရိုးသားသား စိတ်ပူပေးကြတာလို့ ထင်ခဲ့တာ၊ တီတီက ကိုထိုက်တို့သုံးယောက် တုအပေါ် မရိုးကြဘူးလို့ ပြောခဲ့တာတောင် တု လုံးဝ မယုံခဲ့ဘူး၊ ခုတော့ တု ယုံကြည်ခဲ့သမျှ အလကားဖြစ်ရတယ်၊ ကျောချမှ ဓားပြမှန်းသိတယ်ဆိုတာ ဒါမျိုးကို





ပြောတာပဲ ဖြစ်ရမယ်၊ အားလုံးပဲ မှတ်ထားကြပါ၊ တုတိမ်မြူကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး"

မိုးမာန်နှင့် တိမ်ယံတို့ ခေါင်းငိုက်စိုက်ကျသွားကြသည်။ ထိုက်တန်ကတော့ တုတုကို စိုက်ကြည့်ရင်း …

"အေး … အဲဒါဆိုလည်း ငါ့ရဲ့ မရိုးမသားစိတ်ကို ခဏဘေးချိတ်ပြီး ကိုယ့်နမကို ပြောသလိုပြောလိုက်ဦးမယ်၊ နင်တို့ချစ်ရင်လည်း မိသားဖသားပီပီ တောင်းရမ်းယူတဲ့အချိန်ထိ မစောင့်နိုင်ဘူးလား၊ ဘာဖြစ်လို့ မိဘတွေ စိတ်ပူအောင် အလျင်စလို နိုးပြေးကြသေးလဲ …"

တုတုသည် ရုတ်တရက် မျက်ရည်တွေတွေကျလာကာ ရှိုက်ငင်လိုက်ရင်း …

"တုလည်း နှစ်ဖက်မိဘ သဘောညီညီနဲ့ တောင်းရမ်းပေးစားတာကို လိုချင်တာပေါ့၊ ဒါပေမယ့် အခုက အဲ့ဒီလိုမှ မဖြစ်နိုင်တော့တာ၊ တိမ်မြူ့မေမေက တုဖေဖေနဲ့ ဓာတ်လမ်းဟောင်း ရှိခဲ့တော့ တုနဲ့ သဘောမတူဘူး၊ တိမ်မြူ့ကို ချုပ်ချယ်ထားတာ၊ ဒီနေ့မှ သူ့နောက်ကို တုမလိုက်ရင် တုတို့ နီးဖို့မသေချာဘူး"

"ကျွတ် … ပြဿနာပဲ၊ နင့်အဖေရဲ့ ဓာတ်လမ်းတွေကများလှချည်လား၊ မာမီတို့နဲ့က တစ်ဓာတ်လမ်း၊ မာမီတို့နဲ့ကျတော့ နင့်အဖေက ငါတို့နဲ့ လုံးဝ မနီးစပ်စေချင်တော့၊ မာမီတို့ကို နာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု တိမ်မြူနဲ့ကျတော့ မေမေက သဘောတူပုံရပါတယ်၊ တိမ်မြူ့မေမေကသာ တုမေမေကို နာနေတာ ..."

"ဒါဆိုရင်တော့ မာမိတို့က နှင့်အဖေကို အပျော်ကြံပြီး တိမ်မြူ့မေမေကိုတော့ နှင့်အဖေက အပျော်ကြံသွားဖူးတာပဲ ဖြစ်ရမယ်"

"မသိတော့ပါဘူး၊ တု စိတ်ညစ်လိုက်တာ"

"ငါလည်း စိတ်ညစ်တယ်၊ ဘာတွေမှန်းကို မသိတော့ဘူး၊ ရှုပ်နေတာပဲ၊ ကဲ ... အခု နှင့်ကို ငါတို့ အိမ်ပြန်ပို့မယ်၊ နင် ငါတို့ကို မချစ်ချင်လည်းနေ၊ ဒါပေမယ့် တိမ်မြူနဲ့ နီးတော့မပြေးနဲ့ ..."

"ခိုးမပြေးရင် ဘယ်လိုလုပ်မလဲ ...၊ တု သူနဲ့ အဝေးမခံ နိုင်ဘူး"

"ခဏတော့ စောင့်ကြည့်လိုက်ပါဦးဟာ၊ အခြေအနေက ပြောင်းချင်ပြောင်းလာမှာပါ၊ ကဲ ... ကဲ ... တိတ်တော့ မျက်ရည်တွေ သုတ်ပစ်လိုက်ဦး"

ထိုက်တန်က ချော့မော့နေတော့ မိုးမာန်က ကားဆီ ပြေးသွားပြီး တစ်ရှူးဘောက်(စ်)ထဲက တစ်ရှူးတွေ ယူလာပြီး တုတုထံ မရဲတရဲ ကမ်းပေးသည်။ တုက မိုးမာန်ကို မျက်စောင်းထိုးပြီးမှ လှမ်းယူကာ မျက်ရည်တွေ နပ်တွေ သုတ်နေရင်း ...

"တုကို ပစ်တော့ မထားကြနဲ့နော်၊ အရေးကြုံရင် ကူညီပေးဦး ..."

"ဟင်း ... နင် တော်တော် တရားတယ်၊ နှင့်ရည်းစားနဲ့





ပေါင်းရဖို့အတွက် နှင့်ကိုချစ်နေတဲ့သူတွေကို အကူအညီတောင်းနေတာများ နည်းနည်းမှ အားနာပုံမရဘူး"

ထိုက်တန်က တုတု ခေါင်းကို အုပ်ကိုင်လှုပ်ယမ်း၍ ပြောပြီး ခေါင်းကိုမော့ကာ ဝဲလာသော မျက်ရည်တွေ ကျမလာအောင် မျက်လုံးထဲ ပြန်သွင်းလိုက်ရပါသည်။

အချစ်ဆိုတာ တော်တော်ရှုပ်ထွေးလေစွတည်း။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

၁၄။

✦ ✦ ✦

“ကိုယ့် အနုးအညွှတ် တောင်းပန်ပါတယ် သစ္စာရယ် ... ကလေးတွေကို ကြည့်ဖြူလိုက်ပါ၊ သူတို့ တကယ်ချစ်ကြတာပါ၊ သူတို့ကို ခွဲဖို့မကြိုးစားပါနဲ့၊ ကိုယ်တို့ရဲ့ ဇာတ်လမ်းဟောင်းတွေကို ထည့်မစဉ်းစားဘဲ သူတို့အတွက်ပဲ စဉ်းစားပေးလိုက်ပါ”

“အဟွန်း ...”

အနုးအညွှတ် တောင်းပန်နေသော ဦးခေတ်ဆန်းကို ဒေါ်သစ္စာကြည်က အပေါ်စီး အကြည့်လေးဖြင့် ကြည့်ရင်း ခပ်လှောင်လှောင် ရယ်လိုက်ပါသည်။

ဦးခေတ်ဆန်းကတော့ သူမဘာပဲပြောပြော သည်းခံကာ အဆင်ပြေအောင် ညှိနှိုင်းဖို့သာ ဆုံးဖြတ်ထားသည်။ သမီးကလေးကို မကြည့်ရက်နိုင်လွန်းလို့ပင်။

ရည်းစားမထားခဲ့ဖူးသော သမီးလေး တုတုရဲ့ နှလုံးသား နုနုနယ်နယ်လေးက လက်ရှိအခြေအနေကို ခံနိုင်ရည်မရှိ





ချင်။ သူ ဘန်ကောက်ကပြန်လာတော့ သမီး အရမ်းပိန်ပြီး ညှိုးချုံးနွမ်းနယ်နေတာကို စိတ်မကောင်းစွာ တွေ့ရပါသည်။ သမီးအမေဆုံးကတည်းက ကိုယ်ပဲ အဖေ၊ ကိုယ်ပဲ အမေ လုပ်လာခဲ့ရတာမို့ သမီးရဲ့ နှလုံးသားရေးရာကိစ္စမှာလည်း သူက ဝင်ပူပဲန်မိပါသည်။ ပြီးတော့ သမီး ဒီလိုခံစားနေရတာ ကိုယ် အစထောင်ထားခဲ့မိတဲ့ ကိစ္စကြောင့်လေ။

ဘာလုပ်လုပ် စိတ်မပါတော့ဘဲ တမှိုင်မှိုင်တတွေတွေ ဖြစ်နေတဲ့ သမီးကို မကြည့်ရက်နိုင်တော့တဲ့အဆုံးမှာ သူက သစ္စာကြည်နှင့် တွေ့ခွင့်တောင်းကာ အနုးအညွှတ် တောင်းပန်ညှိနှိုင်းမိတာပင်။

“ရှင့်သမီးလေး အခု တော်တော် ခံစားနေရလား”

“ခံစားရတာပေါ့ သစ္စာ၊ ဒါ သူ့အတွက် ပထမဦးဆုံး အတွေ့အကြုံပဲ”

ဒေါ်သစ္စာကြည်က မထီမဲ့မြင် ပြုံးလိုက်ရင်း ...

“ဒါဆို ရှင့်သမီးလေးလည်း ကျွန်မ ခံစားခဲ့ဖူးသလို ခံစားနေခဲ့ရတာပေါ့၊ ရည်းစားပစ်ခံရတယ်ဆိုတာ ကာယကံရှင်ရဲ့ နှလုံးသားမှာလည်း ထိရှ၊ ပတ်ဝန်းကျင်မှာလည်း အရှက်ရတာပဲလေ ...”

“ကိုယ် တောင်းပန်နေပြီပဲ သစ္စာ၊ ကိုယ့်ကို မကျေနပ်ရင် ကိုယ့်ကိုပဲ ဒဏ်ခတ်ပါ၊ ဘာမှမဆိုင်တဲ့ ကိုယ့်သမီးအပေါ် ကိုယ့်အပြစ်တွေ သွားပုံမချပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟော် ... ရှင်လုပ်ခဲ့တဲ့ ကိစ္စတစ်ခုကို အပြစ်လို့တော့ သတ်မှတ်ဖော် ရသေးတာပဲကိုး"

"သစ္စာရယ် ... ကိုယ်တောင်းပန်ပါတယ်"

"ရှင် တောင်းပန်ပေမယ့် ကျွန်မက မကျေနိုင်တော့ဘူးလေ၊ အခုခေတ်ကြီးမှာ ရည်းစားနဲ့ ကွဲတယ်ဆိုတာ သိပ်ရှက်စရာ ကိစ္စ မဟုတ်တော့ပါဘူး၊ ပတ်ဝန်းကျင်ကလည်း ဘာမှ ဆိုးဆိုးဝါးဝါး မပြောတော့ပါဘူး၊ ကျွန်မတို့ ငယ်ငယ်တုန်းကသာ ပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးထဲမှာ အမြင်ကလည်း ကျဉ်းကြတော့ ရည်းစားက ထားပစ်ခဲ့ရင် ခေါင်းမဖော်တမ်း အရှက်ရ မျက်နှာမပြရဲအောင် ဖြစ်ရတာပါ"

"သစ္စာရယ် ... ကိုယ် ..."

"ထပ်မတောင်းပန်ပါနဲ့၊ ရှင် ပြန်ပါတော့၊ အမေ့စကားကို တစ်သသေမတိမ်း နားထောင်တတ်တဲ့ ကျွန်မသား တိမ်မြူက ဘယ်တော့မှ ကျွန်မ စကားကို ဆန့်ကျင်ပြီး ရှင့်သမီးကို လက်ထပ်ရဲမှာမဟုတ်ပါဘူး၊ ကဲ ... ကျွန်မကိုခွင့်ပြုပါဦး"

ဒေါ်သစ္စာကြည် ထပြန်သွားတော့ ဦးခေတ်ဆန်းက ခေါင်းငုံ့ငြိမ်သက်၍ ကျန်နေခဲ့ပါသည်။

ထိုအချိန်တွင် ...

"ဟဲ့ ... ကြည့်စမ်း ... ကြည့်စမ်း၊ ခေါင်းငိုက်စိုက် ကျနေတာများ နပုံးနဲ့ စားပွဲထိုလုနီးနီးပဲ"

"ခေတ်ဆန်းမှာ ဒီလိုစာတော်လမ်းမျိုး ရှိလိမ့်မယ်လို့ ထင်ကို မထင်ခဲ့ဘူးဟယ်"





"ဒီကောင် ကြောင်သူတော် ကြွက်သူခိုးပဲ၊ ငါတို့ ကံကောင်းလို့ ဒီကောင့်အကြောင်း သိရတာ"

"ငါတို့ကိုကျတော့ သူ့ကိုလှည့်စားသွားလို့ဆိုပြီး အခဲမကျေနိုင် ဖြစ်နေလိုက်တာ၊ သူ့ကျတော့ ဒီလိုစာတော်လမ်းဟောင်းကြီးနဲ့ ...."

"အေးလေ ... သူလည်း အပြစ်မကင်းဘဲ သူများကို အပြစ်လိုက်တင်နေတယ်"

စတယ်လာတို့ သုံးယောက်မှာ စားသောက်ဆိုင် ထောင့်ချိုးလေးမှာ ချထားသည့် ပန်းအိုးတွေကို ကာကွယ်၍ ခေတ်ဆန်းကို ချောင်းကြည့်ရင်း ခေါင်းချင်းဆိုင် တွတ်ထိုးနေကြပါသည်။

စတယ်လာတို့ သုံးယောက်က Mr. Guitar စားသောက်ဆိုင်လေးမှာ မကြာခဏ စုဆုံ၍ စားနေကျပင်။ အိမ်က ယောကျ်ားတွေ အကြိုက်နှင့် ကိုယ့်အကြိုက်က မတူညီလေသောအခါ အိမ်မှာတော့ ယောကျ်ားအကြိုက် ချက်ခဲ့ပြီး ကိုယ်တွေကတော့ ကိုယ်ကြိုက်တာ ကိုယ်လာစားလေ့ ရှိကြတာပင်။

ဆိုင်ထဲမှာ အလင်းရောင်ကလည်း မပီပြင်၊ စတယ်လာတို့ ထိုင်နေတဲ့ စားပွဲကလည်း ထောင့်ကျကျ နေရာက ဆိုဖာ အနိမ့်တွေမှာမို့ ခေတ်ဆန်း ဝင်လာတုန်းက စတယ်လာတို့ကို မမြင်။ စတယ်လာတို့ကလည်း နှုတ်မဆက်ဘဲ တစ်ယောက်တည်းလာပြီး တစ်စုံတစ်ယောက်ကို စောင့်နေပုံရတဲ့ ခေတ်ဆန်းကို စောင့်ကြည့် အကဲခတ်နေခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် စတာယ်လာတို့နဲ့ မတိမ်းမယိမ်း အရွယ်၊ စတာယ်လာတို့ထက် ပိုပြီး နုပျိုလှပ အရွယ်တင်တဲ့ အမျိုးသမီး တစ်ယောက် ရောက်လာ၊ သူတို့ပြောနေသမျှတွေကို ကိုယ်က ကြား။ ခေတ်ဆန်းရဲ့ အောက်ကျို့တောင်းပန်ပုံကြီးကို အသည်းထွေ ယား ...။

ခုတော့ အလုံးစုံ သိလိုက်ရပြီမို့ ကိုယ်တွေက အပေါ် စီး နေရာရကာ ခေတ်ဆန်းကို ကလိချင်လာပါသည်။

"လာကြဟာ ... စကားသွားပြောကြရအောင်"

စတာယ်လာက အရင်ထသွားတာမို့ ဝင်နီနှင့် ဂျက်စီ ကာတို့လည်း ထ၊ လိုက်လာခဲ့ကြပါသည်။

❦ ❦ ❦

"ခေတ်ဆန်း ..."

"ဟင် ..."

သုံးယောက် ပြိုင်တူခေါ်သံကြောင့် ဦးခေတ်ဆန်း ခေါင်းက အလန့်တကြား မော့လာသည်။

"နင်တို့ ..."

"အေး ... ငါတို့ အကုန်ကြားတယ်"

"ခုတော့ နင်ခံရတဲ့ အလှည့်ပေါ့လေ ... ဟုတ်လား၊ ငါတို့ သားတွေနဲ့ကျတော့ သဘောမတူပါဘူး ထွန့်ထွန့်လူးနေ လိုက်တာ၊ အခု ... သားရှင်က သဘောမတူဘူးဆိုတော့ နင် ဘယ်လိုခံစားရလဲ ..."





"ဝဋ်ဆိုတာ ပတ်လည်ရိုက်ပြီး လည်နေတတ်တယ်ဟဲ့၊ နင်က နင့်သမီးနဲ့ ငါတို့သားကို ခါးခါးသီးသီး သဘောမတူ ဘူး ပြောခဲ့လို့ အခု သားရှင်က သဘောမတူဘူးရယ်လို့ ခါးခါးသီးသီးငြင်းတာကို နင်ပြန်ခံရတာ၊ ပြီးတော့ တစ်ချိန် တုန်းက နင်က နင့်ရည်းစားကို လူလည်ကျခဲ့လို့ ငါတို့ လူလည်ကျတာကို နင်ပြန်ခံခဲ့ရတာ၊ အဲ့ဒါ ဝဋ်လိုက်တာပဲ ခေတ်ဆန်း ..."

"အေး ... အဲဒါဆို ငါ့အပေါ် မလိမ့်တစ်ပတ် လုပ်သွားခဲ့ တဲ့ နင်တို့ကိုလည်း တစ်ယောက်ယောက်က မလိမ့်တစ်ပတ် လုပ်သွားဦးမှာပဲ၊ နင်တို့ ဝဋ်လည်မယ့်အချိန်ကို စောင့်နေ လိုက်ကြ"

ဦးခေတ်ဆန်းက ပြောလည်းပြော၊ ဝုန်းခနဲ ထရပ် ကာ ဆိုင်ထဲမှ အမြန်ထွက်ခွာသွားပါသည်။

အဲ့ဒီတုန်းကတော့ ...

မကြာခင် ...

စတာယ်လာတို့လည်း ဝဋ်လည်တော့မည်ဟု လုံးဝ မမျှော်လင့်မိခဲ့။

"ငါတို့ ဒီလောက်လည်တာ ငါတို့ကို ဘယ်သူက လူလည် ကျရဲမလဲ ..."

ဟုတောင် သူတို့ ရေရွတ်ရင်း ရယ်မောခဲ့ကြသေး သည်လေ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

၁၅။

✦ ✦ ✦

ထိုက်တန်သည် လသာဆောင်က ခုံတန်းကလေးတွင် ထိုင်ရင်း အရှေ့ဘက်ကောင်းကင်ဆီ မျှော်ငေး၍နေလေသည်။ ထိုက်တန်ရဲ့ ဘယ်ဘက်ဘေးတွင် ထိုက်တန်ကို မှီနွဲ့ခွေခေါက်နေသော မိုးမာန်။ ညာဘက်ဘေးမှာတော့ ငေါင်တောင်တောင်ထိုင်၍ ပြင်သစ် အချစ်ကဗျာတစ်ပုဒ်ကို တီးတိုးရေရွတ်နေသော တိမ်ယံ။

ထိုက်တန်ရဲ့ လက်ထဲမှာတော့ သော့တစ်ချောင်းကို ကျစ်ကျစ်ဆုပ်ကိုင်ထားပါသည်။

လထွက်မလာသေးသော ကောင်းကင်သည် ကြယ်ခမ်းနီ မဆိုးရသေးသော အပျိုမလေးကဲ့သို့ တစ်ခုခုလိုနေသည်ဟု ထင်ရ၏။

ခဏကြာတော့ လဝါဝါက အရှေ့ဘက် ကောင်းကင်ယံဆီမှ တရွေ့ရွေ့ ထွက်ပေါ်လာနေပြီမို့ ညက တဖြည်းဖြည်းပြည့်စုံလာရပါသည်။





တိမ်ယံ့နားထဲမှာတော့ ညနေတုန်းက ကြားခဲ့ရသော မာမို့စကား၊ တိမ်ယံ့ မာမီ၊ မိုးမာန် မာမီတို့ရဲ့ စကားတွေကို ထပ်တလဲလဲ ကြားယောင်လျက်ရှိပါသည်။

"အခုဆို မင်းတို့အတွက် အရှင်းအရေးပဲ၊ တိမ်မြူတို့ဘက်က သဘောမတူဘူးဆိုတော့ တုတုလည်း တိမ်မြူနဲ့ နီးစပ်နိုင်မယ် မထင်တော့ဘူး"

"မာမီကတော့ တုတု ရည်းစားလေး တစ်ယောက် ထားမိရုံနဲ့ တန်ဖိုးလျော့သွားပြီလို့ မယူဆဘူး၊ ဒီလောက်ကလေးက မပြောပလောက်ဘူးဆိုတာ မာမီတို့လည်း ခေတ်မီတဲ့ မိဘတွေပဲ၊ နားလည်ပါတယ်"

"အဲဒီတော့ သားတို့ဘက်က အခြေအနေ ဘယ်လိုရှိလဲ၊ တုတုရဲ့ သဘောထားကရော သားတို့အပေါ် ဘယ်လိုရှိတယ်ဆိုတာ မာမီတို့ သိချင်တယ်၊ သားတို့ထဲက တစ်ယောက်ယောက်က တုတုကိုရဖို့ ကြိုးစားမယ်ဆိုရင် မာမီတို့ကလည်း လိုအပ်သမျှ ပံ့ပိုးကူညီပေးဖို့ အဆင်သင့်ပဲ"

မာမီတို့ ဝိုင်းပြောတော့ မိုးမာန်က မျက်နှာငယ်လေးဖြင့်...

"သား တုတုကို လက်လျှော့ထားတယ် မာမီ၊ သူ သားကို ပြန်ကြိုက်မယ် မထင်ဘူး"

တိမ်ယံကလည်း...

"သားလည်း လက်လျှော့တယ် မာမီ၊ သားကို တုတု ချစ်နိုင်မယ်မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ထိုက်တန်ကရော..."

မာမီက ထိုက်တန်ကို စေ့စေ့ကြည့်၍ မေးလိုက်သည်။ ထိုက်တန်က ဆုံးဖြတ်ချက်ချကာ...

"သား... ကြိုးစားမယ် မာမီ"

"အိုကေ၊ တုတုနဲ့ မင်းက ကြိုးစားလို့ရတဲ့ အခြေအနေမှာ ရှိနေလို့လား"

"ရှိပါတယ် မာမီ၊ သူ သားတို့ သံယောဇဉ် ရှိပါတယ်၊ သံယောဇဉ်က အချစ်ထက် နိုင်မြဲပါတယ်၊ ပြီးတော့ သူ့ကို သားက အမြဲ အားပေး ပေးမတော့ သူ သားကို အားကိုးမှီခိုလာတယ်၊ ချစ်လည်း ချစ်လာပြီထင်ပါတယ်"

"ကောင်းပြီ၊ ဒါဆို ဒါယူထား..."

မာမီက သော့ကလေးတစ်ချောင်း လှမ်းပေးသည်။

"အဲဒါ မကြာခင်ကမှ မာမီ ဝယ်ထားတဲ့ တိုက်ခန်းသော့ပဲ၊ သား တုတုကို နိုးပြေးလို့ရရင် တရားရုံးမှာ တစ်ခါတည်း လက်မှတ်သွားထိုးပြီး အဲဒီတိုက်ခန်းကို ခိုးပြေးလာခဲ့၊ သားတို့ အဲဒီမှာ ခဏနေတုန်းမှာ မာမီတို့က ခေတ်ဆန်းနဲ့ ပြေလည်အောင် ညှိလိုက်မယ်"

မာမီတို့ကို ကြည့်ရတာတော့ ဦးခေတ်ဆန်း သမီးကို သားတစ်ယောက်ယောက်ကရရင် ဦးခေတ်ဆန်းကို နိုင်ပြီဟု ယူဆထားပုံပင်။ ခမည်းခမက် တော်ခွင့်ရသွားတာနှင့် အမျိုးမျိုး ပညာပြတော့မှာလည်း သေချာသလောက်ပင်။

ထိုက်တန်က သော့ကို လက်ခံထားလိုက်သည်။





မိုးမာန်နှင့် တိမ်ယံက ထိုက်တန်ကိုနားမလည်စွာ ကြည့်ခဲ့သည်။

ညရောက်တော့မှ ထိုက်တန်ရဲ့ အကြံအစည်ကို သိလိုတာမို့ မိုးမာန်တို့ နှစ်ယောက် ထိုက်တန်အိမ်သို့ လာခဲ့ကြပြီး စိတ်ခာတ်ကျစွာ ပျော့ဖတ်ခွေခေါက် ငိုင်ငေးနေခဲ့ကြတာပင်။

"တိမ်ယံ၊ မိုးမာန်..."

"အင်..."

"အင်ဟင်..."

ထိုက်တန် ခေါ်တော့မှ နှစ်ယောက်သား အိပ်မက်မှ ကယောင်ကတမ်း နိုးလာသလို ထူးလိုက်ကြသည်။

"မောင် A က မ B ကို ချစ်တယ်ကွာ၊ မ B ကကျတော့ မောင် C ကို ချစ်တယ်ကွာ၊ ဒါပေမယ့် မB နဲ့ မောင် C ကို မောင် C ရဲ့ အမေက သဘောမတူဘူး၊ မB ကျတော့ မောင် C နဲ့ရမှ စိတ်ချမ်းသာရမှာ၊ ဒါပေမယ့် မောင် C ကို သူ့အမေကြီးက မB နဲ့ မတွေ့ရအောင် ပိတ်ပင်တားဆီးတယ်၊ အဲဒါကြောင့် မောင် A က မ B စိတ်ချမ်းသာအောင် မောင် C ကို သွားခိုးပြီး မ B လက်ထဲ ထည့်ပေးမယ်ဆိုရင် အဲဒါ ဖြစ်သင့်သလား"

မိုးမာန်နှင့် တိမ်ယံက ပါးစပ်အဟောင်းသား ဖြစ်ကာ ထိုက်တန်ကို အဓိပ္ပါယ်ပါပါ စိုက်ကြည့်နေလိုက်ကြရင်း...

"ထိုက်တန်... မင်း... မင်း..."



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းတို့ တွေးမိတဲ့အတိုင်း ငါလုပ်မလို့၊ မင်းတို့ ငါ့ကိုညီမှာလား"

မိုးမာန်နှင့် တိမ်ယံက သက်ပြင်းကြီးချလိုက်ရင်း ...

"ဒီက မောင် E နဲ့ မောင် F ကလည်း မB ကို စိတ်ချမ်းသာစေချင်တဲ့ ကောင်တွေဆိုတော့ ကူညီရမှာပေါ့ကွာ"

သုံးယောက်လုံးက မြင့်တက်လာသော လမင်းကြီးကို မော့ကြည့်၍ ချစ်သူမျက်နှာကို မှန်းရှာလိုက်ရင်း သက်ပြင်းကိုယ်စီ ချမိကြလေ၏။

❦ ❦ ❦



၁၆။ (က)

✦ ✦ ✦

ကလင်း ... ကလောင်၊ ကလင်း ... ကလောင်"

တံခါးဝမှ ဘဲလ် မြည်သံကြောင့် ဒေါ်သစ္စာကြည်က စောစောစီးစီး ဘယ်သူများပါလိမ့်ဟု တွေးရင်း ...

"ဆွေဆွေရေ ...၊ မသန်းခင်ရေ ...အိမ်ရှေ့က ဘဲလ်သံကြားတယ်၊ ဘယ်သူလဲ သွားကြည့်လိုက်ပါဦး"

"ကျွန်မက ဟင်းအိုးတန်းလန်းနဲ့မို့လို့ပါ မမကြည်၊ ဆွေဆွေက ဈေးသွားနေတယ်"

"ဪ ... ဒီလိုဆိုလည်း ငါပဲသွားဖွင့်လိုက်ပါတော့မယ်၊ တော်ကြာ ထပ်ထပ်နှိပ်နေရင် အစ်ကို နိုးသွားဦးမယ်"

ဒေါ်သစ္စာကြည်က တံခါးဆီ ခပ်သွက်သွက်လေး လျှောက်လာခဲ့ပါသည်။ ခင်ပွန်းဖြစ်သူက ညက နိုက်ကျူတီအပြီး မိုးလင်းလုမှ ပြန်ရောက်လာတာမို့ ဘဲလ်သံကြောင့် နိုးမသွားစေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကြည့်ပေါက်မှ ချောင်းကြည့်မိတော့ သားအရွယ် ရုပ်ရည်ခပ်သန့်သန့် ကောင်လေး သုံးယောက် ရပ်နေတာကို တွေ့လိုက်ရပါသည်။ သားသူငယ်ချင်းတွေများလားဟု ထင်ကာ အတွင်းတံခါးတစ်ချပ်ကို ဖွင့်လိုက်ရင်း ...

"ဘယ်သူတွေများလဲ၊ ဘာကိစ္စလဲကွယ်"

"အန်တီ ကျွန်တော် ... ကျွန်တော်တို့က တိမ်မြူ့သူငယ်ချင်းတွေပါ"

ကောင်လေး တစ်ယောက်က ပြောရင်း ငိုမဲ့မဲ့လေး ဖြစ်လာသည်။ ကျန်နှစ်ယောက်ကလည်း မျက်စိမျက်နှာ အပျက်ပျက်နှင့်မို့ ဒေါ်သစ္စာကြည်က ရင်ထိတ်သွားကာ ...

"ဘာ ... ဘာဖြစ်ကြလို့လဲဟင်"

"အဟင့် ... ကျွန်တော်တို့ ... ကျွန်တော်တို့ သူငယ်ချင်း တစ်ယောက် ကားအက်ဆီးဒင့် ဖြစ်ပြီး ဒီမနက်ပဲ ဆုံးသွားလို့ အဲဒီကိုသွားမလို့ တိမ်မြူ့ကို ဝင်ခေါ်တာ ..."

ငိုမဲ့မဲ့ ကောင်လေးက ငိုတောင်ငိုနေပြီ။ ကျန် နှစ်ယောက်ကလည်း မျက်နှာကို ပွတ်သပ်နေကြပြီမို့ ဒေါ်သစ္စာကြည်က ပျာသွားကာ ...

"ခဏ ... ခဏလေးနော်၊ သားကို နှိုးပေးမယ်"

ဟု ပြောပြီး သံတံခါးကိုတော့ ဖွင့်မပေးသေးဘဲ သားရဲ့အခန်းဆီ ခပ်သွက်သွက် ပြေးသွား တံခါးခေါက်လိုက်ရင်း

"သား တိမ်မြူ ... တံခါးဖွင့်ဦး၊ ဒီမှာ မင်းသူငယ်ချင်းတွေတဲ့ ..."





တံခါးခေါက်သံ၊ တစ်ဆက်တည်း ကြားရသော မေမေ့အသံတွေကြောင့် တိမ်မြူက အိပ်ရာမှ ကတိုက်ကရိုက်ထကာ တံခါးသွားဖွင့်ပေးလိုက်ရသည်။

"သား ... အိမ်ရှေ့ကို ထွက်ကြည့်ပါဦး၊ မင်းသူငယ်ချင်းတွေတဲ့၊ မေမေလည်း မသိဘူး"

တိမ်မြူလည်း ဘယ်သူငယ်ချင်းနဲ့မှ ချိန်းမထားမိတာမို့ အံ့သြလျှက် အိပ်မှုန်စုံမွှား မျက်လုံးတွေကိုပွတ်ရင်း အကျႌဆန့် သမ်းပေရင်း အိမ်ရှေ့သို့ထွက်အကြည့် ...

"ဟင် ..."

တံခါးဝမှာ ဘွားခနဲတွေ့လိုက်ရသော ဟိုသုံးကောင်ကြောင့် သမ်းဝေနေသည့် ပါးစပ်က တစ်ဝက်တစ်ပျက်မှာ ရပ်သွားရသည်။ ထိုအခိုက်မှာ ထိုက်တန်က ဖျတ်ခနဲ မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး မိုးမာန်က ငိုကြီးချက်မနှင့် ...

"တိမ်မြူ ... ငါတို့ သူငယ်ချင်း ထိုက်တန် ဆုံးရှာပြီကွာ၊ ဒီမနက်ပဲ ကားဆက်ဆီးဒင့်ဖြစ်ပြီး ဆုံးတာ ..."

ထိုက်တန်ဆိုတဲ့ ကောင်ကပြင့် အနားမှာ မတ်တတ်ကြီး။ ပြီးတော့ မကျေမနပ်နှင့် မိုးမာန်ခြေထောက်ကို မသိမသာ ဖိနင်းလိုက်သေးသည်။ တိမ်မြူသည် ဖူးနဲ့ပတ်သက်ပြီး အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်ဟု ရိပ်မိသွားကာ ...

"ဟာ ... ဖြစ်မှဖြစ်ရလေကွာ၊ မာမီ တံခါးဖွင့်ပေးလိုက်ပါ၊ သားသူငယ်ချင်းတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



မာမီက တံခါးဖွင့်ပေးလိုက်သည်။ တံခါးပွင့်ပွင့်ချင်း မိုးမာန်က တိမ်မြူ့ဆီ ပြေးဝင်လာကာ သိမ်းကျုံးဖက်မွေ့လိုက်ရင်း ...

"အီး ဟီး ဟီး ... ငါတို့ နမြောလိုက်တာ တိမ်မြူရာ ... ငါတို့ သူငယ်ချင်း ထိုက်တန် အဖြစ်ဆိုးလိုက်တာ၊ အသေဆောလိုက်တာ၊ ထိုက်တန် ငါတို့မမြေနိုင်ဘူးကွ၊ မင်းအတွက် ငါတို့ မမြေနိုင်ဘူး ထိုက်တန်ရ ..."

မိုးမာန်က ထိုက်တန်ကို တ,ကာ ဟီးတိုက်ငိုနေတာမို့ ထိုက်တန်မျက်နှာက အိလည်လည်။ တိမ်ယံကလည်း ရယ်ချင်လှပေမယ့် ငိုရုပ်ဆင်ထားရသည်။

တိမ်မြူသည် အောင့်သက်သက် အနေရခက်လှသော်လည်း မိုးမာန်ကို အလိုက်သင့် ဖက်မွေ့ထားကာ ...

"ဖြစ်ရလေကွာ ... ရတ်တရက်ကြီးကွာ"

ဟု ရေရွတ်ပေးနေရရင်း စိတ်ထဲကတော့ မိုးမာန်ကို ဆဲနေမိသည်။

မိုးမာန်က ပြောလိုက် ငိုလိုက်လုပ်နေပြီးမှ တီးတိုးသံဖြင့် ...

"တိမ်မြူ မင်းကို ငါတို့ လာခေါ်တာ၊ တုတုက ကားပေါ်မှာ စောင့်နေတယ်၊ မင်း မယုံမှာစိုးလို့ တုတု စာ ယူလာတယ်၊ ဖတ်ကြည့် ..."

ဟု ပြောပြီး တိမ်မြူ့ ရှပ်အင်္ကျီအိတ်ထဲကို စာတစ်စောင် ထိုးထည့်ပေးလိုက်ပါသည်။





"မိုးမာန်ရာ ... မငိုပါနဲ့တော့ကွာ၊ မင်း ထိုက်တန်အပေါ် ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ ငါသိပါတယ်၊ မင်းတို့ ခဏထိုင်စောင့်ကြဦး၊ ငါ အဝတ်လဲပြီး လိုက်ခဲ့မယ်"

တိမ်မြူက အခန်းထဲသို့ ခပ်သုတ်သုတ် လျှောက်ဝင်လာတော့ မာမီက နောက်က လိုက်ဝင်လာရင်း ...

"ဘယ်က သူငယ်ချင်းတွေလဲ၊ မေမေလည်း မသိပါလားသား"

"သား အင်္ဂလိပ်စာသင်တန်း တက်ခဲ့တုန်းက သူငယ်ချင်းတွေပါ၊ သူတို့နဲ့က အပြင်မှာပဲ တွေ့ဖြစ်ကြလို့ မေမေ မသိတာ"

"သား လိုက်သွားမလို့လား"

"လိုက်သွားမယ်လေ မေမေ၊ သားတို့ အရမ်းခင်တဲ့ သူငယ်ချင်း ဆုံးတာ မလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ ..."

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် သားက အချိန်ရရင် ရသလို ရှောရှောတုန့်နဲ့ ဆက်သွယ်မှာတော့ မေမေ စိုးရိမ်တယ်၊ ဟိုနေ့ကလည်း မေမေ့အလစ်မှာ သား ပျောက်သွားသေးတယ်လေ"

"ကိုယ့်သူငယ်ချင်းဆုံးလို့ ဝမ်းနည်းရတဲ့အထဲ အဲဒီကိစ္စကို ခေါင်းထဲမထည့်အားပါဘူး မေမေရယ်"

"သားကို တစ်ယောက်တည်းတော့ မလွှတ်နိုင်ဘူး၊ မေမေလည်း လိုက်ခဲ့မယ်"

"ဟာ ... မေမေကလည်းဗျာ၊ ဟိုမှာ ထိုက်တန်အလောင်း



www.burmeseclassic.com

www.burmeseclassic.com



က ရေခဲတိုက်မှာလား၊ ဆေးရုံကြီးမှာလားတောင် မသိရသေးဘူး၊ သားတို့ လူငယ်တွေ ပြေးလွှားကူညီစီစဉ်ပေးရမှာ၊ ထိုက်တန် အမေကြီးက ဘာမှလုပ်တတ်တာ မဟုတ်ဘူး"

တိမ်မြူက အမြန်အဝတ်လဲရင်း ခံတွင်းတွေ့တွေ့နှင့် ထိုက်တန်နာမည်ကို ပျစ်ပျစ်နှစ်နှစ် သုံးနေမိသည်။

"ကြည် ... ဘာဖြစ်နေတာလဲ"

တိမ်မြူ့အခန်းဝမှာ တိမ်မြူ့ မေမေ ရပ်လာတာမို့ မေမေက ပျာပျာသလဲ ဖြစ်သွားကာ ...

"အစ်ကိုတောင် နိုးသွားပြီ၊ အိပ်ရေးမဝရင် ခေါင်းကိုက်တော့မှာပဲ"

မေမေက တိမ်မြူ့ကို လှမ်းကြည့်ရင်း ...

"သား သူငယ်ချင်း ဆုံးလို့လား"

"ဟုတ်ကဲ့ မေမေ"

"ဒါဆိုလည်း လိုက်သွားပေစေလေ ကြည်ရယ်၊ သားကို ဘာတွေ လာကိုကျနေတာလဲ၊ ဒီအရွယ်ကို အစစအရာရာ လိုက်ပူပင်ချုပ်ချယ်နေဖို့ မလိုပါဘူး"

ဒေါ်သူစွာကြည်မှာ ဘာမှဆင်ခြေမပေးသာ။ သားကို ချုပ်ချယ်ထားရတဲ့ ကိစ္စဟာ ကိုယ့်ရည်းစားဟောင်းရဲ့ သမီးနဲ့ မပတ်သက်စေချင်တဲ့ ကိစ္စဖြစ်ကြောင်း ခင်ပွန်းဖြစ်သူကို ဘယ်လို အသိပေးလို့ ဖြစ်ပါ့မလဲ။ ညောင်မြစ်တူးတော့ ပုတ်သင်ဥပေါ်ဆိုတာမျိုးလည်း အဖြစ်မခံချင်တာမို့ သားကို ခွင့်ပြုလိုက်ရပါသည်။





တိမ်မြူကတော့ မေမေ ထွက်သွားသည်နှင့် စာကို ကမန်းကတန်း ဖွင့်ဖတ်လိုက်သည်။

*တိမ်မြူ ...*

*ကိုထိုက်တို့က ဖူးတို့ကို နားလည်မှု ပေးလိုက်ပြီ။*

*သူတို့နဲ့ လိုက်လာခဲ့ပါနော်။*

*ဖူး ကားပေါ်မှာ စောင့်နေတယ်။*

*ချစ်တဲ့ ...*

*တိမ်မြူရဲ့ ဖူးစာလေး*

ဖူးရဲ့ လက်ရေးသေးသေးလေးတွေကို ဖတ်ပြီး တိမ်မြူက 'ယိစ်' ဟု ကျိတ်အော် မြူးကြွသွားရပါသည်။

ဖူးရေ ... ကိုယ်တို့ မဝေးတော့ဘူး။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

✦ ✦ ✦

မိုးမာန်ရဲ့ အပီအပြင် သရုပ်ဆောင်မှု၊ ထိုက်တန်နှင့် တိမ်ယံရဲ့ ဇာတ်ပို့ သရုပ်ဆောင်မှုတွေကြောင့် တိမ်မြူ အပြင်သို့ ထွက်ခွင့်ရခဲ့ပါသည်။

ကားပေါ်မှာ စောင့်နေသော ဖူးနှင့် တွေ့ရချိန်မှာတော့ တိမ်မြူ့ဘဝမှာ ဘာမှမလိုတော့အောင် ပြီးပြည့်စုံသွားခဲ့ရသည်။

ထိုက်တန်က ကားကို တရားရုံးသို့ ဦးတည်၍ မောင်းသွားခဲ့ပါသည်။

တရားသူကြီးရှေ့မှာ တိမ်မြူနှင့် တုတုတို့ လက်မှတ်ထိုး၍ လက်ထပ်လိုက်ကြသည်။ မိုးမာန်နှင့် တိမ်ယံက အသိသက်သေအဖြစ် လက်မှတ်ထိုးပေးခဲ့ကြပါသည်။

ကြည်နူးပြုံးပျော်နေသော တုတုရဲ့ မျက်နှာလေးကို ငေးကြည့်ရင်း ထိုက်တန်တို့အားလုံး တိတ်တဆိတ် မျက်ရည်ဝဲခဲ့ကြရတာ၊ သက်သေအဖြစ် လက်မှတ်ထိုးခဲ့ကြသူ နှစ်ဦးရဲ့ လက်





တွေ အားစက်တုန်ရီနေခဲ့ကြတာကိုတော့ ချစ်သော ရွှေရုတုလေး သိနိုင်မည်မထင်ပါ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

ခန်း (ဂ)

✦ ✦ ✦

"ဒါ လောလောဆယ် မင်းတို့ နေရမယ့် တိုက်ခန်းပဲ၊ ရော့ ... ဒီမှာ သော့၊ ငါတို့ လိုအပ်တဲ့ပစ္စည်းတွေ ထွက်ဝယ်လိုက်ဦးမယ်"

ထိုက်တန်က တိုက်ခန်းသော့ကို တိမ်မြူ့ထံ ပစ်ပေးလိုက်သည်။ တိမ်မြူက သော့ကိုဖမ်းယူလိုက်ပြီး ...

"ကျေးဇူးပဲကွာ၊ အရမ်းကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ မင်းသာ တုတုကို စိတ်ချမ်းသာအောင် ထားမယ်လို့ ကတိပေး"

"အသေအချာ ကတိပေးပါတယ်"

"ကိုထိုက် ... တုတု ကိုထိုက်တို့အပေါ် ပစ်မှားမိတာ၊ ကလန်ကဆန်လုပ်မိတာတွေအတွက် တောင်းပန်ပါတယ်"

"ရပါတယ် တုတုရာ ..."

ထိုက်တန်တို့သုံးယောက်က ရင်ထဲမှာနင့်သော်လည်း ခပ်ပေါ့ပေါ့လေး ပြောပြီး ဈေးဝယ်ဖေးဖို့ ထွက်လာခဲ့ကြပါသည်။

❦ ❦ ❦



ခန်း (ဃ)

✦ ✦ ✦

"ခုလောက်ဆိုရင်တော့ ဟိုတိုက်ခန်းမှာ ထိုက်တန်တို့ စုံတွဲ ရောက်နေလောက်ပြီ"

"သေချာလို့လား စတယ်လာရယ်"

"သေချာတာပေါ့၊ ငါ့သူငယ်ချင်း တစ်ယောက် ဖုန်းဆက်ပြောတာ အသေအချာပဲ၊ ထိုက်တန် တားကို တရားရုံးရှေ့နားမှာ ရပ်ထားတာ တွေ့လိုက်တယ်တဲ့၊ သူ့မှာ လက်မှတ်ထိုးဖို့ကိစ္စက လွဲရင် တရားရုံးကို သွားစရာ ဘာအကြောင်းမှ မရှိဘူး"

စတယ်လာတို့ သုံးယောက်မှာ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်း အထုပ်များကိုဆွဲကာ ငါးလွှာရှိ တိုက်ခန်းသို့ ချီတက်လာနေပါသည်။

"လောလောဆယ်တော့ သူတို့ကို အဲဒီမှာပဲ နေနိုင်ပြီး လိုအပ်တာမှန်သမျှ ပံ့ပိုးစောင့်ရှောက်ထားရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ် ... ခေတ်ဆန်းတော့ စုလောက်ဆို ဆွေ့ဆွေ့ခုန်နေလောက်ပြီ"

"သမီးရှင်ပဲဟာယ် ... သူ ကြာကြာမတင်းနိုင်ပါဘူး၊ သားရှင်ဘက်က ပြန်တင်းရင် သူ အထိနာမှာ သူသိပါတယ်"

အမေသုံးယောက်မှာ ကိုယ့်စိတ်ကူးနှင့်ကိုယ် ပြုံးပျော်ရင်း အခန်းတံခါးဝသို့ နီးကပ်လာပါသည်။

❦ ❦ ❦



၁၇။

✦ ✦ ✦

တိမ်မြူသည် တုရှေ့မှာ လက်သုံးချောင်းထောင်လိုက်ပြီး ...

"ဖွားကို အချက်ကြီး သုံးချက် ပြောစရာရှိတယ်"

"လာပြန်ပြီ ..."

တိမ်မြူက လက်တစ်ချောင်းစီ ချိုးရင်း ...

"တစ် ... ဖွားနဲ့ လုံးဝမခွဲတော့ဘူး၊ နှစ် ... ဖွားအပေါ် သစ္စာအမြဲရှိမယ်၊ သုံး ... ရာသက်ပန် ရိုးမြေကျ ပေါင်းမယ်"

တုက သူ့အပြောကြောင့် ခေါင်းလေးမော့ကာ ရယ်မောမိသည်။ ထို့နောက် သူ့ရင်ခွင်ဆီ မှီနွဲ့လိုက်ရင်း ...

"တိမ်မြူ ..."

"ဗျ ..."

"ပျော်လား ..."

"ပျော် ..."

"ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ် ..."

တိမ်မြူ ပြောပုံလေးကြောင့် တုတုက တိမ်မြူ နှာခေါင်းကို လိမ်ဆွဲလိုက်မိပါသည်။ တိမ်မြူက တုတု လက်ကလေးကို ဖမ်းဆွဲချုပ်ကာ သူ့ရင်ဘတ်မှာ အပ်ထားလိုက်ရင်း ...

"ဖူးလေး ... ကိုယ့်ဖူးစာလေး"

"ရှင် ..."

"ဖူး ... ဆွေမျိုးစပ်တတ်လား"

"ဘယ်လို စပ်တာမျိုးလဲ"

"ဥပမာကွာ ... ဖူး အမေနဲ့ ဖူးနဲ့ ဘာတော်လဲဆိုတာမျိုးပေါ့"

"ဟင် ... ဒါများ ဘာခက်လို့လဲ၊ သားအမပေါ့"

"ဖူး တီတီနဲ့ ဖူးကော ဘာတော်လဲ"

"တူဝရီးပေါ့"

"ကိုယ်နဲ့ ဖူးနဲ့ရော ဘာတော်လဲ"

"သွား၊ မသိဘူး ..."

"ဆွေမျိုးစပ်တတ်တယ်ဆိုပြီး စပ်လည်း မစပ်တတ်ဘူးကွာ၊ ဟိုမှန်လေ ... ဟိုမှန် သိလား ...၊ အဲဒီမှန်နဲ့ အတူတူပဲ"

"ဘာမှန်လဲ ..."

"မှန်လင်မယားလေ"

"တိမ်မြူနော် ..."

"ကိုယ်တို့က လုလင်မယား"





"အား ... နားရွက်လိုက်တာ"

"ဒေါက် ... ဒေါက်"

"ဟော ... တံခါးခေါက်သံကြားတယ်၊ ကိုထိုက်တို့ ပြန်လာကြပြီထင်တယ်"

"ပစ္စည်းဝယ်တာကလည်း မြန်ပါ့ကွာ"

တိမ်မြူက တုတု လက်လေးကို မလွှတ်ချင်လွှတ်ချင် လွှတ်ပေးလိုက်ပါသည်။

တုတုက တံခါးဆီပြေးသွားပြီး တံခါးဆွဲဖွင့်ပေးလိုက်ရာ တံခါးဝမှာရပ်နေသော အန်တီစတယ်လာတို့ သုံးယောက်ကိုဘွားခနဲ တွေ့လိုက်ရပါတော့သည်။

"ဟင် ... အန်တီတို့ ဘယ်က ဘယ်လို ..."

တုတုက တအံ့တဩ မေးသော်လည်း အန်တီစတယ်လာက အံ့ဩဟန်မပြဘဲ တုတုကို ပြုံးပြကာ ...

"ထိုက်တန်ရော သမီး"

"ဟင် ... အန်တီတို့ပါ သိနေတာလား ..."

"သိတာပေါ့ကွယ်၊ သားရေ ... ထိုက်တန်"

အန်တီစတယ်လာက အိမ်ထဲဘက်သို့ လှမ်းကြည့်ရင်း အော်ခေါ်လိုက်ပါသည်။

"ဟို ... ကိုထိုက်တို့ သုံးယောက်လုံးက အိမ်အတွက် လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ဖို့ ထွက်သွားကြတယ်"

"ကြည့်စမ်း ... ကိုယ်တို့သားတွေကပါ ကူညီပေးနေကြတာ

www.burmeseclassic.com



ကိုး၊ လှုငယ်တွေဆိုပေမယ့် သဘောထား ကြီးပြီး နားလည်မှု ရှိရှာသားပဲ"

အန်တီဝင်နီကလည်း အန်တီကျက်စီကာကို ငုံကြည့်ရင်း ပြောလိုက်ပြန်သည်။

အန်တီစတယ်လာက အခန်းထဲ လှမ်းဝင်ဖို့ ခြေတစ်လှမ်းပြင်ရင်း ...

"ဒါဆို အခု သမီးတစ်ယောက်တည်းပေါ့၊ သမီးတို့ လိုအပ်မယ့် ပစ္စည်းလေးတွေ အန်တီတို့ ဝယ်ပြီး လာပို့ပေးတာ ..."

"ဟို ... အန်တီ ..."

တုတုက အခန်းဝမှာ ပိတ်ရပ်ထားရင်း ...

"အထဲမှာ ... အထဲမှာ သမီးတစ်ယောက်တည်း မဟုတ်ဘူး အန်တီ ..."

"ဘယ်သူ ရှိသေးလို့လဲ ..."

"ရှူးရေ ... ထိုက်တန်တို့ မဟုတ်ဘူးလား"

တိမ်မြှုက တုတုနားမှာ ရပ်လာတာမို့ တုတုက ရှက်ပြုံးကလေး ပြုံးမိရင်း ...

"သူက တိမ်မြှုပါ အန်တီ၊ ဒီနေ့ပဲ လက်မှတ်ထိုး လက်ထပ်ထားတဲ့ တုရဲ့ အမျိုးသားပါ၊ ကိုထိုက်တို့က တုတို့ လက်ထပ်ဖြစ်ဖို့ ဝိုင်းကူညီပေးကြတာပါ"

"ဘာ ..."

"ဟင် ..."



BURMESE CLASSIC .com



"ဟယ် ..."

စတယ်လာတို့ သုံးယောက်သား ကြက်သေ သေသွားကြ၏။ ခဏကြာတော့ ဒေါသကြောင့် တုန်နေသော အသံကို ထိန်းကာ ...

"ဒီကောင် ... ဒီကောင်တွေ အခုဘယ်မလဲ ..."

"ပြန်လာတော့မှပါ အန်တီ၊ ဟော ... ဟိုမှာ ပြန်လာကြပြီ"

အမေ သုံးယောက်သည် နောက်သို့ ချာခနဲ လှည့်ကာ အထုပ်အပိုး ကိုယ်စီဆွဲ၍ တက်လာနေသော သားသုံးယောက်ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ကြ၏။

"ဟာ ... မာမီ"

"ကဲ ... ကဲ ..."

အမေသုံးယောက်က လက်ထဲမှ ပစ္စည်းထုပ်များဖြင့် သား သုံးယောက်အား ဒေါသတကြီး ပစ်ပေါက်လိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၈။

◆ ◆ ◆

BURMESE CLASSIC .com

နောက် ရက်အနည်းငယ်အကြာ...

စတယ်လာတို့ သုံးယောက် ခေါင်းချင်းဆိုင်ကာ ပီဇာအချပ်ကြီး တစ်ချပ်ကို အားရပါးရ စားနေကြသော ညနေခင်းတွင် ဦးခေတ်ဆန်းထံမှ ဖုန်းဝင်လာခဲ့လေသည်။

စတယ်လာက သုံးယောက်လုံး ကြားနိုင်အောင် ဖုန်းစပီကာကို ဖွင့်လိုက်လျှင် ဦးခေတ်ဆန်းရဲ့ အုမြူးဝမ်းမြောက်သော အသံကြီးကို ကြားလိုက်ရလေ၏။

"ဟိုင်း... စတယ်လာ နင်တို့ မွေးထားတဲ့ သားလေးတွေ ကူညီကြလို့ ငါ့သမီးလေး သူ့ချစ်တဲ့သူနဲ့ ပေါင်းခွင့်ရသွားတာ၊ နင်တို့အားလုံးကို ကျေးဇူး အရမ်းတင်တယ်ဟာ၊ နင်တို့ သားတွေ နင်တို့ကို လှုလည်ကျသွားလို့ နင်တို့ ဝင်ငွေလည်း သွားတဲ့အတွက်တော့ ငါ တကယ် စိတ်မကောင်း ပါဘူး၊ နင်ပြောသွားတဲ့ ဝင့်ဆိုတာ ပတ်လည်ရိုက်ပြီး





လည်တာတ် တယ်ဆိုတာကိုတော့ ငါ လုံး၀ ထောက်ခံပါ တယ်၊ ဒါပဲနော် ဘိုင့်ဘိုင် ..."

စကားဆုံး၍ ဖုန်းကျသွားသောအခါ စတယ်လာက ပီဇာချပ်ကို မားနှင့် တအားပိဖြတ်လိုက်ရင်း ...

"ရှေ့ရတုခင်က သမီးလေးမွေးပြီး ငါတို့သားတွေက သား လေးတွေ မွေးလာခဲ့ရင် ဝင့်ဆိုတာ တစ်မျှတ်ထပ်လည်လာ ဦးမှာပါ ခေတ်ဆန်းရယ် ..."

ဟု အရှုံးမပေးစတမ်း ရေရွတ်လိုက်လေသည် ...။

ပုညခင်

20.2.2009

8 : 22 Pm



www.burmeseclassic.com